www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




Quality စာအုပ်တိုက်မှ စီစဉ်သည်

Quality Publishing House
အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

www.burmeseclassic.com

www.burmeseclassic.com


## ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်းစာအုပ်



ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ

တန်ဖိုး – ၅၀၀၀ ကျပ်



မြန်မာပြည်သူ့ အာဇာနည်
ဗိုလ်ချုပ်ဦးအောင်ဆန်း

တန်ဖိုး – ၂၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်

တန်ဖိုး – ၅၀၀၀ ကျပ်



ခင်သားကြီးဗိုလ်တေဇ

Quality စာစဉ်

တန်ဖိုး – ၀၀၀၀ ကျပ်



ဗိုလ်တေဇ အတ္ထုပ္ပတ္တိ

Quality စာစဉ်

တန်ဖိုး – ၆၀၀၀ ကျပ်



တန်ဖိုး – ၁၀၀၀ ကျပ်



အောင်ဆန်း၏ အောင်ဆန်း

တန်ဖိုး – ၁၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းကျပြည်ပေါ်ကျွန်း

တန်ဖိုး – ၀၀၀၀ ကျပ်





Quality Publishing House

အမှတ် ၅၀၈/၅၁၂ (၂–ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။



http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




၆ သာစုသုံးကြိမ် ခေါ်ဖြစ်တဲ့နေ့ — မောင်ညီမိုး(သန့်လျင်)

၂၂ ချစ်ညွှန့် တဝေဝေ — ရဲမြတ်တင်

၃၉ တယ်လီမှ လျှောက်မပြောနဲ့ — မြမြနု့ သတ်နိုင်

၄၉ ခြောက်ကိုးဟာရာ မကြည့်ဖြာ — မောင်မှူးဝေ

၆၄ ရှုပ်လဂွဲ — မေလှခင်းသျှင်

၈၆ အင်းစိန်ထောင်အရေးအခင်း ခေါင်းဆောင်အီဆပ် — မောင်မှူးကြီး သိန်းဝင်း


NO.136, MAY 2016 preview5


၉၅ သားဆိုး — မောင်သာဇနိ (ဂီးတုန်း)

၁၀၈ ဂမ္ဘီရဆန်သော မှုခင်းတစ်ခု — သိကျော်သန်းအောင်(မြင်းခြံ)

၁၂၄ အကောင်းတကာ့ အကောင်းဆုံးဇာတ်လမ်း — မတိုးမော

၁၃၈ စနေနေ့ည ကိုးနာရီအလွန် — အောင်သင်းကာသက်ဇော

၁၆၁ အရိပ် — တွင်းကြီးသား တင်ဝင်းဦး

၁၇၄ လူသားစားဝတ်တောင်းကြီး — ညီရောင်

၁၉၃ ချစ်သူ၏ အမုန်းရန်ငြိုး — စိုးလှဦးထွန်း

၂၁၅ ကျောက်ဝတ်ဝါ — မြဝရီ

၂၂၆ မင်းသွေးမြေသက် နန်းဆက်ပြတ်ခဲ့ပြီလား — နန်းကြေညာမိုင်


www.burmeseclassic.com

www.burmeseclassic.com




**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

**အုပ်ချုပ်အယ်ဒီတာ**
မခင်မာရွှေ

**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ မင်းထွဋ်၊ နေဇင်လတ်၊ ဝေလင်း၊ သန်းထက်ဇင်၊ ထွန်းထွန်း၊ဖြိုးမင်းဦး၊ ညီနွယ်၊ ဖြူဖြူသင်း၊ မြတ်နှင်းနွယ်၊ ကြည်စင်သန္တာ၊ အိဖြူ၊ မီမီ။

**ပုံနှိပ်သူ**
ဖြိုးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

**စာအုပ်ချုပ်**
တင်မေထွန်း

**အုပ်ရေ**–၅၀၀
**တန်ဖိုး**–၂၀၀၀

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ်–၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၀၊ ၃၈၆၈၃၃။

**ထုတ်ဝေသူ**
ဦးမြင့်ထွန်း (မြ–၀၀၅၆၂) Quality Publishing House
အမှတ်–၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ (သရုပ်ကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးဒီဇိုင်း**
မင်းထွဋ်

**အတွင်းသရုပ်ဖော်**
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊ လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ပိုင်းမော်။

**ကွန်ပျူတာနှင့် ဖလင်**
Quality


**NEXT MONTH PREVIEW**



ဓာတ်ပုံသက်သေ
ဒဂုန်ရွှေမျှား



မုဒိတာရေဆန်
မောင်ညိုမှိုင်း (သန်လျင်)



ကံကြမ္မာအလှည့်အပြောင်း
ဆွေမြင့်




ပို၍ချစ်ရလေသောသူ
ကျော်အေးရွှေ

www.burmeseclassic.com

www.burmeseclassic.com



"**ထောင်**မှူးကြီးကို
ကျွန်တော် ကန်တော့ပါတယ် ခင်ဗျ"
"ဆရာ – ကျွန်တော်လည်း ဆရာ့ကို ကန်တော့ပါတယ် – ဆရာ။
ကျွန်တော်တို့ကို ရဲဘက်စခန်းမှာရော၊ ထောင်ထဲမှာပါ ကြည့်ရှုစောင့်ရှောက်ခဲ့တာကို
မမေ့နိုင်ပါဘူး – ဆရာ။ ဆရာ့အပေါ်
ကာယကံ၊ ဝစီကံ၊ မနောကံ
ကံသုံးပါးအနက် တစ်ပါးပါးဖြင့်
ပစ်မှားမိတာ ရှိသမျှ ကန်တော့
တောင်းပန်ပါတယ် ဆရာ"



www.burmeseclassic.com

"ကျွန်တော်တို့လည်း ဆရာ့ကို
တန်တော့ပါတယ် - ဆရာ"

ထောင်မှူးကြီးဦးသန်းစိန် သူ့ရှေ့မှာ
လက်အုပ်ချီကန်တော့နေကြတဲ့ လွတ်
ငြိမ်းချမ်းသာခွင့်အရလွတ်မြောက်ကြမှီ
ဖြစ်တဲ့ တပည့်တွေကိုကြည့်ပြီး ဝမ်းသာ
လွန်းလို့ မျက်ရည်စို့နေလေရဲ့၊

သူခိုး ဝင်းနိုင်၊

ဓားပြ မောင်လေး။

လူသတ်သမား စနေသား၊

ခါးပိုက်နှိုက် ဖော်ဖွေ၊

ဈိုးတွမ်တီး ခြောက်စောင်းမောင်
ငြိမ်း၊

ချဲသမား သိန်းရွှေ၊

ဖိန်းမထိန်း မောင်ညွှန့်၊

ဖောက်ထွင်းဝိဇ္ဇာ ငစိုးကြီး၊

လက်မရွံ့ ချစ်စရာတို့က သူ့ကို
လက်အုပ်ချီ ကန်တော့နေကြတာလေ၊

အင်းစိန်ထောင် (      )ထောင်က
ညီကြီး ဒုစရိုက်သမားတွေပေါ့ဗျာ၊

အချို့က ထောင်သက်သုံးနှစ်၊

အချို့က ထောင်သက်ငါးနှစ်၊

အချို့က ထောင်ကျသက်ဆယ်နှစ်၊

အခု - သူတို့က သမ္မတကြီး ဦးသိန်း
စိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေနဲ့
လွတ်တုန်းပြီ။

ဒီလွတ်ငြိမ်းချမ်းသာခွင့်ဥပဒေနဲ့
လွတ်တဲ့အထဲမှာ အကြိမ်ကြိမ်လွတ်တဲ့
သူတွေလည်း ပါတယ်၊

သူခိုးဝင်းနိုင်၊

သူဆိုရင်ပထမအကြိမ်လွတ်ငြိမ်းနဲ့
လွတ်ပြီး နှစ်ပတ်အကြာမှာ ထောင်ထဲ
ပြန်ဝင်လာတဲ့ကောင်၊

"ဝင်းနိုင်"

"ခင်ဗျာ - ဆရာကြီး"

"ခိုးမှုပဲမဟုတ်လားဟေ့"

"ဟုတ်ပါတယ် - ဆရာ"

ထောင်ဘူးဝက ဝင်လာပြီးပုံစံထိုင်
တလာစီထဲမှာဝင်းနိုင်ကိုမြင်လိုက်တာနဲ့
ထောင်မှူးကြီး ဦးသန်းစိန်က မေးလိုက်
တာ၊

"ဒီတစ်ခါဘယ်သူ့အိမ် သွားခိုးတာ
တုံးကွ - ဝင်းနိုင်"

"ရပ်ကွက်အုပ်ချုပ်ရေးမှူးအိမ်ကို
ပါ - ဆရာ"

"ဟန်ကျတာပေါ့ကွ"

သူခိုးဝင်းနိုင်ဆိုတဲ့ကောင်က မခိုး
ရရင် မနေနိုင်တဲ့ကောင်၊ ခိုးစရာမရှိရင်
ယောက္ခမအိမ်က တီဗွီ ခိုးရောင်းတဲ့
ကောင်၊

"ကျွန်တော်က မခိုးရရင် မနေနိုင်
ဘူး - ဆရာ၊ အမေတို့ပြောပုံအရဆိုရင်

ကျွန်တော့်ကိုမွေးတော့ သူခိုးနကွတ်နဲ့
ခန်းလှည့်ပြီးမွေးတယ်လို့ ပြောတယ်
ခင်ဗျ၊ ကျောင်းနေစဉ်ကတည်း အတန်း
ပိုင်ဆရာမရဲ့ ဆွဲခြင်းထဲက ပိုက်ဆံအိတ်
ကိုခိုးပြီး ကျောင်းဈေးတန်းမှာ မုန့်တွေ
စိတ်ကြိုက်ဝယ်စားတာဗျ၊ နောက်ဆုံး
ဆရာမ သိသွားတယ်၊ နှစ်ကြိမ်ခိုးပြီး
နောက် ကျောင်းထုတ်ခံရတယ်၊ အဲဒီ
နောက်ပိုင်းသူခိုးတွေနဲ့ ပေါင်းမိပြီး သူခိုး
နောက်လိုက်၊ လူကြည့်၊ အထုပ်ထမ်းက
နေ အတွေ့အကြုံရော ပညာရော ရခဲ့ပြီး
တစ်ကိုယ်တော်သူခိုးဖြစ်လာတာပါ
ခင်ဗျ၊ မခိုးရင် စားလို့အိပ်လို့ မပျော်ဘူး
ဆရာ၊ ခိုးပြီးမှ နေသာထိုင်သာရှိတယ်"

သူခိုးဝင်းနိုင် ခိုးမှုနဲ့ ထောင်လေး
ကြိမ် ကျပြီးပြီ၊ ဒါ - ဒုတိယအကြိမ်
မြောက် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်
လွတ်တာ၊

"ဝင်းနိုင်"

"ခင်ဗျာ - ထောင်မှူးကြီး"

"အပြင်ရောက်ရင်မခိုးနဲ့တော့ကွာ၊
တောင်းကောင်းမွန်မွန် လုပ်ကိုင်စား
သောက်ပါကွာ - နော်"

"အဲ - အဲ - ဟိုလေ - ဖြစ် - ဖြစ်မယ်
ထင်ဘူး - ဆရာ"

"ဘာဖြစ်လို့ မဖြစ်ရမှာတုံးကွ၊
ဖြစ်အောင်လုပ်ရင်ဖြစ်တာပေါ့"

"ကျွန် - တော်က - ဟိုလေ - အဲ
အဲ - ကြိုးစားပါ့မယ် - ဆရာ"

သို့သော် သူခိုးဝင်းနိုင် အပြင်မှာ
(၇)ရက်ပဲနေတယ်၊ ထောင်ထဲကို ပြန်
ဝင်လာတယ်၊ ထုံးစံအတိုင်း ခိုးမှုပဲ၊

သူခိုးတဲ့အိမ်က မြို့နယ်ရဲမှူးရဲ့
ယောက္ခမအိမ်၊

ထောင်ထဲမှာ ပုံစံထမင်းစားဦး
တော့ ဝင်းနိုင်၊

(ခါး) ဖော်ဖွေ၊

ခါးပိုက်နှိုက် ဖော်ဖွေတို့ကတော့
ထောင်နဲ့အိမ်က အိမ်ဦးနဲ့ ကြမ်းပြင်လို
ဖြစ်နေပြီ၊

လျှော့ရက်နဲ့ လွတ်သွားပြီးလည်း
သိပ်မကြာဘူး၊ ထောင်ထဲ ပြန်ရောက်
လာတာပဲ၊ (ခါး)အမှုပဲ၊

ကိုယ်တိုင်နှိုက်လို့ ပြန်အဖမ်းခံရ
တာရှိသလို၊

သူများ(အချင်းချင်း) သောက်မြင်
ကတ်ချောက်တွန်း၊ ချွန်တွန်းလုပ်လို့
အဖမ်းခံရတာလည်းရှိတယ်၊

ပြီး - စီမံချက်ကြောင့် ကျော်ဖော
ပုဒ်မနဲ့ ပြန်အဖမ်းခံရတာပဲ ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com

သူ့ခေါင်းမှာ ချုပ်ရိုးတွေ မနည်းဘူး။ နှိုက်နေတုန်းမိလို့ လူတွေ ဝိုင်းရိုက်တာတဲ့၊

ထွက်ပြေးတုန်းမိသွားပြီးဝိုင်းရိုက်ခံရတာတဲ့၊

မျက်နှာရော၊ ဦးခေါင်းရော ချုပ်ရိုးဟောင်း၊ ချုပ်ရိုးသစ်တွေနဲ့၊ ဒ့ို့သော်သူတာ စမတ်ကျကျဝတ်စားနေတုန်းပဲ၊ သန့်သန့်လေး လုပ်ပြတုန်းပဲ၊

ခါးပိုက်နှိုက်ဆိုတာ သန့်သန့်လေးဝတ်၊ ကျော့ကျော့လေးဝတ်ပြီး ဟိတ်တန်ကောင်းကောင်းနဲ့ နေရတယ် ဆရာရဲ့တဲ့၊

သိပြီးသားပါ၊

ခါးပိုက်နှိုက်ဖော်ဖွေပြန်ရောက်လာမှာပါ။

ရန်ကုန်မှာ လုပ်ရှားလို့ မိရင်ပါ၊

ဒါမှမဟုတ်ရင်နတ်ဘုရားပွဲမှာလှုပ်ရှားလို့ မိမှာ သေချာပြီးသား၊

▲▲▲

ပြီးတော့ – စနေသား၊

ဒီကောင့်အမှုက လူသတ်မှု၊

အလျင်တုန်းကလည်း ဓားခုတ်မှုနဲ့ ရောက်လာဖူးတယ်၊ လူပုံက တုတ်တုတ်ခိုင်ခိုင်၊ စကားသိပ်မပြောဘူး၊ ဖဲဒိုင်၊ ရဲဒိုင်၊ အကြံအဖန်သမားတွေထဲမှာ မိုက်ကြေးခွဲ ပိုက်ဆံတောင်းတဲ့လူမိုက်၊

ရိုက်မှုကြီး ငါးမှု၊

အချို့အမှုတွေက တရားလို ကျေအေးပေးလို့ ထောင်မကျတာ၊ အရက်ဆိုင်မှန်သမျှ ဆက်ကြေးလိုက်တောင်းပြီး မိုလ်ကျနေတာ၊

တစ်နေ့ ပိုက်ဆံတောင်းတာမရလို့ ဓားနဲ့ ထိုးသတ်ခဲ့ပြီး လူသတ်မှုနဲ့ ဝင်လာတာ၊ ထောင်ကျနှစ် (၁၀) နှစ်ရှိပြီ၊ ခုမှ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်တာ၊

အချုပ်ထဲရောက်ရင် အခန်းလူကြီးပဲ၊ ထောင်ထဲမှာ ရှုတ်ရှာလုပ်လို့ တိုက်ပိတ်ခံရတာချည်း သုံးကြိမ်ရှိတယ်၊ ရဲဘက်ရောက်တုန်းကလည်း ဘဝတူရဲဘက်ကို ကျောက်တုံးနဲ့ ထုတဲ့အမှုနဲ့ အမှုတိုးခဲ့ဖူးတယ်၊

"စနေသား"

"ဗျာ – ထောင်မှူးကြီး"

"မင်း – အသက်မငယ်တော့ဘူး"

"ဟုတ်ကဲ့"

"မင်းမိန်းမနဲ့ ကလေးတွေလည်း အပြင်မှာ ငြိုငြိုငြင်ငြင် ဆင်းဆင်းရဲရဲနေရတာ ပြန်ငဲ့ပါကွာ"

"ဟုတ်ကဲ့"

"မင်းကိုငါ ထောင်ထဲမှာ ထပ်မမြင်ချင်ဘူးကွာ"

"အပြင်မှာ အလုပ်ရှားတယ် ဆရာ"

"အလုပ်ရှားတိုင်း ဓားပြတိုက်၊ ခိုး၊ ထုရရင်သူခိုးဓားပြ၊ လုယက်တွေထောင်ထဲ ပြည့်နေမှာပေါ့ကွ၊ မင်းကလေးတွေကိုလူသတ်သမားရဲ့သားလို့ အခေါ်မခံရအောင် နေကြဖို့ အချိန်တန်ပြီ – စနေသား"

"လူသတ်သမားသားသမီးလို့ပြောခံပြောစမ်းပါစေဗျာ၊ ဟင်း – ဟင်း – ဟင်း စနေသားနဲ့ တွေ့သွားမှာပေါ့"

"မင်းတို့ လုပ်ချင်တိုင်း လုပ်ခဲ့ပြီး တစ်နေ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ စောစောလွတ်မှာပါလို့ တရားသေ မယူဆနဲ့ စနေသား၊ မင်းဘဝကိုမင်းပြုပြင်ပြီးမင်းမိသားစုရဲ့ဘဝကို တန်ဖိုးရှိတောက်ပအောင် ပြုစုပျိုးထောင်ပါကွာ၊ မင်းသားသမီးတွေ ပါးစပ်က အဖေ၊ အဖေလို့ အမွှမ်းခေါ်ပြီး မင်းလည်ပင်းဖက်ထားတဲ့ အရသာကိုမင်း ခံစားကြည့်စမ်းပါကွာ"

စနေသား ငိုင်သွားခဲ့တယ်၊

ပါးစပ်ကတော့ ဟုတ်ကဲ့လို့ လုံးဝပြော၊

အပြင်ရောက်ရင် ဒီကောင် ဘယ်သူ့တို …၊

▲▲▲

မောင်ညွန့် (ခေါ်) ချစ်လူညွန့်၊

ဒီကောင်က အပြင်မှာ မိန်းမထိန်း၊

တစ်နည်း ပြည့်တန်ဆာခေါင်း၊

ရိုးသားတဲ့ မိန်းကလေးတွေကို သွေးဆောင်ဖြားယောင်းပြီး ပြည့်တန်ဆာဘဝကို အရောက်ပို့ ခြိမ်းခြောက်နှိပ်စက် လုပ်ကိုင်စားသောက် ခေါင်းပုံဖြတ်တဲ့ကောင်၊

အပြင်မှာ သူ့ကိုတွေ့ရင် မိန်းမထိန်း ပြည့်တန်ဆာခေါင်းလို့ မထင်ရဘူး၊ ဘောင်းဘီရှည် နဲ့ စပို့ရှပ်နဲ့၊ ငါးသုံးလုံးစီးကရက်ကိုခဲလို့ တန်ဖိုးကြီးလက်ပတ်နာရီနဲ့၊

သိန်းကျော်တန် ဖုန်းကိုကိုင်ပြီး အထက်တန်းဟိုတယ်မှာ စားသောက်မြိန်ကျနေတဲ့ကောင်၊

အသုံးတော်ခံမိန်းကလေး ဘယ်အရွယ်လိုချင်လဲ၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၃၀၊ ၄၀ အရွယ် ကြိုက်တာပြော၊

ဟောဒီအယ်(လ်)ဘမ်ထဲကဓာတ်ပုံတွေကြည့်၊

ဒီကောင်မလေးကမောင်အယ်(လ်)လေးနော်၊

သူကတော့ မုဆိုးမလေး၊

ဒီကောင်မလေးက ကော်သစ်စကိုယ်တုံးလုံးဓာတ်ပုံတွေပြမယ်၊

www.burmeseclassic.com

သူကတော့ ဝမ်းနိုက်ကို တစ်သိန်း။

သူက ရှယ်ယာ ခေါ်တိုင်း မလိုက်ဘူး နော်။

ဈေးတော့ ကြီးတယ်၊ ငါးသိန်း။

ဈေးများတယ်၊ ကိုယ်လုံးကိုယ် ပေါက်နဲ့ ရုပ်ရည်ကို ကြည့်ဦးလေဗျာ၊ မင်းကြိုက် ဗိုးကြိုက် ကုမ္ပဏီ သူဌေး ကြိုက်လေ၊ ဈေးကြီးတာပေါ့။

သူ့ကိုလာခေါ်ရင် အနည်းဆုံး ပါဂျဲရိုး နဲ့လာခေါ်၊ တက္ကစီနဲ့ မခေါ်နဲ့၊ လုံးဝပဲ၊

ဈေးပေါပေါ - ဟုတ်လား။

ဒီဓာတ်ပုံကြည့်၊

ဒီကောင်မလေးကတော့ တစ်သောင်းပဲ၊ ငါးထောင်တန်လိုချင်ရင် ပန်းဆိုးတန်းကို သွားရှာ၊ "အေ" ကိုက်မှာ တိန်းသေပဲ၊

မောင်ညွန့် အပေါင်းအသင်းတွေထဲမှာ သူဌေးသားတွေရှိတယ်၊ အရာရှိသားတွေရှိတယ်၊ ကုမ္ပဏီသူဌေးကြီးတွေ ရှိတယ်၊

အပေးအကမ်း ရက်ရောတော့ မောင်ညွန့်တို့လွတ်နေတာပေါ့၊ သို့သော် နောက်ဆုံးတော့ မောင်ညွန့်ကို ရဲက ဆွဲတော့တယ်၊

မောင်ညွန့် သွေးဆောင်စည်းရုံး လိုက်တဲ့လူက နယ်က ရဲအုပ်တစ်ဦး၊



မင်းတို့ လုပ်ချင်တိုင်း လုပ်ခဲ့ပြီး တစ်နေ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ဖောဖောလွတ်မှာပါလို့ တရားသေ မယူဆနဲ့ - ဝနေသား၊ မင်းဘဝကို မင်းပြုပြင်ပြီး မင်းမိသားစုရဲ့ဘဝကို တန်ဖိုးရှိစေတတ်အောင် ကြိုးစားဆောင်ရွက်ကွာ၊ မင်းသား သမီးတွေ ငါးစဝိက အဖေ၊ အမေလို့ ကွယ်ရွေခေါ်ပြီး မင်းလည်းဝင်း ဖက်ထားတဲ့ အရသာကို မင်း ခံစားကြည့်စမ်းပါကွာ။

ရဲအုပ်မှန်းမသိဘူး၊ အရပ်ဝတ်နဲ့ တွေ့တော့ ...၊

ငါးသိန်းတန်လိုချင်တယ်၊ ကျွန်တော့်ဆရာအတွက်ပါပြောလို့ မောင်ညွန့်က ရှယ်မော်ဒယ်(လ်)တစ်ဦးကို နော်ဝီးပေးလိုက်တာ၊

ဓာတ်ပုံရိုက်၊ အသံဖမ်း၊ အခန်းထဲ လူစားနဲ့ ဝင်လိုက်ရော ... မောင်ညွန့် ခန့်ရော၊

မောင်ညွန့်လည်း ထောင်ကျ၊

သူမွေးစားသမီးတွေလည်း ထောင်ကျ၊ ထောင်ထဲမှာ နှစ်ရှည်နေဖို့ဖြစ်သွား၊

အခုလေးနှစ်ကြောက်မှာ လွတ်ငြိမ်း ချမ်းသာနဲ့ လွတ်ပြီ၊

"မောင်ညွန့်"

"ဗျာ - ထောင်မှူးကြီး"

"ပြည့်တန်ဆာလုပ်ငန်းကို လုပ်စားနေဦးတော့"

"ဟုတ်ကဲ့ပါ - ဆရာ"

"ဖါကို အပြင်မှာတွေ့ရင် နှုတ်မဆက်နဲ့"

"ဗျာ"

"ငါ ရှက်တယ်"

"ဗျာ"

"မင်းလည်း ရှက်တတ်တော့ကွာ၊ မင်းမှာ သမီးမိန်းကလေးရှိတယ်မဟုတ်လား"

"ရှိပါတယ် - ဆရာ"

"မင်းသမီးအဲဒီလိုဖြစ်ရင် မင်းကြည့်ရဲလား"

"... ... ..."

"ပြောလေ"

"မ - မ - ကြည့်ပါဘူး - ဆရာ"

"မင်း - လုပ်ခဲ့တဲ့ကိစ္စတွေထဲမှာ မင်းသမီးအရွယ်၊ မြေးအရွယ်၊ နှမအရွယ်တွေ ပါခဲ့တယ်၊ ရှက်စရာကောင်းတဲ့ အလုပ်ကွ၊ ရောဂါဆိုးရတဲ့အလုပ်၊ ငြိနိုင်တဲ့အလုပ်၊ ရွံစရာ၊ စက်ဆုပ်စရာကောင်းတဲ့အလုပ်၊ မင်းမှာ ငွေရှိပါတယ်၊ ထမင်းဆိုင်ဖွင့်ရောင်းစားပြီး ဘဝကို ခေါ်ချ တော့၊ အဲဒီလိုအချိန်နဲ့ဘဝကိုရရင် ဖါတို့ ထမင်းစားဖိတ်ပါ - ဟုတ်လား"

"ဟုတ်ကဲ့ပါ - ဆရာ"

⅄⅄⅄

ကိုဘကြီး (ခေါ်) ဒိန်း။

အသက်(၇၀)ထဲရောက်နေပြီ။

သူ့အမှုက မုဒိမ်းမှု။

အရွယ်ရောက်မိန်းကလေးတို့ ဆေးခပ်ပြီး ကာမကို ရယူခဲ့တဲ့အဘိုးကြီး။

လွန်ခဲ့တဲ့ (၇)နှစ်တုန်းကလည်း ကိုဘကြီး မုဒိမ်းမှုနဲ့ ဝင်ခဲ့ဖူးတယ်၊ အဲဒီ





www.burmeseclassic.com

www.burmeseclassic.com

တုန်းက အိပ်ပျော်နေတဲ့မှဆိုးမလေးကို အမွေကြဲတဲ့အမှု။

အခု - ထောင်ကျငါးနှစ်အရှိမှာ လွတ်ငြိမ်းခွင့်နဲ့လွတ်တာ။ သူ့ကိုထောင်ထဲမှာ ကိုဘကြီးလို့ မခေါ်ကြဘူး။

"ဒိန်း" လို့ပဲ ခေါ်ကြတယ်။

"ဒိန်း" ဆိုတာ မုဒိမ်းမှုကို အဖျား ဆွတ် ခေါ်တာ။ ထောင်ထဲမှာတော့ ဘကြီးဒိန်းက ပွဲတော်အခံရဆုံးလူပဲ။ လူစုမိရင် ဘကြီးဒိန်း ပြောပြပါဦးဗျ၊ ဘကြီးဒိန်းက ကောင်မလေးကို၊ ဘကြီးဒိန်းကလည်း ရှက်သလိုလိုနဲ့ ပြောပြလိုက်ရော၊ တဟားဟား တဟီးဟီးနဲ့ ပွဲစည်နေတာပဲ။

"ဦးဘကြီး"

"အမိန့်ရှိပါ - ထောင်မှူးကြီး"

"အခုလွတ်ပြီဆိုတော့ ကိုယ့်ရပ်ကိုယ်ဒေသကို ပြန်မှာပဲလား"

"ပြန်ရမှာပေါ့ - ဆရာ"

"သားသမီး ဆွေမျိုးတွေ မျက်နှာ ပြရဲလား"

"အဲ - အဲ"

"ပြောပါဦး - နောက်တစ်ကြိမ်မုဒိမ်းမှုနဲ့ ပြန်ဝင်ဖို့ အစီအစဉ်ရောရှိလား ဦးဘကြီး"

"မရှိပါဘူး - ဆရာ"

သူခိုးဝင်းနိုင်က ခပ်တိုးတိုး ပြောလိုက်တယ်။

"မယုံပေါင်" တဲ့။

"ဒါဆို - အပြင်ရောက်ရင် ဘာလုပ်မှာလဲ"

"ယောဂီဝတ်နဲ့ တရားဘက်လိုက်ဖို့ ဆုံးဖြတ်ချက်ချပြီးပါပြီ - ဆရာ"

"သက်န်းမဝတ်ဘူးလား"

"ခွင့်ပြုရင် သေတဲ့အထိ ဝတ်ပြီး အညစ်အကြေးတွေ ဆေးကြောချင်ပါတယ် - ဆရာ"

"သေချာလား - ဦးဘကြီး"

"သေချာပါတယ် - ဆရာ"

"သာဓုပါဗျာ - သာဓု၊ နောက်တစ်ခွန်းတော့ စောင့်ကြည့်ဦးမယ် ဦးဘကြီးရေ၊ ဒိန်းဘဝကို ခြေဦးမလှည့်ပဲဝိမုတ္တိလမ်းကိုရှေးရှုကြည့်ပြီးအေးငြိမ်းချမ်းသာတဲ့လမ်းပေါ်သိကွာရှိရှိလျှောက်လှမ်းပါ - ဦးဘကြီး"

***

ချစ်စရာ၊

ဒီကောင့်ကို လက်မရွံ့ချစ်စရာလို့ ခေါ်တယ်၊

ပိုက်ဆံပေးနိုင်ရင် လူကို တုတ်နဲ့ ရိုက်တယ်၊ ဓားနဲ့ခုတ်တယ်၊ လက်သီးနဲ့ ထိုးတယ်၊ အိမ်မီးရှို့တယ်၊

ဒီကောင်က ကြေးစား၊

လူတစ်ယောက်ရဲ့ဦးခေါင်းကို ဒုံး ထတ်မကွဲအောင် ရိုက်ဆို ဒုံးလက်မပဲ ကွဲရစေမယ်၊

ငါးလက်မကွဲအောင် ရိုက်ဆိုရင် ငါးလက်မလောက် ကွဲအောင် ရိုက်နိုင်တယ်၊

ဟိုကောင်ကို ဆိုင်ကယ်နဲ့ မသေချင်ဖြစ်အောင် တိုက်ဆိုရင် တိုက်ပေးတယ်၊ ငွေတော့ များများပေးရတယ်၊ ငွေနည်းရင် မလုပ်ဘူး၊

မပိုင်ရင် မလုပ်ဘူး။

လူမိုက်ငှားရင် အခကြေးနဲ့ လိုက်တယ်၊

တိုကျူးကျော်အိမ်တွေ ဖျက်ရမယ် ဆိုပါတ ငွေသာပေး၊ သူတို့အဖွဲ့နဲ့လိုက်တယ်။

တိတ်တဆိတ် ချောင်းရိုက်ရမည့် အခွင့်ရှိရင် သူ့ကိုပဲ ငှားကြတယ်။ ချစ်စရာ လက်သည်မပေါ်အောင် ရိုက်ခဲ့တာ ... တအရှည်တံတောင်ခန့်ပျဉ်းကတိုး ... ထုတ်နဲ့ နေ့တိုင်း အရိုက်ကျင့်တာ ...

သူ အရိုက်ကျင့်လို့ ငှက်ပျောတစ် ... တုန်သတဲ့၊

အပျော့ရိုက်၊ အစာရိုက်၊ အတွင်းကြေရိုက်နည်း၊ လူရုပ်မပေါ်အောင် ရိုက်နည်း၊ ကျောင်းမှန်းကန်မှန်းသိအောင် ရိုက်နည်း အကုန်ရတယ်၊

ဗန်တိုရော၊ တုတ်တိုရှည်သိုင်းရော တတ်တတ်တယ်။ နောက်ဆုံး ကြေးစား အလုပ်လက်ခံပြီး လူတစ်ယောက်ရိုက် ခဲ့တာ။

တစ်ချက်အလဲ ရိုက်တတ်သလို၊

တစ်ချက်အကွဲလည်း ရိုက်တတ် တယ်၊

သွားတွေ အကုန်ကျွံအောင် ရိုက် ပေးပါလို့ ခိုင်းရင် သွားတွေ အကုန်ကျွံ ထွက်အောင် ရိုက်တယ်၊

နောက်ဆုံး သူရိုက်ဖို့ တာဝန်ယူရ တဲ့လူက ကားပွဲစားနာမည်ကြီးတစ်ဦး။

ကားပွဲစားလောကမှာ မှန်မှန်တန် ကန်လုပ်စားလို့ နာမည်ကောင်းရနေတဲ့ လူကို ရိုက်ရမှာ၊

ချစ်စရာကို ခိုင်းတဲ့ လူကလည်း ကားပွဲစားပဲ၊ ဟိုပွဲစားကိုမနာလိုလို့ရိုက် ခိုင်းတာ၊ နောင်ပွဲစားလုပ်မစားနိုင် အောင် ပါးစပ်ထဲက သွားတွေ ... မျက်စိပါ ကန်းအောင် ရိုက်ရမှာ၊





www.burmeseclassic.com

www.burmeseclassic.com

အဲဒီအလုပ်အတွက် လက်ခ ငွေသုံးသိန်းရတယ်၊ သူရိုက်ရမည့်လူကတို့ထယ်မှာ ညတိုင်း လာရောက်စားသောက်တာကို သူ လေ့လာပြီးပြီ၊

တစ်ည ကားပွဲစားကြီး ဟိုတယ်က နေထွက်လာတယ်၊အပြင်ကိုရောက်ပြီ၊ သူ လက်ကိုင်ဖုန်းနဲ့ စကားပြောနေတယ်၊

ချစ်စရာနောက်နေ့ပျဉ်းကတိုးသားတုတ်တိုနဲ့ ပွဲစားရဲ့အုတ်ဆက်ကို ရိုက်ချလိုက်တယ်၊

"ဖောင်း"

"ဟင်"

သူရိုက်တဲ့ပျဉ်းကတိုးသားတုတ်တိုက ပွဲစားရဲ့ခေါင်းပေါ်ကျ ပြင်းထန်စွာကျပြီး ပြန်ခုန်ထွက်လာတယ်၊ သားရေတုံးတို့ရိုက်လိုက်ရလို ခုန်ထွက်လာတာ၊

ပွဲစားဟာ ရိုက်ချက်အရှိန်ကြောင့်ရှေ့တိုင်ငိုက်ကျအသွားမှာ ပွဲစားရဲ့နောက်စေ့ကို တုတ်တိုနဲ့ ရိုက်ချလိုက်တယ်၊

"ဖောင်း"

"ဟင်"

တုတ်က သားရေတုံးရိုက်သလို ခုန်ထွက်လာပြန်ပါရော၊ ပွဲစား ဘာမှမဖြစ်ဘူး၊မကွဲဘူး၊မအော်ဘူး၊ထူးဆန်းလိုက်တာ၊ သူ့တစ်သက်မှာ သူရိုက်လို့မကွဲတဲ့လူ လုံးဝမရှိ၊

သူရိုက်လို့ကွဲတဲ့လူ၊ ကျိုးတဲ့လူ၊ ဦးနှောက်ပျက်သွားသူ မနည်းခဲ့၊ဒီလူက ဘာလဲ၊

ဘာလို့ရိုက်မကွဲဖြစ်နေတာလဲ၊

သည့်နောက် ပွဲစားရဲ့မျက်နှာကို တုတ်တိုနဲ့လွဲပြီးရိုက်ချလိုက်ရော၊ပွဲစားက ဝင်လာတဲ့တုတ်ချက်ကို ခြေဖဝါးနဲ့လှမ်းကန်ထားပြီး ဘယ်လက်ပြန်တံတောင်နဲ့ လှစ်ခနဲ လှည့်တွတ်လိုက်တာ -

"ဂျွတ်"

"အားမလေးဗျ"

"ကိုင်းဟာ"

"ဖောင်း"

"အား"

"ဝုန်း"

ဘယ်တံတောင်နဲ့ ချစ်စရာဘယ်နံရိုးကိုတွတ်ချလိုက်တာ၊နံရိုးတွေဂျွတ်ခနဲမြည်ပြီး လက်ထဲကတုတ် လွတ်ကျသွားချိန်မှာပဲပွဲစားကညာလက်ပြန်ရိုက်ချလိုက်တာရယ်၊

ချစ်စရာ မျက်လုံးထဲ မီးရောင်စုံပွင့်ပြီး လမ်းမပေါ် လွင့်စဉ်လဲကျ သတိလစ်သွားခဲ့တယ်၊

သူ သတိရတော့ ဆေးရုံပေါ်မှာ လက်ထိတ်နဲ့၊

နံရိုးနှစ်ချောင်း ကျိုးသွားပြီ၊





တစ်သက်လုံး လူဆိုးလူမိုက်ဘဝနဲ့ နိုးချုပ်သွားဖို့ မဖြစ်သင့်ဘူး၊ မင်းတို့လည်း အကျဉ်းထောင်ရဲ့အရသာ၊ ရဲဘက်စခန်းရဲ့အရသာတွေကို သိပြီး ကြပြီပဲကွာ၊ ပျက်ရင် အစဉ်၊ ပြင်ရင် အဆင်ပဲ၊ မင်းတို့ ထောင်ထဲမှာရော၊ ရဲဘက်စခန်းမှာပါ ထောင်စည်းကမ်း၊ ရဲဘက်စည်းကမ်းနဲ့အညီ ကြိုးကြိုးစားစား နေထိုင်လုပ်ကိုင်ပြခဲ့ကြတာပဲ၊

ပါးစပ်ထဲကအခေါ်သွားတွေအတွန် ကျိုးကုန်တယ်၊

သူ လုပ်ကြံခဲ့တဲ့ပွဲစားက ထူးဆန်းစွာ "ပီး"တဲ့လူဖြစ်နေတာကို သိလိုက်ရတယ်၊

▲▲▲

ချစ်စရာ အမှုတစ်သီတစ်တန်းနဲ့ ထောင်ငါးနှစ်ကျခဲ့တယ်၊ထောင်တချက်သား(၄)နှစ်နီးပါးရှိခဲ့ပြီ၊

အခု - လွတ်ငြိမ်းနဲ့ ထွက်ရတော့မယ်၊ ပျော်လိုက်တာ၊

"ချစ်စရာ"

"ခင်ဗျာ - ထောင်မှူးကြီး"

"အပြင်ရောက်ရင် တြေးတော့ဖြန် လုပ်မှာလား"

"မလုပ်တော့ပါဘူး - ဆရာ"

"မင်းခံရတဲ့အလှည့်ရဲ့အရသာကို သိပြီမဟုတ်လား"

"သိပါပြီ - ဆရာ"

ချစ်စရာပါးစပ်ထဲမှာ အခေါ်သွားတွေလုံးဝမရှိ၊ နံရိုးနိမ့်ပြီးလူက ခါးစောင်းနေပြီလေ၊

"အပြင်ရောက်ရင် ဘာလုပ်စား မတုံးကွ - ချစ်စရာ"



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ သူစိုးဝင်းနိုင်က ဝင်ပြောလိုက်တယ်။

"သွားစိုက်လုပ်ငန်း လုပ်မယ်တဲ့ ဆရာ"

ဝင်းနိုင်အပြောကြောင့် ကျန်တဲ့လူတွေပါ ရယ်ကြရော။

"ပြောလေကွာ"

"အပြင်ရောက်ရင် မုန့်ဟင်းခါးဆိုင် ဖွင့်ရောင်းမယ် - ဆရာ"

"မင်းက မုန့်ဟင်းခါးချက်တတ်လို့လားကွ - ဟေ"

"ကျွန်တော့်မိန်းမက ဖြောင်းမြသူပါ - ဆရာ၊ မုန့်ဟင်းခါး ကောင်းကောင်း ချက်တတ်ပါတယ်"

"ဘဲရီးဖွတ်ပဲကွာ - လူဟာ အဲဒီလို တောင်းမွန်တဲ့ရည်မှန်းချက် ရှိရမယ်ကွ၊ တစ်သက်လုံး လူဆိုးလူမိုက်ဘဝနဲ့ နိဂုံးချုပ်သွားဖို့ မဖြစ်သင့်ဘူး၊ မင်းတို့လည်း အတည်းထောင်ရဲ့အရသာ၊ ရဲဘက်စခန်းရဲ့အရသာတွေကို သိပြီးကြပြီပဲကွာ၊ ဖျတ်ရင် အစဉ်၊ ပြင်ရင် ခဏပါ၊ မင်းတို့ ထောင်ထဲမှာရော၊ ရဲဘက်စခန်းမှာပါ ထောင်စည်းကမ်း၊ ရဲဘက်စည်းကမ်းနဲ့ အညီကြိုးကြိုးစားစားနေထိုင်လုပ်ကိုင်ပြခဲ့ကြတာပဲ၊ အပြင်ရောက်ရင်လည်းခုလိုပဲကြိုးကြိုးစားစား လုပ်ကိုင်နေထိုင်သွားကြရင်း လူတော်လူကောင်းတွေ ပြန်ဖြစ်လာကြမှာပါ၊ ကဲကောင်းလို့ လွတ်ငြိမ်းချမ်းသာခွင့်အကျိုးနဲ့ စောစောလွတ်သွားကြတာ၊

မင်းတို့အပေါ်မှာ ငါ အုပ်ချုပ်နေစဉ်ကာလတစ်လျှောက် ပြောဆို ဆဲရေးကြိမ်းမောင်းတာတွေ ရှိခဲ့ဖူးပါတယ်၊ မင်းတို့ကို လိမ္မာစေချင်လို့ ပြောရတာပါ၊ ငါ လွန်တာရှိလည်း ငါ့ကို ခွင့်လွှတ်ပါ၊ မင်းတို့ကိုလည်း လူကောင်းသူကောင်းတွေ ဖြစ်ကြပြီး ကိုယ့်မိသားစုအကျိုးကို ဂုဏ်သိက္ခာရှိရှိနဲ့ ရွမ်းဆောင်နိုင်ကြပါစေလို့ ငါ ပြောရပါတယ် - တပည့်တို့"

သူတို့က ထောင်မှူးကြီးကို ရိုရိုသေသေကန်တော့ကြတယ်၊ ထောင်မှူးကြီးကလည်း အိတ်ထဲပါသမျှ ပိုက်ဆံကို ထုတ်ပြီး သုံးဖို့ပေးလိုက်တယ်၊

နှစ်ပေါင်းများစွာ မကြာခဏ ဆုံခဲ့ရတဲ့ပြစ်မှုသားတွေ အခု ပြစ်မှုသားတွေ မဟုတ်တော့၊

ရဲတပ်ဖွဲ့က အလိုရှိသူများမဟုတ်ကြတော့၊ သူတို့တရားဝင်လွတ်မြောက်သွားကြပြီ၊ ထောင်ထွက်တွေလို့ မပြောချင်၊ ပြင်ပလူတွေ၊

တစ်နည်း၊ လွတ်လပ်စွာနေထိုင်ခွင့်ရသွားတဲ့လူထဲက လူတွေ၊

ထောင်မှူးကြီးရင်ထဲမှာ ကြည်နူးလိုက်တာရယ်၊

⁂

သို့သော် ထောင်မှူးကြီး ဦးသန်းစိန် ကြာကြာမကြည်နူးလိုက်ရ၊

ထောင်ဘူးအတွင်းထောင်ပို့အချုပ်သူလူသစ်အဖြစ် တလာစီ လူစာရင်းစစ်နေတုန်း ပြန်တွေ့လိုက်ရတယ်၊

"ဝင်းနိုင် (ဘ) ဦးရွှေအိုး"

"ရှိ"

သူစိုးဝင်းနိုင် ပြန်ရောက်လာပါပြီ၊

အခုလည်း ခိုးမှု၊

ခိုးရရင် မနေနိုင်တဲ့ကောင်၊

"ချုပ်သစ် ဖော်ဖွေ (ခ) ဦးလေးဆောင်"

"ရှိ"

ဒီကောင်လည်း ထုံးစံတိုင်း [illegible])မှု၊

သူ့ခေါင်းမှာ ပတ်တီးအသစ်ကလေးရှိလို့၊

ငွေမရပဲ ဒဏ်ရာပါ ရလာတာကိုး၊

"မောင်ညွှန့် (ဘ) ဦးလွန်း"

"ရှိ"

လူဟောင်းတွေ နေ့တစ်နေ့တာမှာ (လွတ်ငြိမ်း)နဲ့ လွတ်သွားသူတွေ၊ ထောင်သံယောဇဉ်မတုန်နိုင်လို့ ပြန်ရောက်လာပြန်ပြီ၊

မောင်ညွှန့်၊

မိန်းမထိန်း(ပြည့်တန်ဆာခေါင်း) မောင်ညွှန့်၊

ဒီတစ်ခါတော့ ပြည့်တန်ဆာအမှု မဟုတ်၊

လူသတ်မှု၊

သူသတ်လိုက်တာက သူ့မိန်းမကို သူ ပြန်သတ်လိုက်တာတဲ့၊ မောင်ညွှန့် (လွတ်ငြိမ်း)နဲ့ ထောင်က လွတ်သွားတော့ သူ့အိမ်ပြန်ရောက်တော့၊ သူ့မိန်းမက ကြေးစားပြည့်တန်ဆာဖြစ်နေတယ်၊

မောင်ညွှန့် ရှက်လည်း ရှက်၊ ဒေါသလည်း ဖြစ်သွားတယ်၊ သူ ထောင်က လွတ်လာတော့ ဒီမကောင်းတဲ့အလုပ်ကို မလုပ်တော့ဘူးလို့ ဆုံးဖြတ်ခဲ့တာ၊

ခုတော့ - မိန်းမက ပြည့်တန်ဆာ ဖြစ်နေပြီး သမီးလုပ်သူက တရုတ်တစ်ယောက်နဲ့ ညားပြီး တရုတ်ပြည် ပါသွားပြီတဲ့၊

သူ့သမီး တရုတ်ပြည်မှာ ဘယ်လိုဘဝရောက်မည်ကို မောင်ညွှန့် သိပြီးသား၊ ရင်ကွဲရပြီလား၊

www.burmeseclassic.com

ဒေါသတွေ ပေါက်ကွဲတယ်၊

ဒီဒေါသရှက်စိတ်နဲ့ သူ့မိန်းမကို လည်ပင်းညှစ်သတ်ခဲ့လိုက်တယ်။ အခု မိန်းမထိန်းဖြစ်ခဲ့ဖူးသည့် မောင်ညွန့် အတုံးလိုက်၊ အတစ်လိုက် ဝင့်လည်ခဲ့ပါပြီ။

(လွတ်ငြိမ်း)နဲ့ လွတ်တုန်း ကန်တော့သွားတဲ့ ထောင်ထွက်ဓားပြမောင်လေးပြန်ရောက်လာတယ်၊

လှိုင်သာယာမှာ နေ့ခင်းကြီး လုယက်မှု ကျူးလွန်လို့တဲ့၊

ချဲသမား သိန်းရွှေ ပြန်ရောက်လာတယ်။

ချဲမှုမဟုတ်တော့၊

ခဲပိုင်းဒိုင်ခံလို့ လောင်းကစားမှုနဲ့၊

လက်မရွှံ့ချစ်စရာများပြန်လာဦးမှာလား။

ဦးဘကြီး (ခေါ်) ဒိန်းများပြန်လာဦးမှာလား။

စနေသားရော လူထပ်သတ်ပြီး ရောက်လာဦးမှာလား၊ ထောင်မှူးကြီး ဦးသန်းစိန် ရင်တထိတ်ထိတ်၊

သူတို့ကို ထောင်က လွတ်တိုင်း သူ ဆုံးမခဲ့တယ်၊

အပြင်ရောက်ရင် ကောင်းကောင်း မွန်နေကြပါ။

သို့သော် အချို့က ခွေးမြီးကောက် ကျည်တောက်စွပ် ပြန်ရောက်လာစမြဲ၊

တော်ပါသေးရဲ့၊

လက်မရွှံ့ချစ်စရာ လုံးဝ ထောင်ထဲ ပြန်ဝင်မလာခဲ့ပါ။ ပြန်ဝင်လာတဲ့ထောင်ကျတွေကို မေးကြည့်တော့ လက်မရွှံ့ အပြင်ရောက်တော့ မုန့်ဟင်းခါးဆိုင်ဖွင့်သတဲ့၊

"ချစ်စရာ (မြောင်းမြမုန့်ဟင်းခါး)" တဲ့၊

ဟင်းချက်လက်ရာကောင်းလို့ လက်မလည်အောင် ရောင်းရပြီး ဟန်ကျနေသတဲ့၊

သာဓုပါ - ချစ်စရာ - သာဓုပါကွာ၊

ဒိန်း (ခေါ်) ဦးဘကြီးသတင်းလည်း ကြားရတယ်၊

ဦးဘကြီး ယောဂီဝတ်နဲ့ စစ်ကိုင်းတောင်မှာ အရိုးထုတ်နေသတဲ့၊ ဦးဘကြီးရေ - သာဓုပါဗျာ - သာဓုပါ၊

ပြီးတော့ - စနေသား၊

စနေသားက လူသတ်ဖူးတဲ့လူ၊

သူ့လက်က ပေါ့သေးသေး မဟုတ်၊

လူသတ်ဖူးတဲ့ ထောင်ထွက်မှန်ရင် လူပြန်သတ်ဖို့ ဝန်မလေးကြ၊

စနေသားအကြောင်း ကြားရပါပြီဗျာ၊

ရေသန့်စက်ရုံမှာ အလုပ်ရနေသတဲ့၊

ပထမ ကားနဲ့ ရေသန့်ဘူးတွေ အောက်သည်အိမ်တွေ၊ ဆိုင်တွေ လိုက်ပို့တဲ့အလုပ် လုပ်သတဲ့၊

အခု - ကားမောင်းတတ်လို့ရေသန့်ပို့တဲ့ကား မောင်းနေပြီတဲ့။ အို - ဝမ်းသာလိုက်ရတာ။ ငါ့တပည့်တွေ တော်လိုက်တာ၊

ခုတော့ - သူတို့ ထောင်ထွက် လူမိုက်တွေ ထောင်ထွက်လူကောင်း လူတော်တွေ ဖြစ်နေကြပြီ၊

လွတ်ငြိမ်းချမ်းသာရဲ့ စေတနာကို အမှန်တကယ် နားလည်သဘောပေါက်ပြီး အကျိုးရှိရှိ ဘဝကို အသုံးချရင်ဆိုင်ရဲကြပြီ။ ရေသန့်လိုပဲ သန့်ရှင်းအေးမြနေပါပြီ။

တပည့်ရေ၊

ဆရာ သာဓုသုံးကြိမ် ခေါ်လိုက်ပါပြီကွာ၊

သာဓု - သာဓု - သာဓု၊

နောက်ထပ် ထောင်ထွက်လူလိမ္မာလေးတွေအတွက် သာဓုခေါ်ဖို့ ထောင်မှူးကြီး မျှော်လင့်နေတုန်းပါပဲ ခင်ဗျာ၊

⇨ **မောင်ညီမြိုင် (သန်လျင်)**

**ဓိနိစားမိလျှင်**

ကန်စွန်းရွက်နှင့် ရှားစွန်းရွက်ကို ဟင်းချက်စား။

ကန်စွန်းရွက်ရည် ညှစ်တိုက်ပါ။

**ဆီးချုပ်၊ ဆီးတစက်စက်ကျ**

ကြက်သွန်နီကိုပြုတ်၍ အရည်ကို သောက်ပါ။

**ဆီးအောင့် (ကျောက်တည်)**

ကြက်သွန်နီကိုပြုတ်၍ အရည်ကိုသောက်ပါ။

ဟင်းနုနွယ်ရွက်ပေါက် ရုက္ခမူဆေးကို ချင့်ချိန်တိုက်ပါ။

ဆူးပန်းပွင့် သုံးမတ်သားကို ရေနှင့်ကြိုတ်၊ သကြားရော၊ ခုနစ်ရက် သောက်ပါ။

ထိကရုန်းမြစ်ကို ပြုတ်သောက်ပါ။

ဖန်ခါးစေ့ကို နွားနို့နှင့် ချက်၍ သောက်ပါ။

www.burmeseclassic.com



**"ဒေါက်–ဒေါက်"**

"ဒေါက် - ဒေါက်"

ကြမ်းခင်းကြွေပြားနှင့် လက်ကိုင်တုတ်ထိပ်များမှသံမဏိအစွပ်ထိတွေ့သံဖြစ်သည်။ အောင်အောင်ထူးက ဘယ်ဘက်လက်ဖြင့် လက်ကိုင်တုတ်ကို အားပြုထားသည်။ ချည့်နေသော ဘယ်ဘက်ခြေထောက်ကို ခပ်ဖွဖွထောက်၍ ခါးကို ထစ်ခြမ်းစောင်းရင်း ခပ်မှန်မှန် လျှောက်လာခဲ့သည်။ သူ့ညာဘက်လက်မောင်းကိုတော့ ခင်မာလာကြူက ဖေးမကိုင်တွဲထားအတူလိုက်ပါလာခဲ့သည်။

ထိုသို့လျှောက်လာရင်း ဆင်ဝင်နားကိုရောက်တော့ လက်ကိုင်တုတ်က ကြမ်းပြင်ပေါ်ချော်ထွက်သွားပြီး အောင်အောင်ထူးကလဲကျသွားသည်။ သို့သော် အခါမှ ခင်မာလာကြူက အချိန်မီ အားညည့်ပြီး ဆွဲထိန်းထားလိုက်သည်မို့ တကယ်လဲကျသွားသည့်အဖြစ်သို့မှ ရောက်ရှိမသွားပါ။

စိုးရိမ်သံ၊ အပြစ်ဆိုသံဖြင့် ခင်မာလာကြူက မြည်တွန်သည်။

"အောင်ကလဲ - လမ်းလျှောက်ရင် သတိထားပါ၊ သတိထားပါလို့ပြောနေတဲ့ဥစ္စာ၊ နားကို မထောင်ဘူး"

လေသံကတော့ ကရုဏာဒေါသောလေသံမျိုးပါပဲ။ ဒါပေမဲ့ - စိတ်ထဲမှာတော့ ဘယ်လိုရှိတယ်ဆိုတာ ဒီကသိပါတယ် ဟုအောင်အောင်ထူးကမဲ့ပြုံးပြုံးလိုက်မိသည်။ သို့သော်ထိုမဲ့ပြုံးကခင်မာလာကြူ မမြင်အောင် ပြုံးလိုက်ရခြင်းဖြစ်သည်။

မတ်မတ်ပြန်ရပ်ပြီး ဝင်းတံခါးဘက်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ အပြင်ဘက်တွင် ကားတစ်စီးက အသင့်စောင့်ဆိုင်းနေသည်။ ကားထဲမှာတော့ ဝင်းလွင်ဦးက ရှိနေသည်။ ကားခေါင်းထဲ

မိန်းမသိုက်တူးသမားတစ်ယောက်၏ တစ်ဖက်လှူအပေါ်
လုပ်ကြံရန် ကြံစည်ရာမှ အောင်မြင်ခါနီးတွင် ရုတ်တရက်
ဖြစ်ပေါ်လာသောဖြစ်ရပ်တစ်ခုကြောင့် ..

www.burmeseclassic.com

တနေ့ သူတို့ဘက်ကို လှမ်းကြည့်လျက် ရှိသည်၊ သို့နှင့်ပင် -

"အောင် - ဒီမှာပဲ နေခဲ့တော့မယ် ကြေးရား၊ တံခါးနားအထိ လိုက်မပို့တော့ ဘူး။ လူက နည်းနည်းမောလာသလိုပဲ"

"ဒါဆိုလဲ နေခဲ့လေ၊ ငြိမ်းမောင်ကို ခေါ်ပြီးအထဲကို သေသေချာချာပြန်နော်၊ ပြန်လဲနေဦးမယ်၊ ဆေးတွေကိုလည်း အချိန်မှန်မှန်သောက်၊ မကြာ့သွားမယ်"

သူ့ပါးကို ဆတ်ခနဲ နမ်းပြီး . . . ခင်မာလာကြူကလှမ်းထွက်သွားသည်၊ မာလီ ငြိမ်းမောင်က ဝင်းတံခါးကို ဆွဲဖွင့် ပေးလိုက်သည်၊ အပြင်ဘက်ထွက်ခါနီး အောင်အောင်ထူးဘက်ကိုပြန်လှည့်ကာ လက်ပြလိုက်သေးသည်၊ အောင်အောင် ထူးတ ခေါင်းညိတ်ကာ ပြန်ပြုံးပြလိုက် သည်၊

ခင်မာလာကြူ ကားပေါ်ရောက် သည်နှင့် ဝင်းလွင်ဦးက စက်ကို နှိုးလိုက် သည်၊ ဘီးကိုလည်း စတင်ပြီး လိမ့်လိုက် သည်၊ ငြိမ်းမောင်က ဝင်းတံခါးကို ပြန် ပိတ်လိုက်သည်၊ အပြင်ဘက်မှာကားသူ့ မြင်ကွင်းမှ ပျောက်ကွယ်သွားပြီဆိုတော့ မှ အောင်အောင်ထူးက တစ်ကိုယ်လုံး ပျော့ကျသွားပြီး မျက်နှာကို အောက်သို့ ငုံ့ချလိုက်သည်၊ သူ့မျက်နှာကလည်း ငြို တော့မည့်မိုးကဲ့သို့ ညို့မည်းပြီး အုံ့မှိုင်း သွားသည်၊

တကယ်တော့ သူက ခင်မာလာကြူ ကို ဝင်းတံခါးဝရောက်သည်အထိ လိုက် မပို့လိုခြင်းကြောင့် တမင်ရှော်လဲဟန် ဆောင်လိုက်ခြင်းသာဖြစ်သည်၊ သူ ဆင် ဝင်အောက်မှာ တမင်ရပ်ကျန်နေလိုက် ခြင်းဖြစ်သည်၊ "ကြာ" မျက်နှာပိုင်ရှင် ဝင်းလွင်ဦးကို သူ မမြင်တွေ့လို၊ ထိုဝင်း လွင်ဦးနှင့်ပင် ခင်မာလာကြူက အတူ ယှဉ်တွဲပြီး လိုက်ပါသွားမည့်အဖြစ်ကို လည်း သူ မမြင်တွေ့လို၊ သို့ကြောင့်သာ လျှင် ...၊

* * *

"ဒီမှာကြည့်စမ်း - မာလာ၊ ပောဒ္ဒီ ပုလင်းလေးထဲက အရည်လေးဟာ ပမာဏအားဖြင့်တော့ နည်းနည်းလေးပဲ ရှိတယ်၊ ဝမ်းစီစီလောက်ကလေးပဲရှိ တယ်၊ ဒါပေမဲ့ - သူ့ရဲ့အာနိသင်ကတော့ ဘာပြင်းသလဲမမေးနဲ့၊ ဒါလေးကို နည်း နည်းစားလိုက်မိတာနဲ့ ဧရာမဆင်ကြီး တောင် တုံးခနဲ လဲသေသွားနိုင်တယ်၊ သိရဲ့လား"

ဝင်းလွင်ဦးက ခင်မာလာကြူ့ခါးကို ဘယ်ဘက်လက်ဖြင့် ဖက်ထားရင်း ညာ



ဘက်လက်ကပုလင်းသေးသေးလေးတစ် လုံးကို ကိုင်ပြလျက်ရှိသည်၊ ခင်မာလာ ကြူက ပုလင်းလေးကိုကြည့်ပြီး မျက်နှာ တသွေးဆုတ်သွားသည်၊ ခင်မာလာကြူ့ ချောက်ချားနေမှန်း သိလိုက်သည်နှင့် ဝင်းလွင်ဦးက တစ်ချက်ရယ်လိုက်သည်၊

"ဘာလဲ - မာလာက လန့်သွားပြီ လား၊ ဒါကို မလုပ်ရဲဘူးဆိုတဲ့သဘော လား"

"ဟုတ်တယ်၊ ဒါတော့ - မာလာ မလုပ်ဝံ့ဘူး၊ လုပ်လည်း မလုပ်သင့်ဘူး လို့ထင်တယ်"

"ဘာ - မလုပ်သင့်ဘူး - ဟုတ် လား"

လူချင်းခွာလိုက်ကြသည်၊ ဝင်းလွင် ဦးက မတ်တတ်ရပ်ပြီး ခါးထောက်ကာ ခင်မာလာကြူကို စူးစူးရဲရဲ စိုက်ကြည့် သည်၊

"မလုပ်ရဲရင်နေလေ၊ ငါကတော့ ဒီအတိုင်း ဆက်စခန်းမသွားနိုင်တော့ ဘူး။ မင်းဘက်ကမှ မပြတ်သားရဲရင် ငါ့ဘက်ကပြတ်သွားရမှာပဲ၊ မင်းကိုဖြတ် ထားခဲ့ရမှာပဲ"

"ဒီ - ဒီလိုတော့ မလုပ်ပါနဲ့ - ကိုလွင် ရယ်"

တောင်းပန်တိုးလျှိုးသောစကားသံ များက ခင်မာလာကြူ့နှုတ်မှ အထစ်ထစ် အငေါ့ငေါ့နှင့် ထွက်ပေါ်လာသည်၊ သူမ မျက်ဝန်းတွေထဲမှာတော့ တွေပြာခြင်း နှင့်အတူ သောကအရိပ်အယောင်တွေ က ရုတ်ခြည်းလွှမ်းတက်လာသည်၊ ထို ဝေဒနာကိုပင် မရှိမဆန့် ခံစားနေရဟန် ဖြင့် မျက်လုံးတို့ကို မှိတ်လိုက်သည်၊ နှုတ် ခမ်းတို့ကို ကိုက်လိုက်သည်၊

သိလိုက်ပြီ၊ ခင်မာလာကြူ့ဖြစ်နေပုံ ကို ရိပ်မိလိုက်ပြီ၊ တကယ်တော့လည်း ဒါကို ဟိုတုန်းကတည်းက သိပြီးသားပါ၊ ခင်မာလာကြူလို အပြင်းစားဆန္ဒရှင် တစ်ယောက်က မိမိကဲ့သို့ ယောကျ်ား တစ်ယောက်ကို ဘယ်တော့မှ ခွဲမသွား နိုင်ဘူးဆိုတာ မိမိသိပြီးသားပါ။

ဝင်းလွင်ဦးက စီးကရက်ကို မီးညှိ သည်၊ မီးခိုးတွေကို အပေါ်သို့မှုတ်ထုတ် လိုက်ပြီးနောက် လုပ်ရမည့်အလုပ်တို့ အချိန်ကိုက်ဆက်လုပ်လိုက်သည်၊

"လုပ်ပါ - မာလာရဲ့၊ ကိုယ့်စကားကို နားထောင်စမ်းပါ၊ ကိုယ်တို့နှစ်ယောက် ဖြောင့်ဖြောင့်တန်းတန်း၊ မိုးမမြင် လေ မမြင် ချစ်ရမယ့်အရေးကို မြင်ယောင်စမ်းပါ၊ မင်းယောကျ်ားက အသေအပေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရှိသေးတယ်။ လူကသာမသန်တော့တာ၊ သေဖို့က အများကြီးလိုသေးတယ်၊ ဒီနည်းနဲ့မှ စာရင်းမရှင်းရင် ဘယ်နည်းနဲ့ ရှင်းမလဲ"

ခင်မာလာကြူက မျက်ရည်ဝေရင်း တွေတွေကြီးလှပ်နေဆဲ၊ ဘာပဲပြော ပြော၊ သည်အမျိုးသမီး ကိုယ့်ဘက်ပါနေပြီဆိုတာကိုတော့ မိမိက အတပ်သိပေသပေါ့။ သို့နှင့် –

"မင်းလူက မင်းအတွက် ဘာများ အဓိပ္ပာယ်ရှိတော့လို့လဲ၊ ယောက်ျားတစ်ယောက်ရယ်လို့ ကိုယ်ယူထားတဲ့မိန်းမ တို့မှာဘတ်စုံကမပေးနိုင်၊ မဖြည့်နိုင်တော့ဘူးဆိုရင် ဘာများတန်ဖိုးရှိတော့လို့လဲ၊ ဒီငုတ်ပျောတုံးကိုပဲ မင်းက ဖက်တွယ်နေချင်သေးသလား"

တိုတ်ရိုက်ထိမှန်သွားသည်၊ မြားချက်တ ပစ်မှတ်၏ဗဟိုတွင် နိုင်နိုင်စိုက်ဝင်သွားသည်၊ ခင်မာလာကြူက မျက်ရည်လည်း ခြောက်သွားပြီဖြစ်သလို လူတလည်း ငြိမ်သက်စပြုနေလေပြီ၊ သို့ဖြစ်၍ ဝင်းလွင်ဦးကို ပြန်မေးလိုက်သော စကားသံကတော့ စိတ်လှုပ်ရှားမှုဖြင့် အတန်ငယ် တုန်ရင်နေသေးသည်၊

"ဒါ – ဒါဖြင့် – မာလာက ဒါကို လုပ်ပါပြီတဲ့၊ အားလုံး ပိပိရိရိဖြစ်ပါ့မလား၊



မာလာက ကိစ္စပြီးပြီဆိုတာနဲ့ အဲဒီ ပုဆောင်းလေးကို ကြိုးဖြတ်လွှတ်လိုက်၊ ဒါဆို – ကိုယ်က အတွေ့ထဲကနေ ပဲချိတ်နဲ့ထွက်လာပြီး မာလာ့ဆီ အရောက်လာခဲ့မယ်၊ ပြီးရင် – သူ့ အလောင်းကို ရေထဲပစ်ချလိုက်မယ်၊ သူက ဆေးရာဝန်ညွှန်ကြားချက်အတိုင်း ခါးအောက်ပိုင်း ပြန်လည်သန်စွမ်းရေး အတွက် ရေကူးလေ့ကျင့်တယ်၊ လေ့ကျင့်ရင်း မတော်တဆ ရေနစ်သေသွားတယ်ပေါ့။

နောက်ကြောင်းတွေရောသေချာပေါက် ရှင်းပါ့မလား"

"အာ – ဒါတွေက ဘာမှပူနေစရာ မလိုဘူး။ ဘက်စုံတောင့်စုံကနေ ကိုယ် ချဉ်းစားထားပြီးပြီ၊ မအောင်မြင်မှာ၊ မဖြောင့်ဖြူးမှာကိုတော့ ဘာမှကို ထည့် တွက်နဲ့၊ ဒီမှာ . . . ကိုယ်ပြောတာ နား ထောင်စမ်း"

ဝင်းလွင်ဦးကမျက်နှာချင်းဆိုင်တွင် ချောင်မြန်စွာ ဝင်ထိုင်လိုက်သည်၊ စောစောက ပုလင်းကလေးကို ပြန်ကိုင်ကာ လေးနက်သောအမူအရာဖြင့် လည်း ပြောလိုက်သည်၊

"ဟောဒီပုလင်းလေးကိုဖွင့်ပြီး သူ သောက်မယ့်ရေ၊ ဒါမှမဟုတ် ကော်ဖီ၊ တစ်ခုခုထဲကိုအသာထည့်ပေးလိုက်ရုံပဲ၊ ဒီဆေးရည်က အနံ့လည်း မရှိဘူး၊ အရသာလည်း မရှိဘူး၊ ဒါပေမဲ့ – ဒါကို သောက်ပြီးတာနဲ့ တစ်မိနစ်မပြည့်မီမှာပဲ ခိုင်းခန့်လဲပြီး ကိစ္စပြီးသွားလိမ့်မယ်၊ ကိုယ်ပြောတာ နားလည်လား"

ခင်မာလာကြူက ခေါင်းညိတ်ပြသည်၊ ဝင်းလွင်ဦးက သူ့စကားကို ဆက်သည်၊

"လာမယ့်ဗုဒ္ဓဟူးနေ့ကျရင် မာလာ အနန်းသာယာကို သွားမယ်မဟုတ် လား၊ အနန်းသာယာကိုရောက်ရင် အရင် တည်းနေကျ ဘန်ဂလိုအမှတ်(၆)ကို မယူနဲ့တော့၊ ဘန်ဂလို(၉)ကိုပြောင်းယူ လိုက်၊ (၉)က သူ့ဟာစ်ဆောင်တည်း သီးခြားလို ဖြစ်နေတယ်၊ တခြားဟာ တွေနဲ့ အဆက်အစပ်မရှိဘူး၊ အဲဒီတော့ အဲဒီနေရာက အလုပ်လုပ်ဖို့ပိုပြီးကောင်း တယ်၊

အဲဒီနေ့ကျရင် အဲဒီဘန်ဂလို(၉)ရဲ့ ခေါင်းရင်းဘက်မှာတိုယ်တမိုးချူဆောင်း တစ်လုံးကို ကြိုပြီးချည်ထားပေးမယ်၊ ပြီးတော့ – အနန်းတောအတွေ့ထဲကနေ ဘန်ဂလို(၉)ဘက်ကိုကိုယ်စောင့်ကြည့် နေမယ်၊ မာလာက ကိစ္စပြီးပြီဆိုတာနဲ့ အဲဒီပုဆောင်းလေးကို ကြိုးဖြတ်လွှတ် လိုက်၊ ဒါဆို – ကိုယ်က အတွေ့ထဲကနေ ပဲချိတ်နဲ့ထွက်လာပြီးမာလာ့ဆီအရောက် လာခဲ့မယ်၊ ပြီးရင် – သူ့အလောင်းကိုရေ ထဲပစ်ချလိုက်မယ်၊ သူက ဆေးရာဝန်ညွှန် ကြားချက်အတိုင်း ခါးအောက်ပိုင်း ပြန် လည်သန်စွမ်းရေးအတွက် ရေကူးလေ့ ကျင့်တယ်၊ လေ့ကျင့်ရင်း မတော်တဆ ရေနစ်သေသွားတယ်ပေါ့၊ ကဲ – ဒါဆိုပြီး တာပဲမဟုတ်ဘူးလား"

ခင်မာလာကြူက တစ်ကိုယ်လုံး တောင့် တောင့် ကြီး ဖြစ်နေသည်၊


www.burmeseclassic.com

www.burmeseclassic.com

...ဆုံးသွားပြီး ...ပြောင်းဆိုင်းတာခင်မာလာ ကြူ့ကို ဖွင့်ထုတ်လိုက်သည်။ ပို၍သေ ချာစေရန် "ဘယ်နှယ်လဲ - ကိုယ်ပြောတဲ့ အတိုင်း လုပ်မယ်မဟုတ်လား။ လုပ်ပါ ကွာ - ဘာမှမခဲယဉ်းပါဘူး။ ဘာမှလည်း စိုးရိမ်စရာမရှိပါဘူး၊ ဒါမှ ကိုယ်တို့ အတွက် အားလုံးကောင်းသွားမှာ" ဟု၍ တတွတ်တွတ်ပြောရင်း ဆက်နားသွင်း လိုက်လေသည်။

ခင်မာလာကြူက ခပ်တွေတွေဖြစ် နေရင်းမှခေါင်းကိုဆတ်ခနဲညိတ်ပြလိုက် သည်။ ထိုသို့ကတိပေးလိုက်ရင်းအံကိုပါ ခပ်တင်းတင်းလေး ကြိတ်လိုက်မိသည်။ ဒါက တော့ သူ့ကိုယ်သူ အားပေးလိုက်သည့် သဘောပင်ဖြစ်သည်။ မှန်သည်။ သူ ကျော်ဖြတ်ရမည့်ဝုဒ္ဒဟူး။ သည်းတုန် အူတုန်ဖြစ်စရာကောင်းလှသည့် ထို ဝုဒ္ဒဟူး။ ထိုနေ့၏နိမိတ်ပုံများက ယခုပင် သူ့မျက်စိထဲမှာ ဝိဝိပြင်ပြင်ကြီး မြင် ယောင်ထင်ယောင် ဖြစ်လာနေခဲ့သည် မဟုတ်ပါလော။

▲▲▲

ချောက်ချားဖွယ်ဝုဒ္ဒဟူး၊ ရောမ အကုသိုလ်အမှုကြီးကို ကျူးလွန်ရမည့် နေ့၊ လူအထောင်အသောင်းတွင် တစ် ယောက်တောက်မှမလုပ်ဝံ့၊ မလုပ်ရဲသည့် အလုပ်မျိုးကို လုပ်ရမည့်နေ့။

ထိုနေ့တွင် ခင်မာလာကြူက စိတ် ကို အတတ်နိုင်ဆုံး တင်းထားရသည်။ မာန်ကိုအဖြစ်နိုင်ဆုံးသွင်းထားရသည်။ ရင်တွင်း၌ ပြောင်းဆန်အောင် လှုပ်ရှား နေသော်ငြား မျက်နှာပေါ်ဘာမှထင်ဟပ် မလာအောင်ကြိုးစားပြီးဟန်ဆောင်နေ ရသည်။ ဒါတောင်မှ တချို့နှုတ်ထွက် စကားတွေက တုန်ရင်ပြီး အထစ်ထစ် အငေါ့ငေါ့နှင့်ဖြစ်မိလိုက်သေးသည်။

သို့ငြား အောင်အောင်ထူးတစ် ယောက်ကတော့ ဘာဆိုဘာမျှ မထူး ခြား၊ မပြောင်းလဲပေ။ ထုံးစံအတိုင်း ငြိမ် ငြိမ်အေးအေးကလေးသာ ဖြစ်သည်။ ခင်မာလာကြူ စီမံသမျှကို စက်ရုပ်တစ် ရုပ်သဖွယ် ခံယူလျက်ရှိသည်။ ယခင် အနန်းသာယာသို့သွားလျှင် ဒရိုင်ဘာ ကျော်ညွန့်ကို ခေါ်လာမြဲဖြစ်သည်။ ယခု တော့ကျော်ညွန့်ကိုမခေါ်ဘဲ ခင်မာလာကြူ ကိုယ်တိုင် ကားမောင်းလာသည့်အဖြစ် ကိုလည်း အောင်အောင်ထူးက ဘာမျှ မေးခွန်းမထုတ်၊ တစ်ဖန်တည်းနေကျ ဘန်ဂလို(၆)ကိုမဝင်ဘဲ ဝေးလံပြီးချောင် ကျလှသည့် ဘန်ဂလို(၉)သို့ ပြောင်းရွှေ့ ...ခြင်းကိုပါ တစ်စုံတစ်ရာ မေးမြန်းခြင်း ...ခြင်းမရှိ။ အားလုံးအဆင်ပြေနေ ...ည်။ ထိုသို့အောင်အောင်ထူးငြိမ်ချက် ...ကောင်းနေပုံကိုကြည့်ပြီးခင်မာလာ ကြူကာ အံ့ဩသလိုပင် ဖြစ်မိရသည်။

ဘာပဲပြောပြော၊ ရင်ထဲမှာတော့ ...တွေဝဲနေမိတာ အမှန်ပင်၊ သူ အောင် အောင်ထူးကို ချစ်သည်။ ချစ်လို့လည်း ...င်ရယ်၊ မယားရယ်ဆိုပြီး ဖြစ်လာခဲ့ကြ ...င်း၊ သို့သော် ချစ်ပင်ချစ်သော်လည်း ...တ်တွေမှာက အောင်အောင်ထူး၌ မိမိ ...ရှင်သောအရာက ဘာမျှမရှိတော့ပြီ။ ...တ်စုပ်တီးစရာ လက်တစ်ဖက်က ပဲ့ ...ထွက်ပြတ်ကျသွားမှတော့ အသုံးမြည်ဖို့ အကြောင်းကလည်း ဘာမျှမရှိတော့ပြီ။ ...ခါတစ်ဖက်ကိုကြည့်လိုက်ပြန်တော့ ...အမူး ဖွဲလမ်းစရာကောင်းလှသည့် ...လွင်ဦးက အရမ်းချစ်ဖို့ ကောင်းနေ ...သည်၊ ဤမှာပင် အချစ်ဟူသည် ...တစ်ခုနှင့်တစ်ခု မတူညီမှု၊ ကွဲပြားမှု ရှိ ...စား ပြည့်စုံသည့်ဘက်၊ သာယာ ...သည့်ဘက်သို့ သူ ရွေးချယ်လိုက်မိခြင်း ...သည်။ တစ်နည်းအားဖြင့် ဝင်းလွင် ဦး၏တွဲ အားကို ခံနိုင်ရည်မရှိခြင်း၊ ...ထွက်နှံ့မှ ရုန်း မထွက်နိုင်ခြင်းကကို ...ဆိုသည်မှာ ဆင်ခြင်တုံတရားထက် ခံစားချက်ကို ဦးစားပေးမြဲဆိုသည့်အတို အမိန့်ကို နိုင်မာစွာ ထောက်ပြနေလေ သည်လား မသိနိုင်တော့ပေ။

ခင်မာလာကြူက သတိကြီးစွာထား ပြီး အစီအစဉ်အတိုင်း လှုပ်ရှားနေသည်။ အောင်အောင်ထူးကို ဧည့်ခန်းထဲရှိဆိုဖာ ပေါ်တွင် ဖေးမပြီး နေရာချထားပေးလိုက် သည်။ ထို့နောက် ပါလာသည့် အသုံး အဆောင်ပစ္စည်းပစ္စယများကိုလည်း သူ့ နေရာနှင့်သူ နေရာချသည်။ အောင် အောင်ထူးက သူ့လှုပ်ရှားမှုမှန်သမျှကို တကောက်ကောက် လိုက်ကြည့်ရင်း မျက်နှာက ပြုံးနေသည်။ ဒါကိုပင် ခင်မာ လာကြူက စိတ်ထဲ၌ မလုံမလဲဖြစ်ရ သည်။ သို့သော် ဟန်ကိုယ်ဖို့ဆိုသလို ခပ်တည်တည်ပင် ဆက်ထိန်းထားလိုက် သည်။

တကယ်တော့ ယခုလို အနန်းသာ ယာနှင့် သွားချည်လာချည် မိတ်ဖွဲ့နေရ သည်က (၃)နှစ်ခန့်ပင်ရှိခဲ့ပြီ။ ပြောရလျှင် အောင်အောင်ထူး ကားမှောက်ပြီး ဒဏ် ရာရ၊ ဒဏ်ရာကြောင့် ဆေးရုံတက်ရ ဆေးရုံမှ ပြန်ဆင်းလာပြီး တစ်ပါးတည်း ညွှန်ကြားလိုက်သော ဆရာဝန်[illegible] ကိုရရှိခဲ့တတည်းက ဤအနန်းသာယာနှင့် မိတ်ဖွဲ့ခဲ့ရခြင်းပင်၊ ကားမှောက်ဒဏ်ရာ

www.burmeseclassic.com

ကြောင့် အောင်အောင်ထူး ကိုယ်တစ်ခြမ်းသေသွားခဲ့ရသည်။ အသည်းအသန်ဖြစ်တုန်ခင်ခဲ့သောကြောင့်သာ တုတ်ကောက်နှင့်ခပ်ဖြည်းဖြည်းလမ်းလျှောက်နိုင်သောအဆင့်သို့ပြန်ရောက်ခဲ့ခြင်းဖြစ်သည်။ သို့ပြား ခါးရိုးရှိအာရုံကြောမကြီးတို့ ထိခိုက်သွားရာမှ အခြားများလှစွာသောအကြောများကိုပါတုံ့ဆိုင်းသွားစေခဲ့၊ ဆိုင်းသွားစေခဲ့သည်။ ဆရာဝန်က ညွှန်ကြားသည်။ ဆေးကိုလည်း မှီဝဲပါ၊ လေ့ကျင့်ခန်းလည်းလုပ်ပါ၊ အထူးသဖြင့် ကြောကြော ရေကူးပေးပါဟူ၍၊ သို့နှင့်ပင် သူတို့က ရေတိမ်ကမ်းခြေဖြစ်သော ဤဒုန်းသာယာဆီသို့ ...။

ခင်မာလာကြူက လုပ်စရာရှိတာလုပ်ပြီးသည်နှင့် ဘန်ဂလို၏ ဝရန်တာဘက်သို့ အသာထွက်လာခဲ့သည်။ မျက်စိတစ်ဆုံး ပင်လယ်ပြင်ကြီးကို ဘွားခနဲတွေ့လိုက်ရသည်။ သူက ဝရန်တာ၏အရှေ့ဘက်အစွန်ကို လျှောက်သွားပြီး အဝေးကို မျှော်ကြည့်လိုက်မိသည်။ ဤတွင် သူ့ရင်ထဲမှ နှလုံးသွေးဆောင့်ခုန်သံက ဒိန်းခနဲပင် မြည်ဟိန်းသွားတော့သည်။

ဝရန်တာအစွန်းမှာ အပ်ချည်ကြိုးနှင့်ချည်နှောင်ထားသည့်အနီရောင်မိုးပျံပူဖောင်းလေးတစ်လုံးက လေထဲမှာ တလှုပ်လှုပ်၊ တလူလူရယ်။

▲▲▲

"ကဲ - အောင် - ရေဆင်းမကူးခင် ဟောဒီသံပုရာရည်လေးကို အမောပြေသောက်လိုက်ပါဦး"

"သောက်ပါ့မယ် - မကြူ၊ အောင်သောက်ပါ့မယ်။ မကြူတိုက်တဲ့ သံပုရာရည်ကို ပျော်ပျော်ကြီးပဲ အောင်သောက်လိုက်ပါ့မယ်"

"× × × × × × × × × × × × × × × × ×"

"အောင်က မကြူအတွက်ဆို ဘာမဆိုဖြည့်ဆည်းပေးခဲ့တဲ့သူပဲ၊ ခုတစ်ခါလည်း ဖြည့်ဆည်းပေးပါ့မယ်။ ဒါဆို မကြူ ကျေနပ်မယ်မဟုတ်လား"

"အောင် - အောင်က ဘာတွေပြောနေတာလဲ"

"ဟုတ်တယ်၊ မကြူအတွက်ဆို အောင် ဘာမဆို ပေးဆပ်မယ်၊ အောင့်အသက်ကိုတောင် မကြူအတွက် ပူဇော်ပေးလိုက်မယ်"

"ဒါ - ဒါတွေက"

"ဒီလောကမှာ အောင်မရှိရင် မကြူပျော်မယ်မဟုတ်လား။ ဒါကြောင့် - မကြူတိုက်တဲ့သံပုရာရည်ကိုရဲရဲကြီးသောက်ပြီးလူ့လောကထဲကနေအောင်ထွက်သွားလိုက်မယ်၊ ဒါကိုပြောတာ - မကြူ"

"ဟင်"

အာမေဍိတ်သံနှင့်အတူ လူက တောက်ရပ်ဖြစ်သွားသည်။ မျက်လုံးပြူးထာ ပါးစပ်ဟောင်းလောင်းပွင့်ပြီးကြက်သေသေသွားသည်၊ လက်ထဲက သံပုရာရည်ခွက်ကပါ အောက်သို့ပြုတ်ကျမည့်သို့ဖြစ်သွားသည်။ ထိုခွက်ကို ယောင်ယမ်းပြီး စားပွဲပေါ်တင်ထားလိုက်သည်။

"အောင် သိပါတယ် - မကြူရယ်၊ ဟောဒီသံပုရာရည်ခွက်ထဲမှာ အဆိပ်ခတ်ထားတယ်၊ ဒါကိုသောက်ပြီးတာနဲ့ အောင်က ကိစ္စချောရမယ်၊ ပြီးရင် မကြူနဲ့ ထိုကောင်နဲ့က ရှေ့လက်တွဲပြီး ချစ်ပွဲဝင်ကြမယ်"

"× × × × × × × × × × × × × ×"

"အောင့်ကိုဘာမှမသိဘူးလို့မထင်လိုက်ပါနဲ့ - မကြူ၊ မကြူရဲ့လုပ်ရပ်မှုတွေကို အောင် အားလုံးသိတယ်၊ မကြူ - ဟိုကောင်နဲ့ဖြစ်ပျက်နေတာတွေကိုအောင်အားလုံးသိတယ်၊ နံရံမှာ နားရှိတယ် မကြူ၊ အောင့်ကို လုပ်ကြံတော့မယ့်အကြောင်းလူတစ်ယောက်ကဖုန်းဆက်ပြီးပြောတယ်။ ဒါကြောင့် - ဒါကို အောင်ကြိုပြီးသိနေတယ်၊ သိနေရက်နဲ့ ဘာဖြစ်လို့မရှောင်ဘဲ ဘာကြောင့် အောင် ရှတ်တိုးခဲ့ရသလဲ သိလား"

"× × × × × × × × × × × × × ×"

"မကြူကိုအောင် သိပ်ချစ်လို့ပဲပေါ့၊ ဟုတ်တယ်၊ မကြူကို အောင် သိပ်ချစ်တယ်၊ အဲဒီလိုသိပ်ချစ်မှန်း ခုလို ခုတို့ထ ဘဝရောက်မှ ပိုလို့တောင် သိလာရတယ်၊ မကြူက အောင့်ဘဝ၊ မကြူဟာ အောင့်ကမ္ဘာပဲ၊ မကြူနဲ့ခွဲရမှာ အောင်ကြောက်တယ်၊ မကြူနဲ့ မဝေးချင်ဘူး။ တစ်ပိုင်းက ကြည့်တော့လည်း အောင့်ဘဝက ဘာဆိုဘာမှ မသန်တော့ဘူး မစွမ်းတော့ဘူး၊ အောက်ပိုင်းအကြောတွေ သေသွားတာနဲ့အတူ ယောကျ်ားတွေတန်ဖိုးထားတဲ့အစိတ်အပိုင်းတွေပါခန်းခြောက်ကုန်ပြီ၊ မကြူနဲ့အောင်တို့အိမ်ထောင်ရေးဘဝမှာ တစ်ခြမ်းပဲ့သွားပြီ၊ မပြည့်စုံတော့ဘူး။

ဒီတော့ - ဒီအချိန်မှာ အလှသွေးကြွယ်နေသေးတဲ့၊ သွေးသားဆူပြီနေသေးတဲ့မကြူက ဝင်းလွင်ဦးလိုကြာတဲ့ရတစ်ယောက်ရဲ့ပိုက်ကွန်မှာမိပြီးမောတာအမှောင် လွှမ်းအုပ်ခံလိုက်ရတာနဲ့ပတ်သက်ပြီး အောင် သည်းခံနိုင်ခဲ့တယ်၊ ခွင့်လွှတ်နိုင်ခဲ့တယ်၊ နားလည်ပေးနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ဒီကောင့် - အိမ်ကို မကြူနဲ့ အတူ ပါလာတဲ့အခါတိုင်းကျက်သရေယုတ်တဲ့ ဒီကောင့်မျက်နှာကိုကြည့်ပြီးမုန်းတီးလှပေမယ့် မကြူကို ထောက်ထားသော အားဖြင့်ဟန်ဆောင်ပြီးအလိုက်သင့်နေပေးနိုင်ခဲ့တယ်၊ နောက်ဆုံး ကုန်ကုန်ပြောမယ်ဗျာ၊ မကြူဆန္ဒကို အောင်က ဖြည့်ဆည်းနိုင်တော့ဘူး၊ ဒီကောင်က ဖြည့်ဆည်းပေးနိုင်တယ်၊ ဒီ့အတွက် တိုယ့်ချစ်သူအပေါ် ကောင်းအောင် ပြုစုပေးသူ၊ ဈော်ဖြေပေးသူအဖြစ် ကြံဖန်ပြီး တွေးဖူးတင်မိတဲ့ စိတ်မျိုးတောင်မှ အောင့်ရင်ထဲမှာ ကြိုးစားပြီး မွေးမြူပေးခဲ့မိပါသေးတယ်လေ”

ဟင့်ခနဲ ရှိုက်သံတစ်ချက်က ခင်မာလာကြူထံမှ ထွက်ပေါ်လာသည်၊ အောင်အောင်ထူး၏အသံက ပိုပြီးဆွေးမြည့်လာသကဲ့သို့ရှိသည်၊

“ဒီမယ် မကြူ - မကြူတို့ ဘယ်လောက်ပဲ လုံအောင်ဖုံးဖုံး၊ ရာနှုန်းပြည့်တော့မပိရိနိုင်ပါဘူး၊ မကြူအပြင်ကပြန်လာတိုင်းအမှတ်တမဲ့ပြန်ပါလာတတ်တဲ့ ရှပ်ရှင်လက်မှတ်ဖြတ်ပိုင်းတွေ၊ သနွေတားဆေးအခွံတွေက မကြူတို့ဖြစ်ပျက်ခဲ့တဲ့ဇာတ်လမ်းတွေအတွက် အနိုင်လုံဆုံးသက်သေတွေပဲပေါ့၊ ဒါပေမဲ့ အောင်ပြောခဲ့ပါပကော၊ အောင် - မကြူကိုသိပ်ချစ်တယ်၊ ဒီအချစ်ဟာ ဒုက္ခိတဘဝကိုရောက်မှ ပိုပြီးစစ်မှန်လာတယ်၊ လင်မယားလို မချစ်နိုင်တော့တဲ့တိုင်အောင် တခြားသံယောဇဉ်တစ်မျိုးနဲ့တော့မကြူကို ဆက်ပြီးချစ်မြဲချစ်နေခဲ့တယ်၊ ခွင့်လွှတ်နိုင်မှုအားလုံး၊ နားလည်နိုင်မှုအားလုံးတို့ဟာ အဲဒီ့အချစ်စစ်၊ အချစ်မှန်ကတစ်ဆင့်ပေါက်ဖွားလာခဲ့ကြတာပဲလေ”

“တော် - တော်ပါတော့ - အောင်ရယ်”

“စုတော့ - နောက်ဆုံးလက်ကျန်မျှော်လင့်ချက်ကလေးပါအောင့်အတွက်ဆုံးရှုံးသွားခဲ့ပြီ၊ မကြူကိုယ်တိုင်က အောင့်ကို အပြီးအပြတ် စာရင်းရှင်းဖို့၊ လောကထဲက နှင်ထုတ်ဖို့ကြံစည်လိုက်ပြီဆိုမှတော့ အရာအားလုံးဟာ အောင့်အတွက်ဘာများအဓိပ္ပာယ်ရှိသေးသလဲ၊

ဒီတော့ - အဲဒီ့အဆိပ်ကို ပေးပါမကြူ၊ အောင်သောက်ပါ့မယ်၊ လောကကြီးမှာမနေချင်တော့ပါဘူး၊ မကြူရဲ့ဆန္ဒကို ကျေကျေနပ်နပ် ဖြည့်ဆည်းရင်း လောကကြီးထဲကအောင်ထွက်ခွာသွားပေးပါ့မယ်၊ ချစ်ရလွန်းတဲ့အသည်းစားမစိမ်းကားကြီးရဲ့မျက်နှာကိုစေ့စေ့ကြည့်ရင်း အောင် သေဆုံးပေးလိုက်ပါ့မယ်”

ပြောပြောဆိုဆို အောင်အောင်ထူးက လက်ကိုကမ်း၍ ဖန်ခွက်ကို တောင်းယူလိုက်သည်၊ သည်တော့ ခင်မာလာကြူက ရှိုက်ပြီးရင်း ရှိုက်သည်၊ ခေါင်းကိုခါပြီးရင်း ခါသည်၊ ပြီးတော့ - အောင်အောင်ထူးကိုပြန်ပြောလိုက်သည့်စကားတွေကလည်း တကယ့်ကိုဗလုံးဗထွေး၊

“ဟင့်အင်း - ဟင့်အင်း - မသောက်ရဘူး - အောင် မသောက်ရဘူး”

“အဆိပ်ကိုပေးပါ - မကြူ၊ အောင် သောက်လိုက်ပါ့မယ်”

“ဟင့်အင်း - အောင် မသေရဘူး၊ မသေရဘူး၊ မကြူ မှားပြီ၊ မကြူ မှားပြီ၊ ဒီအတွက် မကြူ - အောင့်ကို တောင်းပန်တယ်၊ အကြိမ်ကုဋေကုဋာမက တောင်းပန်တယ်”

“မဟုတ်ဘူး - မကြူ၊ အောင် သေတယ်ကို သေချင်ပါပြီ၊ မကြူသာ ပျော်ပျော်ကြီးနေရစ်ပါတော့”

ပြောပြီးအောင်အောင်ထူးကလက်ကိုဆန့်တန်းပြု၍ ခန္ဓာကိုယ်ကို ရွှေ့လာခဲ့သည်၊ မီးလောက်သည့်နေရာသို့ရောက်သော်အဆိပ်ခွက်ဆီသို့လက်လှမ်းလိုက်သည်၊ ဒါတိုပင် ခင်မာလာကြူကလည်း အတင်းတားဆီးသည်၊ “ဟင့်အင်း အောင်မလုပ်ရဘူး၊ အောင်နဲ့တစ်သက်လုံးအတူနေသွားဖို့မကြူဆုံးဖြတ်လိုက်ပြီ၊ အောင့်ကိုမကြူချစ်တယ်”ဟုလည်း နှုတ်မှပြောဆိုလျက် ဖန်ခွက်ကိုအတင်းဆွဲထားသည်၊ သို့သော် အောင်အောင်ထူးကလည်း နောက်မဆုတ်တော့၊ ခွက်ကို လုပြီးရင်လုသည်၊ ထိုသို့ နှစ်ဦးသား ရှုန်းရင်းဆန်ခတ်ဖြစ်နေခိုက်မှာပင် -

“ဒိုင်း ...”

သေနတ်သံတစ်ချက်က ရုတ်တရက်ထွက်ပေါ်လာသည်၊ သေနတ်သံကြောင့်ပင် နှစ်ဦးစလုံး လန့်ဖျပ်သွားတော့ လွန်ဆွဲနေသောဖန်ခွက်တပါ လွတ်ထွက်သွားပြီး ကြမ်းပြင်ပေါ် ခွမ်းခနဲ ကျကွဲသွားသည်၊

စက္ကန့်ပိုင်းမျှ ကြက်သေသေသလိုဖြစ်နေမိကြသည်၊ နောက်တော့ ခင်မာလာကြူကဦးစွာလှုပ်ရှားလာသည်၊ ထိုင်ရာမှ ရုတ်ခနဲထပြီး ဝရန်တာဘက်ကိုပြေးထွက်သွားလိုက်သည်၊ ဝရန်တာမှသည် အောက်ကို ငုံ့ကြည့်လိုက်မိရာ ခင်မာလာကြူက ရုတ်ခြည်းပင် ချတ်လုံးပြူးသွားရတော့သည်၊ အန်ဝတို့ အောက်မှာက ပုံ့ရိုတ်တစ်စင်း ရှိနေသည်၊ ဘယ်အချိန်က ရောက်နေမှတ်မှန်းမသိ၊ ပွဲရိုတ်ပေါ်မှာတော့ ဝင်းလွင်ဦးက ပက်လက်ကြီး ပက်ကျနေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ဝင်းလွင်ဦး၏မျက်လုံးတွေက ပွင့်လျက်ရှိပြီး ပုပုနွေးနွေးပင် ရှိသေးသော သေနတ်ဒဏ်ရာအပေါက်ကလေးတစ်ပေါက်တလည်း နဖူးတည့်တည့်တွင် တည်ရှိနေသည်။ ထိုအပေါက်ကလေးမှ နီညိုရောင်သွေးစေးတို့က တစိမ့်စိမ့်ယိုစီးကျနေဆဲ။

အောင်အောင်ထူးက အားယူပြီး ထလိုက်သည်။ လက်ကိုင်တုတ်ဖြင့်ပင် ဝရန်တာဆီသို့လိမ်ဖည်လိမ်ဖည်လျှောက်သွားလိုက်သည်။ အောင်အောင်ထူး ဝရန်တာနား ရောက်ခါနီးတွင် ဝတ်စုံအနက်၊ မျက်နှာဖုံးအနက်နှင့် လူတစ်ယောက်တ ဘန်ဂလိုပေါ်မှ ပုံရိုက်ဝမ်းထဲသို့လွှားခနဲ ခုန်ချလိုက်သည်ကိုမြင်တွေ့လိုက်ရသည်။ သူတို့အံ့အားသင့်နေစဉ်မှာပင် မျက်နှာဖုံးနှင့်လူက ပုံရိုက်ကိုကြိုးဆွဲပြီး စက်နှိုးနေသည်။ စက်က နိုးသွားသည်။ ထိုအချိန်တွင် ထိုမျက်နှာဖုံးနှင့်လူတအပေါ်ကိုမော့အကြည့်၊ အောင်အောင်ထူးနှင့် မျက်လုံးချင်းဆုံမိသွားရာ ထိုလူတ အောင်အောင်ထူးကိုဖျတ်ခနဲ လက်မထောင်ပြလိုက်သည်။ သည့်နောက် ပုံရိုက်ကို ပင်လယ်ဝဘက်သို့ စက်ကုန်ထင်လျက် မောင်းသွားတော့သည်။

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ သူတို့က မည်သို့မျှ နားမလည်နိုင်အောင်ပင် ဖြစ်နေကြရသည်။ သို့သော် ခင်မာလာကြူက တစ်စုံတစ်ခုကိုတော့ သတိရလိုက်မိသည်။ သို့နှင့် သူမက ဝရန်တာအပေါ်သို့ မော့ကြည့်လိုက်မိသည်။ ထိုအခါ အပ်ချည်ကြိုးနှင့် တွဲလောင်းဆွဲထားသည့် ပူဖောင်းနီနီလေး ကကြိုးပြတ်ပြီးနောက်ဟိုအဝေးတိမ်ပြာပြာထဲတွင် တလွင့်လွင့်ခရီးနှင်နေသည့် အဖြစ်ကို တွေ့မြင်လိုက်ရလေ၏။

⅄⅄⅄

"ဟလို – ဟလို – ကိုအောင်အောင်ထူး – ကျွန်တော့်အသံ နည်းနည်းတိုးသလား။ ကောင်းပြီ၊ ကျွန်တော် ပြန်ပြင်ပြောမယ်။ အရင်တစ်ခါ ခင်ဗျားကို ကျွန်တော်ဖုန်းဆက်တုန်းက ခင်ဗျားအသက်ကို သူတို့လုပ်ကြံတော့မယ်ဆိုတာကိုပဲ ကျွန်တော်က သတိပေးခဲ့တယ်။ တခြားအကြောင်းအရာတွေနဲ့ပတ်သက်လို့ ဘာမှမပြောခဲ့ဘူး။ အခု ခင်ဗျား ဖတ်ရှည်လည်အောင် အားလုံးရှင်းပြတော့မယ်။



ကျွန်တော် ဘယ်သူလဲဆိုတာကိုတော့ ခင်ဗျားကို မပြောတော့ဘူး။ ခင်ဗျားသိစရာလည်း မလိုတော့ပါဘူး။ ပြောရရင်တော့ ကျွန်တော်က ကြာသမား ဝင်းလွင်ဦးကို အပြတ်ရှင်းဖို့ နောက်က တကောက်ကောက်လိုက်နေတဲ့သူပဲဗျ။ ဒီကောင်က ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ ကျွန်တော့်ညီမလေးကို ဖျက်ဆီးခဲ့တယ်။ ညီမလေးမှာ ကိုယ်ဝန်ရှိတော့ ဒီကောင်က မယူဘူး။ ကျွန်တော့်ညီမလေးများ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ပြီး ဘဝကို အရှုံးပေးသွားခဲ့ရတယ်။ ကျွန်တော် လည်း အဲဒီနေ့ကစပြီး ဝင်းလွင်ဦးကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သတ်ဖို့ဆုံးဖြတ်ခဲ့တယ်။

ဝင်းလွင်ဦးနောက်ကို တကောက်ကောက်လိုက်ရင်း ဒီကောင်နဲ့ ခင်ဗျားမိန်းမနဲ့ တိုင်ပင်နေတာကို ကျွန်တော်က ခိုးနားထောင်ခွင့်ရခဲ့တယ်။ ဒီကောင်က အကြံပက်စက်တဲ့ကောင်ပဲ။ ပထမ ခင်ဗျားမိန်းမကိုရိုက်မယ်။ ပြီးရင် – ခင်ဗျားကို ရှင်းမယ်။ နောက်ဆုံး ခင်ဗျားမိန်းမကိုပါ ထပ်ရှင်းပြီး ခင်ဗျားတို့ပိုင်ဆိုင်သမျှတွေကို မောင်ပိုင်စီးမယ်။ ဒီကောင် [illegible]ကြောင်းအတိုင်း သွားလိမ့်မယ်ဆိုတာ ကျွန်တော်က သိပြီးသားပေါ့။

ပြောခဲ့တဲ့အတိုင်း ကျွန်တော့်ရဲ့ အဓိကတာဝန်က ဒီကောင့်ကိုသတ်ဖို့ပါ။ ဒါပေမဲ့ – သူတို့အကြံကို သိလိုက်ရပြီးတဲ့နောက် မြေစာပင်ဖြစ်ရရှာမယ့်ခင်ဗျားကို သနားမိတာနဲ့ ခင်ဗျားရဲ့ဖုန်းနံပါတ်ကို မရ၊ ရအောင်ရှာပြီး သတိပေးလိုက်ရတာပဲ။ ဖြစ်ချင်တော့ ခင်ဗျားက ဒီအန္တရာယ်ကိုမရှောင်ဘဲ တည့်တည့်ကြီး ဝင်တိုးလာတယ်။ ခင်ဗျားမိန်းမ ခေါ်ရာနောက်ကို ဆိုက်ဆိုက်လိုက်ပါလာတယ်။ ကျွန်တော်ဖြင့် အံ့ဩလို့တောင်မဆုံးဘူး။ ဒါထားတော့။

ကျုပ်ကဒီကောင့်ကိုဘယ်နေရာမှာ သတ်ရသတ်ရ၊ သတ်ရဖို့က အဓိကပဲ။ ဒါပေမဲ့ – ဒီကောင့်ကို လွတ်လွတ်တင်းကင်း ဖြောင်ခွင့်ရမယ့် ခွင်တလည်း မတွေ့နိုင်ဘဲဖြစ်နေတယ်။ အဲဒီနေ့တတော့ ကျွန်တော် သတင်းပေးတာတို ခင်ဗျား သိသွားပြီတဲ့နောက် သူတို့အစီအစဉ်ပျက်သွားလိမ့်မယ်လို့ထင်ခဲ့တာ။ မပျက်ဘူးဗျို့။ အဲဒီနေ့ကဒီကောင့်နောက်ကို တကောက်ကောက်လိုက်ရင်း ကျွန်တော်ပါ အနန်းသာယာကို ရောက်သွားတယ်။

ဒီကောင်က ဘန်ဂလိုပေါ်မှာ မိုးရေ ပူဖောင်းကလေး ချိတ်ထားပြီး ပုံရိုက်နဲ့ ခေါ်



www.burmeseclassic.com

www.burmeseclassic.com

တောတွေဘက် ထွက်သွားတာ တွေ့လိုက်ရတယ်။ မကြာခင်မှာပဲ ခင်ဗျားတို့ စုံတွဲတာ ဘန်ဂလိုကို ရောက်လာတယ်။ ဆိုခဲ့တဲ့အတိုင်း ကျွန်တော်က ခင်ဗျားပါလာတာတွေ့တော့ အံ့ဩသွားမိတယ်။ အခြေအနေက နည်းနည်းရှုပ်တော့မယ်ဆိုတာကိုလည်း ရိပ်စားမိလိုက်တယ်။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်က စွန့်စားဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် ရေငုပ်ပြီး ခင်ဗျားတို့ဘန်ဂလိုပေါ်ရောက်အောင် တက်လာခဲ့တယ်။ အခြေအနေကိုလည်း ဆက်စောင့်ကြည့်နေခဲ့တယ်။

ကြာခင် အထဲမှာ ခင်ဗျားတို့လင်မယားအပြန်အလှန် စကားပြောသံတွေနဲ့ ငိုသံတွေကို ရေရေလည်လည် ကြားလိုက်ရတယ်။ အခြေအနေရှုပ်နေပြီဆိုတာကို သိလိုက်ရတဲ့နောက် ကျွန်တော်က ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်။ ဘန်ဂလိုခေါင်မိုးပေါ်က ပုဖောင်းကလေးကို ကျွန်တော် ကြိုးဖြေလွှတ်လိုက်တယ်။ ပုဖောင်းကိုမြင်မှ ဒီကောင်က ဒီကိုလာမှာ။ ဒီကောင်ဒီကိုလာမှလည်း ကျွန်တော်က အလုပ်လုပ်နိုင်မှာလေ။ ဒါနဲ့ - ပုဖောင်းကလေးမိုးပေါ်ရောက်သွားတဲ့အချိန်မှာပဲ ကျွန်တော်ထင်တဲ့ အတိုင်း ဖြစ်လာတယ်။ ပထမ ဘန်ဂလိုထဲမှာ ခင်ဗျားတို့နှစ်ယောက် ရုန်းရင်းဆန်ခတ် ဖြစ်နေတဲ့အသံတွေ ထွက်လာတယ်။ မကြာခင်မှာပဲ ဟိုငနဲကောင်က စက်သံတဖုတ်ဖုတ်ပေးပြီး ကွေ့ထဲက ထွက်လာတယ်။ ဘန်ဂလိုနားရောက်ခါနီးတော့ စက်သတ်ပြီး တက်နဲ့ ဆက်လှော်လာတယ်။

ဒီမှာတင် - ကျွန်တော့်အတွက်ကိစ္စပြတ်သွားပြီ။ ကျန်တာကိုကျွန်တော်မသိဘူး။ ဒီကောင့်ကိုသတ်ပစ်ဖို့ပဲ ကျွန်တော်သိတယ်။ ဒီကောင် ဘန်ဂလိုနားရောက်လို့ အောက်ကနေ အပေါ်ကို မော့ကြည့်လိုက်တယ်ဆိုရင်ပဲ ကျွန်တော်က ဝရန်တာ အကွယ်ကနေ တစ်တောင့်တည်းသောခဲဖုးကလေးနဲ့ ဒီကောင့်ကို ကျည်တကျွေးလိုက်တော့တာပဲ။ ကောင်းလိုက်တာဗျာ။ ဒီကောင် မျက်လုံးကြီးပြူးပြီး ပုံရိုက်ထဲ လှန်ကျသွားပုံကိုကြည့်ပြီး အရသာရှိလိုက်တာ။

ခင်ဗျားက တုတ်ကောက်ကလေးထောက်ပြီး ခင်ဗျားမိန်းမနဲ့အတူ ဘန်ဂလိုထဲဝင်သွားတာ တွေ့လိုက်ကတည်းက ခင်ဗျားကို ကိုအောင်အောင်ထူးမှန်း ကျွန်တော် က သိလိုက်ပါပြီ။ ဒါကြောင့် ကိစ္စပြီးတဲ့ အချိန်မှာ ကျွန်တော် က ခင်ဗျားကို ပိုင်ပိုင်နိုင်နိုင် လက်မထောင်ပြသွားတာပေါ့။ ကျွန်တော် လည်း ဒီကောင့်အလောင်းကို ပင်လယ်ဝအထိ ယူသွားပြီး အဲဒီမှာ ပစ်ချထားခဲ့တယ်။ နောက်ဆို - ဒီကောင် ပင်လယ်ရေ ချောက်နှာပြင်ကြမ်းပြင်အောက်မှာ စိတ်ချလက်ချ အိပ်မောကျနေလောက်ပါပြီ။ ငါးတွေကလည်း ဒီကောင့်ကို ကောင်းကောင်းပြီးပွဲတော်တည်နေကြလောက်ပြီ။ ခွေးမသား - ထွီ။

လောကကြီးဟာ ဒီလိုပဲ။ ခင်ဗျားလို ကျွန်တော်လည်း မိန်းမနဲ့ပတ်သက်ပြီး အတွေ့အကြုံရှိသင့်သလောက် ရှိပါတယ်။ တောင့်တောင့်ဖြောင့်ဖြောင့်နဲ့ သွင်အားဖြင့် ဆွဲဆောင်မှုရှိတဲ့မိန်းမတွေ တာ ထိန်းဖို့ တော်တော်ခက်တယ်နော် ကိုယ့်လူ။ ခင်ဗျားလို မိန်းမလှလှတစ်ယောက်ကိုလည်းရထား၊ ကိုယ်ကလည်း ခွင်းမသန်ဖြစ်နေဆိုတဲ့လူမျိုးကျတော့ ရှိတောင်ဆိုးသေးတယ်။ ကျွန်တော့် အမြင်တတော့ လောကမှာ တစ်ဦးနဲ့တစ်ဦးချစ်နေရုံနဲ့မပြီးသေးဘူး။ ဟိုဟာလည်း ဖြစ်မှာ။ တစ်ခါ ဟိုဟာချည်းပဲ ပြီးလားဆိုတော့ မပြီးပြန်ဘူး။ အချစ်စစ် အချစ်မှန်ကလေးက ပါဦးမှ။ ဒီနှစ်ခု မျှမျှ ထရှိဖို့က အတော်လိုအပ်တာပဲ။

လောကကြီးဟာ တော်တော်ဆန်းပြားတယ် - ကိုယ့်လူ။ တချို့ယောက်ျား တွေဟာ ကိုယ့်မိန်းမကို ထတယ်ချ တယ်။ ချစ်ဝေဝေနဲ့ မိန်းမက ဒွေးသား ခန်းခြောက်သွားတာမို့ အငယ်အနှောင်း ရှာမိကြတယ်။ ဒီအတိုင်းပဲ တချို့မိန်းမ တွေဟာကိုယ့်ယောက်ျားအပေါ်ထားတယ် ချစ်ပါရက်နဲ့ ယောက်ျားဘက်က ချို့ယွင်းပြီး ဘက်ပုံနေတော့ နောက်ထပ်ဒုတိယ လူကိုရှာမိကြတယ်။ ခင်ဗျားမိန်းမလည်း ဒီအတိုင်းဖြစ်သွားဟန်တူပါတယ်။ ဒီ အရ စာရိတ္တမကောင်းတာမျိုး၊ လော်လီ ဖောက်ပြားတာမျိုးမဟုတ်ရင် ခွင့်လွှတ် လိုက်ပါ - မိတ်ဆွေ။

ဒါပေမဲ့ - ကျားအချင်းချင်းမို့ တျား အကြောင်းတော့ ကျုပ်တ နောတော့ အောင် သိပေသပေါ့။ လောကမှာ ဘယ် ယောက်ျားမှ မရိုးဘူး - ကိုယ့်လူ။ ရှောင် ယူမယ့်သူတွေချည်းပဲ။ ယောက်ျားတော တခြားနေရာတွေမှာ မဖြုံဘဲ နေချင်နေ လိမ့်မယ်။ မ,နဲ့ပတ်သက်ရင်တော့ အား လုံးလိုလို "ဖြုံ"တဲ့သူတွေချည်းပဲ။ ဝင်းလွှင် ဦးလိုကောင်မျိုးကျတော့ ပိုဆိုးတာပေါ့။ ဒီကောင်က အလွန်မ,ကျမ်းတော့တဲ့ ကောင်ဗျ။ ဒီကောင်နဲ့တွေ့လိုက်လို့တော့ တော်ရုံမိန်းမမျိုးဆို မခွဲဘဲကို မနေ နိုင်ဘူး။ အလွန်ကျွမ်းကျင်တဲ့ကောင်၊ အလွန်ကြာကူရှိပီသတဲ့ကောင်။ ခင်ဗျား





www.burmeseclassic.com

www.burmeseclassic.com

မိန်းမကို စပါးကြီးရက် ညှို့သလို ညှို့ထားတာပဲ ကြည့်ပါလား။

ခေတ်က ကိုယ့်အိမ်ကို ယောက်ျားချော့ညင်သည်တောင် အလာမခံဝံ့တဲ့ခေတ်ဖျား ကိုယ့်မှာ မယားချော၊ သမီးချောတွေ ရှိနေမိလို့ကတော့ ရှီးပါတယ်ဆိုတဲ့ချော့သည်တောင် တစ်ခါအလည်လာတာနဲ့ နှစ်ခါလောက်ကတော့ ကိုယ့်ပစ္စည်းတွေ တို့စိတ်နဲ့ ပြစ်မှားပြီးသားဆိုတာ သေချာပေါက်မှတ်လိုက်ပါ။ လောကမှာ လူကြီးလူကောင်းဆိုပြီး အမည်ခံထားတဲ့ သူတွေရှိတယ်၊ ဘာလူကြီးလူကောင်းလဲ၊ ကျုပ်ကတော့ ကျုပ်ဘာသာသတ်မှတ်ထားတဲ့စံတစ်ခုရှိတယ်၊ ယောက်ျားတစ်ယောက်ဟာ မိန်းမတွေနဲ့ ဘယ်လိုနေရာမျိုးမှာပဲတွေ့တွေ့ ပြစ်မှားချင်တဲ့စိတ် မရှိတော့ဘူး။ လွန်ကျူးချင်တဲ့စိတ် မရှိတော့ဘူး။ မိန်းမတွေကို တန်းတူရည်တူနဲ့ လေးလေးစားစား ဆက်ဆံနိုင်တယ်၊ ဒါဆိုလဲ – အဲဒီလူက ရာနှုန်းပြည့် လူကြီးလူကောင်းဖြစ်ပြီ။ ကျုပ်ဒီလိုပဲ သတ်မှတ်တယ်။ ကျန်တာကတော့ ဆောရီးပဲ။ ဘယ်သူ့မှ အထင်မကြီးဘူး။ အားလုံးဖွဲ့နဲ့ဆန်ကွဲရှည်းပဲ။

ကိုင်း – ကိုင်း – ကျုပ်ပြောချင်တာလည်း ကုန်ပါပြီ။ ကျုပ် ဖုန်းချလိုက်တော့မယ်။ ဒီနောက်ပိုင်း ခင်ဗျားတော့ ဘယ်လိုနေတယ်မသိဘူး။ ကျုပ်ကတော့ သိပ်ကို ပျော်နေတာပဲဗျာ။ ပျော်တာမှ အရှုးအမူးကိုပျော်တာ။ ဒီကောင် အသက်ထွက်သွားပုံကို ကျုပ်မျက်စိထဲမှာ ခဏခဏမြင်ယောင်နေမိတယ်။ ဖြောင့်လိုက်တဲ့လက်ဗျာ၊ တကယ့်ကိုမှ တစ်တောင့်ဆို တစ်တောင့်တည်းပဲ။ ဒီကောင် ပုံ့ရှိတ်ထဲ ပြုတ်ကျသွားတဲ့ပုံကြီးက ခွေးကြီးတစ်ကောင် လည်မျိုကို ဆောင့်ကန်ခံရလို့ ဆန့်ငင်ဆန့်ငင်ဖြစ်နေတဲ့ပုံမျိုးကြီး။ မသေခင် ပါးစပ်က အမြှုပ်တွေထွက်ပြီး "ခလူး – ခလူး" နဲ့ ဖြစ်နေလိုက်သေးတယ်။ ဒီပုံကြီးက ကျက်သရေတုံးလှတယ်ဆိုပေမယ်၊ ကျုပ်အတွက်တော့ တစ်သက်လုံး စွဲမှတ်ထားစရာ၊ အာရုံထဲမှာ မကြာမကြာ ပြန်ဖော်ပြီး မြင်ယောင်ကြည့်ချင်စရာ၊ တကယ့်ချစ်စရာ ပုံတုံးကြီးဖြစ်နေတော့တာပေါ့ဗျာ – ဟားဟား – ဟား – ဟား။

⇨ ရဲမြတ်တင်




www.burmeseclassic.com

www.burmeseclassic.com

**၁၉၆၅-ခုနှစ်**က ကျွန်တော် (H.S.F)တန်းမှာ ဒုတိယနှစ်ဝက်နေရိုန် ဖြစ်သည်။ ကျွန်တော်တို့ ကျောင်းသား သတောကျောင်းဆွေးဆွေးလူဆွေးဆွေး နေနိုင်သောကာလဖြစ်သည်၊ နှစ်ကျ သားများကိုအတန်းရဲ့နောက်ဆုံးခုံနေ ရာတွေမှာနေကြရသဖြင့်ကျွန်တော်နှင့် အတူ(H.S.F)တန်းတစ်ခါကျနှစ်ခါကျ ကျောင်းသားဟောင်းကြီးတွေ ကျောင်း ချိုတွေကတော့ထုံးစံအတိုင်းအတန်းရဲ့ ရင်သင့်သလိုအင်္ဂလိပ်စကားကိုအကျိုး အပုံတွေရော အကောင်းတွေရော ရော နှောပြောတတ်သည့်အကျင့်ရှိသဖြင့်သူ ငယ်ချင်းအသိုင်းအဝိုင်းကကျွန်တော့်ကို (ဘူးယို)ဟု နောက်ပြောင်ခေါ်တတ်ကြ ပေသည်။ ဆရာ၊ ဆရာမများကတော့ မင်းတို့ ဗိုးဖော်ကို မပြောင်ကြနဲ့၊ သူ့လို နှုတ်ရဲလျှာရဲပြောမှအင်္ဂလိပ်စကားပြော တတ်ကြမှာပေါ့။ အင်္ဂလိပ်စာဟာတို့နိုင်ငံ ရဲ့ဘာသာစကားမဟုတ်သလို၊ကမ္ဘာသုံး

## လူငယ် အထက်ကျောင်းသားဘဝ ညကလပ်တွင်

## အပျော်အရှင် သွားခဲ့ရာမှ မမျှော်လင့်ဘဲနှင့် တွေ့ခဲ့ရသည့်

## အမျိုးသမီးတစ်ယောက်အကြောင်း ..

နောက်ဆုံးတန်းမှာနေခဲ့ကြရသည်။ ကျွန် တော်သည် သိပ္ပံကျောင်းသားဖြစ်သည့် အလျောက်ဓာတုဗေဒဘာသာ၊ အင်္ဂလိပ် ဘာသာများတွင် အမှတ်ကောင်း အမြဲရ တတ်သည်၊ ဒါပေသည့် သင်္ချာဘာသာ တော့ ညံ့ပါသည်။ ကျွန်တော် ငယ်စဉ်က ဝင် အင်္ဂလိပ်ဘာသာကို အထူးစိတ်ဝင် စားသလို ဆရာ၊ ဆရာမများနှင့်ဖြစ်စေ၊ သူငယ်ချင်းများနှင့်ဖြစ်စေ အလျှဉ်းသင့် ဘာသာစကားဖြစ်တဲ့အတွက် လေ့ကျင့် မှုများများရှိမှ အရည်အချင်းပြည့်ဝကြမှာ ဖြစ်လို့ မရှက်မကြောက် မှားမှားမှန်မှန် ပြောဆိုလေ့ကျင့်ကြရမယ်လို့ ဆရာ၊ ဆရာမများက မကြာခဏ ပြောဆိုဆုံးမ ကြ၍ ကျွန်တော့်အား (ဘူးယို)ဟု အခေါ် ကြသွားခဲ့ရသည်၊

H.S.F တန်း (၂)ခါကျတာလည်း မပြောနဲ့လေ၊ ကျွန်တော် ကျောင်းသား



သဝက ဟိုစပ်စပ် ဒီစပ်စပ် ဝါသနာ အလေးကဝါတော့ (Water Colour) ဆိုတဲ့ ရေဆေးနဲ့ ပုံတူပန်းချီလည်း ဆွဲ သည်၊ Body Beauty အလေးလည်း မသည်၊ သိုင်းဗန်တိုဗန်ရှည်နှင့် ရိုးရာ လက်ဝှေ့လည်းကစားသည်၊ ဒါတွင်မက သေးဘူး၊ ထိုအချိန်ထိုကာလက ရန်ကုန် မြို့တွင် ထုတ်ဝေခဲ့ကြသော ဆယ်ပြား တန်(ဘားမားစတား၊ ဖလင်စတား၊ ပြည် သူ့ရောင်ခြည်၊ သစ်ဆန်း၊ ပွင့်လင်း၊ အတာလ်ဒမီ)စာစောင်များတချို့စာစောင် အညွှန်တွေမမှတ်မိတော့ဘူး၊ တစ်ကျပ် တန် (ရုပ်ရှင်အောင်လံ၊ ချိုတေးသံနှင့် ကျောင်းမဂ္ဂဇင်းတွေမှာ အချစ်ကဗျာများ နှင့် အချစ်ဝတ္ထုတွေ ရေးခဲ့ဖူးသူ ဖြစ် သည်၊ အဲဒီခေတ်က အုပ်ဝေခဲ့တဲ့ (မိုးကြိုး သတင်းစာ၊ ဟံသာဝတီသတင်းစာ)များ ၌လည်းအခါအားလျော်စွာကဗျာများလဲ ရေးသားဖူးခဲ့သည်၊ စာပေနယ်ထဲကို ၁၉၆၀-ခုနှစ်ကစ၍ဝင်ရောက်ခဲ့ပြီး သစ် ဆန်းစာစောင်တွင် (ကဗျာအယ်ဒီတာ) အဖြစ်လုပ်ခဲ့ဖူးသည်၊

***

နှစ်ကျနှစ်ကြီးသမား ကျောင်းသား အဖြစ်သည့်အလျောက် ကျောင်းကြီး ပြန်ဖွင့်သည့်အခါတိုင်း ကျောင်းမှန်မှန် မတက်ကြဘဲ ကျောင်းပြေးတတ်ကြ သည်၊ အတန်းထဲ စာသင်သည့်အခါမှာ လဲ စာထဲ စိတ်မဝင်စားကြဘူး၊ သင်ပြီး သားစာတွေပဲဆိုပြီး အတန်းရဲ့နောက် ဆုံးမှာ စာသင်ချိန် ပန်းချီဆွဲနေခြင်း၊ စကားတီးတိုးပြောဆိုနေခြင်းများပြုလုပ် နေတတ်ကြပါသည်၊ ဆရာ၊ ဆရာမတွေ ကလဲ နှစ်ကျသမားတွေမို့ သိပ်မပြောလို မဆူလိုကြဘူး၊ လွှတ်ထားတဲ့သဘော လည်းပါတယ်၊ စက်တာက ဘွဲ့ရလာတဲ့ ဆရာမကလေးတွေနဲ့ ကျွန်တော်တို့နှစ် ကြီးသမားကျောင်းသားတွေဟာအသက် က သိပ်မကွာ၊ အရွယ်တလဲ သိပ်မတော့ ကြတော့ ကျွန်တော်တို့ နှစ်ကျကျောင်း သားတွေဟာ ဆရာမလေးတွေကို သိပ် မလေးစားကြသလို ဆရာမလေးတွေက လည်းကျွန်တော်တို့ကိုသိပ်မပြောခဲ့ကြ။ နွေရာသီကျောင်း (၂)လပိတ်ချိန်မှာ ကျွန်တော်တို့ကျောင်းကို ဆရာမအသစ် ငယ်ငယ်ကလေးတွေ (၂)ဦးပြောင်းလာ ကြောင်းကြားသိခဲ့ရသည်၊ အစကမမြင် ဘူးပေမဲ့ ကျောင်းကြီးဖွင့်လို့ အတန်းဝင် လာတော့မှ ဆရာမအသစ်တွေနဲ့သိခဲ့ ကြရသည်၊ ဖြစ်ပုံတစ်ခု ပြောရဦးမည်။

www.burmeseclassic.com

ကျောင်းကြီးပိတ်ထားချိန် သင်္ကြန်ပွဲတော်မှာ သင်္ကြန်ပွဲတော်မှာ ကျွန်တော်တို့ကျောင်း၌ မုန့်လုံးရေပေါ် စတုဒိသာ ကျွေးအလှူပွဲလေးတစ်ခု လုပ်တော့ ကျွန်တော်တို့မှာ ကျောင်းသားဟောင်းကြီးတွေ မုန့်လုံးရေပေါ်အလှူသို့ လုပ်အားပေးသွားခဲ့ကြသည်၊ ဆရာ၊ ဆရာမတွေနှင့် ကျောင်းသူကျောင်းသားတချို့ပြန်ဆုံတွေ့ကြပြီး တစ်ယောက်ကိုတစ်ယောက် ရေပက်ကစားကြသည်။ အဲဒီအထဲမှာချက်နာသစ်အမျိုးသမီးခပ်ချောချောကလေးကို ဝိုင်းပိုးခဲ့ကြသည်။

ကျွန်တော်တို့ကျောင်းသားအုပ်ထဲမှာ ဘောင်းဘီရှည်၊ စပို့ရှပ်ကို အမြဲဝတ်ထားပြီး (Rack) မင်းသားအဆိုတော် (ဝရက်စလေ) ဆံပင်ပုံမျိုး၊ မြင်းခေါင်းတော့စမ်းတစ်နဲ့ ဆံပင်ဘေးနစ်ဖက်ကိုလိမ်းတာ ဆံပင်ကို မခွဲပဲ အနောက်ကိုအခြုံလှန်ဖီးတတ်တဲ့ ကျွန်တော့်ကို ဝိုင်းပြီး မြှောက်ပင့်တာ စောစောက ပြောခဲ့တဲ့ချက်နာသစ် မိန်းမချောကလေးကိုရည်းစားစာ အပေးခိုင်းခဲ့ကြသည်။ ကျွန်တော်ဆိုတဲ့ကောင်ကလည်းမြှောက်ပေးရင်မြှောက်သလောက် ကမယ့်လူဆိုတော့ အဲဒီခပ်ချောချောအမျိုးသမီးကိုရည်းစားစာ ပေးခဲ့ဖြစ်ခဲ့သည်။

ကျောင်းပြန်ဖွင့်သည့်ရက် အဲဒီအမျိုးသမီးကိုကျွန်တော်တို့မပြန်ဆုံကြတော့ပါ။ တစ်ပတ်လောက်ကြာတော့ ကျွန်တော်တို့အတန်းကို မြန်မာစာဘာသာအချိန် ဆရာမတစ်ယောက် ဝင်လာလို့ တစ်တန်းလုံးထပြီး (မင်္ဂလာပါ ဆရာမ)လို့ နှုတ်ဆက်ကြတဲ့အခါ ထမီစိမ်းနှင့် အင်္ကျီဖြူဆရာမကို လှမ်းကြည့်လိုက်တော့ နွေရာသီကျောင်းပိတ်ထားတုန်းက ကျွန်တော် ရည်းစားစာပေးဖူးခဲ့တဲ့ အမျိုးသမီးချောချောလေး ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော် ခေါင်းနားပန်းတွေ ကြီးသွားသလို ခံစားလိုက်ရပြီး အနားက သူငယ်ချင်းကိုလက်ကုပ်ပြီး စာသင်ခန်းနောက်ပေါက်ကနေ မသိမသာ လစ်ထွက်ခဲ့ကာ အိမ်သာဘက်သွားပြီး တစ်ချိန်ကုန်အောင်အချိန်ဖြုန်းလိုက်ရသည်။

ƛƛƛ

ကျွန်တော်တို့သူငယ်ချင်းတစ်စုဟာတနင်္ဂနွေအပတ်တိုင်းကုက္ကိုင်းလမ်းဆုံက (May Fair Night Club) နှင့် (၈)မိုင်အနီးက (Inya Garden Night Club)တွေမှာကပွဲသွားလေ့ရှိကြသည်။ သူငယ်ချင်းတွေရဲ့(Birthday Party) ရှိတဲ့အပတ်တွေတော့ (Night Club) သွားဖြစ်ခဲ့ကြပါ။ ကျွန်တော်တို့ အများဆုံးသွားဖြစ်တဲ့ (Night Club)ကတော့ (Inya Garden) ပဲဖြစ်ပါသည်၊ ကျွန်တော်တို့သူငယ်ချင်းတွေထဲက တချို့ဆိုရင် စတီရီယိုလောကမှာ ယနေ့တိုင်အောင်မြင်နေတဲ့အဆိုတော်တွေလည်း ရှိနေကြပါသည်။

ကျွန်တော် ရင်ခုန်ခဲ့ရတဲ့ တနင်္ဂနွေနေ့ရဲ့ညတစ်ညအကြောင်း ပြောပြချင်သည်။ ထုံးစံအတိုင်း ကျွန်တော်တို့အဖွဲ့သားသူငယ်ချင်းတစ်ယောက်ရဲ့ဂျစ်ကား ရဲ့ (Girl Friends) တွေရဲ့အိမ်ကို သွားရောက်ပြီး (Inya Garden) သွားဖို့ ထွက်ခေါ်ခဲ့ကြသည်။ ကပွဲသွားဖို့ဆိုရင် (Girl Friends) မိဘတွေက ထည့်မှာ မဟုတ်လို့ အစကတည်း က တိုင်ပင်ညှိနှိုင်းထားသည့် အစီအစဉ်အရ ကျောင်းကဆရာတစ်ဦးအိမ်မှာ ဘုရားကိုးဆူသွားရမည့်အကြောင်း လိမ်ခေါ်ခဲ့ကြရသည်။ မိဘများ သူတို့သမီးတွေကိုညဦးမနက်စောစော ပြန်ပို့ပေးရန် မှာလေ့ရှိကြသည်။

ကျွန်တော်တို့အဖွဲ့ကလည်း စိတ်ချပါခင်ဗျာ၊ စောစောပြန်ပို့ပါ့မယ်လို့ ကတိပေးခဲ့တိုင်း အောက်တစ်ညဦး (၁) နာရီကျော်မှ ပြန်ပို့ဖြစ်ခဲ့ကြသည်။ ဒီလိုနှင့် ကျွန်တော်တို့အဖွဲ့ Girl Friends တွေ လိုက်ကြိုပြီး ည(၇)နာရီခန့်မှ Inya Garden သို့ ရောက်သွားခဲ့ကြသည်။ Inya Garden ရဲ့ပြင်ဆင်မှု အခင်းအကျင်း Decoration ကို အနည်းငယ် ပြောပြချင်ပါတယ်။ ဝင်ကြေးတစ်ဦးကို (၅)စီပေးဝင်လို့ပန်းခြံထဲရောက်သွားတဲ့အခါ Stage စင်ပေါ်မှာ အနောက်တိုင်းသံစုံတီးဝိုင်းကြီးရဲ့ငြိမ့်ညောင်းသာယာဖွယ်ဂီတသံစဉ်များတီးခတ်နေသည်ကို ကြားမြင်ရမှာဖြစ်ပြီး Stage တိုမီးရောင်စုံ ထွန်းညှိအလှဆင်ထားသည်ကို တွေ့ရမှာဖြစ်ပါသည်၊ ကပွဲထုံးစံအတိုင်း မီးရောင်စုံတီးဝိုင်းကနေ တီးလုံးလေးများ တီးမှုတ်ပေးလေ့ရှိ၍ Chan Chan တီးလုံး Rack-a-Roll တီးလုံး၊ Tango တီးလုံးနှင့် slow dance တီးလုံးတို့ကိုတစ်မျိုးလျှင် နှစ်ကြိမ်စီ တီးမှုတ်ပေးနေပြီး မိမိနှစ်သက်ရာတီးလုံးဖြင့် ကပွဲတွင်းထဲမှာ အတွဲနှင့် ဝင်ရောက်ကနိုင်ကြပါသည်။

Stage တီးဝိုင်းအရှေ့ဘေးတစ်ဖက်တစ်ချက်တွင်ကပွဲလာပရိသတ်များ အတွဲလိုက်ထိုင်ရန် စားပွဲဝိုင်းများရှိနေပါသည်။ မီးရောင်စုံ ထွန်းညှိထားသည်

www.burmeseclassic.com

stageဝင်တည့်တည့်မှာအတွဲလိုက်ကရန် အတန်ငယ် ကျယ်ဝန်းတဲ့ သမံသလင်းအချောခင်းထားသည့်ကွင်းတစ်ကွင်းရှိပါသည်၊ ကပွဲကွင်းတစ်ခုလုံးရဲ့ထောင့်လေးထောင့်မှာ အပြာရောင်မီးလုံးကြီးလေးလုံးနှင့်ရောင်စုံမီးသီးတွဲများထွန်းညှိထားသော်လည်းအလင်းရောင်မှာ Dim Light ခပ်မှိန်မှိန်ဖြစ်၍ တစ်ဦးမျက်နှာကိုတစ်ဦးအနီးကပ်ကြည့်မှမည်သူမည်ဝါဖြစ်သည်ကို သိနိုင်သည့်အလင်းရောင်မျှသာ ရှိပါသည်၊ ယင်းတပွဲသို့ အတွဲစုံ၊ ဆိုက်စုံ လာရောက်တွဲတထတ်ကြပါသည်၊

သတ်ကြားအိုနှင့်ဆယ်ကျော်သက်အတွဲတွေတလည်း မနည်းကြပါဘူး။ နိုင်ငံခြားအမျိုးသားတွေနှင့်မြန်မာအမျိုးသမီးငယ်တွေအတွဲကလဲ အစုံပါပဲ၊ အနောက်တိုင်းယဉ်ကျေးမှုဆိုတာ မြန်မာအမျိုးသမီးများအတွက်ရင်လေးစရာကြီးပါပဲ၊ Night Clubရဲ့ယဉ်ကျေးမှုထူးခြားချက်တစ်ခုကတော့ ကပွဲလာအမျိုးသမီးတွေအားလုံးကို ကပွဲလာအမျိုးသားများအားလုံးက တွဲကပိုင်ခွင့်ရှိကြပါသည်၊ အမျိုးသမီးတွေဖက်ကလည်း ငြင်းပယ်လေ့မရှိကြပါဘူး၊ ငြင်းပယ်မိရင်လည်း အင်မတန် မယဉ်ကျေးသောလူအရိုင်းအစိုင်းအဖြစ် အကြည့်ခံ ကဲ့ရဲ့ခံရတတ်ကြပါသည်၊ အဲဒီနေရာမှာရည်းစားတို့ ဇနီးမယားတို့ဆိုတာ မရှိဘူး။ အဲ့တို့တတ်တဲ့အမျိုးသားတွေ ကိုယ့်ရည်းစား ကိုယ့်မယားတွေ ခေါ်မလာကြနဲ့၊ ခေါ်လာရင်လည်း ကိုယ်နဲ့ မနားတမ်းတွဲကနေ၊ ကပြီးတာနဲ့ ချက်ချင်းပြန်ပေတော့၊ မပြန်သေးလို့ အမောဖြေ အနားယူထိုင်နေလို့ကတော့ အတွဲမပါရောင်းနေတဲ့အမျိုးသားတစ်ယောက်ယောက်က တွေ့သွားလို့ ကခွင့်သွားတောင်းနေရင် ပါသွားလိမ့်မယ်၊ တချို့အမျိုးသားတွေက Night Clubလာတဲ့အခါကိုယ်ပိုင် Partner မပါလာကြပဲ လူများအတွဲနားနေရျိန်ကို စောင့်ကြည့်ပြီး တွဲကဖို့ကြိုးစားတတ်ကြတာ ဓလေ့တစ်ခုပါပဲ၊ စားပွဲဝိုင်းမှာ ထိုင်နေတဲ့အမျိုးသမီးတစ်ယောက်ကို အမျိုးသားတစ်ယောက်ကညာဘက်လက်ကောက်ဝတ်ကို ဘယ်ဖက်လက်ဖြင့်ကိုင်ပြီးလက်နှစ်ဖက်ဆန့်၍ Please ဟုဆိုလိုက်တာနဲ့ ထိုအမျိုးသမီးဟာ ထိုအမျိုးသားနှင့်ထပြီး တွဲကကြရတာကလည်း အနောက်တိုင်းယဉ်ကျေးမှုတစ်ခုပါပဲ၊ အဲ - တစ်ခုရှိသေးတယ်၊ ကပွဲလာတဲ့သူတိုင်း ဗမာစကားမပြောကြပါဘူး၊ အင်္ဂလိပ်စကားကိုသာ



ဤအခါ အချိုရည် ငုံသောက်နေသော ဆရာမမှာ ဦးခေါင်းကို ငြိမ်းငြိမ်း မော့လာပြီး တခွင့်တောင်းနေသူ ကျွန်တော့်ကို ကြည့်လိုက်သည်၊ ကျွန်တော့်ကို မြင်လိုက်တဲ့ ဆရာမ မျက်နှာတစ်ပြင်လုံးဟာ တမ္ဘာအကျော်ခံလိုက်ရသလို နီရဲသွားတာ အုံ့ညိုမြင်းများစွာနှင့် ဘစ်မတတ်ချင်း မျက်နှာဟာ ညှိုးရော်သွားပါသည်၊

ပြောကြသဖြင့် မိမိပြောတတ်သလိုအင်္ဂလိပ်စကားကိုအတင်းရောအတောင်းရော ညှပ်ပြီး Broken English ပြောလေ့ရှိကြသည်၊ မပြောတတ်ရင် တေမိလိုနေ၊ တေမိလိုပြန်၊ ဗမာစကားသံကြားရင် လည်ပင်းကြီးတွေ ရှည်ထွက်လာပြီးအသံကြားရာ လှမ်းကြည့်တတ်ကြပါသည်၊ ကျွန်တော်လိုလူမျိုးအတွက်တာတော့ No Problem ပါပဲ၊ ပြဿနာမရှိပါဘူး။ နဂိုကတည်းက အင်္ဂလိပ်စကားကို တောင်တစ်လုံး မြောက်တစ်လုံးအရှုးရှေးပန်းပြောနေကျပဲ၊ တနင်္ဂနွေနေ့ရဲ့ညတစ်ည Inya garden ရဲ့တွဲမှာကျွန်တော် ရင်ခုန်ခဲ့ရတာကို သေနေတိုင်မမေ့နိုင်ခဲ့ပါဘူး၊ ထုံးစံအတိုင်း အပြာရောင်ခပ်မှိန်မှိန်အလင်းရောင်အောက်မှာ အတွဲစုံကလျက်ရှိနေကြသည်၊ တီးလုံးက Chan Chan တီးလုံးရဲ့ ဒုတိယအပိုဒ် တီးမှုတ်နေချိန်ဖြစ်သည်၊

▲▲▲

Dim Light ရဲ့အောက်မှာ Chan Chan တီးလုံးဖြင့် အတွဲစုံ၊ ဆိုက်စုံ လှုပ်လှုပ်ရွရွ ကနေကြသည့်အတွဲတွေကို ကျွန်တော် ကြည့်နေမိသည်၊ ထိုသို့ကြည့်နေစဉ် ကျွန်တော်မြင်ကွင်းထဲသို့

www.burmeseclassic.com

ဥရောပဝတ်စုံအပြည့်ဝတ်အမျိုးသားကြီးတစ်ယောက်နှင့် ထူးထူးခြားခြား ထမီဝတ်အမျိုးသမီးတစ်ဦး တွဲကနေသည်ကိုတွေ့လိုက်ရ၍သတိထားကြည့်နေမိသည်၊ သတိထားကြည့်မိသည်ဆိုတာကလဲ ဒီလိုရှိပါသည်၊

ကပွဲလာအမျိုးသားအားလုံးသည် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်လာ ထက်ကြသလို အမျိုးသမီးတွေအားလုံးကလဲ ကပွဲနှင့် လိုက်ရောညီထွေမည့် ခေါ်စေတာတ်စသဖြင့်ဝတ်ဆင်လာတတ်ကြသော်လည်း ယခု ကျွန်တော်မြင်တွေ့ထဲတွင် ထမီဝတ်အမျိုးသမီးကို ထူးထူးခြားခြား တွေ့နေရသဖြင့် သတိထားကြည့်မိနေခြင်းဖြစ်သည်၊ မှိန်တုတ်တုတ်အလင်းရောင်ကြောင့် အမျိုးသမီးကို တွေ့နေရသဖြင့် သတိထားကြည့်မိနေခြင်းဖြစ်သည်၊ မှိန်တုတ်တုတ်အလင်းရောင်ကြောင့် အမျိုးသမီးမျက်နှာကို သဲသဲကွဲကွဲ မမြင်ရသေးပေမဲ့ ထလျှပ်လျှပ်ကရင်း ကျွန်တော့်စားပွဲရှေ့တည့်တည့်သို့ ထိုအတွဲရောက်လာသဖြင့် ထမီနှင့် ထူးခြားနေသည့်အမျိုးသမီးကိုဂရုစိုက်ကြည့်မိလိုက်သည်၊မြင်ဖူးသလိုလိုဖြစ်နေ၍ တခြားအတွဲတွေနဲ့ ကွယ်မသွားခင် အသေအချာ လိုက်ကြည့်နေမိသည်၊ဟော - ကောင်းစွာမြင်လိုက်ရပါပြီ၊ သူမ ဘယ်သူလဲဆိုတာ ကျွန်တော် ကောင်းစွာ သိလိုက်ပါပြီ၊ ကျွန်တော် အင်မတန် အံ့အားသင့်သွားရပါသည်၊

တိုက်မှ တိုက်ဆိုင်တတ်ပါပေများ၊ ထိုအတွဲကို မျက်ခြေမပြတ် လိုက်ကြည့်ရင်း ဘယ်နေရာ ဘယ်စားပွဲမှာ ထိုင်နားမည်ကို အာရုံစိုက်ကြည့်နေခဲ့သည်၊ ကျွန်တော်ဘာကြောင့်ဒီလောက်တအံ့တသြစိတ်ဝင်တစားကြည့်နေခဲ့ရသလဲဆိုရင် အကြောင်းက ဒီလိုရှိတယ်လေ၊ ကျွန်တော်တွေ့ခဲ့ရတဲ့ ထမီဝတ်နဲ့ ကနေတဲ့အမျိုးသမီးကြီးဟာ တခြားလူ ဟုတ်ရိုးလားများ၊ကျွန်တော်တို့ကိုအင်္ဂလိပ်စာ သင်ပေးနေတဲ့ ကျွန်တော်တို့ရဲ့ဆရာမ အပျိုကြီးဖြစ်နေလို့ပါပဲများ၊

ကျွန်တော် ဝမ်းသာသွားပါသည်၊ အံ့သြခြင်းများစွာနှင့် ဝမ်းသာမှုကို ခံစားနေချိန်မှာ Stage ပေါ်က တီးလုံးပြောင်းသွားပါသည်၊ နောက်တီးလုံးမှာ ကျွန်တော်အနှစ်သက်ဆုံး Slow dance တီးလုံးဖြစ်၍ ချက်ချင်း ဆရာမထိုင်နေသည့်စားပွဲသို့ထသွားခဲ့ပါသည်၊ ဆရာမှာ အမောပြေအချိုရည် ငုံ့သောက်နေ၍ သူမ စားပွဲရှေ့တည့်တည့်သို့ ကျွန်တော် ရောက်ရှိသွားခဲ့ပါသည်၊

ထိုအချိန်ထိ ဆရာမမှာ သူ့အရှေ့သို့ ရောက်နေသော သူ့တပည့် ကျွန်တော့်ကို မမြင်တွေ့သေးပါ၊ ခေါင်းကြီးငုံ့ပြီး အချိုရည်ကိုသာ စုပ်သောက်နေပါသည်၊ ဆရာမမှာ Chan Chan တီးလုံးနှစ်ပုဒ်စလုံးနှင့် ကခဲ့ပုံရ၍ အတော်မောနေတန်တူသည်၊ အလွန်အေးနေသော ဒီဇင်ဘာညမှာ ဆရာမ နဖူးပြင်၌ ချွေးသီးကလေးများ ဥနေသည်ကိုမြင်တွေ့နေရသည်၊ ကျွန်တော်လည်း အခွင့်ကောင်းလက်မလွှတ်စေရအောင် ကျွန်တော် လက်နှစ်ဖက်ကို ယှဉ်ကျေး သိမ်မွေ့စွာ ဆရာမမျက်နှာရှေ့သို့ ဆန့်တန်းကာ Please ကျေးဇူးပြု၍ဟု ခါးကို အနည်းငယ်ညွတ်၍ ကခွင့်တောင်းလိုက်ပါသည်၊ ထိုအခါ အချိုရည် ငုံ့သောက်နေသော ဆရာမမှာဦးခေါင်းကို ဖြည်းဖြည်း မော့လာပြီး ကခွင့်တောင်းနေသူ ကျွန်တော့်ကို ကြည့်လိုက်သည်၊ ကျွန်တော့်ကိုမြင်လိုက်တဲ့ ဆရာမမျက်နှာတစ်ပြင်လုံးဟာ တခွေအခြောက်ခံလိုက်ရသလို လန့်ဖျပ်သွားကာ အံ့သြခြင်းများစွာနှင့် တစ်မဟုတ်ချင်း မျက်နှာဟာ ညိုးရော်သွားပါသည်၊ ရုက်စိတ်များ မွန်သွားပြီး ခဏလေး ဟာတာတာနှင့် ကျွန်တော့်အား ဘာပြောရမှန်းမသိ စိုက်ကြည့်နေမိသည်၊ အရာအားလုံးတို့ သေသိတ်နှင့်တုံ့ဖြင့် ဒုတိယအကြိမ် Please ဟု ကျွန်တော်မှထပ်ပြောလိုက်သည့်အခါဆရာမှာ ၎င်းသော၌ ထိုင်နေသော သူ့ရဲ့အမျိုးသား မိတ်ဆွေဘက် လှည့်ကြည့်လိုက်တော့ Oh, darling I'm eyething tired. သူမ မောနေကြောင်းတိုးညင်းစွာ စပ်ကူတောင်းလိုက်ပါသည်၊ အမျိုးသားကြီးက အနောက်တိုင်းယဉ်ကျေးမှုထုံးစံအတိုင်း Carry on darling ဟု ဆက်ကရန် ပြန်ပြောပြီး ကျွန်တော့်ကို ကြည့်လိုက်တာ Hi, My young brother, your elder sister was eyething very tired, so you dance only one time please. ညီလေးခင်ဗျား မောနေလို့ တစ်ပိုဒ်ထဲ တခါလို့ ပြောသဖြင့် yes, thankyou. ကျေးဇူးတင်ကြောင်းပြောကာ မထရျင်၊ ထရျင်ထလာတဲ့ ဆရာမ ခါးကို ကျွန်တော်မှ လှမ်းဖက်လိုက်ပြီး Slow dance ရဲ့ဝထပိုဒ်တီးမှုတ်ချိန်ဖြစ်ပြီး တရွေ့ရွေ့နှင့် ကွင်းထဲဘက် တခြား အတွဲတွေနှင့် ခပ်ဝေးဝေးသို့ တွဲခေါ်ခဲ့ပါသည်၊

ဆရာမမှာ ကျွန်တော့်ပခုံးပေါ်၎င်း လက်တစ်ဖက်တင် လျက် ခပ်သံတိုးတိုးဖြင့် ခါးကို အရမ်းဖက်ထားနဲ့ဟု


ပြောပါသည်၊ ဆရာမမှာ အသံတုန်တုန်
ဖြင့် တိုးညင်းစွာ ထပ်ပြောလာပြန်
သည်။ ကျောင်းဖွင့်တဲ့အခါ ဘယ်သူ့ကိုမှ
လျှောက်မပြောနဲ့နော်တဲ့၊ ကျွန်တော်က
ဲ စိတ်ချ teacher ၊ ဘယ်သူ့ကိုမှ ပြန်
မပြောဘူး teacher၊ ဘာသာလစဉ်ဖြေ
ဖြေမဖြေဖြေ Report Card မှာ အောင်
တ်ရနေရင် ပြီးရောဟု ပြန်ပြောလိုက်
ါသည်။ ကျွန်တော်တို့ (၂)ဦးမှာ လေသံ
လေးဖြင့် ဝမာစကား ပြောခဲ့ကြခြင်း
ပ်ပါသည်၊ တီးလုံးအသံကြောင့် မည်
မှုမကြားနိုင်ပါ။ ပထမတီးလုံးတစ်ပုဒ်
ဆုံးခင် ဆရာမက တော်ပြီ၊ မောတယ်
ဟု ပြောသဖြင့် ကျွန်တော်လည်း ကနေ
သည့်အတွဲတွေကြားကနေ ဆရာမစားပွဲ
သို့ တွဲတရင်း ပြန်ပို့ခဲ့ပါသည်၊

thank you very much for your dance တွဲကရတာ ကျေးဇူးတင်
ကြောင်း ပြောပြီး မိမိစားပွဲဝိုင်းသို့ပြန်လာ
ခဲ့ပါသည်၊ တကယ်ပါပဲ တိုက်တိုက်ဆိုင်
ဆိုင် ခပ်မှိန်မှိန်အလင်းရောင်အောက်
မှာ ကြုံမှ ကြုံတတ်ပါပေဗျာ၊ အဲဒီညက
ဆရာမသာ ထမီဝတ် မလာပဲ ဂါဝန်၊
တတ်တစ်ခုခုသာ ဝတ်လာမယ်ဆိုရင်
ကျွန်တော်နှင့် ဆရာမ တနင်္ဂနွေညတစ်
ညရဲ့ တပွဲမှာ အတူရောက်ခဲ့ကြပေမယ့်
အခုလို ဆုံဖြစ်၊ ကဖြစ်ခဲ့ကြမည်မဟုတ်
ပါ။ ဆရာမ၏အားနည်းချက်ကြောင့်
ယခုလို ဆုံတွေ့ပြီး ကဖြစ်ခဲ့ခြင်းဖြစ်ပေ
သည်၊ နောက်တစ်နေ့ တနင်္လာနေ့
ကျောင်းပြန်ဖွင့်ရက်၊ ကျွန်တော်တို့
အတန်းရဲ့ အချိန်ဇယားမှာ ပထမဆုံး
အချိန် အင်္ဂလိပ်ဘာသာရပ်အချိန်ဖြစ်၍
ကျွန်တော် စိတ်စောနေမိသည်၊ မကြာ
လိုက်ပါ။ အတန်းထဲသို့ ဆရာမ ဝင်လာ
ပါသည်၊ Good morning class လို့
ဆရာမက လန်းဆန်းတက်ကြွစွာ နှုတ်
ဆက်လိုက်သည့်အခါ ကျွန်တော်တို့
တပည့်များအားလုံးကလည်း မတ်တတ်
ရပ်၍ Good morning teacher ဟု
သံပြိုင်ပြန်လည် နှုတ်ဆက်ထိုင်လိုက်
ကြပါသည်၊ ထိုအခါ ကျွန်တော် စာအုပ်
တစ်အုပ်ကို ဖွင့်ထိုင်လျက် ဆရာမစားပွဲ
သို့ စာပြသယောင် ထသွားခဲ့ပါသည်၊
ချက်ချင်း ဆရာမ မျက်နှာညှိုးရော်သွား
ပြီး ရှိုးတိုးရှန့်တန့်ဖြစ်နေသောမပွင့်တပွင့်
လေသံကလေးဖြင့် (ဘယ်သူ့ကိုမှ
လျှောက်မပြောနဲ့နော်)တဲ့၊

သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ

⇨ မြေမြန့် သဏ်နိုင်

# ခြောက်ကိုးဟာရာ မကြည်ပြာ



www.burmeseclassic.com

"ဒေါင်"

"ဒေါင်"

"ဒေါင် - ဒေါင်"

ဓါတ်မကြီးအထက်ပေါ်ရှိဗဟိုကင်းမျှော်စင်ဆီမှညနေပိုင်းထောင်ပိတ်ကင်းသံချောင်းခေါက်သံထွက်ပေါ်လာတယ်၊ ဒီလိုသံချောင်းခေါက်သံကို ကြားလိုက်ရမှပဲ အိပ်ဆောင်ထဲမှာ ရှိနေကြသည့်အတူနေသူတစ်သိုက်မှာ ပျော်လိုက်ကြသည့်ဖြစ်ခြင်း။

ဘယ်သူ့ကြောက်ရမှန်းတောင် မသိပါဘူး။

ယူနီဖောင်းဝတ်ထားတဲ့ ဝန်ထမ်းတွေဆိုတာကလည်းအားအားယားယားအလုပ်မရှိအလုပ်ရှာပြီး "ဟဲ့ - ကောင်မလာစမ်း၊ ငါ့ခေါင်းက ဆံပင်ဖြူနုတ်ပေးစမ်း၊ နှိပ်ပေးစမ်း" ဆိုပြီးဖိမ်ခံချင်ကြသေးအံ့မယ်၊ ယူနီဖောင်းကြီးတွေ ဝတ်စားထားလို့များပါဝါအာဏာရှိမယ်ထင်လား၊ ဝေးသေးတယ်၊ သူတို့လက်အောက်က

မိန်းမထောင်တွင် တာဝန်ကျသည့်

ထောင်မှူးအမျိုးသမီး၊ ထောင်ဝန်ထမ်းများ၏ဘဝ၊

ရှုန်းကန်လှုပ်ရှားမှုများ ..

တုတ်တယ်လေ၊ တစ်နေ့တာလုံးပုံစံအောက်မှာ သားပြားပြားဝပ်ပြီး လုပ်ဆောင်နေခဲ့ကြရတာမဟုတ်လား၊ ထောင်ထဲမှာများ ထောင်ကျလာခဲ့လို့အပူအပင်မရှိဖိမ်လေးနဲ့နပ်နေရမယ်လို့မှတ်နေတာ၊ ဝေးပါသေးတယ်၊ ဟိုလူကခေါ်ပြီးခိုင်းလိုက်၊ ဒီလူကခေါ်ပြီးခိုင်းလိုက်နဲ့ ဒီကြားထဲ အလိုမကျရင် ဟိုလူကတောက်လိုက်၊ ဒီလူက ပေါက်လိုက်နဲ့

တန်းစီး၊ ဗာရာတွေဆီကနေ နံနက်စာစီစဉ်ထားသမျှကပ်တုပ်နေကြတော့ဘယ်မှာလာအာဏာပြလို့ရပါတော့မလဲ၊

ထောင်ကြီးထဲမှာတကယ့်တကယ်အာဏာပါဝါရှိနေကြတာက တန်းစီး၊ ဗာရာတွေပဲ၊ ဝန်ထမ်းဆိုတာ သူတို့ ရှာကျွေးထားသမျှ မြိုးမြိုးမြက်မြက်လေး ရနေကြတာဆိုတော့ ဘယ်လှန်ဝံ့ပါ့မလဲ၊ လက်သပ်မွေးထားနေရတယ်။



သူတို့တစ်တွေက ထောင်ကျလာသူချင်းအတူတူ ဝန်ထမ်းတွေကိုပေါင်းပြီးလိုင်းဝင်ထားကြတော့ ထောင်ထဲကဘုင်နိုင်းကြီးမှန်သမျှ လက်ဝါးကြီးအုပ်နေထိုင်နေခဲ့ကြတာဆိုတော့ ဘယ်ဝန်ထမ်းကတော ကဏ္ဍကောဇ နုတ်လှန်ဝံ့မှာလဲ။

ကျွန်မတို့လို ဘောက်ဆင်းသမားတွေမှာတော့ လိုင်းလည်း မဝင်နိုင်၊ ပေးကမ်းကျွေးမွေးမှုလည်း မပံ့ပိုးနိုင်တော့ ဘောက်ဆင်းသံသရာမှာပဲ လည်နေရတယ်၊ ဒီကြားထဲ ဗာရာတွေက လိုင်းဖန်ရတော့ တစ်နေ့လုံး လွှတ်ခိုင်းနေတော့ ပင်ပန်းတယ်၊ ခိုင်းလိုက်သမျှအလုပ်ဆိုတာလည်း ဖယ်ဆက်သလို ခိုင်းနေတော့ ပင်ပန်းလွန်းလှတယ်၊

ခုလို ညနေထောင်ပိတ်သံချောင်းခေါက်သံ ပေါ်ပေါက်လာတော့မှဘဲ အိပ်ဆောင်နေရာလေးမှာ အေးအေးလူလူ နားရတော့မယ်လေ၊ တစ်နေ့တာလုံးဘောက်ဆင်းအလုပ်တွေနဲ့ ဂျင်ဂျင်လည်နေလို့ အေးအေးဆေးဆေး အနားယူရတော့မယ်မှတ်တယ်၊

ᐃᐃᐃ

ဘာတဲ့ - ညကင်းဗာရာတာဝန်ယူရမယ်တဲ့၊ ဘယ့်နယ်တော် - အိပ်ဆောင်

ကြီးထဲမှာ မိန်းမသားတွေချည်း စုထေးထားတာမဟုတ်လား၊ ဘယ်သူတွေက များ ဘာမဟုတ်တာကြံစည်ပုံကြံမှာလဲ၊ သူတို့မဟုတ်မဟတ်လုပ်တာ၊ ကြံစည်တာတွေကို ထိုင်စောင့်ကြည့်နေဖို့ ညကင်းဘာယာတာဝန်ရှိတယ်တဲ့လေ။

ဟုတ်တော့လည်း ဟုတ်ပါသည်။ မိန်းမသားတွေချည်းပဲဆိုပြီးတော့လည်း အထင်မသေးလိုက်နဲ့၊ ပေါက်တရစ်ပြောတတ်တာ၊ ပေါက်ကရ ကြံစည်တတ်တာလည်း မိန်းမပဲ၊ နှစ်ယောက်ဆုံမိလို့ကတော့ အတင်းအဖျင်းပြောရမလား လားခဲ့၊ ယောကျ်ားတွေ အကြောင်းဖောက်သည်ချတတ်တာလည်း စုံလို့၊ ထောင်ထဲရောက်မှပဲကြေးသူတာတွေကြားလာရတယ်၊ မတွေ့ဘူးတာတွေ တွေ့လာရတယ်၊ အံ့ရော၊

ယိုသူမရှက်၊ မြင်သူရှက် ဆိုတဲ့စကားကြားဖူးမှာပေါ့၊ သူတို့မှိုများတိုယ့် ပေါင်ကိုယ် လှန်ထောင်းသလို အဖြစ်ဘတ်မှာ လုပ်လာ၊ တိုင်လာခဲ့တဲ့အတွေ့အကြုံတွေကိုများ မြိန်ရေရှက်ရေ ပြောနေကြတာများအတုံးလိုက်အတစ်လိုက်ကြားနေရတော့ နားရှက်တယ်။

ဘာပဲဖြစ်ဖြစ်၊ ကျွန်မတို့ ညကင်းဗာရာတာဝန်ပေးလာတော့ ဒီည တင်းစောင့်ရမယ့်တာဝန်ရှိလာပြီ၊ ညရေးည

www.burmeseclassic.com

တာ လုံခြုံစိတ်ချရအောင် တန်းစီးကနေ ရွေးပြီး ညကင်းဗာရာတာဝန်ပေးထားခဲ့တာဖြစ်တယ်။ ညဘက်အိပ်ဆောင်ထဲမှာအကြောင်းကြီးငယ်တစ်ခုခုကိစ္စဖြစ်ပေါ်လာလျှင် ဗာရာကနေတစ်ဆင့် သတင်းပို့နိုင်ဖို့ဖြစ်တယ်။

ဟုတ်တယ်လေ၊ ညဘက် အလေးအပေါ့သွားချင်ကြသည့်အခါအိမ်သာမှာ ရှုပ်ထိုးနေလို့ကလည်း မဖြစ်သေးဘူး။ ဒီလိုကိစ္စဝိစ္စပေါ်လာသည့်အခါ ဆောင်မှူးတာလိုသူက ညကင်းတာဝန်ကျဗာရာထံကိုသတင်းပို့ခွင့်တောင်းပြီးမှ သွားခွင့်ရတယ်။

"၁၄၂၉၊ စီ၊ အေးခင် သေးပေါက်"

လို့သွားလိုသူက သတင်းပို့သံကြားတာနဲ့ ညကင်းဗာရာတာဝန်ကျသူက ဗာရာချပ်ပေါ်မှာ ရေးမှတ်ထားလိုက်တယ်။ အိမ်သာပေါ်မှာ လူကင်းရှင်းနေမှလည်း ခွင့်ပြုတယ်။ ဒီအခါမှာအပေါ့သွားချင်လို့ သတင်းပို့သည့် အကျဉ်းသူဟာ လတ်တစ်ချောင်း မြောက်လျက်နှင့် မိလ္လာချောင်ကို သွားရသည်။

မိလ္လာချောင်ဆိုတာကလည်း ဖျာကြမ်းတစ်ချပ်ရှေ့မှာ ကာထားပြီး သံစည်ပိုင်းပြတ်ပေါ် သစ်သားနှစ်ချောင်း တင်ထားသည့် အပေါ်တက်ထိုင်ရတာ။ ခန္ဓာကိုယ်ကြီးရဲ့ရင်ခေါင်းကနေ အောက်ပိုင်းဖျာကာထားတော့ အိမ်သာတက်နေတဲ့လူဟာ အောက်ဘက်က သမံတလင်းပေါ်မှ ဖျာကြမ်းခင်းအိပ်နေသူတွေကို အပေါ်စီးကနေ ကြည့်မြင်နေရသလိုပဲ။

ညကင်းဗာရာကလည်း ခေါင်းတစ်လုံး ပိုထွက်နေသည့် အကျဉ်းသူကို ညကင်းဘာယာစောင့်ရင်း လှမ်းကြည့်မြင်လို့ရတယ်၊ ကျည်ကွယ်မျက်ကွယ်နေရာမျိုးပေါ့။ ကိုယ်အခင်းသွားနေတာကို လူတကာက လှမ်းမြင်နေရပေမယ့် အပေါ်ပိုင်းခေါင်းကိုပဲမြင်နေရတော့တော်သေးတာပေါ့။ နံ့မို့ဆိုရှက်တာနဲ့ သေလောက်တယ်။

တကယ်တော့ ညကင်းဗာရာလို့ခေါ်သည့်အိပ်ဖန်စောင့်အလုပ်ဆိုတာကလည်း ပေါ့သေးသေး လွယ်လွယ်ကူကူရနိုင်သည့်အလုပ် မဟုတ်ဘူး။ ညကင်းဗာရာတာဝန်ယူသူတွေဆိုတာ လူတိုင်းဖြစ်ခွင့်မရှိဘူး။ ထောင်ကျလာသည့် နေသားချည်း သုံးပုံတစ်ပုံ ကျော်လွန်မှ ဗာရာအဖြစ် ထည့်သွင်းစဉ်းစားတယ်။

▲▲▲



အိပ်ဆောင်ကြီးထဲမှာ ခိုင်းစေသည့် အလုပ်တွေကို မရိုမကပ်ဘဲ လုပ်သူ၊ အကျဉ်းသူချင်းအပေါ် ဆက်ဆံရေး ပြေပြစ်သူ၊ အကျဉ်းထောင်ဥပဒေစည်းမျဉ်းစည်းကမ်းကို တိတိကျကျ လိုက်နာသူ၊ အဲဒီလို စံနှုန်းရှိသူမျိုးကို တန်းစီးက ရွေးချယ်တင်ပြခဲ့တာပါ။ အမှန်တော့ တန်းစီးတွေက သူ့အတွက်ခိုင်းလို့စေလို့ကောင်းမယ့် သူ၊ ရှာတတ်ဖွေတတ် သူမျိုးကို လက်သပ်မွေးပြီး ဗာရာခန့်ခဲ့တာပါ။

အဲ - ဗာရာတစ်ယောက်ဖြစ်ပါပြီတဲ့၊ ဘာများခံစားခွင့်ရှိလို့လဲ၊ ရှိပါပြီကော၊ ထောင်ထဲမှာ ထောင်ကျနေသည့် အကျဉ်းသူအားလုံးအတွက် ပုံမှန်အားဖြင့်တစ်လဆုမှတ်ရက်လေးရက်စီခံစားခွင့်ကို လူတိုင်း ခံစားခွင့်ရှိပါတယ်။

အဲဒီဆုမှတ်ရက်လေးရက်ဆိုတာလည်း အလုပ်အကိုင်အားလုံး လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းအတွက် ဆုမှတ်ရက်နှစ်ရက် ခံစားခွင့်ပေးပါတယ်၊ ကျန်းမာရေးကောင်းမွန်သူဖြစ်မှ ဆုမှတ်ရက်နှစ်ရက်ထပ်ပေးပါတယ်။ အားလုံးပေါင်းလိုက်တော့ တစ်လမှာ ဆုမှတ်ရက်လေးရက်ရရှိခံစားရပါတယ်၊

ဒီလိုတစ်လလေးရက် ဆုမှတ်ရက်ရနေသည့် အကျဉ်းသူများကြားမှာ သူများထက်အလုပ်ရှိန်ပိုထင်ဆောင်ရွက်ကြရသည့် ညကင်းဗာရာတာဝန်မျိုးအတွက် တနင်္ဂနွေဆုမှတ်ရက်တစ်ရက်ပိုရခြင်းကြောင့် ငါးရက်ခံစားခွင့် ရှိပါတယ်။

အများသူငါ အလုပ်နားရနေသည့် အချိန်မှာ နေ့စဉ်တာဝန်တွေကို မပြတ်ထမ်းဆောင်နေကြရသည့်ရေကန်ဗာရာ၊ မိလ္လာဗာရာ၊ ညကင်းဗာရာစသည်တို့မှာ တာဝန်ကျနေသည့် အကျဉ်းသူဗာရာတွေဟာ တနင်္ဂနွေ ဆုမှတ်ရက်တစ်ရက်ပိုရသွားခြင်းဖြစ်ပါတယ်။

ဒါကြောင့် ညကင်းဗာရာတာဝန်ကျသူဟာ တစ်ညလုံး မအိပ်ရတော့ဘဲ ကင်းထိုင်စောင့်နေရမှာလို့ ထင်နေကြမယ်မဟုတ်ပါဘူး။ ရပ်တွတ်တွေထဲ ကင်းစောင့်ကြသလိုကင်းဦး၊ ကင်းလယ်၊ ကင်းနောင်းဆိုသလိုညကင်းတာဝန်ကျသည့် အကျဉ်းထောင်ကြီးတွေထဲ ညကင်းဗာရာတွေမှာ ကင်းချိန်သတ်မှတ်ထားတာ ရှိပါတယ်။

ပထမဦးဆုံး ညကင်းဗာရာတာဝန်ကို တာဝန်ယူရသူ အကျဉ်းသူ ထောင်ကြီးအားလုံးထောင်ပိတ် ချိန် ညခြောက်နာရီမှစပြီး ညဘက် အိပ် ချိန်ပေးသည့် ညကိုးနာရီမှ ပထမတော



www.burmeseclassic.com

www.burmeseclassic.com

ပြီးဆုံးပါတယ်။ အစောဦးပိုင်းတင်းတာဝန်ကျသူမှ ညဘက် အိပ်ဆောင်ထဲမှာ အိပ်ရာဝင်ရမည့်ချိန်မှ ညအိပ်ချိန်ဝေးသည့်အချိန်ထိတိုင် ကင်းတာဝန်ယူရပါတယ်။

ဒုတိယတင်းကို တာဝန်ယူရသူက တော့ညတိုးနာရီထိုးလို့ခါတ်မကြီးအခေါ် မှ တင်းသံချောင်းတိုးရျက် ခေါက်လိုက်ပြီးအိပ်ချိန်ဆိုသည့်အော်ဟစ်အမိန့်ပေးသံဆုံးချိန်မှာ ဒုတိယညကင်းတာရာက ဆက်တာဝန်ယူရပါတယ်။

ဒုတိယတင်းတာဝန်ကျသူက ညတိုးနာရီမှ ညဆယ့်တစ်နာရီထိ နှစ်နာရီတင်းချိန်ကျပါတယ်။ စောဦးပိုင်းကင်းသာ သုံးနာရီကင်းချိန်ကျနေပြီးနောက်ပိုင်း တင်းအားလုံး နံနက်ထောင်ဖွင့်ချိန်ထိတိုင် နှစ်နာရီဆီ ကင်းတာဝန်ကျပါတယ်။ အဲဒီကင်းချိန်များကတော့ ခြောက်တိုးနာရီ ပထမကင်း၊ ဒုတိယတင်းက တိုးဆယ့်တစ်နာရီ၊ တတိယတင်းကတော့ ဆယ့်တစ်၊ တစ်ဖြစ်ပြီး စတုတ္ထကတော့ တစ်သုံးနာရီ၊ ပဥ္စမကတော့ သုံးငါးနာရီတာဝန်ကျတယ်။

အဖြစ်လို့လည်းဆိုတော့မနက်ငါးနာရီထိုးသည်နှင့်နောက်တစ်နေ့ထောင်ဖွင့်ရမည့်အဖွဲ့က ထောင်ဖွင့်ဝင်လာပြီး အိပ်ဆောင်ကြီးထဲမှာ ရှိနေသည့် လူပေါင်း အရေအတွက်ကို စစ်ဆေးလက်ခံကြပါတယ်။ ညက ပိတ်ထားခဲ့သည့် လူပေါင်း အရေအတွက်အတိုင်း ကိုက်ညီမှု ရှိသွားပြီဆိုလျှင် ထောင်ကြီးတစ်ခုလုံးမှာ ရှိနေသည့်အိပ်ဆောင်များ၊ တိုက်ခန်းများအားလုံး လူပေါင်းမှန်ကန်သွားသည်နှင့် ထောင်ဖွင့်သံချောင်း ခေါက်လိုက်ပါတော့တယ်။

⅄⅄⅄

တစ်ခါတစ်ရံ ညဘက်ထောင်ပိတ်ချိန်မှာ များသောအားဖြင့် ရုံးပြန်လာသည့် အချုပ်သားဥက္ကာကြီးများလမ်းကြောင်း နောက်ကျသည့်အခါ တော်တော်နှင့် ထောင်ပိတ်လို့မရပါဘူး။ အဲဒီလိုထောင်ပိတ်နောက်ကျနေသည့်အခါမျိုးမှာ လူပေါင်းရေတွက်၍မှားပြီး စာရင်းမကိုက်ညီလျှင်လည်း ထောင်ပိတ်လို့မရပါဘူး။ လူပေါင်းမကိုက်ညီမချင်း အိပ်ဆောင်တွေကိုလူပြောင်းစစ်ဆေးနိုင်းရပါတယ်။

အကျဉ်းထောင်ကြီးတစ်ခုလုံးအတွင်းမှာရှိသည့် အိပ်ဆောင်များ၊ တိုက်ခန်းကြီးများရှိလူအရေအတွက်ကို အမျိုးမျိုးအဖုံဖုံလူပြောင်းစစ်ဆေးကြပြီး အထပ်ထပ်အခါခါရေတွက်စစ်ဆေးကြရပါတယ်။

နောက်ဆုံး ထောင်ကြီးထဲမှာ ရှိနေသည့် အိပ်ဆောင်တိုက်ခန်းများမှ လူပေါင်းစာရင်း၊ ဒီအတိုင်းဖြစ်ပေါ်နေလျှင် အထဲမှာလူပေါင်းအရေအတွက်မှန်ကန်နေပြီမို့ အဝင်အဝတံခါး အဝင်အထွက်စာရင်းကို ပြန်လည်စစ်ဆေးကြည့်ရပါတယ်။

များသောအားဖြင့် လူပေါင်းမကိုက်ညီခြင်းမှာ ထောင်အုတ်ရိုးကျော် ထွက်ပြေးမှုဖြစ်ပွားလျှင် တံခါးအဝင်အထွက်စာရင်းကို ပြန်လည်စစ်ဆေးကြည့်ရပါတယ်။

နီးစပ်ရာထောင်အဝင်အထွက်တံခါးကြီးမှာနေ အကျဉ်းသားများ၊ အချုပ်သားများကိုရုံးထုတ်ပေးသည့်အခါမျိုး၊ လွှတ်ပေးလွှတ်သည့်အခါမျိုးမှာ ထောင်ထဲက ကျန်ရှိနေသည့် လူပေါင်းအဝင်အထွက်နှိုင်းယှဉ်ခြင်းကြောင့်စာရင်းရေးသွင်းသည့်နေရာမှာ မှားယွင်းမှု ဖြစ်ပေါ်တတ်ပါတယ်။

အဲဒီအချိန်ဆို တန်းစီး၊ ဝါဒါတွေခြေကျင်းလိမ်နေကြပြီလေ။ အိပ်ဆောင်လူပေါင်းအခါခါတောင်းလို့ပြန်ရေတွက်လိုက်နဲ့ အလုပ်တို ရှုပ်နေကြတော့တာပဲ။ မိမိအခန်းထဲတရားလူပေါင်းရေတွက်တာ မှားလို့ကတော့ သေပြီသာမှတ်။ အိပ်ဆောင်မှူး ထောင်မှူးတကာလည်း လက်ရှိတာဝန်ကျနေတဲ့ ဝါဒါတွေကိုတာဝန်က ဖြုတ်ချပြီး အခန်းပြောင်းခံရမယ် ဆိုတော့ တာဝန်ရှိတဲ့ဝါဒါတွေမျောက်မီးစဲ ကိုင်မိသလိုဖြစ်နေရ။

အိပ်ဆောင်မပိတ်နိုင်ရှင်းအတွင်းသူတွေမှာလည်း ထိုင်နေရလွန်းတော့ညောင်းချိနေကြတယ်။ ဝါဒါတွေလည်း မိမိနေရာ အိုးစားတွဲမှာ ခြောက်တော့အခါခါလူကိုရေတွက်စစ်ဆေးနေတော့တာပဲ။

အဖြစ်မရှိ အဖြစ်ရှာသလို အိပ်ဆောင်ဘေးနှစ်ယောက်စီတွဲထိုင်နေကြတာထောင် တန်းမညီလို့၊ တန်းစောတ်လို့နဲ့ဘဲအစရှာမရသလိုအတွင်းသူတွေကိုပဲ မဲပြီး ဟောက်ဟိန်းနေတော့တာပဲ။ လူပေါင်း ကိုက်ညီမှုမရှိသမျှတာလတော်လုံး ဟိုလူ့ဟောက်၊ ဒီလူ့ဟောက်နဲ့ဝါဒါတွေ ခြေကျင်းကို လိမ်နေကြတာပဲ။

ဒါကြောင့် အကျဉ်းထောင်ကြီးထဲမှာ ထောင်ကျနေခဲ့ကြသူအားလုံးနဲ့ ထောင်ဝန်ထမ်းအားလုံးပိုလို ထောင်

www.burmeseclassic.com

ပိတ်သံချောင်းခေါက်သံကိုပဲရင်တထိတ်ထိတ် နားစွင့်နေကြရတယ်၊ ထောင်ပိတ်သံချောင်းခေါက်သံ ကြားလိုက်ရမှပဲ တစ်နေ့တာအတွက် အေးအေးချမ်းချမ်း ပြီးစီးသွားပြီဆိုပြီး စိတ်ချလက်ချ နားလို့ရှာလေ၊

ဒီလို ထောင်ပိတ်သံချောင်းခေါက်သံလေးကို ကြားလိုက်ရပြီဆိုသည်နှင့် ထောင်ထဲမှာ ထောင်ပိတ် ထိုင်စောင့်နေသည့်ဝန်ထမ်းအားလုံး ဝမ်းသာပျော်ရွှင်သွားကြပြီး ထောင်ထဲက ရလာသည့် အကြွေအစန်အထုပ်လေးတွေကိုယ်စီ ဆွဲလို့ ဝမ်းသာစွာ အိမ်ပြန်နိုင်ကြတော့တယ်၊

ဒါကြောင့်လည်း ထောင်ပိတ်သံချောင်းခေါက်သံလေးဟာ လူအားလုံးအတွက် ဝမ်းမြောက်ခြင်းနိမိတ်ကို ဆောင်သည့် ရွှေရင်အေးသံချောင်းခေါက်သံရယ်လို့ ထောင်ထဲကလူအားလုံးနားလည်အသိအမှတ်ပြုထားတယ်၊

ထောင်ပိတ်သံချောင်းခေါက်သံ ထွက်ပေါ်လာပြီးသည်နှင့် ထောင်ထဲမှာ တာဝန်ကျနေသူအားလုံးအိမ်ဆီကိုပြန်လို့ရကြတယ်၊ ညတာဝန်ကျသူတွေကတော့ ညနေပိုင်းထောင်ပိတ်ချိန်ရောက်မှ ထောင်ထဲကို ဂျူတီဝင်လာရသူတွေ ဆိုတော့ ညဘက်လုံခြုံရေးကင်းကို ဆက်လက်တာဝန်ယူကြရတယ်၊

ဒီတော့လည်း ဝန်ထမ်းတွေရဲ့ဘဝဟာ ဆုံလည်နွားတွေလိုပဲ ဖြစ်နေခဲ့တာ ခပေါ့၊ (၂၄)နာရီကာလပတ်လုံး ဂျူတီပြီး ဂျူတီနဲ့ဘဲ ဆက်နေရတယ်၊ တစ်နေ့လုံး တစ်ညလုံး ဝန်ထုပ်ဝန်ပိုးကြီးကို ခေါင်းပေါ်ရွက်တင်ထားသလို ဖြစ်နေတယ်၊

ထို့အတူပဲ အကျဉ်းသား၊ အကျဉ်းသူဆိုတာကလည်းတစ်နေ့တာလုံးလုပ်ငန်းတွေထဲမှာလည်း ပတ်နေရသလို လုပ်ငန်းတာဝန် ပြီးသွားပြန်တော့လည်း ညကင်းဗာရာ ဆက်ဝင်ရနဲ့ လုံးလည်ချာလည် လိုက်နေကြတာဘဲ၊

⁂

ညကင်းဗာရာတာဝန်ကျနေပြန်တော့လည်း နားရတယ်မရှိပါဘူး၊ အိပ်ဆောင်ထဲမှာအဆောင်ရှေ့နောက်လမ်းလျှောက်ကင်းစောင့်နေရတယ်၊ ဘယ်ကောင်မတွေများ ဘာပြဿနာပေါ်လို့ ဘယ်လိုဖြေရှင်းရမလည်းဆိုပြီး မျက်စိဒေါက်ထောက် စောင့်ကြည့်နေရတယ်၊

အိပ်ဆောင်ထဲက အကျဉ်းသူအားလုံးကတော့ ထောင်ပိတ်ဘုရားရှိခိုးပြီး ...တာ လက်ဖက်သုပ်၊ ရေနွေးကြမ်းနဲ့ ...ခဲ့ပြီး စကားတွေ ဖောင်အောင် ပြော...ကြတာများ စုံရောပဲ၊ တချို့စာရေး...ရာမတွေထဲက ထောင်ကျလာလျှင် ...ပေတဟုသုတတွေ မေးရ၊ မြန်းရ စုံနေ...တာပဲ၊

...များသောအားဖြင့် စာပေလောက ...သရဲတစ္ဆေဝတ္ထုတွေခေတ်စားလာနေ...စာရေးဆရာကြီးတွေရဲ့ကိုယ်တွေ့ ...လန့်ကြျတ်တွေလား မသိပါဘူး၊ ...ရဲ့တစ္ဆေခြောက်တာတွေကို ပြောပြ...ကြျက်သီးဖြန်းဖြန်းတောင် ထတယ်၊

အထူးသဖြင့် ဂန္ထဝင်ရဝတ္ထု ရေးနေ...ည့်နာမည်ကြီး စာရေးဆရာမောင်...(သန်လျင်)တို့၊ သရဲတစ္ဆေဝတ္ထု...ကောင်းသည့်မင်းဘုန်းသိခ်သူတို့...သော ရွှေဘုန်းကဲတို့ စုံနေတာပဲ၊

ကျွန်မတို့ ဗာရာတာဝန်ကျသူက ...လမ်းလျှောက်လိုက်၊ စကားဝိုင်းထဲ ...ဝင်နှိုက်စားလိုက်နဲ့ -

"ဟဲ့ - ဆရာ မင်းဘုန်းသိခ်သူဆို...လားဟင်"

"အို - သူက တစ္ဆေသရဲဝတ္ထုသာ ...ကောင်းတာမဟုတ်ဘူး - အပြင်...မှာ ထောင်ထောင်မောင်းမောင်း ...ကြီးတဲ့"

"အေးတယ် - ငါ အပြင်ရောက်ရင် သွားမိတ်ဆက်ကြည့်ဦးမယ်"

"ကောင်မ - တော်တော်ထ - တိုက မိတ်လာဆက်တုန်း မိတ်လိုက်လိုက်လျှင် နာဦးမယ်"

"ဟီး - ဟီး - ဟား - ဟား"

အဲဒီလိုပဲ ထောင်ထဲက ကောင်မတွေများ နန့်ချက်ကတော့ လတ်လန်းပါတယ်၊ သူတို့မှို မစားရဝမန်း ရမည်ရှာ ပြောဆိုနေကြတယ်၊ အိပ်ချိန်ဝေးသေးသမျှတော့ ထောင်ထဲက လေထန်တုန်းလေးမှာ လေထန်နေဆဲပါပဲ၊

ခုလိုဘာရယ်မဟုတ်၊ ပျော်စရာကြံဖန်ရှာပြီး ပါးစပ်ထဲ တွေ့ကရာတွေ ဖွစ်ပြောနေရတာကိုပဲ သူတို့အတွက်တစ္ဆာ တစ်ခုလိုပဲ၊ ကျွန်မတို့ဗာရာတွေကတော့ ထောင်ထဲရောက်နေခိုက် ကိုယ်တာဝန်ကျသည့်နေရာလေးမှာ တာဝန်တွေ မလစ်ဟင်းရအောင် လိုက်လံစောင့်ကြည့်နေရတယ်၊

အဲရေးထဲ ဂါတ်မကြီးပေါ်က နာရီမောင်းထိုးသည့် ကင်းသံချောင်းသံကို ကြားတိုင်း ဝါးဆစ်တုတ်လေးခေါက်ပြီး လူပေါင်းစာရင်း သတင်းလှမ်းပို့နေရတော့ သူတို့လိုအားအားယားယားပိုင်း

www.burmeseclassic.com

ဗွဲ့စကားအေးအေးဆေးဆေး မပြောနိုင်ပါဘူး။

"အင်း - ဟင်း - ဟင်း - အမေရဲ့ - နာလိုက်တာ"

"ဟဲ့ - ခင်မြတ် - ဘာဖြစ်တာလဲ သရဲခြောက်တာလား"

"သောက်ကောင်မ - ဖိုးဖာမက တစ်မျိုး - ဘယ့်နှယ် အိပ်ဆောင်ထဲမှာ သရဲခြောက်ရမလား။ ဟိုနောက်ဘက် တ ဗိုက်ကြီးသည်မ မိသီ ဗိုက်နာလာလို့ ညည်းသံဟဲ့"

"ဟင်း - ဟင်း - ကျွန်မတို့ကလည်း သရဲစာစွေအကြောင်း ပြောနေတုန်း ညည်းသံကြီး ရုတ်တရက်ကြားတော့ ကြောက်တာပေါ့တော်"

အိပ်ဆောင်ကြီးခေါင်းရင်းနားမှာ ဝိုင်းဖွဲ့စကားပြောနေသည့် အကျဉ်းသူတစ်သိုက်မှာ စကားကောင်းနေတုန်း ရုတ်တရက် ညည်းသံကြီး ပေါ်ထွက်လာလို့ လန့်ဖျပ်သွားကြတယ်၊ ဖိုးဖာမလို့ခေါ်သည့် အေးမာက တစ်ခုလပ် ခင်မြတ်ကို စကားဝိုင်းထဲကနေ လှမ်းမေးလိုက်ခြင်းကို ပြန်ပြောနေကြတာဖြစ်တယ်။

ဖိုးဖာမလို့ခေါ်သည့် အေးမာဆိုသူတလည်း စပ်စပ်စုစုနိုင်တတ်သူ၊ နေရာတကာ ထစ်ခနဲဆိုသူပဲ အထိတ်ထိတ်



ဟုတ်တယ်လေ – နှင်တို့ စဉ်းစားကြည့်ပါလား။ ဦးစားနေတုန်းတော့ ဘယ်သူမှမသိအောင် တိုးတိုးတိတ်တိတ် ကြိတ်ခံနေကြတာလေ။ ယော – ကလေးမွေးတော့မယ်ဆိုတော့မှ သူတို့ အထုပ်အထည်ကြီးကို လူကြားသူကြား မရှက်နိုင်အောင် ဖော်ဟစ်ညည်းတွားနေတာ ကြည့်ပါလား။

နှင့်လန့် သူမက အပြင်လောကမှာ ...ကလည်းကတည်းက ဘိန်းဖြူစွဲ ... ဘိန်းဖြူလိုချင်တပ်မက်ဖောနှင့် ...တ်ဆုံးယောကျ်ားလေးတွေနောက် ...တ်ရင်း ဘိန်းဖြူ မသောက်ရလျှင် ...အေးခံသည့်အဆင့်ပါရောက်သွား ...နိုးဖာမ လို့ အများက ခေါ်ခဲ့ကြတာ။ ...တာ ဘိန်းဖြူမှုနှင့် ထောင်ငါးနှစ်ကျ ...ဘူး။

တစ်ခုလပ်ခင်မြတ်ကလည်း ဘာ ...ဘးလဲ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်း ...တာပြီး လွန်လွန်ကျူးကျူး ဖြစ်ကုန် ...တော့ လက်ထပ်ပေါင်းသင်းနိုင်းတာ၊ ...င်လေးက မယူနိုင်ဘူးဆိုပြီး ထားခဲ့ ...လင်ကောင်မပေါ်ဘဲ ကလေးမွေးပြီး ...စ်ခုလပ်ဖြစ်နေတာ၊ သူကလည်း ...န်းဖြူရောင်းမှုနဲ့ ထောင်ဆယ်နှစ်ကျ ...ခဲ့တာ။

ကြြည်ဖြာတစ်ယောက်သူမဟာရာ ...ဝန်တာ့စနရှိန်ကြီးမှာ အရေးပေါ်ကိစ္စ ...ရက် ပေါ်ပေါက်လာလို့ ခြေမကိုင် ... ထတ်မကိုင်မိဖြစ်သွားတယ်၊ ဘယ့် ...တ် ကိုယ့်ဗိုက်နာနေလျှင်လည်း ...တာစီးစီး ထောင်မပိတ်ခင် မွေးပါ ...တော့လား၊ ခုတော့ ထောင်ပိတ်ပြီးမှ

ကလေးမွေးမယ့်အခြေအနေ ပေါ်လာရတယ်လို့။

ကလေးမီးဖွားဖို့ဆိုတာ မလွယ်တဲ့ကိစ္စမှတ်လို့၊ ဆေးရုံကြီးပေါ်မှာဆို နာ့စ်မတွေ အကူအညီနဲ့ ရှောရှောရှုရှု မွေးနိုင်မှာ၊ ခုတော့ ထောင်ထဲလာပြီး မီးဖွားရမယ့်အခြေအနေဖြစ်နေပြီ၊ ကျွန်မလည်း တန်းစီးကို သွားသတင်းပို့နေရတယ်။ တန်းစီးကလည်း ခေါင်းရင်းနေရာဘုရားကျောင်းဆောင်အောက်မှာ စောင်ထူထူခင်းပြီး ညဘက် အနိပ်စံရင်း ဖိမ်နဲ့ နှပ်နေတာ၊ ကျွန်မ သတင်းပို့တော့မှပဲ သူ့အိပ်ရာနေရာကနေ လူးလဲထလာပြီး လိုက်ကြည့်တယ်၊ ဗိုက်ကြီးသည် အတူနေသူကတော့ မခံမရပ်နိုင်အောင် ဗိုက်နာလာလို့ ထင်ပါတယ်၊ လူးလိမ့်အော်တစ်ညည်းတွားနေရှာတယ်၊ တန်းစီးက ညအိပ်ဆောင်တာဝန်ကျဝန်ထမ်းအမျိုးသမီးကို လှမ်းနှိုးသတင်းပို့နေတယ်၊

"ဟဲ့ - ကောင်မတွေ - အဲဒီဗိုက်ကြီးသည်ကို အိပ်ခန်းနောက်ဘက် လွတ်လွတ်နေရာမှာ ပိုင်းရွှေ့ထားကြစမ်း"

"ဆရာမ - လူနာက လှုပ်လို့တောင် မရဘူး၊ မဖို့နေနေသာသာ ကိုင်ရွှေ့တာနဲ့ စွပ်အော်နေတော့ တာပဲ၊ ရေနွေ

www.burmeseclassic.com

ထောင် ပေါက်နေပြီထင်တယ် – မွေး တော့မယ်"

"တဲ့ . . . သောက်ပလုတ်တုတ် . . . တောင်မက အရေးထဲ အရာပေါ်လာ အောင်လုပ်တယ်။ ညနေဘက် ထောင် မဝိတ်ခင်အချိန် မွေးပါတော့လား၊ ဘယ့် နယ်ညဘက်ကြီးကျမှ မွေးဖို့ဖြစ်ရတယ် လို့"

"အော် – ဆရာမကလည်း – အပျို ကြီးဆိုတော့ဘယ်ခံစားနားလည်ပါ့မလဲ၊ ဒါမျိုးဆိုတာ အောင့် ထားလို့ရတာ တော့တဲ့သူ။ အခုဗိုက်နာ၊ အခုမွေးတော့ တာဘဲ"

"သိပါဘူးအေ – ငါတို့တော့ နား မလည်ပါဘူး၊ ဒီလိုဒုက္ခတွေ မခံစားချင် လို့တစ်ကိုယ်တည်း အပျိုကြီးပဲ လုပ်နေ တာ"

"အောင်မလေး – အပျိုကြီးမမရယ် အရေးထဲ ကြော်ငြာဝင်နေသေးတယ်၊ တဲ – တဲ – ဆရာမရယ် – ဆရာဝန်မြန်မြန် ခေါ်ဖို့ အကြောင်းကြားပါ"

တာဝန်ကျဝန်ထမ်းအပျိုကြီးမမ တစေတော့ ဒီလိုအပူအပင် နားမလည်သူမို့ အေးအေးဆေးဆေးလုပ်နေလို့တန်းစီး ကသတင်းပို့ဖို့ မြန်မြန်လော်ဆော်နေရ တယ်၊ အိပ်ဆောင်ထဲကနေ ဂါတ်မကြီး အထက်ဆီကိုအရေးပေါ်မွေးလူနာဆိုပြီး သတင်းပို့နေသံကို ကြားနေရတယ်။

မကြာမီမှာပဲ အမျိုးသမီးဆောင် တံခါးဝသံပြားကို ခေါက်သံ ကြားရပြီး အဝင်အဝ တံခါးမကြီးကို သော့ဖြင့် ဖွင့် နေသံ ကြားနေရတယ်၊ တာဝန်ရှိသည့် ထောင်ဝန်ထမ်းအဖွဲ့တွေဟာ ညဘက် အမျိုးသမီးဆောင်ထဲမှာ အရေးပေါ် မွေးလူနာဖြစ်လာလို့ ထောင်ဆရာဝန် ကြီးနှင့် တာဝန်မှူး ထောင်မှူး၊ ဆေးမှူး တပ်ကြပ်သိန်းဆန်းနှင့် အမျိုးသမီးဆေး မှူး နော်မူဖောတို့ပါ အိပ်ဆောင်ထဲ ဝင် လာနေကြတယ်။

အမျိုးသမီးဆောင်အဝင်အဝတံခါး ကိုညတာဝန်ကျဝန်ထမ်းအမျိုးသမီးက သော့ဖြင့် ဖွင့်လိုက်တယ်၊ အိပ်ဆောင် အဝကနေ –

"ဟဲ့ – တန်းစီး – နင့်ကောင်မတွေ အိပ်နေကြတာလမ်းရှင်းခိုင်းစမ်း – အထဲ ကို ဆရာဝန်ကြီးနှင့်အဖွဲ့ဝင်မယ်"

အိပ်ဆောင်တန်းစီးမဲ့ကြီးခင်ခင်က လည်းအပြင်ဘက်မှလူအုပ်အထဲဝင်နိုင် ... ကြိုလမ်းပေါ် ပိုးလိုးပက်လက် အိပ် ... နေသူအမျိုးသမီးအကျဉ်းသူများကို ... သို့ ရွှေ့အိပ်ခိုင်းနေခဲ့တယ်၊

အိပ်ဆောင်နောက်ဘက်နားနေရာ ... အုံပြုံနေကြသည့်အကျဉ်းသူများ ... လည်း နေရာဖယ် ရှင်းလင်းပေးနေ ... တယ်။ ဆရာဝန်ကြီးကိုယ်တိုင် ပါလာလို့ ... ဆေးပါဘူး။ အကျဉ်းသူ ဗိုက်ကြီး ... ရဲ့ အော်ဟစ်ညည်းတွားသံက ... တကျက်ညံနေတယ်၊

"တောင်မကလည်း – ဗိုက်နာတာ ... တော် – သူ့ရဲ့မချိမဆန့် အော် ... ကြီးက တစ်ဆောင်လုံးကို ဆူညံ ... တော့တာပဲ"

တစ်ခုလပ် ခင်မြတ်က အိပ်ဆောင် ... အားလုံးအိပ်မရ၊ ထိုင်မရအောင် ... ထွက်လောရိုက်နေသည့် အကျဉ်း ... ကို လှမ်းကြည့်ပြီး ပြောနေခြင်းဖြစ်ပါ ...

"အဲဒါပေါ့ – အစကတော့ နိုးစားနေ ... တောင်းလို့ငြိမ်ခံနေကြပြီး အခုမှ ... သိရှာသိ လူကြားသူကြားမကျန် ... နားမခံသာနိုင်အောင် အော်ဟစ် ... ဗိုက်ကြီးသည်မတွေရဲ့အကြောင်း ... ဆရာကြီးမင်းသိခ်ကကဗျာတစ်ပုဒ် သူ့ဝတ္ထုစာအုပ်ထဲမှာထည့်ရေးခဲ့ဖူး တယ်ဟဲ့"

"ဟုတ်လား – ဖိုးဖာမရယ်၊ ညည်း က စပ်စုမဆိုတော့ စာပေလည်းနှံ့စပ်မှာ ပဲ၊ အဲဒီကဗျာလေး အားလုံးသိအောင် ရွတ်ပြစမ်းပါဦးဟယ်"

"အဟမ်း – အဟမ်း – ဒီလိုဟဲ့"

"ဝင်သည့်အခါ လူမသိ
နှုတ်က လုံပါဘိ၊
ထွက်သည့်အခါ ကျယ်ပါဘိ
အမြှောက်ကိုသာ ကြည့်၊ တဲ့"

"ဟား – ဟား – ဖိုးဖာမတော့ လုပ်ချ လိုက်ပြန်ပြီ"

"ဟုတ်တယ်လေ – နင်တို့ စဉ်းစား ကြည့်ပါလား၊ နိုးစားနေတုန်းတော့ဘယ် သူမှမသိအောင် တိုးတိုးတိတ်တိတ် ကြိတ်ခံနေကြတာလေ၊ ဟော – တလေး မွေးတော့မယ်ဆိုတော့မှ သူတို့ အထုပ် အထည်ကြီးကို လူကြားသူကြား မရှက် နိုင်အောင်အော်ဟစ်ညည်းတွားနေတာ ကြည့်ပါလား"

"ဖြန်း – ဖြန်း"

ကြိမ်ရိုက်သံ တဖြန်းဖြန်းအသံ ကြားလိုက်ရတော့မှပဲ တဟားဟားနှင့် ပွဲကျနေကြသည့် အကျဉ်းသူတစ်သိုက် ပါးစပ်ပိတ်သွားတော့တယ်။

www.burmeseclassic.com

"ကောင်မလေး - တဟီးဟီးတဟားဟား လုပ်မနေကြနဲ့။ နင့်လင်တာဝန်မှူး ထဖောက်လို့ ဟုတ်ပေ့ဖြစ်နေမယ်၊ အားလုံးငြိမ်ကြစမ်း"

ကလေးမီးဖွားနေသည့်နေရာမှာ ဆရာဝန်ကြီးနှင့် ဆေးမှူးတို့နှစ်ဦးမှာ ချွေးတလုံးလုံးနှင့် စက်ရာစက်ဆစ်မွေးဖွားရို ကြိုးစားနေတုန်း အကျဉ်းသူတစ်သိုက်မှာတော့ ကလေးမီးဖွားသည်ကို စာခွဲပြီး ရယ်ပွဲဖွဲ့နေကြသည်ကြောင့် ဝန်ထမ်းမကာ အိပ်ဆောင်အပြင်မှာ လှမ်းတန့်တားနေရခြင်းဖြစ်ပါတယ်။

ဝန်ထမ်းအမျိုးသမီးမှာ အပျိုကြီးဖြစ်နေသောကြောင့် သွေးသံရဲရဲဖြင့် ကလေးမီးဖွားနေခြင်းကို မကြည့်ရဲ၍ အိပ်ဆောင်အပြင်မှ စောင့်ကြည့်နေခြင်းဖြစ်ပါတယ်။

ဒီအချိန်မှာပဲ ညအိပ်ချိန်ပေးတော့ ညည်မို့ အကျဉ်းသူများအားလုံး မိမိတို့အိပ်ရာနေရာများမှာ နေရာယူကြဖို့ ညတာင်းတာရာ မကြည်ပြာက လိုက်လံသတိပေးနေရတယ်။

ထချိန်ကလည်းအပြင်မှာကျန်ရစ်ခဲ့တဲ့ယောက်ျားနှင့်ကလေးတွေကို သတိရ လွမ်းဆွတ်စိတ်နှင့် ဆေးလိပ်ဖွာရင်း အိပ်ရာပေါ်မှာလှဲလို့လွမ်းဆွေးအားငယ်ဖြစ်နေခဲ့ကြတယ်၊ ညရှစ်နာရီနှစ်မောင်းခေါက်ပြီးချိန်မှာတော့ မကြည်ပြာက ဆေးလိပ်သောက်နေသူတွေကို မီးငြိမ်းသတ်ကြဖို့ လိုက်လံနှိုးဆော်နေရတယ်။

မအိပ်နိုင်ကြသေးသည့်ထိုင်စကားပြောနေကြပြီး ဝိုင်းဖွဲ့နေသူများကိုကိုယ့်အိပ်ရာပေါ်မှာ အိပ်နေကြရန် လိုက်လံပြောဆို သတိပေးနေခဲ့တယ်၊ နောက်ညဥ့်တဖြည်းဖြည်း နက်လာသည်နှင့် အမှုစကားပြောဆိုနေသံများဟာတစ်စတစ်စနှင့် တိတ်ဆိတ်ငြိမ်သက်သွားတယ်။

"အိပ်ချိန် ..."

ဆိုသည့်အော်ဟစ်အမိန့်ပေးလိုက်သံကြီး ဂါတ်မကြီးပေါ်မှ ကျယ်လောင်စွာ ကြားလိုက်ရပြီးနောက်မှာ သံချောင်းခေါက်သံ ဆက်တိုက်ပေါ်ထွက်လာတော့တယ်။

"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

သံချောင်းလေးချက်ခေါက်ပြီးသွားသည်နှင့် နာရီမောင်းတိုးချက်ကို ဆက်တိုက်ခေါက်လိုက်တယ်၊ အုတ်ရိုးဝင်းပတ်လည်မှာ ရှိနေကြသော မျှော်စင်များမှလည်း သံချောင်းခေါက်သံအသီးသီး ပေါ်ထွက်လာတယ်။



အဲဒီလို သံချောင်းခေါက်သံတွေ ဆူညံညံကြားလိုက်ရပြီးနောက် အိပ်ဆောင်အသီးသီးမှ လူပေါင်း သတင်းအခြေအနေကို အိပ်ဆောင်(၁)မှ စပြီး ဆက်တိုက် သတင်းပေးပို့ကြရတယ်။

ဒီနေရာမှာ ဟိုးခေတ်အခါဆီက ညတာင်းတာရာများ၏သတင်းပို့ပုံကို ဇာတ်အနေဖြင့် ဖော်ပြလိုက်ပါတယ်။

"ထောင်ဝင်နံပါတ်(၅၆၂၇)စီတာရာ ဘယ်ကြီး မျဉ်းတန်းမကျိုး၊ သောက်ရေအိုး ဝဲဗလားမကွဲ၊ အထဲမှာ အားလုံးကောင်း၊ ရှိရှိသမျှလူပေါင်းနှစ်ရာ့ငါးဆယ် ယောက် ထိပ်ပေါက်ခေါင်းကွဲအိုးစားမွေးချိုအားလုံးကောင်းဗျား"

ဆိုပြီး ယောက်ျားအိပ်ဆောင်တွေထဲကနေ ဂါတ်မကြီးပေါ်ကိုအစောင့်စန္ဒရီထံခစ်ကျယ်ကျယ် အော်သတင်းပို့ကြရပါတယ်၊ အဲဒီလို အမျိုးသမီးဆောင်ထဲက တာရာရဲ့သတင်းပို့လိုက်ပုံကလည်း၊

"ကြမ်းမကျိုး၊ ခြောက်ကိုးမတာရာ ကြည်ပြာ ...

လူပေါင်းနှစ်ရာ့သုံးဆယ်ယောက်၊ အားလုံးကောင်းပါသည် ရှင့်"

ဟူသတည်း။

⇨ ထောင်ရှုံး၁၀

**ဆီးချို**

ငှက်ပျောပွင့်ကို ချက်စားပါ။
တောကြွက်မောက်ဆားနှင့် ပျားရည်ခွဲသောက်ပါ။
ဆီးဖြူသီးစေ့ကို စားပါ။
တမာခေါက်ကိုပြုတ်၍ မနက်စောစော သောက်ပါ။
ခံတက်ခေါက်ကို လေးခွက်တစ်ခွက် ကျိုသောက်ပါ။

**ခူနာ**

ညောင်ခေါက်ကို ရေနှင့်ကြိတ်၍ အနာကို အုံပေးပါ။
မှည့်လှုယ်ပြီး ခူနာပျောက်ဆေး ဆူးရွက်ကို ထုံးဖြူဖြင့် ကြိတ်၍အုံပါ။

www.burmeseclassic.com

**အရပ်**ရှည်ရှည် ပိန်ပိန်ပါးပါး အဆစ်အမြစ်ကြီးကြီး ရိုးကြီးဂေါင်ဂင်၊ လမ်းသွားလျှင် ဆတ်တောက် ဆတ်တောက်နှင့် ထောင့်သန်းဆွဲနေသည့် နွားအိုကြီးလို သွားတတ်သည်။ မျက်နှာတွင် ပါးရိုးကြီးများ ငေါထွက်နေ၏။ သူ့ဆံပင်သည် နီကျင့်ကျင့် ကြမ်းရှရှ အတင်းရော အခမ္ဘဆွဲလွှဲ၍မှ မညှပ်နိုင်းလျှင် အမြဲတစေ ဆံပင်က ဘုတ်သိုက်။ မျက်လုံးအိမ်ကလည်း သုံ့များထက် ပိုကြီးသည်။ သူ့သူငယ်အိမ်က သိသိသာသာ နက်မှောင်တောက်လက်နေတတ်လျက် မျက်လုံးတွင် တစ်ခုခုကို မျှိုသိပ်သိုဝှက် အောင့်အည်းထားရသည့်ဟန် ပေါ်နေစမြဲ။ အသားအရည်က နေလောင်ထားသည့် ကြေးညိုရောင်။



တံနှင့် ခြိုးနှင့်
ဤကော်နှင့် ယှဉ်ခဲ့ကြသည့်
ကာစားသမား၊ ရှင်သမားတစ်ယောက်၏
ရှစ်တွေးပွေလီလှသောဘဝ ..



www.burmeseclassic.com

www.burmeseclassic.com

သူ့နာမည်ရင်းက ညိုစိမ့်၊ အသက် (၄၀)ကျော် (၅၀)နီးပါးဖြစ်၍ ကိုညိုစိမ့်ဟု ခေါ်မည်ဆို ခေါ်၍ရသည်။ သို့တိုင် ထောင်ထဲမှာ သူ့နာမည်ရင်းကို တခုတ်တရ သိသိမှတ်မှတ် ခေါ်မည့်သူ မရှိ။ ရှပ်လက္ခဲ ဟုပဲ နှုတ်ကျိုးနေကြ၏။ သူကလည်း သိသည်။ သည်တစ်ထောင်လုံး ရှပ်လက္ခဲဆိုလျှင် သူတစ်ယောက်တည်း။ သူ့အဖေ၊ အမေပေးထားသည့် ညိုစိမ့်တို့ဝင်လျှင် သူ့ဘာသာသူ မေ့ချင်ချင်။

ရှပ်လက္ခဲက ထောင်ကျဆောင်၊ (၂) ဆိုဒ်မှာ တန်းစီးလည်းမဟုတ်၊ ဗာရာလည်းမဟုတ်၊ စည်းကမ်းထိန်းဟုလည်း ခေါ်အပ်သောထောင်မှူး၏လက်ကသုံး ထောင်ဝေ့၊ သတင်းပေး ဝတီတစ်ဦးဖြစ်သည်။ သူနေသည်ကသာ ထောင်ကျထောင်(၆)ခန်းပင်ဖြစ်သော်ငြား၊ ထောင်ကျအချုပ်၊ ဆေးရုံအလုပ်ကြီးဘက်နှင့် တားဗိုကြီး၊ မိန်းဂျေး(လ်)၊ ထောင်ကျရုံး၊ အချုပ်ရုံးအနှံ့ ဖြတ်သန်းခွင့်လက်မှတ် မလိုရှိ(၆)ဘုတ်မကိုင်ရဘဲ ဥဒဟို သွားချင်သလို သွား၊ လာချင်သလို လာသသောရှိ ကရောဟိ အခွင့်ရနေသူ ဗွီအိုင်ပီ ပုဂ္ဂိုလ်ထူးဖြစ်သည်။

တံငါဒိုရသည့် ငါးမြွေတိုးတစ်ကောင်နှယ် ထောင်တစ်ထောင်လုံးကို ဟိုဝင် သည်ထွက် လျှောခနဲ လျှောခနဲ ကူးကလန်ခတ် ခြေဖွေပေါက်နေသူလည်းဖြစ်၏။ အရပဲမိန်းဂျေး(လ်)မှာ သူ့ကိုတွေ့လိုက်သေးသည်၊ တော်နေကြာ ဆေးရုံဆောင်၊ ထမင်းဖိုထဲရောက်နေပြီ၊ ခဏနေ အလုပ်ကြီးဘက်မှာ ဖတ်သီဖတ်သီ ကောလန် ကောလန်နှင့် တွေ့ရပြန်သေး။ ဟော - မကြာခင် မှတ်ဆလင်ဗို၊ ဗိုခေါင်းချက်စုပဲကုလားဟင်းချက်ရာမှာ ပါတော်မူနေပြန်ချေပြီ။ -

ထောင်ဆိုသည်က အလွန်ခက်၏။

လူနှင့်လူချင်း၊ လူကိုလူချင်း လူကလူချင်း အုပ်ချုပ်စီမံရသည့်အလုပ်ပေမို့ ရှပ်လက္ခဲတို့လိုပါလေရာငါးပိချက်များကိုလည်းကိုယ့်လက်ရင်းကနေတပည့်လုပ်ထားပြီး သူ့ကိုလည်း သူ့မျက်စိ သူ့နား အတားသုံးလျက်ထောက်ထားပြီးဖြစ်စေ၊ ယာလည်းညက်၊ ကြက်လည်းမောလုပ်ရတတ်သည်မျိုးလည်း ရှိ၏။ ဖြင်ပဖြင် လွှင်အရပ်ထဲမှာ ဆေးဖော်ကြောဘက် လုပ်မည့်သူမရှိတတ်လေသည့်ဘိန်းစားများကသော်မှထောင်ထဲ၌ထောင်ပိုင်ကြီး ထောင်ပိုင်ကလေးတို့၏လက်သုံးထောင် ထွင်းရှားလော့ဟုမ်း ဖြစ်ကောင်းဖြစ်တတ်သေးသည်ကော။

သင်းတို့ကပေမင့်လည်း ထောင်ကြီးစံဖြစ်၍သာ ဖြစ်ခဲ့ရော့။ သူ့တို့ ဆိုင်ရာပိုင်ရာအလုပ်များ၌ဖြင့် တစ်ပိုင်စားအဖွယ် ကျွမ်းမှုကျွမ်း။ ခါတစ်ရံ သင်းတို့ ကျွမ်းကျင်ရာ လီမွာရာအလုပ်ကလေးများကို သင့်သလို အသုံးချရတတ်သေး၏။ ပမာအားဖြင့် တုန်ရှိ(ခ)သာခွေယိုင်ဟု သည့် ကျွန်တော့် တပည့်ကျော်စောက်ထွင်းဝိဇ္ဇာငနဲ ဆိုလျှင် အရာရှိ၊ ဝန်ထမ်းရှိရှိသမျှ အပေါင်းတို့၏ သူတို့ အိမ်က သော့ပျက်များကိုပြင်လိုက်ဆင်လိုက်ရသည်များ အားရနားရသည်မရှိ။ မြွေပွေးသိန်းမောင်တို့၊ ဖော်ဝိတ်တို့ ကြောင်တစ်ရာဗိုလ်တို့လို လက်ဖွေ့သမား ကိုယ့်လုံ့ပညာသည်များမျှောမှာလည်း ဝန်ထမ်းငယ်များအား အခမဲ့သင်တဲ့ ကြားဟဲ့ဖြင့် ဖတ်သီကို ကျူပါရော့။ သို့ဖြင့် -

"ဟော့ - ရှပ်လက္ခဲ"

"ခင်ဗျာ နောက်ထား - လူအရင်လာဦး"

"ဟုတ်တဲ့ - တပည့်ကြီး ဘာများ လုပ်ပေးရမလဲ - ဆရာ"

"အကြောင်းထူးမရှိပါဘူး - လူရာ။ ဟိုဟိုဒီဒီ နည်းနည်းပါးပါး မေးမြန်းကြည့်ချင်တာကလေး ရှိလို့ပါ၊ အားရဲ့မှတ်လား"

"အာ - ဆရာထောင်မှူးကလည်း ကျုပ်မှာ ထွေထွေရာရာ ကြီးကျယ်ထားတဲ့အလုပ်မှ မရှိတာပဲ၊ ဒီလိုပဲ လတ်လျားလတ်လျားဟိုလျှောက်ဒီလျှောက် နားနဲ့နှာခေါင်း မျက်စိတွေ ဖြိုးပြီး သွားလာနေရတာမျိုးပဲဟာ၊ ကျုပ်ဆရာ အဆောင်ထောင်မှူးကို သတင်းသန့် မကောင်းစရာ သတင်းပလင်းလေးများရှိခဲ့ရင် ပြောဖို့ပါပဲ"

"ဒီနေ့အဖို့ရာ ပို့လောက်စရာ သတင်းများ ရှိရော့သလား"

"ထောင်ပါဆိုနေမှ - ဆရာထောင်မှူးရယ်၊ ရေမျောကမ်းတင် အမှိုက်ပုံ ဒိုက်ပုံကြီးတွေချည်း စုနေတဲ့နေရာမှတ်လား၊ ဆင့်အတာကိုသာ အနာလုပ်ပြီး ပြောကြစတမ်းဆိုရင်တော့ လည်း သတင်းတွေချည်းပေါ့၊ ပြီးတော့ ကျုပ်တို့က နဂိုကတည်းက မျက်စိချင် နားပါးတဲ့ဗီဇက ကျင့်သားရထားခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com

ချက်ဆိုတာနဲ့ ဗိုက်တက်တာပ်နေရော တဲ-ဟဲ-ဟဲ"

"အဲဒီတော့ ..."

"ကျွန်ုပ်ကတော့ထောင်လုံခြုံရေးကို ထိခိုက်မယ့်သတင်းမျိုး၊ အိပ်ထောင်သားတွေအတို့ အလကားပဲတင်းနေရင်း ထိုင်ရင်းကြပ်ကြပ်တည်းတည်းဖြစ်သွားစေမယ့် ဇရှုတ်သုတ်ခကိစ္စမျိုးကလွဲရင် အထောင်မှူးတို့ ပြောမနေတော့ပါဘူး။ ဆိုပါစို့၊ ဆရာထောင်မှူးရယ်၊ ထောင်ဖောက်ထွက်ပြေးမယ့်သတင်း၊ ဘိန်းဖြူဘိန်းစည်းသွင်းတဲ့သတင်း၊ အရက်တို့၊ အန္တရာယ်ရှိတဲ့တုတ်၊ လက်နက်တို့သွင်းတဲ့သတင်းမျိုး၊ အဲဒါမျိုးတွေကိုပဲ တိတိထထ တောက်သင်းကောက်ပြီး သတင်းပို့တယ်။ ကျန်တာတွေကတော့ အေးရာအေးကြောင်းပဲ"

တုတ်တော့လည်း ဟုတ်သား။

ဆန်စဉ်ရာသာ ကျည်ပွေ့လိုက်ပြီး ထောင်ကြီးဖျော်လူလွန်မသားတစ်တွေ ညက်တာစားတိုင်းကိုသာ လိုက်၍ ပိတ်ဆို့နေရမည်ဆိုလျှင်ထောင်ကျသားတစ်ယောက်၊ ထောင်ကြပ်တစ်ယောက်နှင့်ခန့်ထားပေးသော်မှ ရှိနိုင်ဖွယ် မမြင်။ ပြီးလျှင်ကြွက်ခြေးစရာလမ်းတလေးမှပေးထားခဲ့လျှင်လည်း ဆန်အိတ်တစ်ပုံကြီးကြွက်ဖောက်စံချိမ့်မည် မဟုတ်လား။

ရုပ်လဂွဲ တွေးလုံးကလေးက သင်းလွန်းလှပေ၏။

"နေပါဦး-ကိုယ့်လူရဲ့-ကိုရင်က ဘာလူမျိုးတုံး"

"မြန်မာပါ-ဆရာ-ဘာဖြစ်လို့"

"သြော်-နာမည်က ရုပ်လဂွဲ ဆိုလို့ ထူးနေလို့"

"သြော်-ဒါလား-အဲဒါက ကျုပ်ရဲ့ အလုပ်နဲ့ပတ်သက်နေတဲ့ အမည်ပါ ဆရာထောင်မှူးရဲ့"

"သြော်-ဒီလိုလား"

"ဟုတ်ကဲ့"

"နို့-ခင်ဗျားက အရပ်ထဲမှာ ဘာတွေများ လုပ်စားခဲ့တဲ့လူမို့တုံး။ ကျုပ်တော့ ဒီရုပ်လဂွဲဆိုတာကြီးမျိုး မကြားခဲ့ဘူးပေါင်"

"ဆရာထောင်မှူးတို့ကျွန်တော်တို့နဲ့က နေကြတဲ့နယ်ချင်းမှမတူပဲဟာကိုး၊ ဘယ်ကြားဖူးပါ့မလဲ"

"သြော်-အင်းအင်း"

"ဒါနဲ့ စကားမစပ်၊ အလုပ်နဲ့ပတ်သက်တဲ့ဆရာထောင်မှူးရဲ့သဘောထားက ဘယ်လိုရှိမယ်မှန်း ကျုပ်မသိပေတဲ့၊ ကျုပ်သဘောကတော့ဖြင့် ဘာကျွမ်းကျင်မှု၊ ဘာအစွမ်းအစမှမပါဘဲ ပိန်းကျ



ကျုပ်ကတော့ ထောင်လုံခြုံရေးကို ထိခိုက်မယ့်သတင်းမျိုး၊ အိပ်ထောင်သားတွေအတို့ အလကားပဲတင်းနေရင်း ထိုင်ရင်း ကြပ်ကြပ်တည်းတည်း ဖြစ်သွားစေမယ့် ဇရှုတ်သုတ်ခကိစ္စမျိုးကလွဲရင် အထောင်မှူးတို့ ပြောမနေတော့ပါဘူး။ ဆိုပါစို့၊ ဆရာထောင်မှူးရယ်၊ ထောင်ဖောက်ထွက်ပြေးမယ့်သတင်း၊ ဘိန်းဖြူဘိန်းစည်းသွင်းတဲ့သတင်း၊ အရက်တို့၊ အန္တရာယ်ရှိတဲ့ တုတ်၊ လက်နက်တို့ သွင်းတဲ့သတင်းမျိုး၊

လွန်းတဲ့ ခေါက်ရိုးတချိုးအလုပ်များဆိုရင် လွှတ်မုန်းပဲ။ အရာကို မသွင်းရှင်းဘူး။ အဲဒါမျိုးတွေက လက်စွမ်းလက်စရှိတဲ့ အလုပ်မျိုးတွေမှ မဟုတ်တာပဲ။ မှတ်ဘူးလား"

"အင်း-အင်း"

"ဒီလိုရှိတယ်-ဆရာထောင်မှူးရဲ့ ကျုပ်အမြင်ပြောတာနော်။ ဘဝအတွက် အဓိပ္ပာယ်နက်နက်နဲနဲ ရှိတဲ့အလုပ်မျိုးဆိုတာဟာ လုပ်တဲ့ကိုင်တဲ့နေရာမှာ အင်မတိ အင်မတန် ခက်ခဲနက်နဲဝေ့ဆိုတဲ့ အလုပ်တစ်ခုကို တောင်းတောင်းကျွမ်းပြီး လုပ်တတ် ကိုင်တတ်ရတာမျိုး ခင်ဗျ။ အဲဒါမျိုးမှ အရသာရှိတဲ့ ထတသယ့် အလုပ်ရယ်"

"အင်း"

"ဆရာ-သဘောတူရဲ့လား"

"တူပါသဗျာ-ဟုတ်လည်း ဟုတ်တန်သလောက်တော့ဖြင့် ဟုတ်ပါရဲ့"

လျင်မြန်ဗျတ်လတ်သည့် သူ့မျက်လုံးများ၊ နားရွက်အဖျား ခပ်ချွန်ချွန်များနှင့် သူ့စကား သူ့ပြောဟန် လေသံတွေက ရုပ်လဂွဲကို ပေါ့ပေါ့လျှော့တွက်၍မရကြောင်း သက်သေပြနေ၏။

"ကဲ-ကလိုပုံဖြင့် ကျုပ်ဟာ ဘာလုပ်စားတဲ့လူမျိုးဆိုတာကိုဆရာထောင်မှူး ခန့်မှန်းကြည့်စမ်းပါဦး-တဆိတ်"

www.burmeseclassic.com

"ဗျို"

"လုပ်ပါ - ဆရာရဲ့ ပြောကြည့်စမ်းပါ။ လွဲကာမှ လွဲရောပေါ့ ဒါလည်း တစ်မျိုးပေါ့ စိတ်ကစားရတဲ့ ပဟေဠိလေး တစ်ခုပဲမှတ်လား"

ရှပ်လဂွဲက ရှုံ့အိတ်ကလေးဖြင့် ထည့်ထားသည့် သူ့ဆေးမှုန့် အိတ်ကလေးကို ခါးကြားမှထုတ်လိုက်၏။ သုံးလက်မပတ်လည်ခန့် ညီညီညာညာ လှီးဖြတ်ထားသည့် သတင်းစာစက္ကူပိုင်းကလေးတစ်ထပ်ကိုလည်း သူ့ပုံစံအင်္ကျီ အိတ်ထဲကနှိုက်ယူလိုက်သည်။ ပွတ်ရွှန်းတစ်လိပ်လိပ်ဖို့ သူ ဟန်ပြင်နေခြင်း။

သူလုပ်နေပုံကို အသာကလေးငြိမ်ကြည့်နေမိ၏။

သတင်းစာစက္ကူဖြတ်ပိုင်း ကလေးတစ်ပိုင်း။ ဆေးမှုန့်အနည်းငယ်မျှနှင့်ပွတ်ရွှန်းတစ်လိပ်ဖြစ်အောင် လိပ်ရသည်မှာ အတော်လက်ဝင်သည်၊ လွယ်လွန်းလှသည်မဟုတ်၊ သို့တိုင် ဖျိုးဖျိုးဖျတ်ဖျတ် သူလုပ်နေသည်မှာလက်ဖျားခါလောက်အောင်မြန်သည်၊ ပြီး ကျွမ်းလည်း ကျွမ်းလှ၏။ စက္ကူနှင့်အနည်းငယ်အတွင်း ပွတ်ရွှန်းတစ်လိပ် လိပ်ပြီးသွားပြီ၊

ပွတ်ရွှန်းကို ဆတ်ခနဲ နှုတ်ခမ်း၌ တပ်လိုက်လျက်၊ သူ့ပုံစံအင်္ကျီအနားစကို လက်ဖြင့် သပ်ချသည်၊ ဘယ်က ဘယ်လိုပေါ်လာသည်မသိ၊ နတ်သမီးတံဆိပ်မီးခြစ်ဖာကလေးတစ်လုံး၊ သူ့လက်ထဲရောက်လာသည်၊ မီးခြစ်ဆံ သုံးလေးချောင်းပဲပါ၏။ ရှဲခနဲ မီးခြစ်က မီးထတောက်၊ သူ့ပွတ်ရွှန်းကို ညှိ၊ ဖျပ်ခနဲ မီးခြစ်ဖာကလေး ပြန်ပျောက်သွား၊ အစမှ အဆုံး ပိရိသေသပ် မြန်ဆန်လှသည့် ပြကွက်တစ်ခု၊ မျက်လှည့်ဆန်လှသည်၊

သည်အတောအတွင်းသတိမထားဘဲမနေနိုင်လောက်အောင်ဖမ်းစားထားသည်များကား သူ့လတ်ချောင်းကလေးများဖြစ်၏။ ပုံပန်းက အတော်လှသည်၊ ဝိဘိ သေးသေးသွယ်သွယ် ရှည်ရှည်ကလေးတွေ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ နာရီပြင်ဆရာများ၊ ဆံပင်မိတ်ကပ် အလှပြင်သူများ၌သာ တွေ့ရတတ်သည့် လက်ချောင်းမျိုးများ၊ သည်လက်ချောင်းကလေးတွေသည်သာ သူ့အလုပ်အတွက် အဓိက အခရာ သော့ချက် ဖြစ်နေတတ်သည့်အရာမျိုးကလေးတွေဖြစ်သည်၊

"ဆရာ့မျက်နှာကို ကြည့်ရတာ ကျုပ်အလုပ်က ဘာအလုပ်မျိုးလဲဆိုတာ သိချင်တဲ့စိတ်တွေ ကလိကလိနဲ့ ရှုစိ ရှုစိ ဖြစ်နေတဲ့ပုံပဲ"

"ဟဲ - ဟဲ - ဆိုပါတော့"

"အဲ - ပြီးတော့ - ဆရာ့စိတ်ထဲမှာ ကျုပ်ဟာ အင်မတန် တသီးတသန့် ဆန်းတဲ့ ခေတ်ခက်ခဲခဲ လုပ်ငန်းတစ်ခုကို လုပ်နေတဲ့လူ ဖြစ်နေမှာပဲလို့လည်း တွေးနေတယ် - ဟုတ်တယ်နော်"

"အဲဗျို့ - အဲဒါလည်း ဟုတ်တယ်"

"ကဲ - အဲဒါဆို - ဘာအလုပ်မျိုး ဖြစ်နိုင်မလဲ"

ရှပ်လဂွဲက ခေါးထိုးမှုဖြင့် ထောင်သုံးနှစ်ကျနေသူ၊ ထောင်နေသားနှစ်နှစ်နီးပါးရှိနေပြီ၊ နောက်ခြောက်လအတွင်း လွတ်တော့မည်၊ သူ့ဖြစ်မှုကို ချင့်၍ သူ့အလုပ်ကို မှန်းကြည့်ဖို့ သိပ်မလွယ်၊ ခေါးထိုးမှုဟူသည် စိတ်ကြီး စိတ်မြန်သူ စိတ်ဆတ်ထက်ထက် လူတိုင်း ဖြစ်တတ်ကြသည်မျိုး၊

"မျက်လှည့်ဆရာဗျာ၊ မျက်လှည့်ပတ်လှည့်ပြတဲ့အလုပ်မျိုး"

ရမ်းကြိတ်ကြည့်လိုက်သည်၊ ရှပ်လဂွဲက ပြုံးပြုံးကြီးလုပ်၍ "မဟုတ်ရပါဘူး - ဆရာရယ်၊ မျက်လှည့်ဆရာရယ်လို့ပဲ လွဲမှလွဲတတ်ပလေ" ချက်ချင်း ခွန်းတုံ့ပြန်လာ၏၊

"ဝန်းထိမ်ဆရာလားဗျာ"

"မဟုတ်သေးဘူး"

"ပန်းပုဆရာ"

"နီး - နီး - ဆရာတော်တော်မှုးတာ ကျုပ်ကို အားနာပြီး ရှော်ရှော်တွေးနေတာတိုးပျ။ ခုနပြောခဲ့ပကော၊ ဆရာနဲ့ ကျုပ်နဲ့ နေကြတဲ့လောကချင်း နယ်ချင်း မတူကြပါဘူးလို့"

စိတ်ထဲ လက်ခနဲ ဖြစ်သွားသည်။

"ဟုတ်ပြီ၊ သေချာပြီ" ကိုယ့်ဘာသာ သေချာချင်သလိုကြီး၊

"ကဲ - ငါ့လူရေ - မဟုတ်မှလွဲရော။ ကိုယ့်လူက ဖဲသမားပဲ။ ဖဲသမားတော်မှ ပဲ ရိုးရိုးအပရိက ပါရှိပါရဲ့ ဖဲသမားမျိုး မဟုတ်လောက်ဘူး။ ဖဲဝိဇ္ဇာပဲ ဖြစ်ရမယ် ဟုတ်စ"

"ဟား - ဟား - ဟား - ဖဲလိမ်နိုက်စားတဲ့လူလို့ပဲ တည့်တိုးပြောချလိုက်စမ်းပါ - ဆရာတော်မှုးရယ်၊ တကတည်း ဝေ့နေလိုက်တာ။ အင်း - နီးစပ်သလိုလိုတော့ ရှိချင်ပါရဲ့၊ ဟုတ်တော့ မဟုတ်သေးဘူး"

"ကဲ - ပန်းပေးပြီဗျာ၊ ပြောတော့ အာရုံစားတယ်"

"ဒီလို ဆရာရဲ့ - ကျုပ်လုပ်သလိုမျိုး လုပ်တတ်အောင်ဟာ ရှုတိုင်းတို့ သင်

www.burmeseclassic.com

ပေးလို့ရတတ်တာမျိုး မဟုတ်ဘူးရယ်၊ တစ်ထောင်တစ်ယောက် တစ်သောင်းတစ်ယောက် ခပ်ခက်ခက်ပါ။ ဘယ်လိုပြောမလဲ ပါရမီ ပြောမလား၊ ဇလို့ပဲ ပြောလေသား အဲ - အဲသလိုမျိုး အခံကလေးရှိထားမှ ဖြစ်တဲ့အလုပ်မျိုး"

"အတိုနည်းလှရယ်၊ ညွှန်းလှချည့်တာလား၊ ကဲ - ကဲ - ပြောတော်မူပါတော့"

"ဟဲ - ဟဲ - ဟဲ - ဂျင်သမားပါ ဆရာရယ်၊ ဂျင်သမားပါတဲ့"

"ဘယ်လို"

"ဟုတ်တယ်လေ - ဆရာရဲ့၊ ဂျင်သမားလောကမှာ ဂျင်ဒိုင်ရယ်၊ ဂျင်ကိုင်ရယ်၊ အလံရှူးရယ်၊ ရှပ်လင်ဂွဲရယ်ဆိုပြီး လေးပွင့်တစ်နိုင် ရှိရတတ်တဲ့အထဲက အစိတ ကီးပလေယာဖြစ်တဲ့ ရှပ်လင်ဂွဲသမားလေ - ဆရာရဲ့"

⅄⅄⅄

ဒီလောက လူ့ရွာမယ် လောဘနဲ့ များခေါ်ရင် လူတိုင်းလွယ်လွယ်နဲ့ပါလာတတ်တြစမြဲကို း - ဆရာရဲ့၊ အံမယ် အပြောမကြီးလိုက်နဲ့ကိုယ့်ဆရာ၊ ဘုရားရှာနွာသော်မှ မဟုတ်ခဲ့ရင် ကျုပ်တို့ပုထုဇနော့များ သည်းခြေကြိုက်ကတဏှာဟာကို၊ လောဘဟာကို၊ နော့မှတ်ဘူးလား။

အဲ - အဲသည်လို တဏှာသမား လောဘအိုးများ မက်လောက်ချင့်စရာလောင်းကစားနည်းတွေအများကြီးရှိတဲ့ အထဲကမှ ဂျင်ဆိုတဲ့အမျိုးဟာ ကစားမိခဲ့ပြီဆိုရင် သိပ်စွဲတဲ့ အလောင်းအစားနည်းတစ်မျိုးပဲ။ ထိုးသားလည်း စွဲ၊ ဒိုင်လည်းစွဲ၊ နေ့နေ့ညည ခေါင်းထဲမှာဒါတွေပဲ ထည့်ထားပြီး စွဲမိဖေ့ါ - မောင်ရယ် ဖြစ်နေတတ်တဲ့ဟာမျိုး။

ဘာကြောင့်လဲ တဲ့၊ ကဲ - ပြော၊

အလောင်းအစားလုပ်တဲ့နည်းမှန်သမျှမှာ ဒိုင်လုပ်သူက ထိုးသား ထိုးလေသမျှပြန်လျော်တဲ့ထုံးစံ ရှိသလား။ ဝေးစွခြောက်ပါ၊ ဒိုင်အတွက် စားကွက် စားလက် ချန်ပြီး နုတ်ပြီးမှ ကျန်ငွေကို အလျော်အစားလုပ်တာ မဟုတ်လား။ ကံသက်သက်ပါကွာလို့ ပြောတတ်ကြတဲ့အစိုးရထီကြီးမှာတောင် ရာနှုန်း(၄၀)ကို အခွန်အခဖြတ်ပြီးမှ ကျန်တဲ့ ရာနှုန်း(၆၀)ကို ဆုငွေအဖြစ် ခွဲပေးတာလေ၊ မှတ်ဖူးလား။

အဲ - ဒါပေသိ၊ ကျုပ်တို့ ဂျင်လောင်းကစားကျ သည်လိုမဟုတ်ဘူးရယ်၊ ဂျင်ဆိုတဲ့အမျိုးက တစ်ဦးကောင်းတစ်ယောက်ကောင်း ချွန်ပြီး လုပ်စားလို့ရတာမျိုး မဟုတ်ဘူးရယ်၊ အုံနဲ့ ကျင်းနဲ့ အုပ်တောင့်မှ ထိုးလက်ထိုးသားတွေကို ဂျင်ဒိုင်ရှေ့က ဖယားပေါ်မှာ ချည်ပြီး တုပ်ပြီး မြိန့်မြိန့်ကြီး ပွဲတော်တည်နိုင်ဖို့ အပိုင်းနဲ့ အပိုင်းနဲ့ လုန့်ချီပေးကြရတာ၊ အျုံးသွင်းကြရတာ၊ လွယ်တယ်များ ထင်နဲ့၊

ပြောမယ် - ပြောမယ်၊

ပြောမှလည်း ကျုပ်တို့လို ရှပ်လင်ဂွဲများရဲ့ဇစ်မြစ်က ထင်းခနဲ ပေါ်ရတော့မှာကိုး၊ အဟက် - ဟက် - ဟက်၊

ပြောခဲ့ပကော၊

ဂျင်ဆိုတဲ့အမျိုးဟာ လောဘကိုအွယ်ယောင်ပြပြီး ဉာဏ်ကို စနစ်တကျအွာသုံး၊ ပါးပါးနပ်နပ်နဲ့ နပ်ချရတတ်တဲ့ ဉာဏ်သက်သက် အကစားမျိုးပါဆို၊

အဲတော့ - လိမ်ရ၊ ညာရ၊ ပတ်တီးရိုက်ရ၊ ကျော့ရရှိ ကြံကြရတဲ့ ဒုစရိုက်အကျွက်မျိုးတွေရဲ့ ထုံးစံအတိုင်း၊ အအုံနဲ့ အကျင်းနဲ့ အသင်းနဲ့ အဖွဲ့နဲ့ လှုပ်ရှားကြရပြီပေါ့၊

ဂျင်ဒိုင်တစ်ယောက်ဟာ ဂျင်တစ်ဝိုင်းကို စီးနိုင်ဖို့ ဂျင်ကိုင်ရယ်၊ အလံရှူးရယ်၊ ရှပ်လင်ဂွဲရယ်၊ ဝေလေလေအာဝါးဒါးသမားတွေရယ်ကို တောင့်တောင့်တင်းတင်း သိုသိုသိပ်သိပ် စုထားရော..သင်မွေးထားရတာ၊ အနိုင်ကို အချိုးကျခွဲဝေယူကြ၊ စားကြရတာ၊ ရှယ်ရာဝါတနာတွေပဲ ဆိုပါတော့၊

အဲ - အဲဒီအထဲမှာ ဂျင်ဝိုင်းတစ်ဝိုင်းစည်ပင်အောင် မနူးမနပ် မလည်ဝေ့ဝဲသားတွေ ဝိုင်းထဲကို ဝင်လာအောင်း..တစ်ခါတစ်ရံ အရှိးရင့်ပြီး တောပြောင်းခါးအံ့ခွနေတတ်တဲ့ ရှိးမကျားကြီးတွေကိုသော်မှ ပျက်စီလည် တောမှောက်ပြီးချောက်ကျအောင် ဖန်ပေးကြတဲ့ အလံရှူးသမား ကိုယ့်လူဘူ့ဘတ်သားတွေကသိပ်အရေးကျတာတလား - ဆရာရဲ့

ဂျင်ဝိုင်းတစ်ဝိုင်းမှာ ပွဲစည်ရင် စည်သလောက်၊ ပွဲကြမ်းရင်ကြမ်းသလောက် ဂျင်ဒိုင်ရဲ့ အလံရှူးတွေက များတတ်တာမျိုးရယ်၊ အဲ - တစ်ခါတစ်ခါ ဆယ့်နှစ်ကြိုးကဝေ ကိုးတောင်ကျားကြီးမျိုးတို့ အခဲဖမ်းပြီး တောကစားကြဖို့ အလံရှူးတွေတစ်အုပ် တစ်မကြီးနဲ့ ဝိုင်းပြီးကြရတာ၊

ဟုတ်တယ်၊ အလံရှူးဝေတဲ့ လိုအခေါ်အဝေါ်ကသာ သေးသေးနုပ်နုပ်ရယ်၊ လွယ်တယ်များမထင်နဲ့၊ လှုပ်တဲ့ပညာမှာ ပထမတန်းထဲက..တစ်ဝမ်းတစ်ဂဏန်းတစ်ဖြစ်ရမယ့်အပြင်အပြော

www.burmeseclassic.com

အဆိုတာလည်း ပွဲစားရုံးအောင် ရှန်းရှန်း ဝေနေရတတ်တယ်။ မျက်နှာထိမျက်နှာထား မှုင်နဲ့ မောင်းနဲ့ ပြကွက်ပြချက်ကလည်း ရှုပ်ရှင်မင်းသားရုံးလောက်အောင် ဝီပြင်ရတယ်။ နှုတ်စ လျှာစ ရဲရဲတင်းတင်း ဖိန့်တတ်ရှိးတတ်ကြရသေးတယ်။ အဲ–အရေးဟဲ့ အကြောင်းဟဲ့ တကယ်ကြုံကြရပြီဆိုခဲ့ပြန်ရင်လည်း လက်သီးဆုပ်မလား၊ လက်ဝါးဖြန့်မလား၊ မင်းလည်းယောကျ်ား၊ ငါလည်းယောကျ်ား၊ ဘီလူးဆိုင်းတီးပြီး ပုဏ္ဏကတိုက်တတ်လားတိုက်တတ်ရဲ့၊ စွယ်စုံပဲ–စွယ်စုံပဲ။

ကိုယ့်ရှင်ဝိုင်းထဲကို ဝိုင်းဝင်လာတဲ့ ရှင်သမား၊ အကစားသမားတွေထဲမှာ ရှေ့မှ လောက်လောက်လားလား ပါခဲ့ရဲ့လား။ အတယ်၍ ငွေကုန်ခဲ့ရင် ငွေဖြစ်လွယ်မယ့် ဆွဲကြိုး၊ လက်စွပ်၊ အဖိုးတန်နာရီ စသည်မျိုး ပါသလား၊ ပါရင် ဘယ်လောက်ပါသလဲဆိုတာ မျက်ဝန်းတစ်ချက်လှမ်းခနဲ ဝေ့ကြည့်လိုက်တာနဲ့တင် သိတတ်ရမယ်။ အဲ–သိပါပြီတဲ့၊ ဒီလူဟာ မျှမနစ်လေညီမဝဝယ်က လူလည်ပုံဖမ်းထားတဲ့ ဝိုတ်ဆံပါလား ဖားလား၊ ပါးရေနာ်ရေပြီးနယ်တကာပွဲတကာစုံတကာ ရှေ့အောင်လှည့်ပြီး ရှင်ကျွန်ခံနေတတ်တဲ့လူစားမျိုးလား။ ဟုတ်တယ်၊ ရှိတတ်သေးတယ်၊ အဲဒီလိုလူမျိုးက စီးပွားဖြစ်လည်း မဟုတ်၊ ကြီးပွားရာ ကြီးပွားကြောင်းလည်းမဟုတ်ဘဲဂျင်သံကလေးကြားနေရပြီးဝေါက်ကောင်ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲ ညက်ကစားနေရရုံနဲ့တင် ဘဝမေ့နေတတ်တဲ့လူမျိုးတွေ။ အဲ–အဲဒီလိုလူမျိုးများများပါလို့ကတော့ "ရှေးလိုးလို့ သွေးမထွက်" ဝိုင်းပျက်ကရော၊ အဲဒီလိုဖွဲ၊ ဆန်ကွဲတွေကိုလည်း ရွေးသိတတ်ရသေးတယ်၊ ပြီးရင် လူလည်လူပါး၊ ပညာသည်လား၊ များခေါ်ရင် လွယ်လွယ်နဲ့ ရနိုင်မယ့်လူစားမျိုးလား၊ ခေါင်းမာသလား၊ လောဘကြီးတဲ့သူလား၊ ဒေါသကြီးမယ့်လူလား။ သူ့အိတ်ထဲ ပါလာတဲ့ငွေကိုလက်ကုန်နိုက်ယူနိုင်မယ့်အပေါက်အလမ်းကို ချက်ခနဲ သိတတ်ရတယ်၊ ဒါပညာပဲ၊ ဒီပညာနဲ့ပဲ ကျုပ်တို့ လုပ်စားနေကြရတာ။

အလံရှူးတွေက ဖားရှာ၊ အမဲရှာရတယ်၊ ကိုယ့်ဝိုင်းထဲ ဝင်လာတဲ့အထိ ထိုးသားတွေကိုဆွယ်လာရတယ်၊ ဝိုင်းတည်စမှာကိုယ့်အလံရှူးတွေနဲ့ပဲ လူစိမ်းဖြစ်တဲ့ ဖားက ဝင်မထိုင်မချင်း မြူယောင်ပြကစားနေကြရတာ၊ ရှုံးတစ်ချီ နိုင်တစ်လှည့် စားလိုက် ရှော်လိုက်၊ ကိုယ့်ထဲ ကိုယ့်ဟာချင်း ကစားနေကြရတာပဲ။ အဲ–ဒီအလံရှူး ထိုးသားတွေက နိုင်နေ–င်နိုင်တဲ့ အလှည့်များနေအောင် –ဲတို့ မျက်လှည့်ပြနေကြရတာ။

"တံစမ်းကြည့်ဦးမလေ" ဆိုတဲ့ လူ–လည်း စိတ်မရဲတရဲ လက်ယားလာ–ဝင်လောင်းပါလေရောလား။ အဲဒီမှာ–ဝိုင်းဝင်အောင် ပိုပြီး လောဘက အား–ာင်းလာအောင် ဂျက်ကိုင်က ထို–အတက်ကို နည်းနည်းကလေးညှာပြီး–ည့်လှည့်ပေး။

ဖွင့်ဖွင့်ပေးနေရတာ၊ လောဘမီး–တွေတောက်၊ သဲကြီးမဲကြီးနဲ့ မျက်စိ–ဝိုင်းထဲက ရှိသမျှငွေတွေ ငါ့ငွေ ဖြစ်–ရောဟဲ့လို့ တကျောင်မ်း ဖမ်းလာပြီဆို–တော့ဆော်ပြီ၊ နှိပ်ပြီ၊ အားရပါးရရိုက်–။ ထိုးသားက မခံချင်စိတ်နဲ့ ထပ်–ာင်း၊ ဒါကို ရိပ်မိတဲ့ဒိုင်က ထိုးကြေး–ည်ရင် သူ့ကိုအနိုင်ပေး၊ များများအော–ဘားကိုဖိစေး၊ အဲ–အဲသလိုဖားတွေ၊ –ဲတွေကိုအရှဉ်ဖောက်ဖို့ရာ အလံရှူး–ားတွေက ဝိုင်းပြီးဆွယ်ပေး၊ မြှူပေး၊ –ညွှင်းပေးနေကြရတာပဲ၊ အလံရှူး–ာင်းရင်ကောင်းသလောက် ဝိုင်းကြီး–ည်းစည်၊ ထိုးသားတွေကလည်း သူတို့–နေတာတောင် ရှုံးမှန်းသိသိကြီးနဲ့ အပြုံးမပျက်၊ အရယ်မပျက် ပျော်နေကြတာပဲ၊ အဲဒါ အလံရှူးကောင်းလို့။

ကိုင်း–ဟုတ်ပါပြီ၊

ဆရာထောင်မှူး သိချင်နေတဲ့ကျုပ်တို့ ရှုပ်လဂွဲဆိုတာများက ဘာတုံး၊ ဟုတ်လား။

ရှုပ်လဂွဲဆိုတာဒိုင်ကဝေါက်ကောင်ကို ဖွင့်လိုက်တာနဲ့တစ်ပြိုင်နက် ဝိုင်းထဲမှာ ထိုးထားတဲ့ဇယားအတိုင်း ဒိုင်စားရမယ့်ဟာစား၊ လျော်ရမယ့်ဟာ လျော်၊ အကောက်ကိုလည်း ချက်ခနဲ ချက်ခနဲ တွက်ပြီး ယူထားလိုက်တတ်ရတဲ့ ငွေကိုင်ဆရာပ ခင်ဗျာ၊ ဇယားနဲ့ ဝေါက်ကောင်အတိုင်း အလျော်အစားလုပ်ပေးရတဲ့ ချယ်ယာမင်းကြီးပ–ကျုပ်ဆရာရယ် ဟဲ–ဟဲ–ဟဲ။

ဒီမယ်–ကျုပ်ဆရာရဲ့

ရှုပ်လဂွဲကျွမ်းပြီ၊ အကွက်စေ့ပြီဆိုရင် အကွက်ဇယားထဲက ထိုးကြေးအလိုက် တိတိကျကျ မှန်မှန်တန်တန် အမြန်ဆုံး လျော်နိုင် စားနိုင်တယ်၊ ဒိုင်အတွက်ဖြစ်တဲ့ အကောက်အစားကိုလည်း ကွက်တိဖြတ်ယူနိုင်တယ်၊ ဒါ–အလေ့အကျင့်က ကျုပ်တို့မှာ–လွန်ကြီးပြီးသား၊ မွေးရာပါ ပါရမီလို ဖြစ်နေ

www.burmeseclassic.com

တာကိုး၊ ဖယားပေါ်က ငွေပုံကြီးကို ရေတာတွက်တာများဟာ ဘာက်တွေက ငွေကိုင်စာရေးတွေ ဘယ့်ကလောက် ကျင်လည်တယ်ပြောပြော ကျုပ်တို့ရုပ်လဂွဲတွေက ရယ်တာပေါ့။ ကျုပ်တို့နဲ့ ယှဉ်ရင် သင်းတို့ ထိုင်ငိုသွားရစေမယ်၊ ဘယ် – သူများ အစား အမှုထမ်း မင်းတိုင်းကြေသမားတွေနဲ့ကျုပ်တို့လိုကိုယ်ရကိုယ်ယူအတ္တဝါဒီသမားတွေကနံ့သာဆီနဲ့ အီးလို ကွာပ၊ ကွာပ၊ အပတ်ပြောတာရယ်၊ မိုးကြိုးကြီး ပစ်ရစေရဲ့။

ဆိုတော့ ဆရာရယ်၊ ယောင်လို့များ လောင်းကစားဆိုရင် ဘယ်လိုလောင်းကစားမျိုးကိုမှ ယောင်လို့မှားလို့များဖြင့် ချဉ်းကပ်လိုက်မိစေနဲ့ သိလား၊ နော့ – မွဲ ခေါက်ချည်းပဲကိုး၊

ဪ – ရှိတာပေါ့ ဆရာရယ်၊ သိပ်ရှိသေး၊

ဂျင်ဒိုင်တာ ဉာဏ်သမားမို့ ဉာဏ်အသိုင်းအဝိုင်းမို့ သူချည်းပဲ အမြဲနိုင်သလား – တုတ်စ၊ ဂျင်ဒိုင်ထက် ပိုပြီးစွာတဲ့၊ သာတဲ့၊ လက်စောင်းထက်တဲ့ လက်သစေကျော် ထိုးသားအုပ်ကြီးတွေ ရှိနေတတ်ပါသေးရဲ့၊ ကျုပ်တို့မန္တလေးဘက်မှာ နယ်လှည့်ပြီး အလုပ်လုပ်ခဲ့တုန်းက တျောက်ဆည်၊ ဘဲလင်းက ကိုသန်း



ဂျင်ဟာ လှည့်လိုက်ရင် ဘယ်လောက်ပဲကျကျ၊ လေးဖက်စလုံး တစ်သံတည်း ထွက်မှု၊ ဗမာ – ဆရာရယ်၊ တစ်ဖက်မျက်နှာက လုံးပြီး ခုံးနေတယ်ဆိုပါတော့၊ အဲဒီဖက်ဘက်က အောက်မှာကျရင် ကျသံက တုန်လာတတ်တယ်၊ ဒါကို လက်ကြီးထိုးသား ကျားတွေက ချက်ခြင်းသိသဗျ၊ ဖက်ရဲ့ အထက်မျက်နှာကဖားကို ပုံအောထိုးလိုက်ရင် ဒိုင်ပျောက်တော့၊ အဲဒီတုန်သံမကြားရင် ဆေးချွင်ကြက်နဲ့ ပင်းရှဉ့် ကြီးထိုးထိုး၊ ရုန်အောထိုးထိုး၊ ကြိုက်သလိုသာ ထိုးသူပေတော့၊

ညွှန်တို့၊ မုံရွာ ဒေါ်သန်းခင်တို့ဆိုတာ အုံချင်းနဲ့ ဉာဏ်ဉာဏ်ချင်း စစ်ခင်းရဲကြဲရှင်ထိုးသားကျားကြီးတွေပ ခင်ဗျာ၊ ဖျင် သူစား၊ ကိုယ်လျင် ကိုယ်စား၊ ကိုယ်လည်ကိုယ်နိုင်ပဲ၊ ကိုယ်ကလည်း ဉာဏ်နဲ့ ကစားတာ၊ သူကလည်း ဉာဏ်နဲ့ကစားတာ၊ ဟုတ်ဘူးလား၊

အဲဗျို့ – ဆရာရေ့၊

အဲသလို ကိုးတောင်ကျားထိုးသားဆစ်ပွဲစားတွေနဲ့ တိုးလို့ ပြန်စရိတ်ပင်တျန်အောင် ခွက်ခွက်လန် ရှုံးပါတဲ့၊ ပြီးရောလား ပြီးသေးဘူး ဆရာ ကျုပ်တို့ဂျင်ဒိုင်ရဲ့ လက်သပ်မွေးရှုံးသမားဝေလေလေတွေကမြန်နိုင်းစားကြီးထပြီး ရန်ဖြစ်ကြတော့ ဆဲဆွဲမနိုင်လွဲမနိုင် ရှန်းရင်းဆန်ခတ် ဟုတ်တယ်၊ လုပ်ပွဲကြီး၊ တမင်တာ ခွင်ဆင်ထားတဲ့ လန်ဘား တတ်တံတားထွင်လုံးကြီး၊ အဲဒီဝုန်းကြဲနေတဲ့ကြားထဲကနေ အနိုင်ရထားထိုးသားရဲ့ ငွေပုံကြီးကို လုကြယက်ကြမ်းစီးကြတော့တာ၊ အဲ – တစ်လေများ ကိုယ့်အလံရှုံးကပဲရဲ့အတော ဝင်ဖမ်းချင် ဖမ်းပစ်လိုက်တတ်တာ၊ အခြေအနေမပေးလို့ နိုင်ခံတဲ့ မှာ ခြေခင်းလက်ခင်း မသာခဲ့ရင်

လမ်းတစ်နေရာရာကနေ စောင့်ချောင်းပြီး လမ်းစားပြုလိုလိုပြန်ပေးသမားလိုလိုနဲ့ ပုံမှားရိုက်ပြီး ဖိုက်ရင်လည်း ဖိုက်ကြရတာမျိုး၊ အဲတော့ – ဂျင်ဒိုင်၊ ဂျင်လောကဆိုတာ အလိမ္မာဖက်တဲ့ ဉာဏ်သတ်သက် ဒုစရိုက်ဂိုဏ်းကြီးပါ – ဆရာရဲ့၊

ဂျင်ဒိုင်က ဂိုဏ်းချုပ်ကြီးဆိုခဲ့ရင် ဂျင်ကိုင်နဲ့ ရုပ်လဂွဲက လက်ထောက်၊ အလံရှုံးတို့၊ ဝေလေလေတို့က အခွဲသားလက်မရွံ့တွေလေ၊ တန်ရုံသတ္တိတော်ရုံဖနဲ့ ဘယ် ... ဂျင်လောကထဲ တွင်တျယ်ရဲလိမ့်မတုန်း၊

ဂျင် လောကမှာ အသားထဲ တလောက်ထွက်မှပဲ ကိစ္စပြတ်တော့တာ၊

အထူးသဖြင့် ဂျင်ဒိုင်ဟာ ဒူးလက်ထောက်အတွင်းလူယုံဖြစ်တဲ့ရုပ်လဂွဲတို့သိပ်အရေးထားပြီး နစ်ကိုယ့်တစ်စိတ်နေနေကြရတာနော်၊ ဝိုင်းထဲမှာ ဂျင်ကိုင်ကလွဲရင် ဂျင်ကို ကိုင်ခွင့်ရတာဟာ သူပဲရှိတာကိုး၊ ကိုင်မယ့်လက်မှာ ကြက်သွန်ဖြူစေးဖြစ်ဖြစ်၊ ငရဲမီးဖြစ်ဖြစ် အသာတို့လာပြီး ဂျင်ရဲ့တစ်မျက်နှာတို့သုတ်လွှတ်လိုက်တယ်ဆိုရင်ပဲ ဂျင်က ရျက်ချင်းကြီးအသံဖောက်လာတာမျိုး၊ ကြက်သွန်စေးတို့ခံလိုက်ရရင် ဂျင်အသံက လေးသွားတော့တာ၊

www.burmeseclassic.com

ဂျင်ဟာ လှည့်လိုက်ရင် ဘယ်လောက်ပဲကျကျ၊လေးဖက်စလုံးတစ်သံတည်းထွက်မှ၊ ပမာ – ဆရာရယ်၊ တစ်စေ်မျက်နှာက လုံးပြီး နုံးနေတယ်ဆိုပါတော့၊ အဲဒီတစ်ဖက်က ဝက်ကအောက်မှာကျရင်ကျသံကတုန်လာတတ်တယ်၊ ဒါတိုလက်ကြီးထိုးသားကျားကြီးတွေကချက်ခနဲ သိသဖျ၊ ဝက်ရဲ့အထက်မျက်နှာတဖားကိုပုံအောထိုးလိုက်ရင်ဒိုင်လျော်ဝေတော့၊ အဲဒီတုန်သံမကြားရင် သေချာပြီ၊ ကြက်နဲ့ ငါးရှဥ့်ကြိုးထိုးထိုး၊ ရန်အောထိုးထိုးကြိုက်သလိုသာထိုးယူပေတော့၊ ဒိုင်ကတော့ သေပြီဆရာပဲ၊

တစ်ခါတစ်ခါကျ လှဲ့ဒိုင်က အပေါ်အပါးသွားဖို့ခဏထွက်ကရော၊ သူ့လူယုံရှပ်လဂွဲကို ပုံပြီးထားပစ်ခဲ့တာ၊ ရှပ်လဂွဲတချင်းများတလေးကို ကော်ပတ်နဲ့ ဖျတ်ခနဲ စားထားလိုက်တယ်၊ လှဲ့ဒိုင်က သိမ့ဘေသိဘဲ၊ပြန်လာပြီး ဝင်ထိုင်တယ်၊ ဆက်လှည့်တယ်၊ဂျင်တအများကဆက်တိုက်ကြီး ကျနေတော့တယ်၊ ထိုးသားလက်ကြီးတို့ သင်ညာက်ပေးပြီး နှစ်ပေါက်တစ်ပေါက် ထိုးစားလိုက်ကြတော့ ဒိုင်ပြောင်ရော၊

အဲ – နောက်တစ်နည်းက ရှပ်လဂွဲနဲ့ ချိတ်ထားတဲ့ ထိုးသားရဲ့ဖယား အလျော်အစားကိုထိုးကြေးထက်ပိုမိုလျော်လိုက်၊ အပြင်ဘက်မှာကျတော့မှ ဝေပုံကျ ခွဲယူကြ၊ အဲသလိုများလည်း လုပ်တတ်ကြသေးရဲ့၊

ကဲ – ချုပ်လိုက်တော့ ဘာကောင်းတာများ ရှိတုံး၊

တစ်ဦးနဲ့တစ်ဦး တစ်ယောက်က တစ်ယောက်ကို မတော်လောဘတွေနဲ့ ရစ်ကြ၊ ပတ်ကြ၊ လိမ်ကြ၊ ကလိမ်ကျကြ၊

အဲဒီအကျင့်တွေ၊ ဝသီတွေ၊ ဓလေ့တွေက ဂျင်ဝိုင်းထဲမှာ တင်ကျန်နေရစ်ခဲ့တာ မဟုတ်ဘူး – ဆရာရေ့၊ ဂျင်သမားရဲ့ သွေးထဲ သားထဲအထိ စိမ့်ဝင်နေပြီး စွဲနစ်နေရော၊ ဂျင်သမားများ ဘာလုပ်လုပ် အတွက်နဲ့ ဖယားနဲ့ ပလီစီချောက်ချက်တွေနဲ့ရှုပ်ပဲလေ၊

အကျိုးပေးကျတော့ရော ... တဲ့၊ အင်း – မကောင်းပါဘူး၊ မကောင်းကြရှာပါဘူး၊ ဘယ်ကောင်းနိုင်ပါ့မတုံး၊ အကြောင်းကြီးက်မှ မဟုတ်တာကိုး ... နော့၊

⁂

"ကဲ – ကဲ – ဟုတ်ပါပြီလေ၊ ကိုင်း ရေနွေးကြမ်းကလေးသောက်လိုက်စမ်း ... စကားတွေ ပြောလိုက်ရတာ မော ... ရောပေါ့"

"တျေးဇူးပဲ – ဆရာ"

တမ်းပေးလိုက်သည့် ရေနွေးကြမ်း ... ရွှပ်ခနဲ၊ ဂွပ်ခနဲ ကောက်မော့ချပစ် ... တ်သည်၊ ရှပ်လဂွဲကိုကြည့်ရင်းအလို ... မောလာမိရတော့၏၊

"နို – နေပါဦး၊ ဒီလောက်အထိ ဂျင် ... တထဲမှာ တစ်ပွဲစားနီးနီး ကျွမ်းတဲ့ ... လူက ဘယ့်နယ့်က ဘယ်လို ဓား ... ကြီးဖြစ်ခဲ့ရသတုံး၊၊ ကျုပ်သိရ ... လောက်တော့ဖြင့် ဂျင်သမားဆိုတာ ... လိုင်းပဲဟာ"

"အင်း – ဇာတ်ကြောင်းက ရှည် ... – ဆရာရေ့ ပြောရမှာကလည်း ခ ... ပြောရင် ခုပဲ လူသတ်ချင်စိတ်တောင် ... လာတယ်"

ရှပ်လဂွဲ၏လေသံ ပြောင်းသွား၏၊

စောစောက သူ့ကျွမ်းကျင်ရာလိမ္မာ ... တွေကို မြိန်ရေရှက်ရေ ပြောနေစဥ် ... တ သူ့မျက်နှာဝင်းဝင်းကြီးသည် ... ညို့ချင်ချင်၊ လေသံတစ်ပေါက် ... လာသည်၊

"ဘယ်လောက်ပဲ အပြောကျယ်တဲ့ ... လယ်၊ သမ္ဘရာကြီးတွေပဲဖြစ်ဖြစ်၊ သူ ... တို့ထိန်းချုပ်ထားတဲ့အနားသတ်ကမ်းစပ်ကတော့ဖြင့် ရှိတတ်သေးသတဲ့ ဆရာထောင်မှူးရဲ့"

"အင်း – အဲဒီတော့"

"ကျုပ်တို့လောင်းကစားသမားများမှာလည်း လောဘသားအချင်းချင်းတွေကိုသာ လှည့်ပတ်ကောက်ကျစ်ပြီး ကျောက်ခဲရေညှစ်ညှစ်ယူတတ်ကြတာ၊ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးပြီးဘဝကြမ္မာအဆိုးအကောင်း အလှည့်အပြောင်းတွေကိုကျတော့ ကိုယ်လိုသလို ဖယားချလို့ မရတော့ဘူး၊ လှည့်ချင်သလို လှည့်လို့မရတော့ဘူး၊ ကိုယ်ဖန်တီးချင်သလိုဖန်တီးလို့မရတော့ဘူး ဆရာရေ့ ခံပေရော့ပဲ"

"အင်း"

"ကျုပ်မှာ အသက် (၁၈၊ ၁၉)ခဲ ရှိသေးတဲ့ တစ်ဦးတည်းသောသမီးကလေး ရှိတယ် – ဆရာရဲ့၊ ကျုပ်ရော ကျုပ်မယား လုသွယ်ကရော ငုံထားမတတ် ချစ်ကြတာ၊ ပြောရရင် — ပိုးမွေးသလိုမွေးပြီး ရွှေလိုဥထားတဲ့ရတနာတုံး ရတနာခဲလေးပဲ ဆိုကြပါစို့ရဲ့"

"အင်း – အင်း"

"အဲဒီကျုပ်ရဲ့ရင်သွေးရင်နှစ်ရတနာ ကလေးကို ကျုပ်ရဲ့ ဂျင်ပညာ အမွေခံ တပည့်ရင်း အသက်(၃၀)ကျော် (၄၀)

www.burmeseclassic.com

နီးမှုဆိုးဖို့၊ တစ်ခုလပ် ဖိုးဆယ်က နိုးမြေး သတဲ့၊ ရင်ကို ကျိုးကရော့"

"ဟောဗျာ"

"အဲဒီကိစ္စကိုအကြောင်းပြုပြီး ကျုပ်နဲ့ တျုပ်မိန်းမ လုသွယ်နဲ့ အကြီးအကျယ် ပြဿနာတက်ကြတယ်၊ ကွဲကြ၊ ကွာကြတဲ့အထိပဲ"

"ဩော် - ဒုက္ခ"

"အခုတော့ ဂျင်သမားရဲ့ဒဏ်ကို တစ်ဘဝလုံး ခံခဲ့ရရှာတဲ့ လုသွယ်လည်း ဘုန်းကြီးလူထွက်တစ်ယောက်နဲ့နောက် အိမ်ထောင်ထူသွားလေရဲ့"

"ကဲဗျာ"

"တျုပ်ကတော့"

"တစ်ပင်လဲမှ တစ်ပင်ထူပဲလား"

"တီး တီး - ကျုပ် ဆရာရင်း ရွှေအောင်သန်းကြီးရဲ့ တတိယမယား နုနုထွတ်ထွတ်ကလေးနဲ့ အိုးချင်းထား အိုးချင်းထိ ငြိကြပြီး သုတ်ချလာခဲ့ရော၊ ရှင်ပိုင်းမှာ ရှင်ဒိုင်ကို အလဲထိုးတတ်တာ တာ တျုပ်တို့ ရှုပ်လဂွဲတွေပဲမှတ်လား၊ အခုလည်း တျုပ်ဆရာ သည်းသည်းလှုပ်နေတဲ့ သူ့တာမလေးကို ဖြတ်ခုတ်လာခဲ့ တဲ့တျုပ်တို့တျုပ်ဆရာကတွေ့ရာသချိုင်း တားမဆိုင်းခဲ့တဲ့၊ အဲဒါနဲ့ပဲ ကျုပ်နဲ့ နောက် မယားငယ်ငယ်တို့နှစ်ဦးသား ဟိုဟိုဒီဒီ လေလွင့်ရင်း ကြံ့ရာကျပန်း ဂျင်ဝိုင်းတကာ လှည့်နေခဲ့ကြရတာလေ"

"ဖြစ်ရလေ - ရှုပ်လဂွဲရာ"

"အဲ - အဲဒီမှာ ကြမ္မာဆိုးကြီးနဲ့ နပန်းလုံးရတော့တာပဲ"

"ငယ်ငယ်ကို ကျုပ်လက်ထဲကနေ ကျုပ်ရဲ့ပါတနာ အလံရှူးကျင်မောင်တကိုကျိုပတ်တလုပ်ပြီး ပင့်သွားပြန်ပါလေရော၊ ကောင်မကလည်း မြဲခုန်ဖုံးတဲ့နွားပဲလေ၊ ကော့ကော့ ကော့ကော့နဲ့ ပါသွားပြန်တော့တာပဲ"

"အဲဒီတော့..."

"အလိုလိုမှ ကိုယ့်ဘဝနဲ့ ကိုယ့်အကြောင်း ညစ်နေတဲ့ကောင်ပဲ - ဆရာရယ်၊ ရှိသမျှဒေါသတွေ သင်းတို့နှစ်ယောက်အပေါ် ပုံကျတော့တာပေါ့၊ ဓားတစ်ချောင်း ခါးကြားထိုးပြီး သင်းတို့နှစ်ကောင်ကို မြေလှန်ရှာ၊ တွေ့လည်း တွေ့ရော မည်းမည်းမြင်ရာ ပတ်ရမ်း၊ ထိုးမိတော့တာပဲ၊ အဲဒီမှာတင် ဂျင်လောကရဲ့ ဆရာကြီးတစ်ဆူဖြစ်တဲ့ ရှုပ်လဂွဲ ညိုစိမ့်လည်း ဂိုးတူရျေးလ်ဖြစ်ကရော"

"ဟင် - ခင်ဗျားဟာကလည်း ရှုပ်လဂွဲရယ်"

ငှက်ပျောပင်စိုက်မိလိုက်ဖပါတဲ့၊ မကောင်းမှု၏ အကျိုးဆက် သည်ကောင်းသော ကြမ္မာဆိုးကိုသာ မွေးဖွားစေပေလိမ့်မည်၊ သံပုရာသီးကဖြင့် သကြားလို ချိုဖို့မရှိ၊ ဩော် - ရှုပ်လဂွဲ၊ ရှုပ်လဂွဲ၊

"ကျုပ်တို့ဂျင်သမားများ၊ ပြောလေ့ရှိတယ် ဆရာရေ့၊ ပါနီထဲကရေဟာ ပါနီထဲဝဲ ပြန်သွားတာပဲ၊ ဂျင်ဒိုင် ရှုပ်လဂွဲ၊ အလံရှူး စတဲ့ တကယ့်အိတ်စပတ်ကြီး၊ အယ်ရှယ်လစ်ကြီးတွေလည်း မဟုတ်ဆောတ်နည်းတွေနဲ့ ဘယ်လိုပဲ ငွေရှာရှာ၊ ကျွမ်းကျွမ်း နောက်ဆုံးတော့ အကျိုးမရှိတဲ့လမ်းတွေမှာပဲ ကုန်ကြ၊ ခန်းကြရတာ၊ ဆိတ်ဆုံးတဲ့အခါ အချုပ်ထဲ ထောင်ထဲ မှာ ဒုတ်ဒုတ်ထိ ဒေါင်တင်ကြရတာပါပဲ - ဆရာရယ်"

ရှုပ်လဂွဲ၏အသံထဲမှာ သံဝေဂသံ၊ နောင်တသံတွေ တစ်ထွေးတစ်လုံးကြီး ပါနေသည်၊ သူ့ဘာသာ သိချင်မှသိမည်၊ သူ ကျော်လွှားဖြတ်သန်းလာခဲ့ရသည့် သူ့ဘဝတစ်သက်တာအပေါ် အတွေ့ဖြတ်မှုတွေပါနေသည်၊ တန်ဖိုးသင့်ချက်တွေ ပါနေသည်၊

"ရှုပ်လဂွဲရယ်" ဟုညည်းရုံမှတစ်ပါး လည်း မည်သို့မျှ မတတ်နိုင်၊ လွန်ခဲ့ပြီ၊ နောင်းခဲ့ပြီ၊

▲ ▲ ▲

"အဲ - အဲတာတွေ ထားပါဦး၊ ကျုပ် ဆရာဟာ ကျုပ်နေတဲ့အိမ်ထောင်အထိ ရောက်လာပြီး တမင်တကာ လာစောင့်နေရလောက်အောင် အားနေယားနေတဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ တစ်ခုခုတော့ ရှိရမှာပဲ၊ ဟုတ်လား - ကျုပ်ဆရာ"

"အင်း - ဆိုပါတော့လေ"

"ကိုင်း - ဘာကိတ်"

"ဘာကိတ်ရမလဲ၊ အခုတိုယ့်လူ ခါးပိုက်ထောင်ထဲထည့်ပြီး တစ်ထောင်လုံးကို လှည့်ဖြန့်ဖြူးနေတဲ့ အုန်းသီးစိတ်တွေကိစ္စပဲပေါ့"

"အယ် - အုန်းသီးစိတ်က ဘာများဖြစ်လို့လဲ - ဆရာထောင်မှူးရယ်၊ ဒါကင်းကင်းလွတ်လွတ် အေးရာ အေးကြောင်းပစ္စည်းကလေးတွေပါ၊ ထောင်ထဲမှာ ဝါးဖယားကလေး အဆင်ပြေဖို့ ကျုပ်ရဲ့ထမင်းအိုးကလေးက ဒါပဲရှိတာပါ ဆရာရဲ့"

"ဒီ့ပြင် အုန်းသီးစိတ်တွေကတော့ဖြင့် အရိုးခံကလေးတွေ ဟုတ်ကောင်းဟုတ်မှာပေါ့ - ကျုပ်လူရယ်၊ ကျုပ်လူရဲ့ အုန်းသီးစိတ်တွေကတော့ တကယ့်ပြဿနာအိုးကြီးပဲလေ - ဟုတ်စ၊ ကျုပ်လူက ပိုပြီးသိနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ရပါလား - ဆရာရယ်၊ ရွှစ်ရွှစ်ရွဲရွဲ"

"ကဲ - ကဲ - ခင်ဗျားရဲ့ အုန်းသီးစိတ်တွေကို ပြစမ်းပါဦး၊ တဆိတ်"

"ဟို - အဲ - အဲ - အဟာလေ ဆရာ"

"တိုင်းပေါ့ - ကံလှနဲ့ အောင်ထီတို့ မြွေပွေးသိန်းမောင်တို့ရေ၊ ရှပ်လဝွဲနဲ့ သူ့ အုန်းသီးစိတ်တွေကိုတစ်ပါတည်းလက် ရခဲ့ပြီး ငှါးရုံးခန်းဆီကိုသာ ခေါ်ခဲ့ကြပေတော့၊ ထောင်ထဲမှာ အရက်ပုန်းဖြန့်နေတဲ့ ဝင်ရေမြစ်ကြီးဟာ ရှပ်လဝွဲပါပဲလို့ သထောင်းကြီးနေတာဖြင့် ကြာလှရှိပေါ့၊ အရမှပဲ လက်ပူးလက်ကြပ် မိရပေတော့တယ်"

"ဟုတ်ကဲ့ - ဆရာ"

ကံလှတို့လူအုပ်၏လက်အတွင်း၌ ယတ်တန် ယက်တန် ပါလာလေမည့် ရှပ်လဝွဲကို မကြည့်ဘဲ တစိမ့်စိမ့် မြင်ယောင်လျက် ပြုံးမိရသေး၏။

ထောင်ထဲမှာအုန်းသီးစိတ်ကလေး ရောင်းတာများ အပြစ်ရှိရသလားဟု အထင်တော်မလွဲလိုက်ပါနှင့်။ ရှပ်လဝွဲ၏ အုန်းသီးက ပုံမှန် ရိုးပုံရိုးလက် သဘာဝ အတိုင်း သက်သက်မဟုတ်၊ သူ့နည်း သူ့ဟန်ဖြင့် ဉာဏ်ကူ ဉာဏ်တစားသည့် အရက်စိမ်အုန်းသီးဆံခြောက်တွေကိုး ခင်ဗျ။

လုပ်ပုံက သည်နှယ်၊ အုန်းသီးတစ်လုံးအား အခွံတွေကို သုတ်သင်၊ အုန်းသီးလုံး၏ ထိပ်ဝက အညှောက်ထွက်လာမည့် မျက်စိနေရာကို ကလော်ထုတ်၍ အုန်းရည်တွေကို သွန်ယူလိုက်ပါ၊ အုန်းသီးလုံးအတွင်းသို့ ရမ်၊ ဝီစကီ ဗိုင်ကြိုက် နှစ်သက်ရာအရက်ကို အပြည့်ထည့်ပြီး မျက်စိကိုပြန်ပိတ်၊ နေရောင်မှာ ခြောက်သွားသည်အထိထား၊ ခြောက်ပြီတဲ့လား၊ အရက်ထပ်ဖြည့်၊ အရက်ထည့်လိုက်၊ လှမ်းလိုက်၊ လေး၊ ငါးပြန်ရှိသည့်အခါ အရက်ရည်ဝနေသော အုန်းသီးဆံ၊ အုန်းသီးစိတ်ခြောက်တွေကို ရပါပြီ ခင်ဗျာ၊ သိမ်းရ ဆည်းရလည်းလွယ်၊ မည်သူကမျှလည်း သံသယမဝင်နိုင်၊ အရသာကလည်း ကောင်းမှကောင်း ... ကိုင်း ...။

"ကဲ - ရှပ်လဝွဲရေ - ထောင်မှူးကြီးရဲ့အမိန့်အရ ပြစ်ဒဏ်တိုက်ထဲမှာ (၁၄) ရက်တော့ နေလိုက်ပေဦး - ငါ့တပည့်၊ မင်းကလည်းမင်းပဲ၊ ဒီလောက်မင်းဆရာထောင်မှူးက အရေးပေးပါလျက်နဲ့ အရက်နိုးရောင်းပြီး စီးပွားသွားရှာရသေးသယ်လို့၊ ပြီးတော့ - ထောင်က ဝန်ထမ်းတွေ၊ အရာရှိတွေရဲ့မျက်ခုံးမွေးပေါ်စကြီ လျှောက်ပြီး ကူလီကူမာ နားလှည့်ပါးလှည့်နည်းနဲ့မှ"

"ဟီး - ဟီး - အကျင့် ပါနေလို့ပါ ဆရာထောင်မှူးရယ်"

"အေး - မင်းတို့ ဂျင်သမားများရဲ့ အကျင့်ကတော့ သေသည်အထိ ပြင်လို့ရတော့မယ် မထင်ပေါင်ကွာ"

"ဟဲ - ဟဲ - ဟဲ - ခြော် - ဒါနဲ့ ဆရာထောင်မှူး"

"အေး"

"ကျုပ်အုန်းသီးစိတ်တွေက အရက်စိမ်လှန်းထားသတဲ့ဆိုတဲ့ လျှို့ဝှက်နည်းကို ဆရာ ဘယ်လိုလုပ်ပြီးသိ"

"ဒါလား"

"ဟုတ်ကဲ့ - ဒီနည်းက ကျုပ်ဆရာ ရွှေအောင်သန်းကြီး ဂျင်လှည့်ရင်း စည်းစိမ်ခံဖို့ တီထွင်ထားတဲ့ သူ့ရဲ့ကိုယ်ပိုင်နည်း၊ သူ့တပည့်ထဲကဆို ကျုပ်တစ်ယောက်တည်းပဲ သိပြီး ကျုပ်ကပဲ ဒိုင်ခံချပ်ပေးနေခဲ့ရတာ၊ တန်ရုံလူ ဘယ်သိလိမ့်မတုံး၊ အဲဒါကြောင့် —"

"ခရေပန်းဆိုတာ ခရေပင်တာပဲ ကြွေရိုးထုံးစံပဲမဟုတ်လား - ကျော်လှရဲ့ အဲဒီတော့ ကိုရင့်လျှို့ဝှက်ချက်ကို ကိုရင်ဆရာနဲ့ ထိုးပစ်ခဲ့တဲ့ ကိုရင့်တပည့် ကျော်မောင်တာပဲ ဖုန်းဆက်ပြီး လှမ်းတိုင်လိုက်တာ၊ အပြင်က အဲဒီအုန်းသီးစိတ်တွေ ပို့ပို့ပေးနေတဲ့သူက ကိုရင့်တပည့် လက်ကောက် ခင်မောင်ဝမ်းဖြစ်တဲ့အကြောင်းလည်း ပြောခဲ့သေးတယ်"

"သေပဟဲ့ - နန္ဒိယ"

ဖြန်းခနဲ သူ့နဖူးပြန်ရိုက်ထည့်လိုက်သည့် အသံကြီးက အတော့်ကြီး၊ အင်း ရှပ်လဝွဲ၊ ရှပ်လဝွဲ၊ သူတို့ ဂျင်လောက၏ အရိုးစွဲအကျင့် စားပြီး စားခွက်လှန်သည့်အကျင့်က သူ့ကို ပြန်၍ ဒုက္ခပေးခဲ့ပြီကော၊

"ရှပ်လဝွဲရေ - ဘယ့်နှယ့်တုံး"

"တော်ပါတော့ ဆရာရယ်၊ စိတ်နာလွန်းလို့ ဂျင်တို့ ကြွေတို့နဲ့ ကင်းအောင်ဟာ ကြွေပန်းကန်နဲ့တောင် ထမင်းမစားချင်တော့ပါဘူး။

⇨ [illegible]




www.burmeseclassic.com

www.burmeseclassic.com


**ဒဂုန်ရွှေမျိုး**

နာနာဘာဝ ဝတ္ထုတိုများ




**ဒဂုန်ရွှေမျိုး**

ရွှေစင်နတ်ဘုရား




www.burmeseclassic.com

www.burmeseclassic.com

# အင်းစိန်ထောင်အရေးအခင်း

# ခေါင်းဆောင် ဒီဆယ်



**(၂၆.၈.၈၈)** ရက်နေ့နှင့် (၂၇.၈.၈၈)ရက်နေ့တို့တွင်အင်းစိန်ဗဟို အကျဉ်းထောင်ကြီး မီးလောင်ပျက်စီးပြီး နောက်နေ့များတွင်ကြိုးသမားနှင့်အနှစ် (၂၀)ပြစ်ဒဏ်ကျခံနေရသူများမှလွဲ၍ ကျန်အချုပ်သား၊ အကျဉ်းသားများအား အထက်အမိန့်အရ ခွေးရူးယဉ်ဝီစစ်ပြီး ကိုယ်ပိုင်ခံဝန်ဖြင့် စနစ်တကျ လွှတ်ပေး ခဲ့ပါသည်။

သောင်းဂဏန်းကျော်ရှိသောအချုပ် သား၊ အကျဉ်းသားများအား နှစ်ရက်သုံး ဆောင်ဝင်းအတွင်းရှိတစ်ထောင်လုံးဆို ရေပေးဝေရာ ရေစက်ကြီးတို့လည်း မီးရှို့ ဖျက်ဆီးလိုက်ကြသောကြောင့် တိုက် ခန်းများအတွင်းရှိ အကျဉ်းသားများတို့ မီးသတ်ဌာနမှရေသယ်ကားကြီးများဖြင့် သောက်သုံးရန် ရေကို ဖြည့်ပေးရသည်။

ထိုတိုက်ခန်းများအတွင်းရှိအကျဉ်း သားများကို ဝိုလ်လုပ်အုပ်ချုပ်သူမှာ အရေးအခင်းခေါင်းဆောင် ဒီဆယ်ဆိုသူ ဖြစ်သည်။ သူက ဘိန်းရောင်းသူ၊ စားသုံး သူလည်းဖြစ်ပြီး ထောင်ဒဏ်(၁၅)နှစ်

အရေးအခင်းကာလ

ထောင်ထဲတွင် ဆူပူမှုဖြစ်ခဲ့ရာ ဝန်ထမ်းများ

နှိမ်နင်းခံရပုံကို ဖတ်ရှုရမည့် ..

ချုပ်ထက်တိုက် ထောင်မှလွှတ်ပေးခဲ့ပြီး နောက် ဂျချန်ရှိသူ ကြိုးသမားနှင့် နှစ်ကြီး အကျဉ်းသားများကို တိုက်ခန်းများ အတွင်း၌လွှတ်လပ်စွာထားရှိခဲ့ပါသည်။ ထိုအကျဉ်းသားများက တိုက်ခန်းများကို အပိုင်စီးထားခြင်းလည်းဖြစ်သည်။

အရေးအခင်းကာလအတွင်း အကျဉ်းသားများက အမှတ်(၁)အိပ် ပြစ်ဒဏ်ကျခံနေရသူဖြစ်သည်။ လက်ရဲ ဇက်ရဲနိုင်သည်။ ထောင်မကြာခဏကျ၍ ထောင်သားဝနေသူတစ်ဦးလည်း ဖြစ် သည်။ ထို့ကြောင့်လည်း အရေးအခင်း ကာလအတွင်း ခေါင်းဆောင်သူ၊ ကြိုး ကိုင်သူတစ်ဦးဖြစ်ခဲ့သည်။

ဒီဆယ်မှာ ကုလားကပြား လူဖလံ ကာလေးတစ်ဦးဖြစ်သော်လည်း သတ်ရဲ

www.burmeseclassic.com

ဖြတ်ရဲ၊ လုပ်ရဲကိုင်ရဲရှိသောကြောင့် အကျဉ်းသားဆိုးများအလယ်တွင်ခေါင်းဆောင်ဝိုလ်တစ်ဦးလည်း ဖြစ်လာခြင်းဖြစ်ပါသည်။ သူက နောက်လိုက်နောက်ပါ ထပည့် အင်အားလည်း အတော်တောင်းသည်။ ထောင်တွင်းရန်ပွဲများ၌ အီဆာ် အမြဲတမ်းပါဝင်နေတတ်သည်။ ထို့ကြောင့် သူ့အား တိုက်ခန်းအတွင်း၌ ထားခြင်းဖြစ်ပါသည်။

ထောင်တွင်းအရေးအခင်းပြီးသော နေ့တစ်နေ့တွင် ကျွန်တော်တို့ပတ်ကင်းတစ်စိ်၊ ထောင်တွင်းညကင်းတာဝန်ကျရာ မိန်းဈေးတွင် တပ်စွဲပြီး ဗိုဗိုင်းကြီးအတွင်း၌ တစ်လှည့်စီ အိပ်ကြရသည်။ ထောင်ကြီး မီးလောင်ပြီး အကျဉ်းသားဆိုးများက ထောင်တွင်း မွေးမြူရေးဝက်များအား သတ်ဖြတ်စားသောက်ခြင်း၊ အချင်းချင်းရန်ပြီးဖြင့် သတ်ဖြတ်မြေမြှုပ်ထားခြင်းတို့ကြောင့် လေးဖက်လေးတန် အုတ်တံတိုင်းအမြင့်ကြီး ကာရံထားသော ထောင်အတွင်း၌ အနံ့ဆိုးများက လွင့်မြယ်မသွားပါ၊ အတွင်း၌ လှိုက်၍ ဖုပ်တောင်နံ့စော်နေသည်။ တာဝန်လဲ၍ အိပ်ရာဝင်သော်လည်း နှစ်မြိုက်စွာ အိပ်မရပါ။ ထိုညတစ်ညလုံး အတော်ဒုက္ခခံရပါသည်။

လျှပ်စစ်မီးများလည်းပြတ်တောက်နေသဖြင့် အရေးပေါ် သွယ်တန်းထားသော မိန်းဈေးရုံးခန်းနှင့် ဗိုဗိုင်းကြီးအတွင်း၌သာ မီးအလင်းရောင်ရှိသည်။ ပတ်ဝန်းကျင်လောကတစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေသည်။ မီးလောင်ပြီး ကျန်ရှိခဲ့သည့် အဆောက်အအုံအပျက်များက မှောင်မည်းမည်းထဲ၌ မကောင်းဆိုးဝါးများ၊ လက်ကားရား၊ ခြေကားရားဖြင့် ခြောက်လှန့်နေကြသယောင် ထင်မှတ်မှားရသည်။

ဆိုးဝါးသောအနံ့အသက်များကြောင့်လည်းလူသေမြှုပ်နှံသည့်သင်္ချိုင်းကုန်းအတွင်း ရောက်ရှိနေသလိုပင်။ ထို့အပြင် မိန်ကောင်ခေါ်ညငှက်ဆိုးများကလည်း အုပ်လိုက်ပျံဝဲနေကြပြီး ဗိုဗိုင်းကြီးအပေါ် မျှော်စင်ပေါ်၌ နားခိုကြရင်း ချိုး၍ လာကြသောဟာဒ်သီးများကိုလွှတ်ချနေကြရာ သရဲတစ္ဆေများက ခဲများနှင့်ပေါက်နေသလိုပင်။ ဗိုဗိုင်းကြီးခေါင်မိုးအပေါ်သို့ တဒိုင်းဒိုင်းကျရောက်နေသည့်အသံမှာလည်း ခြောက်ချားစရာ အလွန်ကောင်းလှပါသည်။

ထိုနေ့က တာဝန်ကျသောတစ်ညတာမှာ တစ်ကမ္ဘာခန့် ကြာသလိုပင် အသက်ရှူ၍ပင် မဝ။ အရှင်လတ်လတ် [cut off]နေသလိုပင်။ မနက်ရောင်နီလာ[cut off]သော မနက်စောစော နေ့သစ် လေ[cut off]လေးများဝင်လာပြီးအသက်ဝဝရှူဖြစ်[cut off]တော့သည်။ အလင်းရောင်လာမှ အနံ့[cut off]များ အနည်းငယ် လွင့်ပြယ်သွား[cut off]သယောင် ထင်ရသည်။ ဗိုဗိုင်းကြီးအတွင်းလေထက် အပြင်က လေက အတော်ပိုသန့်သည်။ နေ့သစ်တစ်နေ့၏ [cut off]တ်ခင်းလည်း ဖြစ်ပါသည်။

⁂

မနက် (၆) နာရီ၊ လုံခြုံရေးတာဝန် [cut off]ပြောင်းယူရန်အဖွဲ့ ရောက်လာတော့ [cut off]ျွန်တော်တို့အဖွဲ့ ထောင်ပြင်ထွက်၍ [cut off]ယူရန် ပြင်ဆင်နေချိန်ဖြစ်သည်။ [cut off]အချိန်တွင် တိုက်ခန်းများ တံခါးပွင့်[cut off]ပြီး အကျဉ်းသားသူခိုးမြင့်သိန်းက [cut off]ပ်စစ်အင်ဂျင်နီယာ၊ ဖောက်ထွင်းဝိဇ္ဇာ[cut off]စ်ဦးဖြစ်သည်။ တိုက်ခန်းသော့များ [cut off]ခြင်းနှင့် အုပ်ချုပ်သူဝန်ထမ်းများဖြင့် [cut off]ဆင်ပြေအောင် ဆောင်ရွက်ပေးနိုင် [cut off]လည်း မြင့်သိန်းသာ ဖြစ်သည်။ [cut off]တာဝန်ထမ်းများ၏ Radio၊ cassettes၊ [cut off]ရီများကို သူတတ်ကျွမ်းသောပညာ [cut off]ပြင်ပေးတတ်သောကြောင့် ဝန်ထမ်း[cut off]နှင့် ရင်းနှီးသည်။ လူချစ်လူခင် [cut off]လွန်များသည်။ "ကမ္ဘာပေါ်၌ အာမခံ သော့ မပေါ်သေးဘူး" ဟူသော သူ၏ ဆောင်ပုဒ်ကြောင့် ထောင်ပိုင်ကြီးဦးစိန်ဌေးက လုံခြုံရေးအရ သူခိုးမြင့်သိန်းအား အဆောင်၌လွှတ်လပ်စွာမထားတော့ဘဲ တိုက်ခန်းများအတွင်း ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ယခုတော့သူခိုးမြင့်သိန်းမှာ အီဆပ်တို့အဖွဲ့နှင့် ဝန်ထမ်းများ ဆက်ဆံရာတွင် သူက ဆက်သွယ်ရေးအရာရှိ ရာထူးကို အလိုလို ရသွားသည်။

"ဆရာထောင်မှူးကြီး – ချောတီလဲပြီး နားတော့မှာလား"

"အေးလေကွာ – မင်းတို့ထောင်ထဲမှာ တစ်ညတာဝန်ကျတာ အသက်ရှူလို့တောင် မဝဘူး။ အိပ်လို့လည်း မပျော်ဘူး"

"ဆရာကလည်း အခြေအနေအရ ပေါ့ – ဆရာရယ်၊ ဆရာတို့နေတဲ့မိန်းဈေး နေရာက ကျယ်ဝန်းပြီးလေဝင်လေထွက် ကောင်းပါသေးတယ်၊ ကျွန်တော်တို့ တိုက်ခန်းတွေအတွင်းကအလွန်ကျဉ်းပြီး လေဝင်လေထွက်တောင်မရှိသလောက် ပါပဲ – ဆရာရယ်၊ နေနေကျသွားတော့ လည်းနေလို့ရပါတယ်"

"အေး – မင်းတို့က အပြစ်ဒဏ်နဲ့ ထောင်ကျတာ၊ ငါတို့က ဝန်ထမ်းဖြစ်လို့ တာဝန်နဲ့ ထောင်ကျတာ၊ ဒါပဲ ကွာပါ





www.burmeseclassic.com

www.burmeseclassic.com

တယ်ကွာ၊ ထောင်ဖာတာပါသူတွေ အချင်းချင်းပါပဲ - မထူးလှပါဘူးကွာ”

“မထူးဘဲ ရှိမလား - ဆရာရယ်၊ အခုပဲ ဆရာတို့အဖွဲ့တာဝန်ပြီးလို့အပြင်ထွက်ပြီး လွတ်လွတ်လပ်လပ် အနားယူကြရတော့မယ်၊ ကျွန်တော်တို့မှာ အဲ့လို အခွင့်အရေးမှမရှိတာ”

“အဲ့ဒါ ဘယ်သူလုပ်တာလဲ၊ ကိုယ့်အာသာကိုယ်လုပ်တာ မဟုတ်လား၊ လူ့ဘောင်းမှာ လူ့အခွင့်အရေး ကိုယ်စီရှိပါတယ်၊ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ထရားဥပဒေကို ချိုးဖောက်ရင်တော့ အောင်ဆက်ခံရမှာပေါ့”

“ဟုတ်ပါ့ - ဆရာရယ်၊ ကျွန်တော်တာ သဘောသဘာဝမတူတာကို ပြောတာပါ - ဆရာ၊ အစောပိုင်းက ပြောသလိုပါဘဲ၊ ဝန်ထမ်းနဲ့ အကျဉ်းသားထောင်ဖာတာပါတာချင်းတော့ တူပါတယ်၊ ဆရာနဲ့ ကျွန်တော်တို့က ရေစက်ဆုံလို့ ထောင်ထဲမှာ တွေ့ကြုံ ဆုံကြရတာပါ”

“မင်းတို့အနေအထိုင်၊ အခြေအနေတော့ တောင်းကြရဲ့လား”

“တောင်းပါတယ် - ဆရာ၊ အဲဒီ့ကိစ္စ ဆရာ့ကို ပြချင်လို့ ကျွန်တော် ထွက်လာတာပါ၊ ဆရာ Breakfast စားဖို့လည်း တိုက်ခန်းထဲမှာ စီစဉ်ထားပါတယ်၊ ကြွပါ ဆရာ”

“ဟေ - ဘာလဲ - လုံးတီးထမင်းကြော်လား”

“ဆရာကလည်း တပည့်တွေကို အထင်သေးလို့၊ ကောင်းကောင်းညှော်ခံမှာပါ - ဆရာရယ်”

“အေး - ဟုတ်ပြီ”

ထို့ကြောင့် ကျွန်တော်က ကျည်ဖိနပ်နှင့် ခြောက်လုံးပြူးသေနတ်ကို မိန်းဂျေးတပ်ကြပ်ကြီး ဝင်းမြင့်ကို အပ်နှံပြီး လိုက်ရန်ပြင်တော့ မိန်းဂျေးတပ်ကြပ်ကြီး ဝင်းမြင့်က -

“ဆရာ မလိုက်သင့်ဘူးထင်တယ်”

ဟု တားပါသည်၊

ဟုတ်ပါသည်၊ အီဆပ်တို့အဖွဲ့မှာ ထောင်မီးရှို့သူ၊ သတ်ရဲဖြတ်ရဲရှိသူ၊ လူမိုက်လူဆိုးအဖွဲ့ဖြစ်သည်၊ သို့သော် ကျွန်တော် သတ္တိမရှိရာ ကျမည်စိုးသောကြောင့်မြင့်သိန်း ဖိတ်ခေါ်သည်ကို မငြင်းဘဲ လိုက်၍ပြင်ခြင်းဖြစ်ပါသည်၊ ထိုအခါတွင် သူ့စိုးမြင့်သိန်းက -

“ဆရာ ဝင်းမြင့်ရယ် - ကျွန်တော်နဲ့ ဆရာထောင်မှူးကြီးက တပည့်ရင်း ဆရာရင်းတွေပါ၊ စိုးရိမ်စရာမရှိပါဘူး၊ ကျွန်တော်လုံးဝတာဝန်ယူပါတယ်၊ စိတ်ချစမ်းပါဗျာ၊ ဆရာ့ကိုမဲ့တစ်ပေါက်မစွန်းစေရပါဘူး၊ ကျွန်တော့်အသက်နဲ့ ထပ်တူအာမခံပါတယ်”

သို့နှင့်ကျွန်တော်မြင့်သိန်းနှင့်အတူ တိုက်ခန်းများအတွင်းသို့ လိုက်ခဲ့ပါသည်၊ သူတို့တိုက်ခန်းစီးသူများအဖွဲ့က ၁ တိုက်ကို ဖွင့်ပြီး ရုံးခန်းလုပ်ထားခြင်းဖြစ်သည်၊ တိုက်ခန်းအတွင်း၌ ခေါင်းဆောင်အီဆပ်က ရုံးစားပွဲအနောက်က ခုံလည်ကုလားထိုင်တွင် မိန့်မိန့်ကြီးထိုင်နေသည်၊ အကျဉ်းထောင်ကာကီ ယူနီဖောင်းကို အပြည့်အစုံဝတ်ထားပြီး ခါးပါမှ လက်မောင်း လက်ဖျံနစ်ဖက်လုံးတွင် ကျွန်တော်တို့ အကျဉ်းထောင်အရာရှိများ တပ်ဆင်သည့် ငွေကြယ်ပွင့်များကို အပြည့်တပ်ဆင်ထားသည်၊ ၎င်း၏ အနောက်ဘက်ဆင့်တန်းပေါ်၌လည်း နိုင်ငံခြားအရက်မျိုးစုံ စီတန်းထားပြီး အနီး၌ ရေခဲသေတ္တာကြီးကလည်း ရှိသေးသည်၊ ခေါင်းပေါ်၌ မျက်နှာကျက်ပန်ကာကြီးက တစီစီလည်ပတ်နေသည့် ထောင်ဆေးရုံဆရာဝန်ကြီး၏ ရုံးခန်းမှ ပစ္စည်းများဖြစ်ပါသည်၊

“ဗျာ - ဘယ်ဟုတ်ပါလား”

“ဟုတ်ရမယ်လေ - ဆရာရဲ့၊ ဟော့ ဒီမှာ ဆရာ့အတွက် NESTCAFE နဲ့ ပေါင်မုန့်ကြက်ဥကြော်၊ ဘီယာနဲ့ အရက် သောက်ချင်ရင်လည်း ရေခဲသေတ္တာထဲမှာ အပြည့်ရှိတယ်”

“အေးပါ - မြင့်သိန်းရယ်၊ တော်ပီ ရရင်ပဲ တော်ပါပြီ”

ကျွန်တော် သူတို့ခင်းပေးသော ကုလားထိုင်ပေါ်တွင် ထိုင်၍ အေးအေးဆေးဆေးစွာပင် ပေါင်မုန့်ကြက်ဥကြော်ကို စား၍ ကော်ဖီကို သောက်သည်၊

မြင့်သိန်းက - “ဆရာ ဘာလိုသေးလဲ၊ ကျွန်တော်တို့မှာ ထောင်ထဲတတဲ့သူ ထားတဲ့အဝိုးတန်ပစ္စည်းတွေ စုထားတာ အစုံရှိတယ်၊ လိုချင်တာကို ပြောပါ”

“တော်ပါပြီကွာ - ကျေးဇူးပါပဲ၊ ဒါလည်း ပြန်ဦးမယ်၊ ငါ့အဖွဲ့က အပြင်ထွက်ဖို့ စောင့်နေကြလိမ့်မယ်”

“ဟုတ်ကဲ့ပါ - ဆရာ၊ ကျွန်တော်တို့ အခြေအနေကို ဆရာ့ခေါ်ပြတာပါ၊ ဆရာက သတ္တိကောင်းတယ်နော်”

ကျွန်တော် စားသောက်ပြီး သူနိုးမြင့်သိန်းနှင့်အတူ အပြင်သို့ ပြန်ထွက်ခဲ့ကြသည်၊

လမ်း၌ ကျွန်တော်က - “မြင့်သိန်း ဖိမ်ခံပစ္စည်းတွေက ထောင်ဆေးရုံက ပစ္စည်းတွေမှန်း ငါသိပါတယ်၊ စားစရာနဲ့ အရက်ပုလင်းတွေက ဘယ်ကရတာလဲ”

“ဟဲဟဲ - ဆရာကလည်း မီးသတ်ကရေသယ်ကားကြီးတွေနဲ့ ကျွန်တော်တို့ သုံးဖို့စနစ်စဉ်ရေလာထည့်ပေးတယ်လေ၊





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့က ထောင်ထဲကရတဲ့အဖိုး
တန်ပစ္စည်းတွေကိုပေးပြီး မှာချင်တာ မှာ
လို့ရတာပေါ့ – ဆရာရယ်”

“ကောင်းကွာ၊ ဒါအစိုးရဌာနအချင်း
ချင်း သစ္စာဖောက်တာပဲ”

“ဆရာရယ် – အရေးအခင်းကာလ
အတွင်းပဲဥစ္စာ။ အင်းစိန်ထောင်ကြီး
တောင် မီးလောင်လို့ ပျက်စီးသွားပြီ”

“အေး – အဲ့ဒါက မင်းတို့အကျဉ်း
သားတွေရဲ့ရည်ရွယ်ချက်ပဲ၊ အောင်ပွဲလို့
ထင်နေသလား၊ အကျဉ်းထောင်ဆိုတာ
တ-လူကောင်းတွေအတွက် မလိုအပ်
ပေမဲ့ နိုင်ငံတော်အုပ်ချုပ်ရေးမှာ လူဆိုး
သူခိုးတွေအတွက် အမိက မရှိမဖြစ်လို
အပ်တယ်ကွ – နားလည်ရဲ့လား”

“ဟုတ်ကဲ့ပါ – ဆရာ၊ ကျွန်တော်
လည်း အရင်ကတော့ ထောင်ကြီး မီး
လောင်ပျက်စီးသွားရင် အေးပြီမှတ်တာ၊
အခုမှ ဆရာပြောလို့ စဉ်းစားမိတယ်၊
အရင် ထောင်ကြီးရှိတုန်းက စနစ်တကျ
နေရထိုင်ရ၊ စားသောက်ရ၊ အိပ်စက်ရ
တယ်၊ ကျန်းမာရေးအတွက်လည်း ပူ
စရာမလိုဘူးပေါ့ – အခုတော့ အုပ်ချုပ်
သူမဲ့သွားလို့ လွတ်လပ်သွားသလို ထင်
ရပေမယ့် ကျွန်တော်တို့ဘာသာ ထောင်
ထဲမှာ ရှာဖွေစားသောက်ပြီး အသက်ရှင်
ရပ်တည်ရတာ မလွယ်ကူမှန်း သိပါပြီ
ဆရာရယ်”

“အေး – သဘောပေါက်ရင် မင်းတို့
အုပ်စုလည်းလိမ္မာကြတော့၊ အထင်ကြီး
ပြီးမမိုက်ကြနဲ့တော့၊ မင်းတို့အခြေအနေ
က ကြက်ခြင်းထဲက ကြက်လို အချိန်
မရွေး ရိုက်သတ်ပြီး ချက်စားလို့ရတယ်၊
ဘဝင်မမြင့်ကြနဲ့၊ ကိစ္စတွေ ပြီးတာနဲ့ မင်း
တို့ တစ်ကွဲတစ်ပြားစီ နေရာခွဲပြီး အရေး
ယူ အပြစ်ပေးခံကြရတော့မှာ၊ သဘော
ပေါက်၊ နားလည်ထား”

“ဟုတ်ကဲ့ပါ – ဆရာ”

▲▲▲

တိုင်းပြည်ကို စစ်တပ်က အာဏာ
သိမ်းပြီး အင်းစိန်ထောင်ကြီးကို အရေး
ပေါ်ပြန်လည်ဆောက်လုပ်နေစဉ်ကာလ
၌ပင် အီဆပ်တို့အဖွဲ့အား ပြစ်ဒဏ်အသီး
သီးထပ်မံချမှတ်ပြီး ထောင်အသီးသီးနှင့်
စခန်းများသို့ လူစုခွဲ၍ ပို့တော့သည်။

အရေးအခင်းခေါင်းဆောင် အီဆပ်
ကို မင်းကုန်း (ရန်ကုန် – မန္တလေး အမြန်
လမ်းစီမံကိန်းကွပ်ကဲမှုစခန်း) မှတစ်ဆင့်
ဥတိုစခန်းခွဲသို့ လူစုခွဲ၍ ပို့သည်၊ ဥတို
စခန်းခွဲမှာ ရေနက်ကြီးစခန်းခွဲဖြစ်ပြီး
စခန်းခွဲ တာဝန်ခံက ထောင်မှူးကြီး
ဦးထွန်းစိုးဖြစ်သည်၊ ထိုဥတိုစခန်းခွဲတွင်



…အခါတွင်လည်း စခန်းတတ်လည်းတွင်
…ကုန်းများ ဝင်၍ ကိုယ်တိုင်ဆောင့်ကြည့်
…ရှ၍ တစ်ညှ၌ အီဆပ်ခေါင်းဆောင်၍
…စခန်းအား စီးပြီး မီးရှို့ရန် စီစဉ်နေစဉ်
…ထောင်ပိုင်ဦးဟန်ငွေကိုယ်တိုင် ဝင်ရောက်…
…တိုးလုံး(ကျည်)သေနတ်ဖြင့် အီဆပ်အား
…အီး အရ ပစ်သတ်လိုက်တော့သည်။
…ထိုအခါမှ ခေါင်းဆောင် အီဆပ်သေ၍
…ပုန်ကန်ထကြွမှု ချုပ်ငြိမ်းသွားသည်။

လည်း အီဆပ်က အေးအေးဆေးဆေး မနေဘဲ
အကျဉ်းသားများအား စည်းရုံး၍ ထောင်
ဖောက်ရန် စီစဉ်ပြန်သည်။

ထိုသတင်းကိုသစ္စာရှိသောရဲဘော်
ဟောင်းတစ်ဦးက စခန်းခွဲ တာဝန်ခံ
ထောင်မှူးကြီး ဦးထွန်းစိုးကို သတင်းပို့
သဖြင့် ဦးထွန်းစိုးက မင်းကုန်းကွပ်ကဲမှု
စခန်းသို့ အကြောင်းကြားသည်၊ မင်း
ကုန်းစခန်းမှ ထောင်မှူးကြီး ဦးအောင်
ကျော်ဌေးတို့အဖွဲ့က ရဲက်ရှင်းပင် ရေ
သယ်ဘောက်ဆာကားများနှင့် တီးနီး
(TE-11) ကားများအပါအဝင်
လက်နက်ကိုင်ဝန်ထမ်းအင်အားဖြင့် ခေါ်
ဆောင်၍ ဥတိုစခန်းအား ဝိုင်းရသည်။

အချိန်မီပင် ဥတိုစခန်းအား ဝိုင်း၍
ထောင်ထရှုပ်ရန်အကြံအား ထိန်းသိမ်း
နိုင်ပြီး အီဆပ်တို့အဖွဲ့အား လူစုခွဲ၍ စခန်း
အသီးသီးသို့ ပို့ဆောင်ရသည်၊ ရန်ကုန်
မန္တလေးအမြန်လမ်းစီမံကိန်းစခန်းခွဲများ
မှာ ယာယီစခန်းများသာဖြစ်ကြပြီး ခနိုနိုး
ဝါးထရံကာ၊ ကြိမ်းခင်း၊ တဲစခန်းများသာ
ဖြစ်ကြပြီး သွပ်ရေးကြိုးသာ ကာရံထား
သော စခန်းကလေးများ ဖြစ်ကြသဖြင့်
မီးလောင်လျှင် ချက်ချင်းပြာကျသွားမည့်
စခန်းဖြစ်သည်၊ အချိန်မီ သိရှိသတင်းရ
သောကြောင့် အုပ်မိပြီး ဘာတွယ်ထား





www.burmeseclassic.com

www.burmeseclassic.com

ဆီးနိုင်ခြင်း ဖြစ်ပါသည်၊ စခန်းသာ မီးလောင်လျှင် အကျဉ်းသားများ ထွက်ပြေးနိုင်ရန်အတွက် စခန်းဝန်ထမ်းများ တတားဆီးဝစ်ဝတ်ဖမ်းဆီးရမည်ဖြစ်ရာ အသေအပျောက်သေရာပေါက်ဖြစ်ပွားမည်ဖြစ်ပါသည်၊

မြတ္တူဦးခေါင်းကြီးအီဆပ်ကိုငါးရေ ဆောင်ရဲဘက်စခန်းခွဲသို့ ပို့လိုက်ရသည်။ ထိုစခန်းခွဲတာဝန်ခံမှာ ထောင်ပိုင်ဦးဟန်ငွေ ဖြစ်သည်၊ မင်းကုန်းစခန်းက ထောင်ပိုင်ဖြစ်ပြီး အုပ်ချုပ်ရေးကောင်းမွန်၍ သတ္တိရှိသူလည်း ဖြစ်သည်၊ ငါးရေ ဆောင်စခန်းမှာ လုံခြုံရေးကောင်းမွန်ပြီး ရဲဘက်နှင့် ဝန်ထမ်းများ စည်းကမ်းရှိကြသောကြောင့် အီဆပ် ငြိမ်နေသည်၊

သို့သော် တစ်လခန့်ကြာတော့ အီဆပ် ခေါင်းထောင်လာပြန်သည်၊ စခန်းအတွင်းထောင်ထရှုပ္ပရန် စည်းရုံးနေကြောင်း အတွင်းစကားများ ကြားရသည်။ ထို့ကြောင့် စခန်းတာဝန်ခံထောင်ပိုင် ဦးဟန်ငွေက လုံခြုံရေးကို အထူးဂရုစိုက်၍ ညအခါတွင်လည်း စခန်းပတ်လည်တွင် တင်းပုန်းများဝပ်၍ ကိုယ်တိုင် စောင့်ကြည့်နေစဉ် တစ်ညတွင် အီဆပ် ခေါင်းဆောင်၍ စခန်းအား စီးပြီး မီးရှို့ရန် စီစဉ်နေစဉ် ထောင်ပိုင်ဦးဟန်ငွေကိုယ်တိုင် ဂရင်းနာ (ကိုးလုံးကျည်)သေနတ်ဖြင့် အီဆပ်အား အမိအရပစ်သတ်လိုက်တော့သည်၊ ထိုအခါမှ ခေါင်းဆောင် အီဆပ်သေ၍ ပုန်ကန်ထကြွမှု ချုပ်ငြိမ်းသွားသည်၊

စခန်းတာဝန်ခံ ထောင်ပိုင်ဦးဟန်ငွေကတော့ ထိုအမှုကိစ္စကြောင့် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ခံရသည်၊ ပြည်ထဲရေးဝန်ကြီးဌာနသို့ အမှုတွဲ ရောက်ရှိသွားသောအခါ ဒုဝန်ကြီးက အရေးအခင်းခေါင်းဆောင်အီဆပ်အားအစောပိုင်းကပင် ကွပ်မျက်သင့်သူဖြစ်ကြောင်း မှတ်ချက်ပေးပြီး စခန်းတာဝန်ခံ ထောင်ပိုင်ဦးဟန်ငွေအား အပြစ်မှ လွှတ်၍ အမှုတွဲအား ပိတ်သိမ်းလိုက်သည်၊

ဤသည်မှာ ၁၉၈၈ ခုနှစ် အင်းစိန်ထောင် မီးရှို့ဖျက်ဆီးရာတွင် ခေါင်းဆောင်လုပ်သူ အကျဉ်းသား အီဆပ်၏ နိဂုံးဇာတ်သိမ်းပိုင်းဖြစ်သည်၊ ထောင်ဆိုသည်မှာ ပြဿနာကြီးငယ် ကျူးလွန်သူများကို စုဝေးချုပ်နှောင်ထားရာနေရာ ဖြစ်သည်၊ ထိုအထဲတွင် စုန်ပြူး အီဆပ် လိုလူမျိုး ပါဝင်လာသောအခါ ...။

⇨ ဆောင်ရှူးကြီး သိန်းဝင်



# သားဆိုး

## မောင်သာမန် (စိုးကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

ရွာကလေးတစ်ရွာတွင်ဦးဘတုနှင့် ဒေါ်အေးနုစ်တို့သည် ဘိုးစဉ်ဘောင် ဆက် နေထိုင်လျက်ရှိကြ၏။ ဦးဘတု သည် လယ်ပိုင်ရှောင်းပိုင် တောသူဌေး ဖြစ်သည့်အပြင်ထိုရွာတွင်ဩဇာကိတ္တိမ ကြီးမားသူဖြစ်၏။ ရပ်မိရပ်ဖတစ်ဦးဖြစ် သလိုဘုရားဒကာ၊ကျောင်းဒကာလည်း ဖြစ်၏။ ရွာသူရွာသားတို့အဖို့ရင်ဆိုင်နေ ကြရသောလူမှုအဝေ့ဝေ့အားဦးဘတု တဝင် ဒိုင်ခံဖြေရှင်းပေးခဲ့သည်ကြောင့်

တား၏။ နေ့ရာသီအခါများတွင်လည်း ဗုဒ္ဓဝင် နီတိတရားများ တတ်ကျွမ်းနား လည်စေရန် ဘုန်းကြီးကျောင်းတွင် စာ သင်စေ၏။ သို့စေကာမူစိုးတင့်သည်မိဘ တို့၏ ဖြစ်လိုသည့်အရာများကို မဖြည့် ဆည်းခဲ့၊ ပရိတ်ကြီး(၁၁)သုတ် မပြော နှင့်၊ အခြေခံဗုဒ္ဓဝင်ကိုပင် မကျေညက်။ ဘုရားရှိခိုးပင် အိုးနင်းခွက်နင်း ဖြစ်နေ သည်၊ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရား တော်ဆိုပါလျှင် ဝေလာ ဝေးပင်။

မိဘ၏စေတနာကို

နားလည်မှုမရှိဘဲ ဆိုးသွမ်းမိုက်မဲခဲ့သည့်

သားတစ်ယောက်၏ နိဂုံး ..

တစ်ရွာလုံး၏ လေးစားကြည်ညိုမှုအား ခံရသူတစ်ဦးဖြစ်သည်။

သို့သော် ဦးဘတုနှင့် ဒေါ်အေးနုစ် တို့၏ဩရသသားကြီးစိုးတင့်သည်ကား ခေင်နှင့် ဆန့်ကျင်ဘက်ပင်ဖြစ်သည်၊ မိဘနှစ်ပါးသည် သားဖြစ်သူအား ချစ်ခင် မြတ်နိုးခြင်းကြောင့်အရာရာအလိုလိုက် ခဲ့၏။ သို့ပြင် သားဖြစ်သူအားပညာတတ် ဖြစ်စေလိုသဖြင့် ငယ်စဉ်ကပင် ကျောင်း

ယင်းသို့ မင်္ဂလာအပေါင်းနှင့် ပြည့် စုံသည့် ပညာအရာများကို စိုးတင့်တစ် ယောက် မတတ်စွမ်းနိုင်သော်လည်း ဒုစရိုက်အရာများကိုမူ တစ်ဖက်ကမ်း ခတ် ကျွမ်းကျင်တတ်မြောက်လှ၏။ လောင်းကစားတွင် ဖဲနှင့်ပတ်သက်၍ ဘူကြီး၊ ဘူလတ်၊ကိုးမီး၊ရှိုး၊ပိုကာအကုန် ကျွမ်း၏။ ကစားလည်း ကစား၏၊ နွား တိုက်၊ကြက်တိုက်၊ကိုးကောင်ဂျင်စသည်

ရူးသည်ကား ပို၍ပင် နံ့စပ်၏။ ကစား သည်းကစား၏။ အသက်သုံးဆယ်နီးပါး ရောက်နေသည့်တိုင်လောင်းကစားနယ် ပယ်တွင် ကျင်လည်ကျက်စားနေခဲ့ဆဲ ဖြစ်၏။

ဦးဘတုတို့ နှစ်ရှည်လများ ရှာဖွေစု ဆောင်းထားသမျှ သားဖြစ်သူမှ ကာလ တိုအတွင်း သုံးဖြုန်းနေခဲ့၏။ ဦးဘတု သည်သားဖြစ်သူစာရိတ္တယိုင်နဲ့ပျက်စီး၍ ရှေ့ရှည်ဒုက္ခရောက်မည်ကိုအထူးစိုးရိမ် ၏၊ အလဟဿ သုံးဖြုန်းနေသည့် ငွေ ကြေးများကို နမြော၍မဟုတ်၊ လောင်း ကစားကြောင့်ဘဝပျက်မည့်အရေးတွေး တောစဉ်းစားလျက် အခါမလတ် အသိ ပေးဆုံးမခဲ့သည်။

"လူလေးစိုးတင့် – လူရယ်လို့ ဖြစ်လာပြီးအသက်ရှင်နေတယ်ဆိုရင် လောကရဲ့ သဘာဝသဘောကိုနားလည်ထားရမယ်၊ လောကမှာ ဆန့်ကျင်ဘက်အရာနှစ်ခု ဟာ အစဉ်ပဲရှိနေတယ်၊ အဲဒါတွေက အလွယ်ပြောရရင်အဆိုးနဲ့အကောင်းပဲ၊ လောကကြီးတစ်ခုလုံးမှာ မတူတဲ့အရာ နှစ်ခု ခွန်တွဲရှိနေခြင်းကြောင့် လောက သားတွေဟာအရာနှစ်ခုကိုစွန့်ပစ်လို့မရ ကြဘူး၊ ဒါပေမဲ့ – ဆင်ခြင်တုံတရားရှိတဲ့ ပညာရှိတွေဟာ အကောင်းကို ပိုင်ပိုင်

ဆုပ်ကိုင်ထားပြီးအဆိုးကိုစွန့်လွှတ်ထား ကြတယ်၊ ပညာမရှိတဲ့ မှဲ့ဖြုလ်တွေက တော့ အဆိုးတွေကိုပဲ လွယ်လွယ်ရရ ပြီး ဖက်တွယ်နေကြတယ်၊ တစ်ခုစဉ်း စားရမှာက လောကကြီးအစွန်ရှည်ဖို့ဆို ရင် အကောင်းတွေနဲ့သွားမှဖြစ်သလို ဆိုးသွမ်းတဲ့အရာတွေသာ ဖုံးလွှမ်းသွား ရင်လောကကြီးဟာ ထာဝရရှင်သန်ရပ် တည်ဖို့ မဖြစ်နိုင်ဘူးဆိုတာ လူလေးနား လည်သဘောပေါက်ရမယ်။

ဒီလိုနီယာမတရားကိုရှုမြင်သုံးသပ် မယ်ဆိုရင်အခုမင်းလုပ်နေတဲ့အရာတွေ ဟာ အဆိုးဖြစ်တဲ့အတွက် မိဘာစုဘဝ ရေရှည်ရပ်တည်နိုင်စွမ်းမရှိဘူးဆိုတာ ကြိုမြင်နိုင်တယ်၊ အဖေတို့ဘိုးစဉ်ဘောင် ဆက်ဟာရိုးသားဖြူစင်စွာရှန်းကန်လှုပ် ရှားခဲ့ပြီး သည်အိမ် သည်လယ်တွင်နဲ့ရှေ လာခဲ့ကြတာပါ၊ လူလေးအနေနဲ့ ဆက် လက်ပြီး ရိုးသားဖြူစင်သင့်ပါတယ်၊ နောင်လာနောက် သားတွေအတွက် သည်အိမ် သည်ပစ္စည်းတွေကို ထိန်း သိမ်းသင့်ပါတယ်"

ကျွဲပါးစောင်းတီးပါက ကျွဲမှ ညွဲ့ညွဲ့ ဟု မြည်ပါလိမ့်မည်၊ စိုးတင့်ကား ဒေါ လည်းမအော်၊မြည်လည်းမမြည်။ ဝေ၍သာ နားထောင်၏၊ နားထောင်သမျှ





www.burmeseclassic.com

www.burmeseclassic.com

သည်ဘက်နားမှဝင်၍ ဟိုဘက်နားမှ ထွက်သွား၏။ ဖခင်ဖြစ်သူကို ကြောက်၍သာ "ဟုတ်ကဲ့" ဟု ဆိုခဲ့၏။

ထိုနောက်စိုးတင့်ကား ဆိုးမြဲပေမြဲပင်။ ဦးဘတူသည် သားဖြစ်သူ စိုးတင့်၏ ဘဝရှေ့ရေးအတွက် ရင်လေးလာရ၏။ သို့ဖြစ်၍သားဖြစ်သူအားစဉ်ဆက်မပြတ် ဆုံးမ၏၊ သတိပေး၏။ သားဖြစ်သူမှာ လည်း တိုး၍သာ ဆိုးသွမ်းလာ၏။ ရွာ၏ ဘုရားအတာ ကျောင်းဒကာ၊ လူရိုသေရှင် ရိုသေ ဦးဘတူမှာ သားဖြစ်သူကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုများ ကြုံတွေ့လာရ၏။ သို့ဖြင့် နလုံးရောဂါ၊ စိတ်ရောဂါဖြင့် အိပ်ရာတွင် ဗုန်းဗုန်းလဲရတော့၏။

မိခင်ဖြစ်သူကမူ ဦးဘတူကဲ့သို့ တော့သုတ မကြွယ်လင့်ကစား မိခင်မှ ထားရှိအပ်သော မေတ္တာဖြင့် ချွေနားတော် သွင်းခဲ့ပါသည်။

"လူလေး - အဖေတို့ အမေတို့မှာ တော့တောက်နောက်ခံ သားသမီးရယ်ဆိုလို့လူလေးတစ်ယောက်ပဲ ရှိပါတယ်။ အမေတို့ ပိုင်ဆိုင်ထားတဲ့အရာမှန်သမျှ တစ်ချိန်ကျရင် လူလေးတစ်ယောက် တည်း ပိုင်ဆိုင်ရမှာပါ။ တစ်နေ့ပိုင်ဆိုင် လာမယ့် ဥစ္စာနေပစ္စည်းတွေကို အခုလို လွယ်လင့်တကူ သုံးဖြုန်းနေခြင်းဟာ လူလေးရဲ့အနာဂတ်မှာ ဗလာနတ္ထိဖြစ်ပြီး အနိမ့်ဆုံးဘဝ ရောက်သွားနိုင်တယ်ဆိုတာ စဉ်းစားကြည့်တာနဲ့ သိနိုင်ပါတယ်ကွယ်။ ဒါကြောင့် - လူလေးပိုင်ဆိုင်မယ့် သည်အိမ်နဲ့ သည်လယ်တွေကို မယုတ်မလျော့ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ ကြိုးစားရလိမ့်မယ်၊ ဒါကြောင့် လူလေး ဆင်ခြင်ဉာဏ်ရှိမှဖြစ်မယ်ဆိုတာ လူလေးနားလည်စေချင်တယ်၊ ဒါကြောင့် အရာရာလေ့လာပါ၊ သင်ယူပါ၊ မေးမြန်းပါ၊ ဆင်ခြင်ပါ၊ စဉ်းစားပါ၊ ပြီးတော့မှ အမှားအမှန်ကို ဆုံးဖြတ်ပါလို့ အမေ ပြောချင်တော့တာပဲကွယ်"

စိုးတင့်သည် မည်သို့သောဉာဏ် ပါလာသည်မသိ၊ ဆိုးမြဲတိုင်း ဆိုး၏။ ဖြုန်းမြဲတိုင်း ဖြုန်း၏။ သားဆိုး၏လုပ်ရပ်ကြောင့် တစ်နှစ်တာ စုဆောင်းထားသော ငွေကြေးများ၊ စပါးများ ဆုံးရှုံးရ၏။ လယ်ယာများကိုလည်း မိဘများကွယ်ရာတွင် ပေါင်နှံခြင်း၊ ရောင်းချခြင်းများ ရှိလာခဲ့၏။ ထိုသို့လုပ်ရခြင်းနှင့်ပတ်သက်၍ စိုးတင့်မှ မိဘများအား ဆင်ခြေပေး၏။

"ကျွန်တော့်လုပ်ရပ်တွေ မှားတယ် မှန်တယ် ဘယ်လိုဝေဖန်ဝေဖန် ကျွန်တော့်အပိုင်းကတော့မှန်တယ်လို့ဆိုချင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့လက်ရှိ ပိုင်ဆိုင်ထားတဲ့အရာတွေကို ထုတ်သုံး ...ရင်းအနှီးလုပ် ငွေကြေးရှာတာပါ၊ ...ရှာတာပါ။ အခု ကံမကောင်းပေ ...နောင်တစ်ချိန် ကံကောင်းလာမယ် ...ယုံကြည်ထားတယ်။ ကံကောင်းခြင်း ...ကံဆိုးခြင်းက အခြေရှခဲ့ကြတာပါဗျာ"

ကိုယ်လုပ်ချင်သောအရာအတွက် ...တိုင်း ဆင်ခြေရှိသည်၊ စိုးတင့်သည် ...ဉ်းဆင်ခြေရှိ၏။ ဆင်ခြေကိုအသုံးပြု ...တင့် ကိုယ်လုပ်ချင်ရာ ဖွတ်လုပ်၏၊ ...မှုများ ဖြစ်ပေါ်လာသည့်အခါတွင် ...တန် ကံချတော့၏။ ဤကား လူမိုက် ...၏ကျင့်ထုံးများပင်ဖြစ်၏။

▲▲▲

အိုမင်းရင့်ရော်၍ကျန်းမာရေးချို့တဲ့ ...သော မိဘများ၏ကွယ်ရာတွင် လယ် ...များအား မတန်ဈေးဖြင့် ရောင်းချခဲ့ ...နောက်ဆုံး ဆယ်ဧကသာ ကျန်ခဲ့၏။ ...၏ကျန်းမာရေးအား အကြောင်းပြု၍ ...နှစ်ရှည်းရှိရာ တစ်ရှည်းအား ရောင်းချ၍ ...ဝတ်အား မိခင်အား ပေးကာ ကျန် ...ဝတ်ကို သူ၏လောင်းကစားတွင် ...ခဲ့၏။ တစ်နာရီမျှပင် မကြာလိုက်၊ ထို ...များ ဆုံးရှုံးလိုက်ရ၏။

နောက်ဆုံးတွင် မိဘနှစ်ပါးသည် ...ာင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးရှိသည် ဟူသော စကားအရ သားဖြစ်သူ စိုးတင့်အား ခြေငြိမ်စေရန် အိမ်ထောင်ချပေးရေး စီစဉ်ကြ၏။

"စိုးတင့်ကို အိမ်ထောင်ချပေးတာ ဟုတ်ပါပြီ၊ အိမ်ထောင်ချပေးပြီးမှ ပိုဆိုးလာရင် တို့တစ်တွေ တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်ရချည်ရဲ့"

"အဲဒီလို တစ်ဖက်သတ်အတွေးတွေနဲ့ ဆုံးဖြတ်လိုက်လို့ ဘယ်ရမလဲရှင်၊ ရွာလယ်က ကိုသာဖျန်းရဲ့သား တောတ်ချိတ်တောင် အေးကြည်မနဲ့ အိမ်ထောင်ကျတော့ ဘယ်လောက်သေဝပ်သွားသလဲ၊ တော်ကြားမှာပါ"

ဒေါ်အေးနှစ်ရဲ့ အပြောကြောင့် ဦးဘတူ မည်သို့မျှမပြောတော့။ ဆိတ်ဆိတ်နေခြင်းသည် လုပ်ချင်တာ လုပ်တော့ဆိုသည့်သဘောဟု ဒေါ်အေးနှစ် တွေးထင်ယူ ဆလျက် သားအတွက် ကြင်ဖက်သက်နံ့အား ဒေါ်အေးနှစ်ကိုယ်တိုင် ရှာဖွေရတော့၏။ သခွပ်တုန်းရွာမှ ဦးမောင်ထွန်း၊ ဒေါ်မယ်တင်တို့၏သမီး မအေးအေးနှင့် သားဖြစ်သူအား လတ်ဆက်ပေးစားရန် အကြောင်းဖြစ်ပေါ်လာခဲ့၏။ ထို့ကြောင့် သတို့သမီးအိမ်သို့သွား ရောက်နားဖောက်ရန် ဖြစ်လာခဲ့၏။ ထို့ အကြောင်းကိုမိခင်ဒေါ်အေးနှစ်မှ စိုးတင့်

www.burmeseclassic.com

အားထုတ်ဖော်ပြောကြားရာသားဖြစ်သူသည် ခေါင်းတခါခါ၊ လည်တခါခါ ငြင်းဆန်လေ၏။

"အမေတို့ဗျာ - မပြောမဆိုနဲ့။ လူကြီးတွေစီစဉ်တိုင်း လိုက်လုပ်ရအောင် ကျွန်တော်က သက်မဲ့မဟုတ်ဘူး၊ နွားမဟုတ်ဘူး - လူဗျ - လူ။ ဘယ့်နယ်ဗျာ၊ ဘဝတစ်သက်တာ အေးချမ်းဖို့အတွက် မိန်းမယူရမယ်တဲ့၊ ကြားလို့မှ ကောင်းကြရဲ့လားဗျာ"

"တဲ့ - မိဘတွေစီစဉ်တာကို ဘယ်သားသမီးမဆို လိုက်နာကြတာ ရိုးရာအစဉ်အလာပဲ။ ရိုးရာအစဉ်အလာတွေနဲ့သားသမီးတွေရဲ့ရှေ့ရေးကိုမိဘတွေက စီစဉ်ပေးတာ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေရင်းနီး၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာဆိုတဲ့အတိုင်းသားသမီးတိုမိဘဝတ္တရားအရဆောင်ရွက်ပေးတာ တို့မြန်မာလူမျိုးတွေရဲ့ ထုံးစံပဲ။ မိဘစကား နားမထောင်နိုင်ဘူးဆိုရင် ငါတို့အဆိုးမဆိုနဲ့တော့"

"တော်တ် - ခက်တယ်ဗျာ။ ကဲ အမေတို့စကားကို နားထောင်ပါပြီတဲ့၊ မိန်းမကို လုပ်ကျွေးရတာနဲ့ ကျွန်တော် လယ်ထဲက မတက်ရတော့ဘူးဖြစ်တော့



တစ်သက်နဲ့တစ်ကိုယ် ကျွန်မရဲ့ မိဘတွေက ကျွန်မကို မရိုက်ခဲ့ဘူး။ ဒါကို ရှင်က အကြောင်းမဲ့သက်သက်ရိုက်တယ်။ ရှင့်ကိုယ်ရှင် ဟုတ်လှပြီထင်နေတယ်ပေါ့။ ဘာအပြစ်မှမရှိတဲ့ကျွန်မကို အကြောင်းမဲ့သက်သက်ရိုက်နှက်ခြင်းဟာ ရှင့်ရဲ့လူမဆန်တဲ့စရိုက်ကြောင့်ဆိုတာ ကျွန်မနားလည်တယ်။ ရှင့်ရဲ့စရိုက်အကျင့်အကြံနဲ့ ကျွန်မရဲ့ဘဝ မထိုက်တန်ဘူးလို့ ကျွန်မ ယူဆထင်မြင်တဲ့အတွက် ဒီအိမ်ကနေ ကျွန်မ အပြီးအပိုင် ဆင်းပါ့မယ်။

အမေတို့ပေးတဲ့ပစ္စည်းဥစ္စာနေတွေ ...တော်ပိုင်ဆိုင်ရမှာဆိုရင်ကျွန်တော် ...တို့ဆန္ဒ လိုက်လျောမယ်"

ဒေါ်အေးနှစ် စိတ်ရှုပ်သွားရ၏။ သို့ ...ာမှု စီစဉ်သည့်အတိုင်းဖြစ်လာစေ ...ဆောင်ရွက်ရတော့၏။

"ဒါတွေက ပူစရာမလိုပါဘူး၊ မင်း ...ဆောင်ပြီဆိုကတည်းက လက်ဖွဲ့ ...ပြစ် ထည့်မှာပါ"

ထင်းနောက် လူကြီးစုံရာဖြင့် သခွပ် ...ရွာသို့ သွားရောက်၍ နားဖောက်ခဲ့ ...နောက်ပိုင်း သင့်လျော်သည့်ရက်ကို ...၍ မင်္ဂလာလက်ထပ်ပွဲ ကျင်းပခဲ့ကြ ...ည်။ စိုးတင့်သည်အပေါင်းအသင်းများ ...အတု မိဘပေးစားသော သတို့သမီး ...မကြိုက်နှစ်သက်ဟုဆိုကာ အရက် ...ဒီသောက်လျက် အော်ဟစ်ဆဲဆိုနေ ...တော့၏။

⅄⅄⅄

အေးအေးသည် ရိုးသား၏။ ဖြောင့် ...တ်၏။ ဖြူဖွေးနုနယ်၍ ချောမောသူဖြစ် ...၏။ ယဉ်ကျေးမှုတရားနားလည်၍မြန်မာ ...န်၏။ သို့သော် စိုးတင့်သည် အေးအေး ...အပေါ်မည်သို့သောစိတ်သဘောရှိသည် ...သိ၊ ချစ်၍မရ၊ ကြင်နာ၍မရ ဖြစ်နေ၏။ ...သို့သော် မိဘထံမှဥစ္စာနေများရလိုသည့်

လောဘကြောင့်အေးအေးအားသည်းခံ၍ ပေါင်းသင်းနေရ၏။

ထိုအတောအတွင်း စိုးတင့်သည် ဆိုးမြဲ၊ မိုက်မြဲပင်ဖြစ်၏။ ဦးဘတူနှင့် ဒေါ်အေးနှစ်သည် စိုးတင့် အိမ်ထောင်ကျပါက အရိုးပြင်လိမ့်မည်ဟု ထင်ထားလေသမျှ တက်တက်စင်အောင် လွဲခဲ့ပါ၏။ ထို့ကြောင့် ဒေါ်အေးနှစ်တို့မိဘနှစ်ပါးမှာ စိတ်ဆင်းရဲမှုများဖြစ်ခဲ့ရ၏။ ချွေးမဖြစ်သူ၏ အနူးအတာခံမှုအပေါ်တွင်လည်း သူတို့နှစ်ယောက် အားနာရလေ၏။ အေးအေးသည်ကြားလူပြောသောစကားအရ ချစ်သူရည်းစားရှိခဲ့သည်ကို ဒေါ်အေးနှစ် သိရှိခဲ့သော်လည်း မိမိတို့၏ သား လိမ္မာရေးခြားရှိမည်အထင်နှင့် ပေးစားခဲ့ခြင်းဖြစ်၏။ အေးအေးသည်လည်း မိဘများလက်နှင့်ရေးသည်ကိုခြေဖြင့်ဖျက်သည့် လူစားမျိုး မဟုတ်သဖြင့် နလုံးသားတို စတေးလျက် စိုးတင့်ကို လက်ထပ်ရခြင်းဖြစ်သည်။ ယခုတော့ပြင်၍မရ ဖျက်၍မရ ဖြစ်နေရသည်။

ပို၍ဆိုးသည်ကား စိုးတင့်သည်ထင်ရာစိုင်းတတ်သူပီပီ ဘိုးဘွားများဆောက်ခဲ့ သည့် အိမ်ကြီးအား ရောင်းချ၍ ကြံရွယ်ကြိုးစားလေ၏။ စိုးတင့်၏ ဖွတ်တချွတ်နိုင်သောအပြောအဆို အလုပ်

www.burmeseclassic.com

အတိုင်များကြောင့် မိဘနှစ်ပါးမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် ဒုက္ခအဖုံဖုံ တွေ့ကြုံခံစားရတော့၏၊ ဘိုးဘွားပိုင် ဆင်ဝင်အိမ်ကြီးအား ရောင်းချရန်ပြောသောနေ့တတ္တ ဆိုရပါမည်၊

"ဘိုးစဉ်ဘောင်ဆက် နေထိုင်လာခဲ့တဲ့ဒီအိမ်ကြီးက အဖေတို့ခေတ်မှာကြီးကျယ်ခမ်းနားကောင်း ခမ်းနားနေပါလိမ့်မယ်၊ ဒါပေမဲ့ – ကျွန်တော်တို့ မျိုးဆက်တွေရဲ့ လက်ထဲမှာတော့ ဒီအိမ်ကြီးဟာ မရှိသင့် မရှိထိုက်တော့တဲ့ အိမ်ဟောင်းကြီးဖြစ်နေပါပြီ၊ ကျွန်တော့်အနေနဲ့ ဒီအိမ်ကြီးကိုရောင်းပြီး သစ်လွင်လှပတဲ့ အိမ်သန့်သန့်တစ်လုံး ပြန်ဆောက်မယ်လို့ စဉ်းစားထားတယ်၊ ဒါက ကျွန်တော်ဖြစ်ချင်တဲ့ဆန္ဒကို ရိုးရိုးသားသား ဖွင့်ပြောတောင်းဆိုခြင်းပါ"

စိုးတင့်၏ မမျှော်လင့်သောစကားကြောင့် ကျန်းမာရေးမကောင်းသော ဦးဘတူမှာ ရင်တုန်ပန်းတုန်ဖြင့် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ် သွားရ၏၊ လန့်ဖျပ်သွားတော့သည်၊ ဒေါ်အေးနှစ်မှာမူ သားဖြစ်သူအား မျက်ရည်စက်လက်ဖြင့် –

"ဒီအိမ်ကြီးက ငါတို့မမွေးခင်တတည်းက ဘိုးဘွားတွေ ကြိုးစားပြီးတည်ဆောက်ခဲ့တဲ့အိမ်ကြီးပါ – စိုးတင့်ရယ်၊ ခေတ်အဆက်ဆက် ဘိုးဘွားဘိဘင်တွေ ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ အိမ်ကြီးကို နင့်လက်ထက်ကျမှ ဖြိုဖျက်ရောင်းချမယ်ဆိုတော့ ငါတို့တစ်တွေ ရာဇဝင်ရိုင်းပြီပေါ့၊ ဒါပေမဲ့ – စိုးတင့် – နင့်ရဲ့သမိုင်းကို နင်အရိုင်းခံနိုင်ပေမယ့် ငါတို့အနေနဲ့ ဘယ်တော့မှ သမိုင်းကို အရိုင်းမခံဘူးဆိုတာ မြဲမြဲမှတ်ထားပါ၊ အေး ငါတို့တစ်တွေ ဆုံးပါးသွားရင်တော့ နင်ကြိုက်သလို ဆုံးဖြတ်ပေါ့ဟာ၊ ဒါပဲ ငါပြောချင်တယ်"

မိဘလက်ငုတ်လက်ရင်းများကို သိတစ်မျိုးမသိတစ်မျိုးဖြင့် ရောင်းချသုံးဖြုန်းခဲ့ရာ လယ်ရှစ်ဧကသော ကျန်တော့၏၊ ယင်းကြောင့်စိုးတင့်သည်နောက်ဆုံးပစ်မှတ်ဖြစ်သော ဆင်ဝင်အိမ်ကြီးအား ရန်ရှာနေခြင်းပင်ဖြစ်သည်၊ မိဘများထံမှလိုရာမရသောစိုးတင့်သည် မိဘများအား မကျေမနပ်ဖြစ်၍ မေတ္တာပို့၍သာနေတော့၏၊ ဆိုဆုံးမ၍မရသောသားဆိုးကြောင့်မိဘနှစ်ပါးမှာမရှုနိုင်၊မကယ်နိုင်တမှိုင်မှိုင်တတွေတွေဖြင့်စိတ်ဆင်းရဲနေရာသည်၊

▲▲▲

သစ်တစ်ပင်ရှာတွင်ကြီးကြီးမားမား ...ထို၍ဦးဘတူတို့၏ဆင်ဝင်အိမ်ကြီး ...ရှိ၏၊ ထိုအိမ်ကြီးသည် ရှေးလူကြီး ...မိုးမတောထဲမှ ကျွန်းကြီးသားကို ...သယ်ဆောင်၍အချိုင်အခန့်ဆောက်လုပ် ...ခြင်းဖြစ်၏၊ နှစ်ကာလကြာရှည်လာ ...ည်နှင့်အမှုပေါင်းနွမ်းခြင်းမရှိစေရန် ...ဆေးများဖြင့် သုတ်ထားသဖြင့် မှိုင်း ...၍နေ၏၊ ထိုအိမ်ကြီးအား စိုးတင့်မှ ...ယ်လွယ်ကူကူ ရောင်းချခဲ့သည်ရှိ ...ာ်နောင်တွင် ထိုအိမ်ကြီးပုံစံအတိုင်း ...၍မရနိုင်ပါပေ၊ တစ်ချိန်သောအခါက ...်တောသစ်ပင်များဖြင့် မှိုင်းညို့နေ ...ာရှိမသည် လောဘသားလူတို့၏ ...ခဲ့မြုမှုခြင်းကြောင့် ယခုအခါတွင် ...င်းလင်းပြင် ဖြစ်၍နေ၏၊

ယခုတစ်လော ဘိုင်ကျနေသည့် ...ာင့်သည် အလိုလိုစိတ်တို၍နေ၏၊ ...ယ်လုပ်ချင်သောအရာများကိုမလုပ်ရ ...ကြောင့်လည်းကောင်း စိတ်ရှိတိုင်း ...င်တိုင်းမကျဲရ၍ စိတ်တိုင်းမကျဖြစ်၍ ...၏၊ သို့ဖြင့် ဇနီးဖြစ်သူ အေးအေးအား ...သနာရှာ၏၊ ရန်ရှာ၏၊ ရိုက်နှက်၏၊ ...အေးသည်မိကောင်းဖခင်သမီးပီသ ...အတတ်နိုင်ဆုံးသည်းခံ၏၊ ယောက္ခမ ...ဖြစ်သည့် ဦးဘတူနှင့် ဒေါ်အေးနှစ်တို့၏မျက်နှာများကြောင့် စိုးတင့် ရန်ရှာသမျှ ရောင်တိမ်း၍နေပါသော်လည်း စိုးတင့်၏ကိုယ်ထိလက်ရောက်တ...လွန်ခြင်းအပေါ်တွင် စိတ်ရှည်သည်းခံ၍မဖြစ်တော့ပေ၊ သို့ဖြင့်အေးအေးတစ်ယောက် ပေါက်ကွဲတော့၏၊

"တစ်သက်နဲ့တစ်ကိုယ်ကျွန်မရဲ့မိဘတွေက ကျွန်မကို မရိုက်ခဲ့ဘူး၊ ဒါကို ရှင်က အကြောင်းမဲ့သက်သက်ရိုက်တယ်၊ ရှင့်ကိုယ်ရှင်ဟုတ်လှပြီထင်နေတယ်ပေါ့၊ ဘာအပြစ်မှမရှိတဲ့ကျွန်မကို အကြောင်းမဲ့သက်သက် ရိုက်နှက်ခြင်းဟာ ရှင့်ရဲ့ လူမဆန်တဲ့စရိုက်ကြောင့်ဆိုတာကျွန်မနားလည်တယ်၊ ရှင့်ရဲ့စရိုက်အကျင့်အကြံနဲ့ ကျွန်မရဲ့ဘဝ မထိုက်တန်ဘူးလို့ ကျွန်မ ယူဆထင်မြင်တဲ့အတွက် ဒီအိမ်ကနေ ကျွန်မ အပြီးအပိုင် ဆင်းပါ့မယ်"

"သမီး ..."

ဦးဘတူနှင့် ဒေါ်အေးနှစ်တို့မှ အေးအေးအား တားမြစ်ခဲ့ကြသော်လည်း အေးအေးသည် ယောက္ခမနှစ်ယောက်အား ကန်တော့လျက် မျက်နှာထားတင်းတင်းဖြင့် အိမ်ပေါ်မှ ဆင်းသွားလေတော့၏၊ ဒေါ်အေးနှစ်မှာ ချွေးမကို သာအစစအရာရာ အားကိုးနေရသဖြင့် ထိုသို့အကြောင်းများကြောင့် အိမ်ပေါ်မှ





www.burmeseclassic.com

www.burmeseclassic.com

ဆင်းသွားခဲ့သည့်အခါတွင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ရ၏၊ မျက်ရည်နှင့်မျက်ခွက်ဖြစ်ရ၏၊ ထို့ပြင် မိဘနှစ်ပါးသည် သားဖြစ်သူအပေါ်ပို၍ပို၍နာကြည်းသွားရသည်၊ ထိုဖြစ်ရပ်များကြောင့် စိုးတင့်တစေတော့ နောင်တမရဘဲ ရင်ကိုကော့၍ စကားဆိုပါ၏၊

"သွားပေါ့ဟာ – သွားပေါ့၊ ငကန်းသေရင် ငစွေတော့ ပေါ်မှာပဲ၊ ခင်ဗျားတို့ တလည်း ဘာမဟုတ်တဲ့ကိစ္စနဲ့ ငိုမနေကြစမ်းပါနဲ့၊ ငိုချင်ရင် ကျွန်တော်သေမှငိုကြ"

ဤသို့ဆိုစေ စိုးတင့်သည်ကား မိဘများ၏ စေတနာမေတ္တာများကို နားမလည်သည့်အပြင် ကိုယ်ထင်ရာ ကိုယ်လုပ်နေမှုကြောင့် မိဘများနှင့် ဝိရောဓိဖြစ်ကြရ၏၊ အေးအေးတစ်ယောက်အိမ်မှဆင်းသွား၍ တစ်လပင် မကြာလိုက်၊ စိုးတင့်သည် မိနွယ်ဟုသော မိန်းမငယ်အား အိမ်သို့ ခေါ်လာ၏၊ မိနွယ်သည် အသက်ဆယ့်ခြောက်နှစ်မှ ပြည့်ပါလေစဟု အများက သံသယဝင်ကြ၏၊ မိနွယ်သည် အေးအေးကဲ့သို့ ဖြူဖြူဖွေးဖွေး ချောမောသူမဟုတ်၊ မည်းမည်းတူးတူး ခြင့်ဝိန်ဝိန်သေးသေးလေးဖြစ်၏၊ စိုးတင့်သည် သူ့စိတ်ကြိုက်ရွေး၍ နိုးခဲ့လေ

သလားမသိပေ၊ အများကမူ ကွယ်ရာ၌ "သူ့အိုးနဲ့သူ့ဆန် တန်ရုံသာရှိတော့မပေါ့" ဟု ဆိုကြ၏၊

မိဘများကမူ စိုးတင့် လုပ်သမျှ ဖြစ်သည်၊ မည်းသည်မပြောတော့၊ ဥပေက္ခာပြု၍နေလေ၏၊ စိုးတင့်သည် မည်သို့သောဆိုးကံပါလာသည်မသိ၊ ဆိုး၍သာ ထပ်ဆိုးနေတော့၏၊ မိနွယ်ကား စိုးတင့်၏ ရုပ်သေးရုပ်ဖြစ်သဖြင့် စိုးတင့်ပြုလုပ်သမျှ မည်သို့မျှ မပြော၊ ငြိမ်၍သာနေ၏၊ မိနွယ်ကား ဆင်းရဲသောမိသားစုမှ မွေးဖွားလာခြင်းကြောင့် ဤသို့အိမ်ကြီးရခိုင်နှင့်နေထိုင်ရခြင်းကိုကျေနပ်၏၊ ဦးဘတူသည်ကျန်းမာရေးမကောင်း၍အိပ်ရာထဲတွင် လဲနေ၏၊ ဒေါ်အေးနှစ်သာလျှင် ဖြည်းဖြည်းနေးနေးဖြင့် လှုပ်ရှားနေရ၏၊ ထိုနေရာတွင်မိနွယ်သည်ယောက္ခမများအားမိဘသဖွယ် ပြုစု၏၊ မီးဖိုချောင်လုပ်ငန်းမှန်သမျှမိနွယ်သည်သာအကုန်လုပ်ကိုင်ပေးသည်၊ ဒေါ်အေးနှစ်သည် သားသမီးချင်းစာနာ၍မိနွယ်အားသနားမိပြန်၏၊

နေ့တစ်နေ့တွင်စိုးတင့်သည်မြို့ပေါ်မှအိမ်အဟောင်းများကိုဝယ်ရောင်းလုပ်နေသည့်အိန္ဒိယလူမျိုး ကိုရှုတ်ကရားကို ခေါ်၍အိမ်ကြီးကိုပြ၏၊ ရှုတ်ကရားသည်

အိမ်ကြီးအားသဘောကျသွား၏၊ ပစ္စည်းနေ့ချစ်မှန်သည့်အိမ်ဖြစ်သဖြင့်တောင်းသလောက်ပေးမည်ဟု ပြော၏၊ စိုးတင့်နှင့် ရှုတ်ကရား အိမ်အရောင်းအဝယ်အကြောင်းပြောနေသည်ကို ဦးဘတူ မသိပါ၊ ဒေါ်အေးနှစ်သည်လည်း မိနွယ်နှင့် မီးဖိုချောင်ထဲတွင် ရှိနေ၍ မသိလိုက်ပေ၊ ဒေါ်အေးနှစ်အနေဖြင့် မိနွယ်ပြောမှပင် စိုးတင့်သည် ရှုတ်ကရားပေးသော စရန်ငွေနှစ်သိန်းကိုယူထားလိုက်သည်ကိုသိရ၏၊ ထိုသို့သိလိုက်သည်နှင့်ဒေါ်အေးနှစ်သည် စိုးတင့်ရှိရာအိမ်ရှေ့ခန်းသို့ ထွက်လာ၍ရင်ဘတ်ဖိလျက် –

"တယ်မိုက်ပါလား – စိုးတင့်ရယ်၊ အိမ်ကိုရောင်းရအောင် နင့်အဖေရော ငါရော လောကမှာ ရှိပါသေးတယ်ဟဲ့၊ နင်လုပ်တာနဲ့ ငါတို့တစ်တွေ အိမ်မဲ့ရာမဲ့ဖြစ်တော့မယ်"

စိုးတင့်သည် မျက်နှာသေဖြင့် –

"အစကတော့ ရောင်းမယ်လို့ ပြောခဲ့ပါတယ်၊ ဒါပေမဲ့ – အမေတို့၊ အဖေတို့ မသိစေပဲ နောက်မှပြောမယ် ဆိုပြီး ကိုရှုတ်ကရားကိုခေါ်ခဲ့တာ၊ အိမ်ရောက်တော့ ကိုရှုတ်ကရားက ဝယ်မယ်ဆိုပြီး အိမ်နှုတ်သုံးဆယ်နဲ့ အရောင်းအဝယ်ဖြစ်သွားကြတယ်၊ စရန်ပေးတဲ့အချိန်မှာအိမ်

ရောင်းတာ မှားသွားပြီလားဆိုပြီးတွေးမိခဲ့ပေမယ့် ကိုရှုတ်ကရားက စရန်တိုပေးခဲ့ပြီးထွက်သွားတယ် – အမေ၊ အခုတော့ မဖြစ်မနေ ရောင်းရတော့မှာပါ"

ဒေါ်အေးနှစ်သည်ငိုရှိုက်လျက်သားဖြစ်သူအား ကြိမ်းမောင်းခဲ့လေသည်၊

"ဖြစ်မှဖြစ်ရလေ – စိုးတင့်ရယ်၊ ဒီကိစ္စတွေ နင့်အဖေမသိဘူး၊ သိများသိခဲ့ရင် ကိုယ်တိုနည်းတော့မှာပဲ၊ ဘိုးဘေးလူကြီးတွေဆောက်ခဲ့တဲ့ ဒီအိမ်ကြီးတာ ဆုံးရှုံးသွားပြီဆိုရင် နောက်ပြန်ရတော့မှာမဟုတ်ဘူး၊ နင်က ဘာမဟုတ်တဲ့ ငွေကြေးနဲ့ တန်ဖိုးဖြတ်ခဲ့တာ၊ တော်တော်မိုက်တွင်းနက်တဲ့ကောင်ပဲ၊ ထားတော့ သည်ဘိုးဘွားပိုင်အိမ်ကြီးတာ ဘယ်တော့မှ တန်ဖိုးဖြတ်လို့ရနိုင်တဲ့ ပစ္စည်းဘိုးဘွားအစဉ်အဆက်ပြောခဲ့ကြတယ်၊ ဘိုးဘွားတွေအတိုင်းပဲငါတို့လည်း ပြောလိမ့်မယ်ဆိုတာ နင်မသိဘူး လား၊ ငါတို့ဘဝ ရေစုန်မျောပါပြီ"

ဒေါ်အေးနှစ်သည် စကားပြောရင်းမှပင် ရှိုက်ကြီးတငင်ငိုကြွေးနေတော့၏၊ စိုးတင့်သည် ငွေနှစ်သိန်းကိုင်တာ မြို့အပြင်သို့ ထွက်သွား၏၊

ᆺᆺᆺ

www.burmeseclassic.com

စိုးတင့် အပြင်ထွက်သွားသည်ကို မိနွယ်မှလိုက်၍ခေါ်ပါသေး၏၊ ခေါ်၍မရ၊ စိုးတင့်သည် မိနွယ်ကို တစ်ချက်ကလေးမျှ လှည့်မကြည့်၊ သူဦးတည်နေသည်ကား လောင်းကစားရှိရာသို့ပင်ဖြစ်၏။

အိမ်ကြီးအား ချွတ်ကရားအဖွဲ့လာရောက်ဖျက်သည့်အခါတွင် အိပ်ရာထဲတွင် လဲလျောင်းနေသော ဦးဘတူတစ်ယောက် ကြိုးဟ်ဆိုးဝင်၏။

"မင်း - မင်းတို့ ငါ့အိမ်ကို ဘာလုပ်ကြတာလဲ"

"ဦးကြီးတို့အိမ်ကို ဦးကြီးသား စိုးတင့်က ရောင်းလိုက်ပြီ၊ ဒါကြောင့်အိမ်ကိုဖျက်ဖို့ ရောက်နေတာပါ"

"ဒီကိစ္စ ငါလုံးဝမသိဘူး၊ ငါမသိတဲ့ကိစ္စကို လုပ်နေတာ လုံးဝလက်မခံဘူး၊ ဒါကြောင့်မင်းတို့ငါ့အိမ်က ထွက်သွားပါ"

ဦးဘတူရှိရာသို့ စိုးတင့် ပြေးလာပြီးနောက် ဖခင်ဖြစ်သူအား ပျာပျာသလဲဖြင့် -

"ဒီလိုတော့မလုပ်ပါနဲ့ - အဖေရယ်၊ ပြောပြီးဆိုပြီး စရန်ချပေးပြီးပါပြီ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါတော့ဗျာ"

ဦးဘတူသည် စိုးတင့်အား လက်ညှိုးငေါက်ငေါက်ထိုးလျက် -

"မင်းဟာ ခွေးမြီးကောက် ကျည်တောက်စွပ်ပဲကွ၊ ဘယ်လောက်ပဲပြောနေနေ၊ နားမထောင်တဲ့မိုက်သားပဲ၊ မင်းကိုသားတော်ရတာ ငါတို့တကယ်ရင်နာရပြီပဲ၊ မင်းလုပ်ထားတဲ့ကိစ္စကို ငါတို့လက်မခံဘူး၊ ဒီအိမ်ကြီးဟာ ဘိုးဘွားအစဉ်အဆက် နေလာခဲ့တဲ့အိမ်တွ"

စိုးတင့် သည် မျက်မှောင်ကုတ်လိုက်ပြီး -

"မဟုတ် သေးပါဘူး - အဖေရေ၊ ဒီအိမ်ကြီးက ဟောင်းနေပါပြီ၊ ဒီအိမ်ကိုရောင်းရတဲ့ငွေနဲ့ အိမ်တစ်လုံး ကောင်းကောင်းပြန်ဆောက်လို့ရပါတယ် အဖေရ၊ မျက်နှာပျက်စရာဖြစ်အောင် မလုပ်ပါနဲ့ဗျာ"

"မင်းဘယ်လိုပြောပြော လက်မခံဘူး၊ ပိုက်ဆံ ဘယ်လောက်ပေးပေး လက်မခံဘူးကွာ၊ ငါ့အိမ်ကိုမဖျက်ရဘူး၊ မင်းတို့ဆက်လုပ်ရင် ရဲစခန်းကို တိုင်ရလိမ့်မယ်"

ဖခင်ဖြစ်သူမှ တားမြစ်နေသည်ကို စိုးတင့်သည် နားမထောင်ပေ၊

"ဖျက်ရမယ့်ကိစ္စ ဆက်ဖျက်ကြကွာ၊ ငါ့အဖေအကြောင်း ငါသိတယ်"

အိပ်ရာထဲမှ အားယူ၍ထနေသော ဦးဘတူမှာ ရုတ်တရက် အိပ်ရာထဲသို့ ပြန်လဲကျသွားရ၏၊ ဒေါ်အေးနှစ်နှင့် မိနွယ်သည် ဦးဘတူအနားသို့ အလျင်အမြန် ရောက်ရှိလာခဲ့သော်လည်း ဦးဘတူမှာ နလုံးသွေးရပ်လျက် အနိစ္စ ...တ်သွားရပြီတကား။

"အမလေး - ကိုဘဦးရဲ့ - ကျုပ်ကို ...တ်သားလက်ထဲမှာ ထားခဲ့ပြီလား၊ ...ဖြစ်ရလေ - ကိုဘတူရယ်"

အိမ်ဖျက်သည့်နေ့တွင် ဦးဘတူနှင့် ...နေ့ကိစ္စဖြစ်ပေါ်လာ၍ အိမ်ဖျက်ခြင်း ...ကို ရက်လည်ဆွမ်းသွပ်ပြီးသည် ...ဒီ ရွှေ့ဆိုင်းခဲ့ပေသည်၊ ဦးဘတူ၏ ...တ်ကိစ္စပြီးဆုံးသည့်နောက်တစ် ...တွင် အိမ်ကြီးအား ချွတ်ကရားအဖွဲ့ ...တ်လက်ဖြိုဖျက်ကြ၏၊ ယင်းနောက် ...ဖျက်၍ထွက်လာသော ကျွန်းသား ...ကျွန်းတိုင်လုံးများအား တားကြီး ...ယ်တို့ဖြင့် မြို့ပေါ်သို့ သယ်ဆောင် ...၏။

...တင့်တား အိမ်ကြီးနေရာတွင် ...ရုံကာအိမ်ငယ်လေးတစ်လုံး ...တ်၍ မိနွယ်နှင့် အတူနေ၏၊ မိခင် ...နှစ်တား သားဆိုးသားမိုက်နှင့် ...ဆိုလျက် စစ်ကိုင်းဘက်သို့ အပြီး ...သွားတော့၏၊ စိုးတင့်သည် နောင် ...ါ ဆက်လက်၍ မိုက်ဆဲ၊ ဆိုးမြဲ ...ကစားလုပ်မြဲဖြစ်၏။

...တင့်တစ်ယောက် မိမိကိုယ်တိုင် ...နှင့် အခြေအတင်ပြု၍ ရောင်းခဲ့သော အိမ်ကြီး၏ အစိတ်အပိုင်း ကျွန်းတိုင်လုံးတစ်ခု၏ အခေါင်းတစ်ခုမှ အဖိုးမဖြတ်နိုင်သော ရွှေငွေရတနာများထည့်ထားသည့် သေတ္တာငယ်တစ်လုံးအား ချွတ်ကရားမှ ပိုင်ဆိုင်ရရှိသွားသည် သတင်းသည် မြို့ကလေးသို့ တောမီးပမာ ပြန့်နှံ့ ဟိုးလေးတကျော်ကျော် ဖြစ်၍သွားတော့၏။

စိုးတင့် သည် ထိုသတင်းကြား... သည့်နောက် တမှိုင်မှိုင် တတွေတွေ ဖြစ်လာရ၏၊ စိုးတင့်တစ်ယောက် အရက် ကြောင့် အရက်ကြောင်ကြောင်သည် လား၊ သို့မဟုတ် မိမိလုပ်ခဲ့သည့်လုပ်ရပ် ကြောင့် မိဘများ ဘဝပျက် ဒုက္ခရောက် ခဲ့ရသည့်ပြင် တန်ဖိုးမဖြတ်နိုင်သည့် ရတနာများ ရရှိသွားသည့်သတင်း... ကြောင့်လားမသိ၊ စိုးတင့်တစ်ယော... အအိပ်အစားမမှန်ဖြစ်လျက် သွပ်သွ... ခါအောင် ရူးသွားရပါ၏၊ ယခုအခါ ... နဲ့နေသော အိမ်ငယ်လေးတွင် ရူးသွ... နေသော လင်ယောက်ျားအား ပြုစု... သည့်မိန်းကလေးသည် ယနေ့ထိ ရှိ... ပါ၏၊ သူမသည် မိနွယ် တု ဘေ... မိန်းကလေးပင်။

⇨ ဇော်သာ...နဲ့ (...



www.burmeseclassic.com

www.burmeseclassic.com

# သိဂ်ားသန်းအောင် (မြင်းခြံ)

## ကျိန်စာဆိုသော မှုခင်းတစ်ပုဒ်



**လက်ကိုင်ဖုန်းမှ** ထွက်ပေါ်လာသော သာယာညင်းပျောင်းသည့် တေး သံကြောင့် စာရေးသူက လက်ကိုင် ဖုန်းအား ဆွဲယူလျက် နားသို့ ကပ်လိုက် သော် နှုတ်မှလည်း ရှိသာသော ခွန်း တစ်ခွန်းဖြင့် ကြိုဆိုလိုက်ရပါတော့ သည်။

"ဟလို - အမိန့်ရှိပါ ခင်ဗျာ၊ ကျွန်တော် စာရေးဆရာ သိဂ်ားသန်း အောင်ပါ"

ပြချင်လို့ပါ။ မှုခင်းလိုင်းလိုပဲရေးရေး ထို့ရ လိုင်းနဲ့ပဲ သရုပ်ဖော်ဖော် ဆရာကြိုက် သလို ဖွဲ့နွဲ့ရေးလို့ရမယ့် ဇာတ်လမ်းတစ် ပုဒ်ကို သိထားတာကြာပြီ၊ ကျွန်တော် လည်း မအားလို့ ဆရာ့အလာကို စောင့် နေတာ၊ မလာနိုင်လို့ခုလိုဖုန်းဆက်လိုက် ရတာ၊ ဘယ့်နှယ် - လာမယ်မဟုတ် လား"

"မေးမှ မေးရက်ပလေ - ဦးဆန်း ထွန်းရယ်၊ ခင်ဗျားက ကုန်ကြမ်းဇာတ်

လော်လီဖောက်ပြားခဲ့သော အိမ်ထောင်ဘက်၏

ယုတ်မာမှုကြောင့် အလောင်းကို ပစ်ထားခဲ့ရာမှ

နောက်ဆက်တွဲဖြစ်ပေါ်လာသည့် ဇာတ်လမ်းတစ်ခုဟု ..

**အစ်ဖက်မှ** ပြန်ပြောလာသော သံများက ကျွန်တော့်နားစည်တွင်း သို့ ခတ်တိုးဝင်လာသည်။

"တော်တဲ့ပါ - ကျွန်တော်ထောင်မှူး ဆန်းထွန်းပါ၊ အရေးတကြီးမဟုတ် ရာအားရင်ကျွန်တော့်ဆီကိုလာ ကျွန်တော် ထွက်မလာနိုင်ဘူး သိပါတယ်နော်၊ ဆရာ့ကို ထူး ဆန်းကြယ်တဲ့မှုခင်းတစ်ခုကို ပြော

လမ်းအတွက်ကြိမ်လုံးနဲ့ရိုက်ခေါ်မှတော့ လာရတော့မပေါ့ဗျာ၊ ကဲ - ကြာပါတယ် လေ၊ ခုလာမယ်ဆိုရင်တော့ ဦးဆန်း ထွန်းက အချိန်ရမလား"

"အင်း - လာခဲ့လေ၊ စာရေးဆရာနဲ့ သူနဲ့ တွေ့ပေးလိုက်ရင်ဖြစ်တယ်မဟုတ် လား၊ ကာယကံရှင်နဲ့ဆိုတော့ စာရေး ဆရာ တိတိပပ သိခွင့်ရတာပေါ့ဗျာ၊ ဟုတ်ဖူးလား"

www.burmeseclassic.com

"ကောင်းပါပြီလေ - ခုပဲလာခဲ့တော့မယ်"

ဝတ္ထုတစ်ပုဒ်အတွက် ကုန်ကြမ်းရ ပြီဆိုတော့လည်း ကျွန်တော်က အချိန်ဆွဲ မနေချင်ပါ။ ကုန်ကြမ်းမှတ်တမ်းစာအုပ်ကို လွယ်အိတ်အတွင်းထည့်ရင်း မြို့မြို့အကျဉ်းစခန်းဘက်သို့ ထွက်ရန် ခြေလှမ်းဆင်လိုက်ရတော့သည်။

⅄⅄⅄

သူ့ကိုကြည့်ရသည်မှာ တကယ့်ကို ရိုးစင်းလွန်းသောမျက်နှာအသွင်အပြင် မျိုးပင် ဖြစ်ပါလေ၏။ သည်လိုလူမျိုးက အဘယ်သို့သောကံကြမ္မာအဟောင်းတရားသံသရာအပြောင်းအလဲဖြစ်သွားလေသည်သနည်းမသိ၊ သေမင်းက လက်မခံသဖြင့် လူ့ဘဝထဲ ပြန်ရောက်ခဲ့ပါမှ ကြွမှာဆိုတာ ပြီးလေသည်ပဲထင့်၊ ဖြစ်မှုကြီးမားလှသည့် လူသတ်မှုကိုမှ ကျူးလွန်ခဲ့ရသည့်အဖြစ်က စဉ်းစား၍ပင် မရပါလေတော့၊ ဖြစ်စဉ်ကိုတော့ ကာယကံရှင်မှပဲ သိရှိမှာပေတော့မည်၊

"ထောင်မှူးကြီး ဦးဆန်းထွန်းပြောပြလို့ ညီလေးရဲ့ ထူးဆန်းအံ့ဩဖွယ်ကောင်းလှတာကို သိထားခဲ့ရပါတယ်၊ အစ်ကိုက စာရေးဆရာတစ်ယောက်ဆိုတော့ ညီလေးရဲ့ ဆန်းကြယ်တဲ့အဖြစ်အပျက်ကို ပြောပြမယ်ဆိုရင်တော့ နားထောင်ကြည့်ချင်ပါတယ်၊ နောက်ပြီး ထူးခြားတဲ့အဖြစ်ကို အများပြည်သူသိအောင် တင်ပြခွင့်ရမယ်ဆိုရင်လည်း တင်ပြချင်တယ်လေ"

ထောင်မှူး ကိုဆန်းထွန်း၏ စီစဉ်ပေးမှုကြောင့် ထူးခြားဆန်းကြယ်သည့် အမှု ဖြစ်စဉ်အား ကာယကံရှင်နှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့ရပါသည်၊ ကျွန်တော့်စကားကြောင့် သူက တွေဝေသွားပုံရသည်၊ ကျွန်တော့်ကို ပြန်ပြောရမည့်စကားလုံးအား ရှာဖွေနေပုံ လည်းရသည်၊ ခဏကြာမျှ စဉ်းစားလိုက်ပြီးမှ ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်ရင်း -

"ကျွန်တော့်အဖြစ်ကို သိကြတဲ့လူကတော့ ရှားပါတယ်လေ၊ ဒါပေမဲ့ - သိလိုက်ကြတာနဲ့တစ်မြို့နက်အားလုံးက စိတ်ဝင်တစားဖြစ်ကုန်ကြတာတော့ အမှန်ပဲ၊ ခုပဲ ကြည့်လေ - ဆရာကိုယ်တိုင် မရောက်သင့် မရောက်ထိုက်တဲ့ အကျဉ်းထောင်ထဲကို လာပြီး စိတ်ဝင်တစား လာမေးနေတာမဟုတ်လား ဆရာ"

"အေး - မင်းပြောတာမှန်တယ်လို့ ...တော့ဝန်ခံရမှာပဲ၊ ဒါကလဲ - သာမန်ဖြစ် ...ဖြစ်စဉ်ထက် ထူးခြားဖြစ်စဉ်ကို လူ ...င်းက စိတ်ဝင်စားကြတာကို၊၊ မင်း ...သ်မင်းကော ထူးဆန်းတယ်လို့မထင် ...ဘူးလား - မောင်"

ကျွန်တော်က စကားပြောရင်း သူ့ ...ညီရောက်မှ အမည်မခေါ်တတ်ပဲ ...သွားရတော့သည်၊

"အော် - ကျွန်တော့် နာမည် က ...င်သက်ဝေထွန်းလို့ ခေါ်ပါတယ်၊ ...ပြောသလို ကျွန်တော်က လူတစ် ...ဘဝနှစ်ခုကိုပိုင်ဆိုင်ခဲ့တယ်ဆိုရင် ...များဘူးပေါ့ ဆရာ၊ ဒါပေမဲ့ - ကျွန် ...တော့ တစ်ဘဝတည်းလို့ပဲ ထင် ...တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန် ...မြမယ်တို့ဟာ ကျွန်တော်မသေ ...လည်း ဒီဇာတ်လမ်းမှာ ပါဝင်ကပြ ...သလို သေရွာပြန် တစ်ဖြစ်လဲ ...အောင်မြို့င်ဘဝမှာလည်း ဆက် ...ခဲ့ရလို့ပါပဲ - ဆရာ"

"အေး - အဲဒါကိုက ဖြစ်ရိုးဖြစ်စဉ်နဲ့ ...တဲ့ ထူးခြားဆန်းကြယ်တဲ့အဖြစ်ပဲ ...ောင်သက်ဝေထွန်းရယ်၊ ဒါကိုက ...စိတ်ဝင်စားရတဲ့အကြောင်းအရာ ...ပဲပေါ့၊ ဆရာထင်တယ် - ဆရာ စိတ်ဝင်စားသလို စာဖတ်သူများတလည်းစိတ်ဝင်စားကြလိမ့်မယ်လို့မောင်သက်ဝေထွန်းဆီ လာတွေ့ရတာလေ"

ကျွန်တော် စိတ်ဝင်စားသည်ဆိုသည့်စကားကြောင့် တော်တော်ပိုင်းတတွေဝေနေရင်း ပြောစရာစကားလုံးများအား ရှာဖွေနေပုံပေါ်သော မောင်သက်ဝေထွန်းမှာ စိတ်အားတက်ကြွလာတန်အမူအယာများသို့ ပြောင်းလဲ၍လာခဲ့ပင်၊

"ဆရာက စိတ်ဝင်တစားနဲ့ ကျွန်တော်ရှိတဲ့အကျဉ်းစခန်းထဲထိရောက်လာမှတော့ ကျွန်တော်က ပြန်ပြောမပြရင် ရိုင်းရာကျသွားမှာပေါ့ - ဆရာ၊ ကျွန်တော့်အဖြစ်က သေမင်းစာရင်းမှားခဲ့လို့ လူ့ဘဝထဲကို နောက်တစ်ခေါက် ပြန်ရောက်လာခဲ့ပေမယ့် ခုတော့ လက်သင့်မခံလို့မဖြစ်တဲ့ မရဏနဲ့တစ်ခေါက်ခြားတာကို သေမင်းတမန်က တရားသူကြီးက ချပေးလိုက်ပြီလေ၊ ဒီအဖြစ်အပျက်အကြောင်းအရာတွေကို ရင်ထဲမှာ သိမ်းဆည်းထားတာထက် ရင်ဖွင့်ပြောပြလိုက်တာက ပိုပြီးအသေဖြောင့်လိမ့် မယ် လို့ ထင် ပါတယ် - ဆရာ၊ ဒါကြောင့် ဆရာ့ကို ပြောပြချင်ပါတယ်"

⅄⅄⅄

www.burmeseclassic.com

ပုစွန်ဆီရောင်နေခြည်နုနုက ကန်ရေပြင်ပေါ်ဝယ် ရုပ်တိုက်ပြေးနေပေပြီ။ သို့စဉ်တိုင် သက်ဝေထွန်းမှာ ရေစည်ထိုတ်၍မပြီးသေး။ မနက်မိုးလင်းကတည်းက နွားတစ်ရှဉ်းဖြင့်တောထွက်အလုပ်လုပ်၍ အိမ်ပြန်ရောက်သည်နှင့် နေ့လယ်စာထမင်းကို ကသုတ်ကရက်ဖြင့်စားရသည်။ ထမင်းတစ်ပန်းကန်သာ တုန်သွားသည်။ ထမင်းတစ်လုတ်၏ အရာသာ မည်သို့ရှိသည်ကိုပင် မသိလိုက်ရ။ နေ့လယ်ပိုင်းရောက်တော့လည်း နွားစာစဉ်း၊ နွားစာကျွေး စသည့် တဲဘီရအလုပ်တွေက တန်းစီနေသည်လေ။

ညနေပိုင်းရောက်ပြန်တော့ ခဏတစ်ဖြုတ်ဆိုသလို အနားရသော်ငြားလည်း နွားရေတိုက်ဖို့အတွက် နွားရေသောက်ကန်သို့ ရေသွားတိုက်ရပြန်သည်။ ညနေ နွားစာကျွေးပြီးမှ ညစာထမင်းကို စားရတော့သည်။ ညစာကိုတော့ သက်ဝေထွန်းအတွက် အေးအေးဆေးဆေး စားသောက်ခွင့်ရသည်ဟု ဆိုရမြဲမည်၊ ညစာကိုတော့ အရသာခံစားခွင့်ရခဲ့သည်ဟုဆိုလျှင် ရလိမ့်မည်ထင်ပါသည်၊ တစ်ခုတော့ ပြောစရာရှိသည်၊ လယ်ပိုင်ရှင်ဦးကျားကြီးထံ သူရင်းငှားဝင်လုပ်ခဲ့သည်မှာကြာပြီ၊ ဝမ်းဝပေမင့် စိတ်ချမ်းသာမှုကားအလျဉ်းမရှိပါလေခဲ့၊ အလုပ်နှင့်လက်မပြတ် လုပ်ခဲ့ရသည်မို့ လွတ်လပ်ခြင်းမှာ ဆုံးရှုံးနစ်နာခဲ့ရသည်သာ၊

"မောင်သက်ဝေ - မင်းညညအချိန်မတော်မှ အိမ်ပြန်လာတာကို ငါမကြိုက်ဘူး။ လူဆိုတာ အချိန်နဲ့ပြန်လာဖို့ကောင်းတယ်၊ ငါ့အိမ်က သာလာယံဇရပ်မဟုတ်ဘူး - သိလား"

အားလပ်ခွင့်ရသည့် ညပိုင်းအချိန်လေးကိုပင် အလုပ်ရှင်က တားမြစ်ပိတ်ပင်နေသဖြင့် သက်ဝေထွန်းမှာ လူလည်းမလွတ်လပ်၊ စိတ်လည်းမလွတ်လပ်အခြေမျိုးဖြင့် အလုပ်ရှင်၏စည်းကမ်းက ကြပ်တည်းလွန်းလှပါဘိ၊ စင်စစ် သက်ဝေထွန်းအနေဖြင့် ညပိုင်းတွင် ထန်းရည်အရက်အသောက်ထွက်ခြင်းမျိုးလည်း မဟုတ်၊ အပေါင်းအသင်း သူငယ်ချင်းများဖြင့် ပေါးလားဝါးလား အပျော်အပါးလိုက်စားနေခြင်းလည်းမဟုတ်၊ သူ့စိတ်အတွက် ဖြေသိမ့်စရာတစ်ခုတည်းသော နှလုံးသားတည်ဆောက်ရာ ချစ်သူမြမြမော်နှင့် သည်လိုညအချိန်မျိုးမှသာ တွေ့ခွင့်ဆုံခွင့် နီးနှောခွင့်ရခဲ့ခြင်းသာဖြစ်ပါလေ၏။

ကြာတော့လည်း ဦးကျားကြီးထံ သူရင်းငှားလုပ်နေရသည်ကို စိတ်ကုန်ခန်းလာသလို ခံစားလာရတော့၏၊ မြမြမော်ဆိုသည်ကလည်း သူ့လိုဆင်းရဲသားလူတန်းစား၊ သူတစ်ပါးအိမ်တွင် အခိုင်းအစေသဘောမျိုးဖြင့် လုပ်ကိုင်စားသောက်နေရသူ သူ့လိုတစ်ကောင်ကြွက်တစ်ယောက်ရယ်လေ၊ သို့ပေတဲ့ မြမြမော်တ ရုပ်ရည်လှပသူတစ်ယောက်ဖြစ်သဖြင့် ရပ်ထဲရွာထဲမှ ကာလသားများက ချက်စောင်းထိုးနေကြသည်၊ သို့သော်လည်း မြမြမော်က တခြားယောကျ်ားလေးများအပေါ် စိတ်မဝင်စား၊ သူ့လိုအတူသက်ဝေထွန်းအပေါ်ကို သာအလွှာမျှ ချစ်ခင်နေသဖြင့် ချစ်သူတို့အဆင့် ရောက်လာခဲ့ကြခြင်းမျှသာ ဖြစ်ပါလေ၏၊ ဦးကျားကြီးအနေဖြင့် ညအထွက်ရန် မည်သို့ပင် တားဆီးပိတ်ပင်နေစေကာမူ သက်ဝေထွန်းအနေဖြင့် ညည ချစ်သူမြမြမော်ဖြင့်သွားတွေ့ရန် စိတ်ကူးထားပြီးပင်ဖြစ်သည်၊

"ကိုသက်ရယ် - မြမြတို့ အတူတူနေကြရအောင်နော်၊ မြမြဖြင့်လေ၊ တိုအိမ်မှာနေရတာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဘဝနဲ့ နေလို့မဖြစ်တော့ဘူး - ကိုသက်ရယ်"

ထိုည ချစ်သူနှစ်ယောက်တွေ့လိုက်ကြသည်နှင့် မြမြမော်က အားငယ်ရွှေရွှေလေသံဖြင့် ပြောလာသည်၊ ပြောရမည်ဆိုလျှင် သက်ဝေထွန်းကိုယ်တိုင်တလည်း မြမြမော်ဖြင့် အတူတူနေချင်သည်မှာ တစ်ပိုင်းကိုသေနေသည်လေ၊

"ကိုသက်ကလဲ - မြမြနဲ့ အတူတူပါပဲကွာ၊ ကိုယ်ချစ်တဲ့သူနဲ့ အတူမနေချင်ပဲ ရှိပါ့မလဲ၊ ဒါပေမဲ့"

"ဒါပေမဲ့ဘာဖြစ်လဲ - ကိုသက်၊ မြမြအနေနဲ့ တစ်နေ့ကျရင် ကိုသက်နဲ့ဝေးမှာကိုတွေးပြီးစိတ်လေးနေတာ၊ နောက်ပြီး - မြမြအနေနဲ့ ဟိုအိမ်ကြီးမှာနေရင် မလွယ် လောက်ဘူး - သိလား၊ မြမြတို့မြမြကို"

မြမြမော်ကပြောရင်းမျက်ရည်လေးစမ်းစမ်းဖြင့် ဖြစ်လာသည်၊ သူမရင်ထဲဝယ် သောကတစ်ခုနှင့် ရင်ဆိုင်နေရသီအလား၊ ဝမ်းနည်းကြေကွဲနှင့် စိုးရိမ်ပူပန်မှုတို့က ပူးတွဲခံစားနေရပုံရပါလေသည်၊

"မြမြစကားက ကိုသက် ရင်ခုန်လိုက်တာ - မြမြရယ်၊ ဘယ်လိုအခက်အခဲနဲ့ အနှောင့်အယှက်တွေရှိနေသလဲဆိုတာ ကိုသက်ကိုလဲ ပြောပြပါဦးလေ"

www.burmeseclassic.com

"မြမြလေ - ဟိုအိမ်ကြီးမှာကြာကြာနေရင် ကိုသက်နဲ့မြမြ နေဖို့အခက်အခဲတွေ ရှိနေတယ် - ကိုသက်၊ မြမြ၊ ဒီအကြောင်းတွေကို ပြောလို့လည်း မတွက်ဘူး၊ ဒါပေမဲ့ - မြမြအဖြစ်က ကြာလေ အရှုံးရင့်လေဆိုတာမျိုးဖြစ်မှာကို စိုးရိမ်လာလို့သာ ကိုသက်ကို ပြောပြရမှာ၊ ဟိုအိမ်ပိုင်ရှင်ရဲ့သားက မြမြကို မသိတသိနဲ့ လာ၊ လာပြီးစနေတယ်၊ သူ့အဖေကို ပြောပြတော့လည်း မသိကျိုးကျွံ လုပ်နေတယ်လေ၊ အဲဒါ - မြမြတော့ ဒီအိမ်ကြီးမှာ ကြာကြာနေရင် ကိုသက်နဲ့ ဝေးသွားမှာကို စိုးရိမ်လာလို့ ခုလိုဖွင့်ပြောနေရတာပေါ့၊ ဖြစ်နိုင်ရင် - အဲဒီအိမ်ပိုင်ရှင်သားရဲ့ရန်ကလွတ်ဖို့ ကိုသက် မြမြကိုလာခေါ်စေချင်တာပဲလေ၊ မြမြအနေနဲ့ ဒီအိမ်ကြီးမှာနေရင် တစ်နေ့ မြမြဘဝ နစ်မွန်းသွားလိမ့်မယ် - ကိုသက်ရယ်"

မြမြမော်က ပြောရင်း မျက်ရည်စတွေ စီးကျလာပါပကောလား၊ ချစ်သူ မျက်နှာကို ကြည့်ရင်း သက်ဝေထွန်း အကြံရခက်သွားရတော့သည်၊ နောက်တော့မှ ချစ်သူ ဆုံးရှုံးမည့်အရေးကိုတော့ လက်ပိုက်ကြည့်မနေနိုင်တော့ပဲ ဆုံးဖြတ်ချက်တစ်ခုအား အပိုင်ချလိုက်လေတော့၏၊

"ကဲ - မြမြ - ကိုယ့်ချစ်သူကိုတော့ ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူး၊ မြမြကို ကိုသက်ကို ချစ်တယ် ဆိုရင် တစ်ခါတည်းသာ ကိုသက်နဲ့လိုက်ခဲ့ပေတော့၊ ကိုသက်လည်း ဦးကျားကြီးအိမ်မှာ အလုပ်မလုပ်ချင်တော့ဘူး၊ ဘယ်လိုဘဝမျိုးပဲရောက်ရောက် ကိုသက် ရင်ဆိုင်မယ်၊ မြမြ - ကိုယ်နဲ့ တစ်ခါတည်း လိုက်ခဲ့ပါလား"

ထိုအခါမှ စောစောက မျက်ရည်လေးတစမ်းစမ်းဖြင့် မျက်နှာညှိုးငယ်နေသော မြမြမော်မှာ အသွင်ပြောင်းသွားလျက် ပြုံးရွှင်သောမျက်နှာထားဖြင့် သက်ဝေထွန်းမျက်နှာအား ရွှန်းလဲ့သော မျက်လုံးများဖြင့် မော့ကြည့်ရင်း -

"ဟင် - တကယ်ပြောနေတာလား ကိုသက်၊ မြမြတို့အတူနေဖို့စိတ်ဆုံးဖြတ်လိုက်ပြီလား၊ ဝမ်းသာလိုက်တာ ကိုသက်ရယ်၊ မြမြမှာ ကိုသက်ကလွဲလို့ ဘာကိုမှ ခင်တွယ်စရာမရှိတော့ပါဘူး ကိုသက်ရယ်"

▲▲▲

ဤသို့ဖြင့် သက်ဝေထွန်းနှင့် မြမြမော်တို့နှစ်ဦးသား အနောင်အဖွဲ့ကင်း၍လွတ်လပ်သောချစ်သူတို့၏ဘဝ [illegible]အိမ်ထောင်ရေးကိုစတင်ထူထောင် [illegible]တ်ကြတော့၏၊ တူနှစ်ကိုယ် တဲအို [illegible]ာ်မှာနေနေ ထမင်းရည်အတူတူ [illegible]သောက်ရစေတော့ဟု ဆိုရိုးစကား [illegible]တိုင်း တူနှစ်ကိုယ်တိုင်းပြည်လေးကို [illegible]ထောင်ခဲ့ကြတော့သည်၊ မြတ်ဗုဒ္ဓ [illegible]ည်ဝင်လျှင် အမိုရှိမှ ဘုရားအဖြစ်သို့ [illegible]ောက်ခဲ့ရသည့်နည်းတူ သက်ဝေထွန်း [illegible]မြမြမော်အား ခင်မင်ရင်းနှီးထားသော [illegible]း ကိုထွန်းဖေ့ အကူအညီအားယူ [illegible]ှာ် သူ့အိမ်မှာပင် ခိုလှုံနေထိုင်ခဲ့ကြ [illegible]သည်၊ စားဝတ်နေရေးအတွက် [illegible]ထွန်းဖေ၏ပွဲရုံလုပ်ငန်းတွင် လင် [illegible]နှစ်ယောက် ဝင်ရောက်လုပ်ကိုင် [illegible]ခဲ့ကြသဖြင့် သူတို့၏ ဘဝခရီးလမ်း [illegible]မှာ အဆင်ပြေချောမွေ့သည်ဟုပင် [illegible]ဆိုနိုင်သည်၊

ရှေးအစဉ်အလာအရ ပညာရှိကြီး [illegible]သော လူ့လောကဖြစ်စဉ်များအပေါ် [illegible]တွေ့အကြုံ ရင့်ကျက်မှုနှင့် လေ့လာ [illegible]ရှုမြင်ကြလျှင် နောက်လာ [illegible]သားတို့အတွက် သတိပေးသည့် [illegible]ဖြင့် သိမှတ်ဖွယ်ရာစကားပုံများ [illegible]ရေးမှတ်ထားခဲ့ကြသည်လေ၊ [illegible]လူကြီးများ၏စကားပုံများကား [illegible]နားယူဖွယ်ကောင်းလှသည်ကို သက်ဝေထွန်းအနေဖြင့် ကိုယ်တွေ့ကြုံ၍ယုံလိုက်ရသည့်အဖြစ်မှာ အသည်းနာစရာကောင်းလေစွ၊

မိန်းမမာယာ သဲကိုးဖြာ၊ တစ်ဖန်မြွေဟောက်လိုလျှာနှစ်ခွနှင့်မာယာတစ်သိန်း အပလိန်းအနန္တ၊ မိန်းမတွေသိ ထိုက္ကဏ္ဍကား မရှိမကောင်း ရှိမတောင်းတည့်ဟု ဆိုရိုးစကား ရှိခဲ့သည်ပဲလေ၊ ရှေးပညာရှိတို့စကားသည် မှန်ကန်လှပေစွတကား၊ ထိုအဆိုအား သက်ဝေထွန်းက ကောင်းကောင်းကြီးထောက်ခံလိုက်ပါ၏၊ ဆိုရလျှင် သူ့အပေါ် အားချစ်လှပါချည့်ရဲ့ ကိုသက်နှင့် အတူတူနေရလျှင်ထမင်းရည်သောက်ရသောတ်ရ၊ တဲအိုပျက်မှာ အတူနေရစေတော့ဟု မာယာတစ်သိန်း အပလိန်းအနန္တဖြင့် သက်ဝေထွန်းအား သူ့မဘဝထဲသို့ ဆွဲသွင်းပြီးပါမှ ယခုတော့ဖြင့် သည်လိုမဟုတ်တော့ပြီ၊

သက်ဝေထွန်းအနေဖြင့် ရည်းစားလှလှ၊ အနုကျွဲခတ်ခံလိုက်ရသည့်အဖြစ်မျိုးရယ်လေ၊ ကြည့်စမ်းပါဦးတော့၊ သူ့ကွယ်ရာမှာ သူချစ်လှပါသည်ဆိုသော မြမြမော်တစ်ယောက်က ကိုထွန်းဖေနှင့် ခွင်ဝယ် ခိုဝင်ပျော်ပါးနေပါလေလား၊ ရက်စက်လိုက်တာ - မြမြရယ်ဟုသာရင်

www.burmeseclassic.com

သွင်းယအတွင်းကြေဝေဒနာကိုရင်ဝယ် ပိုက်ရင်း စိတ်ဆင်းရဲမှုဒဏ်ကို ခံနေရတော့သည်။ သက်ဝေထွန်းအတွက် ပိုမိုဆိုးဝါးသည့်အဖြစ်ကလည်းကြည့်ဦး၊ သည်လိုရယ်လေ။

တစ်နေ့တွင် ဆိုရပါမည်။ ထိုနေ့ရက်၌သူ့ကိုယ်သူမည်သို့မည်ပါဖြစ်မည်ဆိုသည်ကို သိနိုင်စွမ်းမရှိခဲ့သည့် မမျှော်လင့်သောဖြစ်ရပ်ဖြင့် တွေ့ကြုံခဲ့ရတော့၏။ ခါတိုင်းလိုပင် ဇနီးဖြစ်သူ မြမြမော်အပေါ် မသိဟန်ဖြင့် ခတ်မဆိတ်နေရင်း ရနီးသည့်ခူးခပ်ကျွေးသည့်ထမင်းပွဲအား စားခဲ့မိသည်။ ထမင်းစားပြီး မကြာမီ သက်ဝေထွန်းမှာ မိန်းမောသွားကာ အသိတရားများ မေ့ပျောက်လွင့်မျောသွားရလေတော့သည်။

▲▲▲

သက်ဝေထွန်းရင်ထဲ၌ ပူလောင်မှုဝေဒနာကို ခံစားလိုက်ရသဖြင့် သူ၏ အသိတရားများကသူ့ခန္ဓာကိုယ်အတွင်းသို့ပြန်လည်ဝင်ရောက်ကြီးစိုးလာသည်။ အသိ ဝင်လာသည်နှင့် ပထမဦးဆုံး သူ ခံစားလိုက်မိသည်က သူ၏တစ်ကိုယ်လုံး အေးစက်လျက် တောင့်တင်းနေသည်ကို တွေ့လိုက်ရပါလေ၏။ မျက်နှာပေါ်သို့လည်း တစ်စုံတစ်ခုက ဖိထားသ သို့ရှိသဖြင့် ရုတ်တရက် သူ့မျက်လုံးများ ကိုဖွင့်မရလောက်လေးလံနေရှေသည်လေ။ အားယူလျက် မျက်ခွံအစုံအား တွန်းကန် ရုန်းကန် ဖွင့်ကြည့်လိုက်ပြန်သည်။ မျက်လုံးများက ပွင့်ဟနေသော် ငြား သူ မြင်တွေ့နေရသည်က မှောင် နှင့်မည်းမည်း၊ မဟူရာအရောင်ဆေး ဆိုးထားဘိသို့ အမြင်အာရုံဝယ် မည်း မှောင် မည်းနက်နေတော့သည်။ သတ် ထွန်းဝေက သူ့မျက်စိတွေ ကမ်းကုန်ကြ ပြီဟု ယူဆလိုက်သဖြင့် ထိတ်လန့်စိုးရိ စိတ်များ ကြီးစိုးလာပြန်သည်။

မျက်စိအာရုံမည်းမှောင်နေသော် လည်း သောတအာရုံခံစားမှုအရ သူ့နား စည် အတွင်းသို့ ပုစဉ်းရင်ကွဲတို့၏ အော် မြည်နေသံကထိုးဖောက်ဝင်ရောက်လာ သဖြင့် သူ့နားနှစ်ဖက်အကောင်းအတိုင်း ရှိသေးသည်ကို သိလိုက်ရသဖြင့် စိတ် သာရာရသွားရပြန်သည်။ သက်ဝေထွန်း မှာ လဲကျနေသော သူ့ခန္ဓာကိုယ်အား မလှုပ်မယှက် အနေအထားဖြင့်ပင် သူ ပတ်ဝန်းကျင်အား လေ့လာအကဲခတ် ကြည့်လိုက်၏။ မည်မျှကြာကြာ မျက် အား မျက်ခွံက ဖုံးအုပ်ထားခဲ့လေသ သနည်းမပြောတတ်၊ ခဏကြာမှ ထ

ရာထဲအား စူးစိုက်ကြည့်နေလိုက်မှ ဘ်လုံးများ၏အကြည်ဓာတ်မှာ ပြန် ည်အားကောင်းလာလာဟန်ဖြင့် မိမိ တ်ဝန်းကျင်အား အကဲခတ်လေ့လာမိ ဘ်ရတော့သည်။ ထိုအသိကပင် က်ဝေထွန်းမှာအံ့ဩတုန်လှုပ်ချောက် ားသွားလေတော့၏။

"စဉ်းစားသာကြည့်ပါတော့ – ဆရာ ၌ ကျွန်တော်ရောက်နေတဲ့နေရာက ခင်တိုင်းကုန်းလို့ခေါ်တဲ့ သုသာန် ချိုင်းကုန်း – ဆရာရဲ့၊ နောက်ပြီး က်နေတဲ့အချိန်ကာလကိုလဲကြည့် ကျွန်တော့်အထင်ပြောရရင် သန်း င်တော့်လောက် ရှိနေပြီ၊ ပတ်ဝန်း င်တစ်ခုလုံးဟာလည်း ပုရစ်အော်သံ ဲ့လို့ ဘာသံမှမကြားရဘူးလေ"

သက်ဝေထွန်းက သူ့အဖြစ်အား ည်ပြောရာတွင်ထိုနေရာအရောက် ချင်လျှင် ထိုနေရာသို့သူပြန်လည် တ်နေသည့်အလား ပခုံးလေးတစ် ွန့်ပြလိုက်သေးသည်။

"တကယ်တော့ – သူတို့ခတ်ထား ဘိဝ်ကိုစားမိလို့ကျွန်တော်သေဆုံး ယ်ဆိုပြီး လူခြေတိတ်တဲ့အချိန် ချိုင်းတုန်းကို လာပစ်ထားတာနေ – ဆရာရယ်၊ ပြောရရင်တော့ မိန်းမဆိုတာလောကမှာသောက်ချားတွေ အတွက် ချစ်ခင်မြတ်နိုးစရာတောင်း သလို၊ကြောက်စရာအကောင်းဆုံးအနီး ကပ်ရန်သူတစ်ဦးပဲ – ဆရာရဲ့ကျွန်တော် ရောက်နေတဲ့နေရာဟာ အခြေအနေနဲ့ အချိန်အခါအရ ကြောက်ရွံ့ထိတ်လန့် စရာကောင်းနေလေတော့ကြာကြာမနေ ရဲတော့ဘူးပေါ့ – ဆရာ၊ သချိုင်းတုန်းထဲ က အမြန်ထပြီး မပြေးရုံတစ်မည် ထွက် လာရင်း မြမြမော်ရဲ့ သစ္စာမဲ့တဲ့လုပ်ရပ် အပေါ် အသည်းနာနာနဲ့ ရင်နာလို့မဆုံး ဖြစ်ခဲ့ရတာကလား။ ဒါကြောင့် – သူတို့ ရှိရာကို ပြန်မသွားတော့ဘဲ တခြားတစ် နေရာမှာသွားပြီး ခြေရာဖျောက်နေဖို့ဆုံး ဖြတ်ရင်းအဝေးကိုထွက်လာခဲ့တော့တာ ပါပဲလေ"

သူ့အဖြစ်များအားပြန်လည်ပြောပြ နေသော သက်ဝေထွန်း၏မျက်နှာမှာ စောစောကနှင့်အတူပဲ ခံစားနာကြည်း ချက်များကြောင့် မေးကြောကြီးများထင် ထောင်တက်လာသည်ဟု မှတ်ထင် လိုက်ရပါသည်။ နောက်တော့မှ ဆက် လက်၍ပြောပြလေတော့၏။

▲▲▲

www.burmeseclassic.com

သက်ဝေထွန်းတစ်ယောက် နေရပ်မြေမှ ထွက်ခွာလျက် တစ်နယ်ရပ်ခြားတွင် သူ့ဘဝရပ်တည်ရေးအတွက် ရရာအလုပ်ကို လုပ်ကိုင်ရင်း ဘဝသစ်တစ်ခုကို ထူထောင်ခဲ့တော့သည်။ သို့စဉ်တိုင် သူ၏ရင်တွင်းဝေဒနာကား ဖြေသိမ့်၍မရပါလေခဲ့။ တစ်နေ့တွင် သူ့အပေါ် သစ္စာဖောက်ခဲ့သော မိန်းမနှင့် မိတ်ဆွေဟန်ဆောင်သော ကိုထွန်းပြေတို့နှစ်ဦးအား ရာဇဝင်ကြေးဆပ်ဖို့အရေး တွေးလျက် အနာဂါတ်အား မျှော်လင့်ချက်တစ်ခုအဖြစ် ဆုံးဖြတ်ချက်ကို ချထားလိုက်တော့၏။

ဤသို့ဖြင့်ပင် နှစ်တွေပေါင်းကား ခေတ်တွေပင် ပြောင်းလာခဲ့ချေပြီ၊ သူ့အသည်းချက်မြှုပ်ရာဒေသပေါင်း ရှိရာသို့ မြမြမော်တို့ဆီသို့ ပြန်လာခဲ့သည်။ သို့သော်လည်း ကတိသစ္စာမတည်သူတို့၏ဘဝမှာ တည်တံ့နိုင်မှာခြင်းမရှိခဲ့ပါလေ၊ ကိုထွန်းပြေ၏ဇနီးမှ သူတို့နှစ်ဦးအား နေအိမ်မှ မောင်းနှင်ထုတ်လိုက်သည်ဟု သိလိုက်ရတော့သည်၊ သစ္စာမဲ့သူနှစ်ယောက် ဘယ်နေရာဘယ်ဒေသရောက်ရောက်ရှာပုံတော်ဖွင့်၍လိုက်ခဲ့ရာမှ နောက်ဆုံးဝယ် ကိုထွန်းပြေနှင့် မြမြမော်တို့ရှိရာအား တွေ့ရှိခဲ့ရတော့သည်။ တစ်ရက်နှစ်ရက်မျှ လေ့လာကြည့်ခဲ့သည်နှင့် သူတို့နှစ်ယောက်၏ သွားလာလှုပ်ရှားကြပုံအား သက်ဝေထွန်း ကောင်းစွာသိရှိခွင့် ရခဲ့လေတော့၏။

"ကိုထွန်းပြေဟာ အရင်မိန်းမနဲ့တုန်းက အဆင်ပြေပြေနေထိုင်နိုင်ခဲ့ပေမယ့် သူတစ်ပါးရဲ့သားမယားကိုလော်လီဖောက်ပြားတဲ့ယောက်ျားဆိုတော့ ဆင်းဆင်းရဲရဲနဲ့ အလုပ်လုပ်ကိုင်ပြီး မြမြမော်ကို ရှာကြွေးနေရတော့တာပေါ့ ဆရာရယ်"

ကျွန်တော်က မောင်သက်ဝေထွန်း၏စကားအား ထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။ ထို့အတူ လောက၌ပြစ်မှုကျူးလွန်သူတိုင်း လူဆိုးချည်းမဟုတ်၊ ခံစားချက်ကြောင့် ပြစ်မှုမကျူးလွန်လိုသော်လည်း အသိတရားဖြင့် မထိန်းချုပ်နိုင်တော့ပဲ မောင်မိုက်သော ဆင်ခြင်ကင်းမဲ့မှုနောက်သို့ လိုက်မိသောကြောင့် ဘဝတစ်ခုလုံး ပျက်စီးဆုံးရှုံးရသည်မှာ သံဝေဂတရားရစွယ်ရာပင်။

"အဲ – တစ်ရက်မှာ ကိုထွန်းပြေ အလုပ်ထွက်လုပ်နေတုန်း မြမြမော်အိမ်ကို ကျွန်တော် ဝင်သွားခဲ့တယ်။ သူက



အိပ်ပျော်နေစဉ် သူ့အား လူတစ်ယောက်က ပုတ်နိုးခြင်းကို ခံလိုက်ရသဖြင့် လန့်နိုးသွားတော့၏။ ကြည့်လိုက်တော့ သူ့အား စူးစူးစိုက်စိုက် ငုံ့ကြည့်နေသော အရိပ်တစ်ခုအား တွေ့လိုက်ရပါလေ၏။ စဝ်စဝ် အရိပ် ...ည်ထက် မပိုသဖြင့် မီးခိုးငွေ့များ သွယ် ပုံလွင့်နေသည့်သဏ္ဌာန် တစ်ခုရယ်သာဖြစ်သည်။

တော့ ကျွန်တော့်ကို မမှတ်မိဘူး။ ကျွန်တော့်ကို ကြောင်ပြီးကြည့်နေတာပေါ့ ဆရာ။ ဒါနဲ့ – ကျွန်တော်က ငါ မင်းဆီက အကြွေးရစရာရှိလို့ လာတောင်းတာ၊ မင်းငါ့ကိုအကြွေးပြန်ဆပ်ရမယ်လို့ပြောလိုက်တယ်ပေါ့နော်၊ သူက ကျွန်တော့်ကို ကြည့်ပြီး ဘာအကြွေးလဲ၊ ရှင့်ကို မြင်လဲ မမြင်ဖူး – ဘူး၊ ဆပ်စရာ အကြွေးလဲ မရှိဘူးလို့ ပြန်ပြောနေတာပေါ့နော့။ ဒါနဲ့ ကျွန်တော်က နဂိုရုပ်ပေါ်အောင် တန်ဆောင်ဖုံးကွယ်ထားတာတွေကို ရှုတ်ပြလိုက်တော့မှ သူ အံ့ဩထိတ်လန့်ပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်လာတော့တာပေါ့။ မဟုတ်တာလုပ်ထားတဲ့သူဆိုတော့ ခိုးထုပ်ခိုးထည်နဲ့ တွေ့လိုက်ရတာနဲ့ အကြောက်တရားတွေ မထိန်းနိုင်အောင်ဖြစ်သွားတော့တာကလား။ ခဏကြာတော့၊ ကျွန်တော့်ကို ကြည့်ပြီး –

"ရှင် – ရှင် – သေရဲဖြစ်ပြီး မြမြကို လာခြောက်လှန့်တာလား။ ကျွန်မကို ခွင့်လွှတ်ပါ – ကိုသက်ရယ်၊ ကျွန်မ မှားခဲ့ပါတယ်ရှင်၊ ကျွန်မကို သနားပါနော်" လို့ ဆိုပြီး တောင်းပန်တော့တာပါပဲ – ဆရာ။ ဒါပေမဲ့ – ဆုံးဖြတ်ချက်ချပြီးသား ကျွန်တော့်အနေနဲ့ ဘယ်လိုသနားစိတ်

www.burmeseclassic.com

လည်း ပေါ်မလာဘူး။ ကျွန်တော် ခံစားရသလို သူ့ကိုလည်း ခံစားစေချင်တဲ့စိတ်တလွှန်ကဲနေလေတော့ ဘာမှမစဉ်းစားတော့ပဲ ပါလာတဲ့ဓားနဲ့ သူ့ဘဝကိုအဆုံးစီရင်ပစ်လိုက်တယ်ဆိုပါတော့ - ဆရာ"

မောင်သက်ဝေထွန်းက သူ့ဖြစ်စဉ်ကို အမှန်အတိုင်းပြောပြပေမယ့် သူ့ကိုယ်သူ အမှားလုပ်ခဲ့မိတယ် ဆိုတဲ့နောင်တ တရားရခဲ့ပုံမပေါ်တဲ့မျက်နှာထားမျိုးဖြစ်လာတာကို မတွေ့မြင်ရပဲ သူလုပ်ခဲ့တဲ့အလုပ်အပေါ်အားရကျေနပ်နေပုံရတာကိုတွေ့လိုက်ရတယ်။ နောက်ပြီး - သူက ဆက်ပြောသေးတယ်။

ပထမရက်မှာ မြမြမော်ကိုသတ်ပြီး လူတွေ မေ့ပျောက်လောက်တဲ့အချိန်ထိစောင့်နေလိုက်တယ်။ အဲဒီမှာပဲ ထူးဆန်းတဲ့အဖြစ်နဲ့ တွေ့ကြုံလိုက်ရတော့တာပါပဲ - ဆရာရယ်"

▲▲▲

မောင်သက်ဝေထွန်းဟာ သူ့ဆုံးဖြတ်ချက်တစ်ခု အောင်မြင်စွာပြုလုပ်နိုင်ခဲ့တဲ့နောက်ပိုင်း၊ နောက်ထပ်ဆုံးဖြတ်ချက် ချထားတဲ့လုပ်ငန်းတစ်ခုကို ဆက်လက်အကောင်အထည်ဖော်ဖို့ အခွင့်အရေးကိုစောင့်နေလိုက်သည်။ မကြာပါချေ။ ကိုထွန်းပြေ့ဟာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး အရက်ကို မူးအောင်သောက်လာတာတော့ တာပါပဲလေ။ တကယ်တော့ - ကိုထွန်းပြေ့ဟာ သူ့အတွက် သေမင်းတမန်နဲ့ တွေ့ရလိမ့်မယ်လို့ မျှော်လင့်ထားဟန်မတူပါဘူး။ ဒါဟာ - သက်ဝေထွန်းအတွက် အခွင့်အရေးတစ်ခုဖြစ်လာခဲ့ရတော့သည်။

တစ်ရက်မှာပင် ဖြစ်ပါလေ၏။ သူ့ဆုံးဖြတ်ချက်အတိုင်း ဆက်လုပ်ဖို့မတိုင်မီပင်ဖြစ်သည်။ နောက်ဆုံးလုပ်ငန်းတစ်ခု အောင်မြင်စွာ လုပ်ဆောင်ပြီးပါက သူ့ဘဝအတွက် ကြီးမားသောတာဝန်ကြီးတစ်ခုနိဂုံးချုပ်သွားပေတော့မည်ဟု အောက်မေ့လျက် အပျော်ကြီး ပျော်နေခဲ့သည်။ ထိုနေ့ညတွင် ကျေကျေနပ်နပ်ကြီး အိပ်ပျော်နေစဉ် သူ့အား လူတစ်ယောက်က ပုတ်နှိုးခြင်းကို ခံလိုက်ရသဖြင့် လန့်နိုးသွားတော့၏။ ကြည့်လိုက်တော့ သူ့အား စူးစူးစိုက်စိုက်ဖြင့် ငုံ့ကြည့်နေသောအရိပ်တစ်ခုအား တွေ့လိုက်ရပါလေ၏။ စင်စစ် အရိပ်ဆိုသည်ထက် မပီမသဖြင့် မီးခိုးငွေ့များသဖွယ် ပျံ့လွင့်နေသည့် သဏ္ဍာန်တစ်ခုရယ်သာဖြစ်သည်။

သက်ဝေထွန်းက ကြည့်နေစဉ်မှာပင် ထိုအရိပ်သဏ္ဍာန်က သူ့အား ဆွဲခေါ်သွားခြင်းကိုခံလိုက်ရတော့သည်။ သက်ထွန်းကလည်း ထိုအရိပ်သဏ္ဍာန်ခေါ်ဆောင်ရာသို့ လိုက်သွားခဲ့ရာမှ အိမ်တစ်အိမ်အတွင်းသို့ရောက်သွားတော့သည်။ ထိုအိမ်ထဲတွင် လူတစ်ယောက် လဲလျောင်းနေသည်ကို တွေ့လိုက်ရသဖြင့် သေသေချာချာ ငုံ့ကြည့်လိုက်သည်တွင် အရက်မူး၍ အိပ်ပျော်နေသော ကိုထွန်းပြေ့အား တွေ့လိုက်ရတော့၏။ ကိုထွန်းပြေ့အား တွေ့လိုက်ရသည်နှင့် သက်ဝေထွန်း၏ဒေါသစိတ်တို့မှာ ထိန်းချုပ်နိုင်စွမ်းမရှိတော့ပဲ သူနှင့်အတူ ဆောင်ထားသောဓားကိုထုတ်လျက် ထိုးချလိုက်လေတော့၏။ သို့သော် ထွန်းပြေ့မှာ သူ ထင်သလို မူး၍အိပ်ပျော်နေခြင်းမဟုတ်ပဲ အသင့်စောင့်ဆိုင်းထားသော သူ့လက်အား ဖမ်းဆွဲလျက် ပြန်လည်ခုခံတိုက်ခိုက်ခြင်းကို ခံလိုက်ရတော့သည်။

နောက်ဆုံး သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ကြရာမှ သူ့လက်ထဲမှ ဓားကို ကိုထွန်းပြေ့ရင်ဝသို့ တအားကုန် ထိုးချလိုက်လေတော့၏။ သည်မှာ လူတစ်စုက အိမ်တွင်းသို့ဝင်ရောက်လာကြပြီး သွေးစွန်းနေသောဓားကိုင်လျက်သား ကြောင်ငေးနေသော သက်ဝေထွန်းနှင့် သေဆုံးနေသော ကိုထွန်းပြေ့အား တွေ့လိုက်ကြရတော့သည်။

"ဒီအဖြစ်က ကျွန်တော့်တစ်သက်မှာအံ့ဩစရာအကောင်းဆုံးနဲ့ထိတ်လန့်တုန်လှုပ်စရာအကောင်းဆုံးလို့ထင်မိပါတယ် - ဆရာ။ ခုလိုပြောပြတာကို ဆရာကတောင်မယုံနိုင်ဘူးဆိုတာ ကျွန်တော်အတပ်သိလိုက်ပါတယ်။ ယုံနိုင်စရာလဲ မရှိဘူးလေ။ ဒါပေမဲ့ - ကျွန်တော့်အဖြစ်ကတော့ ဖြစ်ရပ်အမှန်ပဲဆိုတာ ကျမ်းကြိမ်ပြောပါဆိုရင်တောင် ပြောရဲပါတယ် ဆရာ။ တကယ်တော့ - ဒီအဖြစ်တပုံပြင်တစ်ခုဆန်ပေမဲ့ ဂမ္ဘီရဆန်တဲ့အဖြစ်မျိုးဆိုတာ ပြောနိုင်တာပေါ့နော့။ နောက်ဆုံးတော့ - ကျွန်တော့်ကိုသေလူအဖြစ်နဲ့ပစ်ထားခဲ့ရာက တကယ်မသေပဲ သူတို့နှစ်ယောက်ကိုတလှဲ့စားချေလိုမှုနဲ့သတ်ခဲ့မိတဲ့ကျွန်တော့်ရဲ့အဖြစ်ကမယုံနိုင်စရာကောင်းတဲ့ ထူးဆန်းတဲ့ဖြစ်ရပ်ဆိုတာကျွန်တော်ကိုယ်တိုင် နားလည်သဘောပေါက်ခဲ့မိပါတယ်လေ။ အမှန်ဆိုရင် ကျွန်တော့်အဖြစ်ကို ဆရာ့အနေနဲ့ သေရွာကပြန်ရောက်လာတဲ့လူသတ်သမားတစ်ယောက်လို့လည်း ပြောလို့ရလိမ့်မယ်ထင်ပါတယ် - ဆရာ"

မောင်သက်ဝေထွန်းက စိတ်ရှည်လက်ရှည်ပင် သူ၏ဘဝဖြစ်စဉ်အကြောင်းအား ပြောပြနေခြင်းအပေါ် ကျွန်တော်ကိုယ်တိုင်က ယုံကြည်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လောက၌ သဘာဝထက် အံ့ဩဖွယ်ရာ အဖြစ်တွေဟာကမ္ဘာအနှံ့မှာဖြစ်ရပ်ဆန်းကြယ်တဲ့အဖြစ်မျိုးတွေ ရှိနေကြတယ်ဆိုတာ သက်သေသာဓကတွေနဲ့ ရှိနေကြတာကလား။ဒါ့ကြောင့်လဲ(believed it or not.) ဆိုတဲ့စကားလုံးတွေ ပေါ်ပေါက်လာခဲ့ရတာ အများအပြားရှိနေကြတာပဲလေ။ သို့ပေတဲ့ - ရာဇဝတ်ပြစ်မှုကျူးလွန်ထားသူအပေါ် နိုင်ငံတော်ရဲတစ်ဖွဲ့ဝင်များမက တရားဥပဒေဆိုသည့် ထိန်းချုပ်မှုဘောင်အတွင်းမှ စက်တွင်းလက်တံရှည်ဖြင့် လိုက်လံစုံစမ်းထောက်လှမ်းနေခဲ့သည့်ကိုမောင်သက်ဝေထွန်းတစ်ယောက် သူ တွေးမပေါက်လေခဲ့သည်ပဲထင့်။ မည်သို့ပင်ဖြစ်စေ၊ နောက် ဆုံးတော့ တရားဥပဒေအရကြီးမားလှတဲ့ပြစ်မှုကျူးလွန်ခဲ့သူအားမြန်မာနိုင်ငံရဲတစ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ခြင်းပင် မဟုတ်ပါလား။

"အင်း - မောင်သက်ဝေထွန်းရဲ့ အဖြစ်က အဆန်းတကြယ်ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်တယ်ဆိုတာ ဆရာ့အနေနဲ့ လက်ခံနိုင်ပေမယ့် ခုလိုသိပ္ပံပညာတွေထွန်းကားနေတဲ့ ခေတ်ကြီးမှာတော့ အငြင်းပွားစရာတစ်ခုလို့ ပြောချင်တာပဲ။ သို့ပေတဲ့ ဆရာစဉ်းစားမိတာတစ်ခုတော့ ရှိနေတယ်ကွယ့်။ အဲဒါက မောင်သက်ဝေထွန်းတွေ့လိုက်ရတဲ့အရိုးအငွေ့အရိပ်သဏ္ဍာန်တစ်ခုဆိုတာဟာ မင်းရဲ့မိန်းမ မြမြမော်ကလွဲလို့ တခြားမဖြစ်နိုင်ဘူးဆိုတာပါပဲ။ သူ့အပေါ်ကိုကလဲ့စားချေခဲ့တဲ့မောင်သက်ဝေထွန်းအပေါ်ကို မကျေနပ်တဲ့မြမြမော်က တန်ပြန်ထိုးနက်လိုက်တဲ့ဝိညာဉ်ရဲ့လှည့်စားမှုသာ ဖြစ်လိမ့်မယ်လို့ ဆရာတော့ယူဆလိုက်မိတယ်လေ။ လောကမှာတစ်ဦးနဲ့တစ်ဦး မကျေနပ်မှုတွေနဲ့ပြန်လည်တုံ့ပြန်တတ်ကြတာကလား။ တကယ်တော့ - ဒီလိုတန်ပြန် ကလဲ့စားချေလိုမှုတွေဟာ ခုဘဝမှာသော်လည်းကောင်း နောင်သံသရာဘဝအဆက်ဆက်မှာသော်လည်းကောင်းကောင်းကျိုးကိုဖြစ်ထွန်းစေတဲ့စိတ်ရဲ့ဖွဲ့လမ်းမှုမျိုးတွေမဟုတ်ကြပါဘူးလေ၊ လူသားတွေမှာ ဒီလိုစိတ်ဓာတ်မျိုးတွေရှိနေသမျှ ဘယ်ဘဝမှာပဲရောက်ရောက် သံသရာဝဲဂယက်မှာ လည်ပတ်နေကြမှာပါကွာ"

ကျွန်တော် စာရေးသူအနေဖြင့် မောင်သက်ဝေထွန်း၏ထူးခြားဆန်းပြားသည့် ဘဝအကြောင်းတရားအား လေ့လာသုံးသပ်လျက် ကံ၊ ကံ၏အကျိုးအပေါ် သုံးဆယ့်တစ်ပုံ့သောဘုံဘဝအတွင်းမှ လည်ပတ်နေကြရသည့်လူသားတို့၏ဖြစ်ရပ်များအားသံဝေဂတရားပွားများခဲ့ရပါတော့သည်။

"အေး - အေး - လူ့ဘဝဆိုတာ ခဲလှတဲ့ဘဝမို့ သံသရာဝဋ်အတွင်းက ရုန်းထွက်တင်းနိုင်အောင် ဒီဘဝမှာ သည်မျှသာလိုသာမောင်သက်ဝေထွန်းအောက်မေ့ထားလိုက်ပါတော့လို့ ဆရာပြောချင်တာပါကွာ"

"ဟုတ်ကဲ့ပါ - ဆရာ၊ ကျွန်တော်ကိုယ်တိုင် ထူးခြားဆန်းကြယ်တဲ့ဖြစ်ရပ်တစ်ခုမှာ ပါဝင်ခံစားလာရတာမို့ နောင်သံသရာထိ တုံ့ပြန်လိုမှုမရှိတော့ပါဘူး။ ခုလို ထူးခြားဆန်းကြယ်တဲ့အဖြစ်ဟာ ကံကြမ္မာဖော်တော့ခဲ့မိလို့ သံသရာလည်မှာကိုလည်း ကြောက်လန့်မိခဲ့တာအမှန်ပါ - ဆရာ၊ ကိုယ်ဖြစ်ခဲ့တဲ့အဖြစ်ဒဏ်ကို ဒီတစ်ဘဝမှာပဲ ဆုံးခန်းတိုင်ပါစေလို့ညအိပ်ရာဝင်တိုင်း ဆုတောင်းနေခဲ့ပါတယ် - ဆရာ"

သေရွာပြန် လူထူးလူဆန်းတစ်ယောက် (သို့မဟုတ်) သေရွာပြန်လူသတ်မှုနဲ့ ဘဝကို အဆုံးသတ်ရမယ့် မောင်သက်ဝေထွန်းရဲ့အဖြစ်တထူးဆန်းပြီးသည်းထိတ်ရင်ဖိုဖွယ်ကောင်းတဲ့မယုံနိုင်စရာ ထူးခြားမှုတစ်ခုဟုသာ မှတ်ချက်ချလိုက်မိပါတော့သည်။

မေတ္တာရည်လျှာ

⇨ **သိဂ်ဏ်းသန်းအောင်(မြင်းခြံ)**

**ငွေကျိုး လက်ကျိုး**

နင်းဆိုင်းကျိုးသား၊ ပြဒါးရှစ်ပဲသား ညှိပြီး ပွရုံချက်၊ ကျိုးသောနေရာတွင် တင်ပြီး ကျပ်စည်းထားပါ။

**ငွေတုန်လက်တုန်**

ကြက်မှန်ရွက်ယို ယိုစားပါ။

www.burmeseclassic.com



**ဒါရိုက်တာ**"အာကာစိုး" ဆိုလျှင် ရုပ်ရှင်နှင့်ဗီဒီယိုလောကဝယ်လျှမ်းလျှမ်း တောက် ကျော်ကြားထင်ရှားသူတစ် ယောက်ဖြစ်၏။ သူရိုက်သမျှရုပ်ရှင်ကား များမှာ ရုံတင်လိုက်တိုင်း ရက်သတ္တပတ် အတော်ကြာအောင် "ရုံပြည့်ပြီ" ဆိုင်း ဘုတ်ချိတ်ထားရတတ်၏။ ဗီဒီယိုခွေဆို လျှင်လည်း မဖြန့်ချိမီလုပင် ကြိုတင်စာ ရင်းပေးထားသူများဖြင့် ပြည့်နက်နေ တတ်၏။

Best sellerစာရင်းဝင်နေသောလူငယ် ပရိသတ်အသည်းစွဲ စာရေးဆရာ "ဇမ္ဗူ တလူ" ၏ ဝတ္ထုများပင် ဖြစ်၏။ ထိုဝတ္ထု များမှာ ဆယ်ကျော်သက်လူငယ်တို့၏ နှလုံးသားရေးရာကို အခြေခံထားသော ဇာတ်အိမ်များဖြစ်သော်လည်း ထိုမှ ဆင့် ကဲပေါ်ထွက်လာသော ရင်နင့်ကြေကွဲ ဖွယ်၊ မုန်းတီးနာကြည်းဖွယ်၊ ထိတ်လန့် တုန်လှုပ်ဖွယ်ဇာတ်ကွက်တို့က ပရိသတ် ရင်အစုကို ထိထိရှရှ ဆုပ်ချေနိုင်စွမ်းက ပြင်းလွန်းလှစွာ၏။

ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ်အတွက် စာရေးဆရာနှင့် ဒါရိုက်တာ

တစ်ယောက်နှင့်တစ်ယောက် အားပြိုင်ကြရာမှ စာရေးဆရာသည်

နောက်ဆုံးတွင် မတတ်သာတော့ဘဲ ..

ထင်းသို့ဖြစ်ရခြင်းမှာ သူ၏ရုပ်ရှင် ကားများမှာဇာတ်လမ်းဦးတည်ချက် ကောင်းခြင်း၊ ဇာတ်အိမ်ဇာတ်ကွက်ဆန်း ကြယ်ခြင်း ရိုက်ကွင်းရိုက်ချက်အဆင့်မြင့် ခြင်းသည့် ထူးခြားအနုပညာ စွမ်းရည် များ အများတကာထက် နာတစ်ချား ထူးခတ်သောကြောင့်လည်းဖြစ်၏။ သူ အဓိကအမှာခံထား၍ ရိုက်ကူး သည်မှာ ယနေ့စာပေလောကတွင်

"ကျွန်တော် နေ့ချင်းညချင်းအောင် မြင်လာတာ ဆရာဇမ္ဗူလူရဲ့ဝတ္ထုတွေ ကြောင့်ပါ"

ဒါရိုက်တာ အာကာစိုးက သူ့ဇရိ သတ်ရှေ့ရောက်လျှင် ထိုသို့ပြောတတ် ၏။

"ကျွန်တော့်ဝတ္ထုတွေ နာမည်ကြီး လာတာ ဆရာအာကာစိုးရဲ့ ညွှန်ကြားတဲ့ ရိုက်ချက်တွေကြောင့်ပါ"

www.burmeseclassic.com

စာရေးဆရာ ဖမ္မူတလူကလည်း စာပေဟောပြောပွဲများတွင် ထည့်သွင်း၍ ရှိနှုတ်မိန်းပြောဆိုတတ်ပြန်သည်။

"ဒါဆို – ဆရာတို့နစ်ယောက်က ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသလို အနုညာလောကကို အပြန်အလှန် အကျိုးပြုနေကြတာပေါ့"

သူတို့ပရိသတ်များက ထိုသို့ထောမနာပြုကြသည်။ နောက် – ထိုအကျိုးပြုသမားနှစ်ယောက်၏ အရှိုးက တစ်မျိုးပြောင်းလာသံကြားရသည်။ တကယ်ဆိုပြဿနာတို့အစပျိုးလာသူကဒါရိုက်တာ အာတာမိုးပါပေ။

"ဒီနေ့တော့မပြောမပြီးမတီးမမြည် ဆိုသလို ဆရာ့ဝတ္ထုတွေနဲ့ပတ်သက်ပြီး ပြောစရာဖြစ်တော့မယ်ထင်ပါရဲ့"

တစ်နေ့ညနေ ယမကာဝိုင်းတွင် ဆုံကြရိုက် ဒါရိုက်တာက စလာသည်။

"ဟာ – ဆရာကလည်းထူးထူးဆန်းဆန်း ကျွန်တော့်ဝတ္ထုတွေက ဘာတွေများဖြစ်နေလို့လဲဗျ"

စာရေးဆရာကတအံ့တသြပြန်မေးသည်။

"အမှန်တော့ ဒီကိစ္စ ကျွန်တော်လည်း ဘာမှသေချာသိတာ မဟုတ်ဘူး ဆရာ။ ကျွန်တော့်ပရိသတ်တွေဆီက တစ်နေ့တခြား ပွင့်အန်ထွက်လာတဲ့ စကားသံတွေကြောင့်ပါ"

ဒါရိုက်တာကလေသံအေးအေးဖြင့် ပြောသည်။

"ဟုတ်လား – ဆရာ၊ သူတို့ဆီက ဘယ်လိုများ ပွင့်အန်ထွက်လာလို့လဲ၊ လုပ်စမ်းပါဦးဗျာ"

ဒါရိုက်တာကအေးဆေးသလောက် စာရေးဆရာက အလောသုံးဆယ်ဖြစ်လာသည်။

"သူတို့ပြောတာက ဆရာ့ဝတ္ထုတွေက ခုနောက်ပိုင်း တဖြည်းဖြည်းနဲ့ တစ်ခါလာမဲပြောပုဆိုးဆိုတာလိုဖြစ်လာနေပြီတဲ့ဗျ"

"ဟာ – ဆရာကလည်း – ဒါ ဖြစ်နိုင်လို့လား။ ဆရာသိတဲ့အတိုင်း ကျွန်တော့်ဇာတ်လမ်းတွေက ဘယ်မှာ တစ်ပုဒ်နဲ့ တစ်ပုဒ် တူလို့လဲဗျ"

ပြောလို့သာ ပြောရသည်၊ စာရေးဆရာရင်ထဲမှာတော့ မကောင်းလှ။

"ဟုတ်ပါတယ်။ ဇာတ်လမ်းဇာတ်အိမ်တွေကတော့ မထူးပါဘူး၊ ဒါပေမဲ့ အကြောင်းအရာတွေက အပ်ကြောင်းထပ်လာတယ်တဲ့ – ဆရာ"

"အာ – မဟုတ်တာဗျာ၊ နေပါဦး၊ ...ယ်လိုအကြောင်းအရာတွေက ထပ်...ာတဲ့လဲ – ဆရာ"

စာရေးဆရာ လေသံပျော့လာ...ည်။

"ဥပမာဗျာ – ဆရာ့ဇာတ်လမ်းတွေ...မှာ မင်းသားက ကုမ္ပဏီပိုင်ရှင်သား...ိုင်အမြဲတမ်းမန်နေဂျာရှုပ်ဖြစ်တတ်...ို မင်းသမီးကလည်း သူ့လက်...ာတ်က ကုမ္ပဏီဝန်ထမ်းဖြစ်နေ...ပြီး မင်းသားအမေက "ရာရာစစနဲ့...းတန်သလား၊ ကိုယ့်အဆင့်ကိုယ်...ေဒါ်ပဲ" လို့ မောက်မောက်မာမာ...ပြီး နည်းမျိုးစုံနဲ့ ရက်ရက်စက်စက်...ာတတ်တဲ့ အကြောင်းအရာမျိုး...တတ်သတဲ့ – ဆရာ"

"အင်း – ဒါကတော့"

စာရေးဆရာ မျက်နှာပျက်စပြုလာ...ည်။

"ပြီးတော့ – ဖြစ်လိုက်တဲ့ကားအကြ်...လည်း ခဏခဏပဲတဲ့၊ အဲ – အဲ...တ်ဆီးခင့်ဖြစ်ပြီဆိုမှဖြင့် မင်းသမီး...ယ်တော့မှ ကိုယ်ခန္ဓာပြင်ပ ဒဏ်...ကြီးကျယ်ကျယ်မရဘဲ ဦးခေါင်း...ရိုက်မိပြီး မှတ်ဉာဏ်ပျောက်ဆုံးသွားတာတို့၊ အတိတ်မေ့သွားတာမျိုးပဲ ထပ်တလဲလဲ ဖြစ်နေတတ်တယ်တဲ့ ဆရာ"

"အင်"

စာရေးဆရာ အသံပင် တောင်းကောင်းမထွက်ချင်တော့။ ဒါရိုက်တာတသာပိုအရှိန်ရလာကာ ဆက်ပြောသည်။

"နောက်တစ်ခုဆိုးတာက ဆရာ့ဝတ္ထုတွေထဲက မင်းသားရောဂါဖြစ်လို့ ဆေးရုံတက်ရမှဖြင့် ဆေးစစ်လို့ရတဲ့ရောဂါက လူစီးမီးယား ခေါ်တဲ့ သွေးတင်ဆာဖြစ်ဖြစ်၊ အစားထိုးကုသမှ ရမယ့် အသည်းရောဂါဖြစ်ဖြစ် တစ်ခုခု အမြဲလိုလို ဖြစ်နေတတ်တယ်တဲ့။ ပြီးတော့ အသည်းအစားထိုးမယ့်ကိစ္စမှာလည်း သူ့မိဘ ညီအစ်ကိုမောင်နှမတွေထဲက ဘယ် သူ နဲ့မှ အမျိုးအစားမတူဘဲ မင်းသမီးရဲ့အသည်းနဲ့မှ အံဝင်ခွင်ကျဖြစ်နေတတ်တယ်တဲ့ – ဆရာ"

စာရေးဆရာထံမှ ဘာသံမှ ထွက်ပေါ်မလာနိုင်တော့၊ စကားမပြောတတ်လို တုံဏှီဘာဝေ၊ ဒါရိုက်တာသာ တစ်ဖက်သတ် ဆက်ပြောသည်။

"နောက် ဆရာ့ဝတ္ထုထဲမှာပါတဲ့ ဗီလိန်လူဆိုးဇာတ်ကောင်တွေရဲ့နာမည်

www.burmeseclassic.com

တ အမြဲလိုလို အုံ့ကျော်၊ ကျားကြီး၊ ညိုကြီး စတာတွေပဲ ဖြစ်ဖြစ်နေတတ်တယ်တဲ့။ ပရိသတ်ကလည်း အဲလိုနာမည်မျိုးနဲ့ ဇာတ်ရုပ်ပေါ်လာပြီဆိုရင် မင်းသားမင်းသမီးကိုမတောင်းကြဲတော့ ဓယ်ဆိုတာ အလိုလို ကြိုပြီးသိနေကြတယ်တဲ့။ အဲဒါကြောင့် လူဆိုးတွေကို တခြားပရိသတ်ကြိုမရိပ်မိနိုင်တဲ့နာမည်မျိုး ပေးလို့မရဘူးလားတဲ့ဗျ"

ဒီတစ်ခါမှာတော့ စာရေးဆရာက ငြိမ်ခံနေနိုင်တော့၊ သူ့အရွယ်ကလည်း ငယ်သေးသည်ဖြစ်၍ တပေမာနကို ထိန်းသည်ဆိုကာ ပညာမှန်ယိုပါတော့၏။

"နေစမ်းပါဦး - ဒါရိုက်တာရယ်၊ ဆရာကိုယ်တိုင်ကပဲ ကျွန်တော့်ဝတ္ထုတွေဟာ ဇာတ်လမ်းဦးတည်ချက် (Theme) အလွန်ကောင်းသလို ဝတ္ထုတွေဟာ ဇာတ်လမ်းဦးတည်ချက် (story) ကလည်း အဆင့်မြင့်တယ်၊ ဇာတ်ကောင် (Characters) တွေနဲ့ ဇာတ်အိမ် (Plot)နဲ့ နောက်ခံဇာတ်ကွက် (Scenes or background) တွေကလည်း သူများနဲ့မတူအောင် ဆန်းသစ်တယ်၊ အရေးအသားဟန်ပန် (Style)နဲ့



ဒီလိုတော့ အရမ်းမစွပ်စွဲလိုက်ပါနဲ့ စာရေးဆရာ။ ကျွန်တော်က သူများပြောတိုင်း မဆင်မခြင် ဗလာချီ မျက်စိမှိတ် ယုံပစ်တတ်တဲ့လူစားမျိုး မဟုတ်ပါဘူး။ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့မျက်တွေ့ တွင်းဆင်း စုံထောက်ပြီးမှ ကောက်ချက်ချထားတဲ့ အချက်အလက်တွေကို ပြောပြနေတာပါ။

သားပုံနည်းပညာ (Method) တွေ ည်း နိုင်ငံတကာနဲ့ ရင်ပေါင်တန်း တယ်လို့ ချီးမွမ်းခန်းဖွင့်ခဲ့တယ် တ်လားဗျ"

ဒါရိုက်တာက ခေါင်းညိတ်ပြသည်၊

"မှန်ပါတယ်၊ ကျွန်တော် အဲလိုချီး ခဲ့ပါတယ်"

"ပြီးတော့ - ကျွန်တော့်ဝတ္ထုထဲက တ်ကောင်တွေဟာ စာအုပ်ထဲမှာပဲ ကောင်းရဲ့ ရေးထားတဲ့ စိတ်ကူးယဉ် သေ" တွေမဟုတ်ဘဲ စာရွက်ပေါ်က ပြင်လောကထဲရုန်းကန်ထွက်လာ ကြားထဲ ထိုးဖောက်စိမ့်ဝင်သွား တတိသက်ရှိလူသား "ရုပ်ရှင်" တွေ ည်း ဝေဖန်ထောက်ပြသေးခဲ့တယ် တ်လား - ဆရာ"

ဒါရိုက်တာက ထပ်ဆင့်ခေါင်းညိတ် ၏

"ဟုတ်ကဲ့ - ဆရာ၊ အဲဒါလည်း ကျွန် ငြင်းပါဘူး"

"အဲ တင်မကသေးဘူး၊ ဆရာ့ရုပ်ရှင် တားရုံတင်ရင် မင်းသမီး ဘယ်သူ ရောမလိုဘူး၊ ကျွန်တော့်ဝတ္ထုထဲ ထိုင်ဇာတ်ကောင် "ဖမ္မုအိမ်" မျက် ကြည့်ပြောပါတာနဲ့ မြို့လယ်မြို့ပတ်ရုပ်

ရှင်ရုံတွေမှာ ကြိုတင်လက်မှတ်နှစ်ဝတ်စာလောက် ပြိုက်ခနဲဆို မဟုတ်လား ဆရာ၊ ဗီဒီယိုခွေဆိုတဲ့ ဖြန့်တဲ့နေ့ ဆိုင်မဖွင့်ခင်ထဲက ဝယ်သူတွေ ကြိတ်ကြိတ်တိုးတန်းစီနေကြတယ်ဆိုဗျ"

ခုတစ်ကြိမ်လည်း ဒါရိုက်တာ ခေါင်းတဆတ်ဆတ် ညိတ်ရပြန်ပါသည်၊

"မှန်ပါတယ် - ဆရာ၊ ဒါတိုလည်း ကျွန်တော် ဝန်ခံပါတယ်"

"ဒါနဲ့တောင် ဆရာရယ် - ပရိသတ်ကလေးတစ်ယောက်၊ နှစ်ယောက်တမနာလိုဝန်တိုပြီး ပြောတာနဲ့ ဆရာကိုယ်တိုင်ကိုယ်ကျ အလေးအနက်ပြုခဲ့တဲ့စကားတွေကို ချက်ချင်းလျစ်လျူရှုပစ်လိုက်ရသလား - ဆရာရယ်"

ဒီတစ်ကြိမ်မှာတော့ ဒါရိုက်တာ ခေါင်းမညိတ်တော့၊ သူ၏ခေါင်းကိုတွင်တွင်လှုပ်ယမ်းပြပါလေတော့၏။

"ဒီလိုတော့ အရမ်းမစွပ်စွဲလိုက်ပါနဲ့ စာရေးဆရာ၊ ကျွန်တော်က သူများပြောတိုင်း မဆင်မခြင် ဗလာချီ မျက်စိမှိတ် ယုံပစ်တတ်တဲ့လူစားမျိုး မဟုတ်ပါဘူး ကိုယ်တိုင်ကိုယ်ကျ လက်တွေ့မျက်တွေ့ တွင်းဆင်းစုံထောက်ပြီးမှ ကောက်ချက်

www.burmeseclassic.com

ရှထားတဲ့ အချက်အလက်တွေကို ပြော ပြနေတာပါ"

"ဪ - ဟုတ်လား၊ ကဲ - ဒါဆို လည်း လင်းစမ်းပါဦး၊ ဆရာ့ကြားစကား နဲ့လက်တွေ့မျက်မြင်နဲ့ ဘယ်လိုကွာခြား နေသလဲလို့ - ဆရာ"

ဒါရိုက်တာက လက်တစ်ဖက် ထောင်ပြကာ -

"ဆရာမြင်ရင်ယုံမှာတောင်မဟုတ် ဘူး၊ ကျွန်တော့်ပရိသတ်ပြောတာက နည်းလိမ့်မယ်၊ လက်တွေ့မှာ မှန်လိုက် တာမှ သွေးထွက်တောင် လွန်နေပြီ ဆရာ"

"ဗျာ - ဘယ်လို"

"ကျွန်တော်တို့ ရုပ်ရှင်ကားတွေက အရင်လိုကြိုတင်လက်မှတ်မကုန်တော့ တဲ့အပြင် ဖာတ်ကားရုံတင်ပြတဲ့နေ့မှာ တောင် ရုံမပြည့်တော့ဘူးတဲ့၊ ပြီးတော့ ဗီဒီယိုခွေဆိုင်တွေမှာပါ ငှားတဲ့လူ သိသိ သာသာ ကျဆင်းလာသတဲ့ဗျ"

"ဖြစ်ရလေဗျာ - ဒါနဲ့နေပါဦး - ဘာ ကြောင့်ဒီလိုဖြစ်ရတာလဲ၊ ဒီလိုဖြစ်ရတာ အကြောင်းအရာတွေ အပ်ကြောင်းထပ် လာတဲ့ ကျွန်တော့်ဝတ္ထုတွေကြောင့်လို့ ဆရာ ဆိုလိုချင်တာလား"

ဒါရိုက်တာ မရှိတရှိပြုံးပြကာ သူ့ ခေါင်းကို ခပ်သွက်သွက် ခါယမ်းပြလို ၏။

"ဒီလိုဖြစ်ရတာ ဆရာ့ဝတ္ထုတွေ ကြောင့် မဟုတ်သလို ကျွန်တော့်ရုပ်ရှင် ရိုက်ချက်တွေကြောင့်လည်း မဟုတ်ဘူး အံ့ခမန်းတိုးတက်လာတဲ့ အိုင်တီခေတ် မှာ "ဂလိုဗယ်လိုင်ဇေးရှင်း"ဖြစ်လာတဲ့ ကမ္ဘာရွာကြီးကြောင့်ပဲဗျ"

"ဘယ်လိုအိုင်တီနဲ့ ဂလိုဗယ်လိုင် ဇေးရှင်းကြောင့်လဲ - ဆရာ"

စာရေးဆရာက ဒါရိုက်တာ၏ လိုရင်းကို လိုက်မမီနိုင်ဘဲ ဇဝေဇဝါ မေးလိုက်၏။

"ဒီလိုဗျ (Information technology) လို့ ခေါ်တဲ့ (IT) သတင်း ထောက်မှာ နည်းပညာတွေ ကြောက်ခမန်းလိလိ တိုးတက်လာ ဗျ။ ဒါကြောင့် ကမ္ဘာကြီးရဲ့တစ်ထောင့် တစ်နေရာမှာ တစ်ခုခုဖြစ်တာနဲ့ အ သတင်းစာစက္ကူနဲ့ပိုင်းအတွင်း အင်တာ နက်၊ ဝက်ဘ်ဆိုက်တွေကတစ်ဆင့် ကမ္ဘာလုံးဆီပျံ့နှံ့သွားတာကလား။ ဆက်သွယ်ရေး အံ့မခန်းလျင်မြန် တာကြောင့် ကမ္ဘာကြီးဟာလည်း ရွာ့ပြီး ရွာကြီးတစ်ရွာလောက်ပဲ ပြန့်တော့တာပေါ့ဗျာ၊ အဲဒါကို obalization) ခေါ်နေကြတာပေါ့ ..."

"အဲဒါက ကျွန်တော်တို့နဲ့ ဘာဆိုင် ..."

"အဲဒီတော့ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ ...ရှင်း၊ ဂီတ စတဲ့ နောက်ဆုံးပေါ်အနု ...တွေဟာလည်း အင်တာနက်က ...ဆင့် ကမ္ဘာအနှံ့ကို ချက်ချင်းလက် ...းလုံးရောက်ရှိသွားတာပေါ့ဗျာ"

"အဲဒါတော ကျွန်တော်တို့နဲ့ ဘာ ...လဲ"

"ဆိုင်ပါသော်ကော - စာရေးဆရာ ... အဲဒီလို နောက်ဆုံးပေါ် အထူး ...တွေ ခုပေါ် ခုရောက်လာတာဆို ...ကျွန်တော်တို့ဆီက လူငယ်တွေရဲ့ ...ဝင်စားမှုဟာလည်း ရုပ်ရှင်ဗီဒီ ...ဗီဒီယိုပေါ်ကနေ အင်တာနက်ဖန် ...ပေါ်ရောက်ကုန်တာပေါ့၊ စာရေး ...ရေ"

"အင်း - နည်းနည်းတော့ သဘော ...ပြီ"

"အဲဒါရဲ့အကျိုးဆက်က ကျွန်တော် ...က လူငယ်လူရွယ်တွေ အင်တာ နက်ကဖေးတွေမှာပဲ အထိုင်များပြီး ရုပ်ရှင်ရုံတွေ၊ ဗီဒီယိုရုံတွေ လူဝင်အား ကျဆင်းလာတာပေါ့ဗျာ"

"အင်း - အင်း"

စာရေးဆရာက မေးစေ့ကို ပွတ် သပ်ရင်း မျက်လုံးထောင့်တစ်ဖက်ဖြင့် ရှိုက်ဖမ်းနေလေသည်။ ဘာမှတော့ မပြောသေး၊ တစ်ခုခုကို ခြေရာခံနေဟန် တော့ ပေါက်သည်။ အတန်ကြာမှ ခေါင်း တစ်ချက်ဆတ်ကာ -

"အင်း - ဟုတ်ပြီ - ဒါရိုက်တာကြီး၊ ဟုတ်ပြီဆိုတော့ရင် ကျွန်တော်တို့ရဲ့ အောင်မြင်နေတဲ့စံချိန်စံညွှန်းတွေလျှော့ နည်းကျဆင်းမသွားအောင် ထိန်းသိမ်း ထားနိုင်မယ့် နည်းဗျူဟာများ မရှိတော့ ဘူးလား - ဒါရိုက်တာကြီး"

ဒါရိုက်တာက ခဏတွေတွေဝေဝေ ဖြစ်သွားပြီး အတန်ငယ်ကြာမှ မရှိတရှိ လိုလို၊ မထေမဲ့မြင်လိုလို တစ်ချက်ပြုံးပြ လိုက်ပြီး -

"ဒါတွေအားလုံးက စာရေးဆရာ ပေါ်မူတည်နေတယ်လေ"

"ဗျာ - ဘယ်လို - ဘယ့်နှယ် - ဒါတွေအားလုံး ကျွန်တော့်အပေါ်မူတည် မူတည်နေတာတုန်းဗျ"





www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ မျက်လုံး အဆမတန် ပြူးကျယ်သွားသည်။ ဒါရိုက်တာကို မေကျမချမ်း မော့ကြည့်လိုက်သည်။

"ဒီလိုဗျ - ကျွန်တော် ရုပ်ရှင်ဗီဒီယို တွေ တျဆင်းပြေလာတာဟာ လူငယ် တွေရဲ့အာရုံကို အင်တာနက်ထဲ ရောက် နေလို့မဟုတ်လားဗျာ၊ ဒါကြောင့် စာရေး ဆရာက လူငယ်တွေရဲ့အာရုံကိုအင်တာ နက်ထဲက ပြန်ဖမ်းယူ ထိန်းချုပ်နိုင်မယ့် ဝတ္ထုဇာတ်လမ်းသစ်တွေ ရေးထုတ်ဖို့ လိုလာပြီလေ"

"ဘယ်လိုမျိုးဇာတ်လမ်းသစ်တွေ လဲ - ဒါရိုက်တာကြီး"

ဒါရိုက်တာကြီး နှုတ်ခမ်းနစ်လျှာကို တင်းတင်းစေ့တာ လက်တစ်ဖက်က ပါး ပြင်ပေါ်ပွတ်သပ်နေရင်းက -

"အင်း - ဘယ်လိုပြောမလဲ၊ ဆရာ ရေးနေကျသမားရိုးကျလမ်းဟောင်းကို ရိုက်ချိုးဖောက်ထွက်နိုင်မယ့် နိုင်ငံ တကာ အဆင့်မီ ဆန်းသစ်တီထွင်တဲ့ ဇာတ်လမ်းမျိုးတွေကို ပြောချင်တာပါ"

"ဗျာ - ဒါဆို ဆရာဆိုလိုတာက ကျွန်တော့်ကို အင်တာနက်ပေါ်က နောက်ဆုံးပေါ်အထူးအဆန်းဇာတ်ကား တွေကိုမလွှတ်တမ်းကြည့်ပြီး တစ်ကမ္ဘာ လုံးက လက်ခံနိုင်မယ့် ခေတ်လွန်ဇာတ် လမ်းမျိုးတွေ ရေးပေးရမှာလားဗျ"

ဒါရိုက်တာကလက်နှစ်ဖက်ကိုလေ ထဲ မြှောက်၍ ဝေ့ယမ်းပြကာ -

"အာ - နိုး - နိုး - ဆရာ့အတွေးနည်း နည်းလွန်သွားပြီဗျ၊ ကျွန်တော်တို့ ကမ္ဘာ့အဆင့်မီရမယ်ဆိုပေမယ့် မြန်မာ ဖြစ်နေတာဆိုတော့ ကိုယ့်မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းတွေကိုတော့ မျက်ကွယ် ပြုထားလို့မရဘူးလေ၊ ဒါကြောင့်မို့ ကျွန် တော်ဖြစ်စေချင်တာက ဆရာ့ဝတ္ထု ဟာ ကျွန်တော် စောစောက ပြောသ တစ်ခါလာ မဲပြာပုဆိုးချည်း ဖြစ်မနေ တော့ဘဲ သစ်လွင်တောက်ပတဲ့ ပု သစ်လဲဝတ်ဖို့ လိုပြီဆိုတာပဲဗျ"

စာရေးဆရာက ဦးနှောက် အဲတော်ရှုပ်ထွေးသွားဟန် ခေါင်း တဖြင်းဖြင်းအသံထွက်အောင်ကုတ် သည်။လက်ကျန်ယမကာကိုတစ်ကျိုက် ထဲမော့သောက်ချလိုက်ကာ မျက်မှ မှ ဖြည်းညင်းစွာ လည်ပတ်နေ ပန်ကာရွက်များကို အမှီလိုက်ကြည့် မိသေးသည်။ အတန်ငယ်ကြာမှ မော်ကျူ့လိုက်ကာ ဒါရိုက်တာအ လှည့်ကြည့်ပြီး -

"အင်း - ဒါဆို - လက်ရှိ ကျွန်တော် နေတဲ့ရေးဟန် (Style) ကိုပါပြောင်း ရတော့မှာပေါ့ - ဆရာ"

ဒါရိုက်တာက ဆတ်ခနဲ ခေါင်းညိတ်

"မှန်တယ်ဗျ - ရေးဟန် (style) ကတော့ဘူး၊ ဆရာ ခုနပြောတဲ့ ဇာတ် ဦးတည်ချက် (Theme) ကိုရော ဇာတ်ကြောင်း (story) ကိုရော၊ ဇာတ်ကောင်စရိုက် (Characters) တွေ ဇာတ်အိမ် (Plot) ကိုရော၊ နောက်ခံ တွက် (Background) ပါမကျန် အတွက်လုံးအသစ်ပြောင်းလဲပစ် ယ် - ဆရာ"

စာရေးဆရာက ဒါရိုက်တာအား မြင်ဘူးသော အထူးအဆန်း ဒါတစ်ကောင်လို ပြူးကြောင် စူးစိုက်ကြည့်လိုက်မိသည်။ ခေတ်ဖြစ်လို့နိုင်ငံတကာအဆင့် လည်း မီရမယ်၊ ဒါပေမဲ့ - မြန်မာ မို့ မြန်မာ့ရိုးရာဓလေ့ထုံးတမ်း ကိုလည်း လျစ်လျူရှုမထားရဘူး၊ ကျလမ်းကြောင်းကခွဲထွက်လို့ ဆိုးကိုပါချွတ်ပြီး သစ်လွင် တဲ့ပုဆိုးသစ်ကိုလည်းလဲဝတ် ရမယ်၊ ပြီးတော့ အခုလက်ရှိသုံးနေတဲ့ (Theme) (Style) စတဲ့စာရေးနည်းတို ပါအသစ်ပြောင်းလဲပစ်ရမယ်"

"ဟူး"

စာရေးဆရာ ရှည်လျားသောသက် ပြင်းမောတစ်လုံးကို စိတ်ပျက်လက် ပျက် မှုတ်ထုတ်လိုက်မိသည်။ အခု ဒါရိုက်တာလိုချင်တာက ခေတ်ရေစီးနည်း ပြေးချင်သည်၊ တောလည်း ဆန်ချင် သည်။ ဆန်းလည်း ဆန်းသစ်ချင်သည်။ ရိုးလည်း ရိုးအီချင်သည်။ အဲဒီလိုဖြစ်နေ သည်။

ဒါဖြင့် "ဆရာ့ဝတ္ထုကို ကျွန်တော် မရိုက်တော့ဘူး" လို့ သွယ်ဝိုက်ပြောနေ တာလားဆိုတော့လည်း မဟုတ်ပြန်။ ဆယ်ခုနစ်တစ်ခုကျော် ဒီစာရေးဆရာ ဝတ္ထုချည်းရိုက်လာမှဖြင့် အသားကျနေ ပြီ၊ တခြားဝတ္ထုဆို မရိုက်တတ်တော့။ ရိုက်မိလျှင်လည်း မအောင်မြင်နိုင်တော့ ချေ။

သို့ဖြင့် ဇာတ်လမ်းတည်ဆောက် နိုင်ချေမရှိသော ဝတ္ထုမျိုး ရေးမိုင်းနေရ ဖြင့် ဒီဒါရိုက်တာ သွေးရိုးသားရိုးတော့ မဟုတ်တန်ရာ၊ သူ့ဇာတ်ကားတွေ ကျ ဆင်းလာတာကိုကြည့်ပြီး ဒါရိုက်တာ

www.burmeseclassic.com

သွေးလန့်ပြီး ရှောင်ရသွားတာ ဖြစ်ပေမည်။ ဒီလိုမဟုတ်ဘဲ တခြားနည်းဖြစ်နိုင်ဖွယ်တော့ မမြင်။

တစ်ရက်နေသည်က စာရေးဆရာပင်၊ အနုပညာလောကတွင် အသံကောင်း ဟစ်ခဲ့ဖူးတာ တစ်ခုရှိသည်။ သူ့ဝတ္ထုများကို ဒါရိုက်တာ အာကာစိုးမှတစ်ပါး တခြားမည်သူ့ကိုမှ ရေးမပေးနိုင်ဟူ၏။

သည်တော့ အခု ဒါရိုက်တာက သူ့ဝတ္ထုများကိုမကြိုက်တော့၍ မရိုက်တော့သူတုသာဆိုလာလျှင် သူဒုက္ခတွေ့တော့မည်။ သည်ဒါရိုက်တာကလွဲ၍ တခြားမည်သူကမှ သူ့ဝတ္ထုတွေကို ရိုက်လေ့မရှိ၍ဖြစ်၏။

ဒါဆို သူမရေးဘဲ နေလိုက်ရုံပဲပေါ့။

မဖြစ်၊ မဖြစ်။ သည်လိုတော့ လုံးဝမဖြစ်။ ရရှိနိုင်တွင် စာပေလောကမှာလည်း "မွှေးထလူ" မည်သောကလောင်သည် လျှမ်းလျှမ်းတောက် အောင်မြင်နေဆဲကာလ ဖြစ်၏။ ဒါကြောင့် သည်လို ရတောင့်ရခဲ အခွင့်ကောင်းကို မဆင်မခြင် လက်လွှတ်လိုက်လို့ မဖြစ်၊ မြဲမြဲဆက်ဆုပ်ကိုင်ထားရမည်။ ဆက်ရေးရမည်။

ဒါဖြင့် ဘာကိုရေးမည်နည်း။

ဒါရိုက်တာကြီးရှောင်ရနေသည်မြ... စေ၊ ရှုးကြောင်မှုးကြောင် ဖြစ်နေသည်... လောလောဆယ် သူ့လိုချင်သည့် အတိုင်းဖြစ်အောင် ရေးရမည်။ အောင်မြင်သည်၊ မအောင်မြင်သည်က နောက်... တစ်ကိစ္စ၊ အရင်ဆုံးတော့ ရေးဖြစ်အောင် ရေးကြည့်ရမည်။

ကိုယ့်ကိုယ်ကိုယ် ကယ်တင်... ဒီတစ်လမ်းပဲ ရှိသည်။

"ဟ - စာရေးဆရာနယ်၊ ဒီလော... ကျိုကျိုတက် ချမ်းသာတဲ့ ကုမ္ပဏီပိုင်... သူဌေးမကြီးက သူ့သားချစ်သူ ပဲဖြ... သည်မကို "သားအမိက ငွေမလိုသူ... သမီးလို ကိုယ့်အားကိုယ်ကိုးတတ်... ရိုးသားမှုစိတ်ဓာတ်ပဲ လိုတယ်" လို့ပြော... ပြီး အလွယ်တကူ ကြည်ဖြူလက်ခံလိုက်... တာက သဘာဝမှ မကျပဲဗျာ"

သူက ဒါရိုက်တာ ညွှန်ကြားထား... သည့်အတိုင်း မဖြစ်ဖြစ်အောင် ဇာတ်... လမ်းတစ်ပုဒ် တီထွင်ပြီး သွားပြ... အခါ ဒါရိုက်တာကြီး ခေါင်းကိုသွက်သွ... ခါကာ ငြင်းပါတော့၏။

"ဒါက အရင်ရေးနေကျသဘော... လမ်းကြောင်းက ခွဲထွက်ထားတာ... ဆရာ"

စာရေးဆရာက ဒါရိုက်တာ ညွှန်...ထားသည့်စကားလုံးကို နင်း၍ဆင်...ပေးသည်။

"ဟုတ်တော့ ဟုတ်တယ် - ဒါပေမဲ့ ...တ်သေးဘူးဗျ"

ဒါရိုက်တာက လက်မခံ။

"ဒါဖြင့် မင်းသားနဲ့ မင်းသမီး မမျှော်...ဘဲ တွေ့ကြတဲ့ဇာတ်ကွက်ကိုတော့ ...ကြိုက်တယ်မဟုတ်လား"

စာရေးဆရာက နောက်တစ်ခန်းကို ...တ်ပြသည်။

"အင်း - ရှုံးချိန်နောက်ကျနေတဲ့ ...သားက ကုမ္ပဏီထဲ ကမန်းကတန်း ...င်အလာမှာ အပြင်ကို အရေးကြီး ...နဲ့ တတိုက်ကရိုက် ထွက်လာတဲ့ ...သမီးနဲ့ အဝင်ဝမှာ တိုက်မိကြလို့ ...သမီးလက်ထဲက ဖိုင်နဲ့ စာရွက်တွေ ...ည်ဝဲကျသွားတာကို မင်းသားကပါ ...ကောက်ပေးရင်း - အင်း - ဟာ ...ဇာတ်လမ်းမှာ မင်းသားက ကုမ္ပဏီ ...ိုက်တာ၊ မင်းသမီးက မကြာသေး ...မှ ခန့်ထားတဲ့ ဝန်ထမ်းအသစ် ...တ်လားဗျ"

"ဟုတ်ပါတယ် - ဆရာ"

"အာ - ဒါဆို - ဒီလို အဝင်ဝိတ်ဝမှာ ...လို့ ဘယ်ဖြစ်မလဲဗျာ။ ဇာတ်လေ့ ...ခါးက အထွက်မှာ တိုက်မိမှ ဖြစ်မှာပေါ့။ ဒါမှ ခေတ်မီမှာပေါ့ - စာရေးဆရာရယ်"

"ဟုတ်ကဲ့"

ဒါရိုက်တာက ဇာတ်လမ်းအကျဉ်းကို အဆုံးအထိ ဖတ်ကြည့်လိုက်ပြီးမှ -

"ဒါနဲ့ ဒီဝတ္ထုထဲမှာ ဗီလိန်လူဆိုးလည်း မပါပါလားဗျ"

"ဆရာ့ပရိသတ်တွေက ဇာတ်လမ်းတွေမှာ ဗီလိန်လူဆိုးတွေပါရင် မင်းသားနဲ့ မင်းသမီးကို နှိပ်စက်တော့မယ်ဆိုတာ ကြိုသိနေလို့ မကြိုက်ကြဘူးဆို။ အဲဒါကြောင့် ဖြုတ်ထားတာလေ"

ဒါရိုက်တာက ခေါင်းတွင်တွင် ခါလိုက်ပြန်သည်။

"နီး - နီး - ဆရာသိတဲ့အတိုင်း ဝတ္ထု ဇာတ်လမ်းဆိုတာ အားပြိုင်မှ လိုအပ်တယ်လေ။ အဖြစ်အပျက်ချင်း အားပြိုင်တာ၊ ဇာတ်ကောင်ချင်း အားပြိုင်တာ။ တစ်ခါတလေ မင်းသားတစ်ယောက်တည်း ဟိုဆန္ဒလုပ်ရနိုး၊ ဒီဆန္ဒဘက်လိုက်ရနိုးနဲ့ အားပြိုင်ရတာတောင် ရှိသေးတယ်။ အဲလိုအင်အားနှစ်ခုလွန်ဆွဲသလို အကြိတ်အနယ် သူတစ်မြန် ကိုယ်တစ်မြန် အားပြိုင်မှုပါမှလည်း ဝတ္ထုဟာ မရှင့်မရဲဖြစ်အောင် ဆွဲဆောင်ထားနိုင်မှာ မဟုတ်လားဗျာ။ ဒါကြောင့် ဗီလိန်

www.burmeseclassic.com

လူဆိုးကတော့ ပါမှဖြစ်မယ် - စာရေးဆရာ"

"ဆရာပဲ သမားရိုးကျလမ်းပေါင်းထဲက ခွဲထွက်ရမယ်ဆိုဗျ"

"အင်း - ဟုတ်တော့ဟုတ်တယ် စာရေးဆရာရဲ့ ဒါပေမဲ့ - ဒီလိုတော့ မဟုတ်သေးဘူးလေ"

သည်လိုနှင့် ပြင်လွှန်းက ဖင်ချွန်းဆိုသလို ဒီတစ်ပုဒ် နိဋ္ဌိတံ သွားပါလေသည်။ စာရေးဆရာက အားမလျှော့ဘဲ ဒါရိုက်တာ ကြိုက်လိုကြိုက်ငြား ဒုတိယတစ်ပုဒ်ကို ကြိုးပမ်းအားထုတ်တာ ရေးသားတင်ပြလိုက်ပြန်၏။ ဒါရိုက်တာက လက်မခံပြန်၊ ခေတ်ရေစီးအရမ်းပြေးလွှန်းနေသည်တဲ့။

ဗမ္ဘာလူကလည်း လွယ်လွယ်နှင့် နောက်ဆုတ်မသွား၊ သမာရင့်ဝါရင့် စာရေးဆရာပေပဲ၊ လူကို ဘယ်လောက်ဝေဖန်ဝေဖန် ခံနိုင်ရည်ရှိသည်၊ အဲ - စာရေးဆရာဆိုတဲ့ ဘာမထီမာန်ကိုတော့ လုံးဝအထိပါးမခံ လို၊ သည်တော့ ဦးနောက်ထဲမှ လက်ကျန်အတွေးအမြင်များကို ညှစ်ထုတ်ကြိုးကုတ်လိုက်ပြန်၏။

ဒါရိုက်တာမျက်နှာ ဘာမှပြောင်းလဲမသွား။ ဗီဘီ ကျောက်ရုပ်တစ်ရုပ်လို မတုန်မလှုပ်၊ သူ့နှုတ်က တစ်ခွန်းတော့ အားနာပါးနာ ထွက်ကျလာသည်၊ "နည်းနည်းများ တောဆန်နေမလား" တဲ့ဗျာ။

ကဲ - သည်တော့ စာရေးဆရာ အတွက် အရေးပေါ်အခြေအနေ ရောက်နေပြီ၊ ဒါကြောင့် ဘာမှဦးနောက်ခြောက်ခံမနေတော့၊ ထုံးစံအတိုင်း မဟာဗျူဟာ ရှေးဟောင်းလက်နက်ကြီးကို ထုတ်သုံးလိုက်ရပါတော့၏။

"ဟ - ကောင်းလှချည်လား ... ဆရာ့ဝတ္ထုက ကြည့်စမ်း၊ နိုင်ငံတကာ အဆင့်လည်း မီတယ်၊ အိုင်တီခေတ် လည်း ရင်ပေါင်တန်းလိုက်နိုင်တယ် ဂလိုဗယ်လိုက်ဖေးရှင်းစည်းမျဉ်း လည်းညီညွတ်တယ်၊ သမားရိုးကျဇာတ် ကွက်ဇာတ်အိမ်တွေကလည်း ခွဲထွက် ထားတယ်၊ ပြီးတော့ - မြန်မာ့ရိုးရာ ထုံးတမ်းလည်း လျစ်လျူရှုမထားဘူး တကယ့်ကို တျှန်တော် လိုချင်တာနဲ့ ဝင်ခွင်ကျပဲ - စာရေးဆရာ၊ အံ့ရော ... အံ့ရော၊ ဒါနဲ့ နေစမ်းပါဦး၊ ဒါလောက်ထူး ခြားဆန်းသစ်တဲ့ဇာတ်လမ်းမျိုးကို ကို ... ဆရာ ဘယ်လိုများ စိတ်ကူးဉာဏ် ... မြူးမိခဲ့ပါလိမ့်ဗျာ"

ဒါရိုက်တာက ယောက်ျားချင်း ... မိလုမတတ် ဝမ်းသာအယ်လဲ မွေး ... ... ပွယ်သမ်းကာ အားရကျေနပ်စွာ အသံ ... တုန်ယင်ယင်ဖြင့် မေးလာသည်၊

"အင်း - အဲဒါက"

စာရေးဆရာက ဣန္ဒြေသာ ပြောပြီး ... သလောက်ပြုံး ပြုံးလိုက်သည်၊ ... ထက် ပိုပြောလို့တော့ မဖြစ်၊ မဖြစ်၊ ... ဖြစ်၊ ဘယ်ဖြစ်ပါ့မတုံး၊ ဒါက သူ့မှာ ... ဇာတ်လမ်းကုန်ကြမ်းပြတ်လပ်ချိန်တိုင်း အရေးပေါ် ထုတ်သုံးရသည့် ထိပ်တန်း ... ကွက်နည်းဗျူဟာလေ၊

ခုလည်းကြည့်၊

ဒါရိုက်တာကို ဣန္ဒြေ ဆွေ့ဆွေ့ခုန် ... တတ် ဝမ်းသာအားရဖြစ်အောင် ကိုင် ... ပစ်လိုက်နိုင် အကောင်းတကာ့ ... အကောင်းဆုံးဇာတ်လမ်းက အခြား ... မဟုတ်၊ မြန်မာ့ရုပ်ရှင်ခေတ်ဦးဝယ် လူ ... ကြိုက်များခဲ့သည့် အသံတိတ်ရုပ်ရှင်တစ် ... ၏ဇာတ်လမ်းကျောရိုးကို အခြေခံကာ ... ယနေ့ အိုင်တီခေတ်၏ နောက်ဆုံးပေါ် ... ဆင်တာနက်အခေါ်အဝေါ်များနှင့်ချိတ်ဆက်၍ ... မြန်မာ့ ရိုးရာဓလေ့ထုံးတမ်းမပျက် ... အောင်ဂလိုဗယ်လိုက်ဖေးရှင်းလုပ်လိုက် ... ခြင်းသာ ဖြစ်ပါတော့သတည်း၊

⇨ ဝတို့ဌေး

**ခြေသပွတ်နှာ**

မိသသလင်နှင့် ဆားနိုင်ချင်း ကြိတ်၍အုံ၊ ကျပ်စည်း၍ ဝါးလုံးပူပူဖြင့် နှိပ်လေ။

**ငှက်မျှား**

မြင်းခွာရွက်ရည်ကို ရေတ်ကောင်းနှင့် အမျှစီ ကြိတ်၍သောက်ပါ။ မြင်းခွာရွက်၊ ပင်စိမ်းရွက်၊ ရေတ်ကောင်းမှုန့် ဆတူ ရောပြီး သုံးရွေးခန့် လုံးပါ။ နံနက်၊ ည တစ်လုံးစီ စားပါ။ ရေတ်ကောင်း၊ ပိတ်ချင်း၊ လေးညှင်း၊ ကြက်သွန်နီ ဤလေးပါး ဆတူရော၍ အတောင့်ပြု၍ ငှက်ဖျား တုန်ဖျားသော် ရေနွေးနှင့် သွေး၍ မျက်စဉ်းခတ်ပါ။

www.burmeseclassic.com



မမခိုင် ဆိုသော သူမသည် ကျွန်ုပ်အား ထူးဆန်းသော အကြောင်းအရာတစ်ခုကို ထိတ်ထိတ်လန့်လန့် ရှင်းပြလေသည်။ ကျွန်ုပ်သည် အဖြစ်အပျက်ကို နားထောင်ပြီးသောအခါတွင် လွန်မင်းစွာ အံ့အားသင့်၍ ထိတ်လန့်တုန်လှုပ်မိသည်၊ လူတစ်ယောက်ထံ ဖုန်းခေါ်တိုင်း ဖုန်းအခေါ်ခံရသူမှာ (၇)ရက်အတွင်း သေဆုံးသွားခဲ့ရသည်တဲ့၊ ဒါဟာ ဖြစ်နိုင်ပါ့မလား၊ ဖုန်းအခေါ်ခံရသူသည် သေမင်းထံ သွားရသည်၊ ဒါဆိုရင် သေမင်းက သူ့ထံလာခဲ့ဖို့ ထိုသူကို ဖုန်းဖြင့် ဆက်သွယ်သည်လား။ ဒါလဲ မဖြစ်နိုင်၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏အရှေ့တည့်တည့်တွင် မျက်နှာလေး ညှိုးငယ်စွာဖြင့် ကျွန်ုပ်အား သူမ တွေ့ကြုံခံစားနေရသည်များကို သေချာစွာ ရှင်းပြပြောပြနေသော ထိုအမျိုးသမီးငယ်မှာ ရူးသွပ်နေသူလည်း မဟုတ်၊ အမှန်တကယ်ပင်သောကဝေဒနာ ခံစားနေရသောပုံစံမျိုးပင် ဖြစ်သည်။

သူမသည် ကျွန်ုပ်အား တုန်ခိုက်စွာ ပြောပြနေစဉ်မှာပင် သူမ၏မျက်နှာလေးမှာ လွန်စွာမှ ထိတ်လန့်ကြောက်ရွံ့၍ ပြေးစရာ မြေနေရာ မရှိတော့လောက်အောင်ဝင် စိတ်အားငယ်နေရပြီးလက်ရှိဝင် ဒုန်းခေါ်ခံထားရသူဖြစ်ပြီး လတ်တလော သူမ၏နောက်တွင် သေမင်းတမန် တပ်ပြီးပါလာသူကဲ့သို့ စိတ်ဂနာမငြိမ်နိုင်ပဲ တုန်လှုပ်ချောက်ချားနေလေတော့သည်။

ဒီအမှုမျိုးသည် သမရိုးကျအဖြစ်မျိုး မဟုတ်၊ လူတစ်ယောက်က အခြားသူတစ်ယောက်ကို မလိုမုန်းထားလွန်း၍ ကြံစည်ပြီး လုပ်ကြံနိုင်သည် ထားပါစို့၊ အခုလို မြန်ဆန်၍ အကွက်ကျလွန်းစွာ ဝိရိသေသပ်စွာ လူတစ်ယောက်ကို အချိန်ကိုက်၍သတ်ဖို့ဆိုသည်မှာ လွယ်ကူလွန်းသည်မဟုတ်၊ အပြိုးကြီးလွန်းသည့် လူသတ်မှုမျိုးဖြင့် သေဆုံးသွားခဲ့ကြသည်မှာ လူ(၃)ဦး ရှိပြီတဲ့။

ယခုကျွန်ုပ်ရှေ့တွင်လိပ်ပြာလွင့်စဉ်မတတ်ပင် သွေးပျက်ချောက်ချားနေတဲ့ မိန်းမချော မိန်းမလှလေးက ဒီတစ်ခါ သူမအလှည့် ဆိုပါလား။ သူမသည် ရူပဗေဒဘာသာအဓိကဖြင့်တက်ရောက်သင်ကြားနေသော နောက်ဆုံးနှစ်တက္ကသိုလ် ကျောင်းသူလေးဖြစ်သည်။

^^^

ပပနိုင်သည်သူမ၏လက်ရှိကြုံတွေ့နေရသောအဖြစ်များနှင့်တကွ မကြာသေးခင်ကာလပိုင်းအတွင်း သေဆုံးသွားခဲ့ကြရှာသော သူမနှင့်ပတ်သက်သမျှ (၃)ဦး၏ အဖြစ်များကို တာဝန်ယူ စစ်ဆေးရသော အထူးစုံစမ်းစစ်ဆေးရေးအရာရှိတစ်ဦးဖြစ်သူ ဦးဝဏ္ဏသူအား ပြန်လည်ပြောပြနေခြင်းဖြစ်လေသည်။

ပပနိုင်သည် ဦးဝဏ္ဏသူနှင့် စကားပြောနေဆဲမှာပင် ရုတ်တရက် သူမ၏အသံ တိုးဝင်သွားလေသည်၊ သူမ၏မျက်ဝန်းများမှာပြူးကျယ်ဝိုင်းစက်နေပြီး တစ်နေရာသို့ငေးကြောင်ကြည့်နေသောပြီးနောက် သူမ နှုတ်ခမ်းနှစ်လွှာအခတ်ဆတ်တုန်ခါနေပြီး ကြောက်ရွံ့နေသောအသံလေးနှင့် -

"ဟင် - ဦးဝဏ္ဏသူ - ဟို - ဟိုမှာ လူတစ်ယောက် ကျွန်မကို သေချာစူးစိုက်ကြည့်နေတယ်၊ ဦးဝဏ္ဏသူ - ကျွန်မကိုကယ်ပါဦး ဟင်၊ သူ - သူ့ရဲ့မျက်နှာက အရေလေး - ကြောက် - ကြောက်စရာကြီး ဦးဝဏ္ဏသူ - ရှင်မြင်လား - ဟို - ဟိုမှာ ... - ဦးထုပ်အမည်းရောင်နဲ့လူ၊ ဒါ - ဒါ ... သေမင်း - သေမင်း - ဦးဝဏ္ဏသူရဲ့၊ ...ယ်ပါဦး"

ဦးဝဏ္ဏသူသည် သူမ၏မျက်ဝန်း ...ဦးစိုက်တည်သောစိန်တိုးစတိုးဆိုင်...ဆီသို့ ငဲ့စောင်းပြီး ကြည့်လေရာ သူ...ပြောနေသောပုံစံမျိုး တစ်ဦးတစ်ယောက်ကိုမှ မတွေ့မမြင်မိ၊ မဟုတ်မှ ...ချောဒီမိန်းကလေးသူမ၏သူငယ်ချင်းတွေ သူမ၏ရှေ့ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားခဲ့ကြ၍ စိတ်ထိခိုက်လွန်းပြီး စိတ်ကစဉ့်ကလျားရောဂါများ ဖြစ်နေပြီလား။

သို့သော်ဦးဝဏ္ဏသူသည်ရင့်ကျက်...ဖြစ်သောကြောင့် သူမ၏အမူအရာ...ထိုကဲ့သို့ ရောဂါသည်၏ လက္ခဏာ...မှန်တစ်ခုတောင် ရှိပုံမရ၊ ပပနိုင်...သည် သူ၏ရှေ့တည့်တည့်တွင်ထိုင်ပြီး မျက်မှောင်ကျုံ့... ...သော မျက်ဝန်းများနှင့်စိုက်ကြည့်တာသူ့အား စူးစမ်းအကဲခတ်နေပုံရသော ရဲအရာရှိ ဦးဝဏ္ဏသူ၏မျက်နှာအား မဝံ့မရဲကြည့် လိုက်ရင်း -

"ဟုတ်တယ် - ကျွန်မ ဒီလူကို တကယ်တွေ့နေရတယ်ဆိုတာ ယုံပါ ဦးဝဏ္ဏသူရဲ့၊ ကျွန်မအသက်တ ငယ် သေးတယ်၊ ကျွန်မ မသေချင်သေးဘူး ကျွန်မကို ကယ်ပါ - ဦးဝဏ္ဏသူရယ်၊

ဒီလူရဲ့မျက်နှာက ကြောက်စရာကြီးရှင့်၊ မျက်လုံးကြီးတွေက ပြူးကြောင်ပြီး အတွင်းကို ချိုင့်ဝင်နေတယ်၊ ပြီးတော့ သူ့နှုတ်ခမ်းထောင့်စွန်းတွေက စီးကျနေတဲ့ သွေးစေးတွေက ညိုမည်းခြောက်တောင်နေပြီ၊ မျက်နှာနဲ့ သူ့ရဲ့လည်ပင်း လက်တွေအို - သူ့မှာရှိတဲ့အသားတွေက အရိုးတွေပေါ်မှာကပ်နေတယ်ဆိုယုံပါဦး ဦးဝဏ္ဏသူရယ်၊ ကျွန်မ သိပ်ကြောက်တယ်၊ ကျွန်မကို ဒီသေမင်းလက်ထဲက လွတ်အောင် ကူညီမယ်မဟုတ်လား ပြော - ပြော"

ဦးဝဏ္ဏသူသည် သွေးမျက်လုမတတ် ချောက်ချားနေသော ကောင်မလေးကို ကရုဏာသက်မိသည်၊ သူမလေးကို ရူပဗေဒဌာနမှူးလက်ထောက်

www.burmeseclassic.com

တတိတ ဆရာမ မြသက်ဆွေထံ လာလည်ရင်းသိကျွမ်းခင်မင်ခဲ့ရသူလေးဖြစ်သည်၊ ဖြူစင်ရိုးသားသော တက္ကသိုလ်ကျောင်းသူလေး ပပနိုင်သည် လူသတ်မိသွာတစ်ကောင်ကြောင့် ထိတ်လန့်ခြောက်ချားစွာ တုန်ခိုက်စွာ ခံစားနေရသည်။

ဂျဲဝေဒနာဆိုးကြီး၏ လက်တွင်းမှ အမြန်ဆုံးတယ်တင်ပေးချင်မိသည်၊ ထို့ကြောင့် ဦးဝဏ္ဏသူသည် ပပနိုင်အား အထာဝိနိုင်ဆုံး နှစ်သိမ့်အားပေးစကားတို့အထပ်ထပ်ပြောရင်းသူမနေထိုင်ရာ တိုက်ခန်းသို့ ကိုယ်တိုင်ကိုယ်ကျပင်လိုက်၍ပို့ဆောင်ပေးခဲ့လေသည်၊

ဦးဝဏ္ဏသူသည် အိပ်စက်အနားမယူခင် ပပနိုင်၏အမှုကို စဉ်းစားခန်းဝင်နေမိလေသည်၊ ပထမဦးစွာ ဖုန်းခေါ်သံ ကြားရသူမှာ မျိုးမင်းနိုင် ဆိုသူပင်၊ မျိုးမင်းနိုင်က ပပနိုင်ကို တိတ်တခိုးချစ်နေသူဖြစ်သည်၊ မျိုးမင်းနိုင်မသေဆုံးခင် အချိန်အနည်းငယ်အတွင်း ပပနိုင်နှင့်အတူ ကော်ဖီဆိုင်တစ်ခုတွင် တွေ့ဆုံဖြစ်လေသည်၊

မျိုးမင်းနိုင်က ပပနိုင်ကို ချစ်ရေးဆိုရန် တန်ပြင်နေဆဲတွင် မျိုးမင်းနိုင်ထံသို့ ဖုန်းလာလေသည်၊ မျိုးမင်းနိုင်က "ဟယ်လို" ဟု ပြောရုံရှိသေး တစ်ဖက်မှ ဖုန်းချသွားလေတော့သည်၊ ထိုဖုန်းသံကြားရစဉ်ကပင် မျိုးမင်းနိုင်၏မျက်နှာမှာ ပျက်ယွင်းနေပြီး ဆက်၍စကားပြောလိုစိတ်မရှိတော့သဖြင့် ပပနိုင်အား နှုတ်ဆက်၍ ကော်ဖီဆိုင်မှ ထသွားလေတော့သည်၊

ပပနိုင်သည်သူ၏ပုံစံကိုနားမလည်နိုင်လွန်းစွာ မျိုးမင်းနိုင်၏ နောက်ကျောပြင်အား ငေး၍ကြည့်နေစဉ်မှာပင် လုံးဝမထင်မှတ်စရာ အဖြစ်အပျက်တစ်ခုက လျင်မြန်စွာ ဖြစ်ပျက်သွားလေတော့သည်၊

အကြောင်းမှာ တစ်ဖက်မှ အရှိန်ပြင်းစွာ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးနှင့် ပွတ်တိုက်မိရင်း လွင့်စဉ်ကျသွားစဉ် ထပ်မံ၍ နောက်ကားတစ်စီးက တက်ကြိတ်သွားခြင်း ခံရလေတော့သည်၊

မျိုးမင်းနိုင်၏အဖြစ်က ဖြစ်လေ့ဖြစ်ထရှိတတ်သည့် သေမှုသေခင်းမျိုးပင် ဖြစ်သော်လည်း မျိုးမင်းနိုင်မသေဆုံးခင်က ဖုန်းခေါ်သံသည် တစ္ဆေတစ်ကောင်၏ ကြိုတင်သတိပေးချက် လေလားဆိုသည်ကို သေမင်းမှတစ်ပါး မည်သူမှ သိနိုင်မည်မထင်၊ မျိုးမင်းနိုင်လက်ထဲမှဖုန်းလေးမှာ တိုက်ဆိုင်လှစွာပင် ပပနိုင်ထိုင်နေရာ မလှမ်းမကမ်းသို့ လွင့်စဉ်ကျလာလေသည်၊

ထိုလွင့်စဉ်ကျလာသော ဖုန်းထဲမှ နှုတ်တရက် အသံမြည်လာလေရာ ပပနိုင်သည်ဖုန်းရှိရာသို့အပြေးတစ်ပိုင်းသွား၍ကောက်ယူကြည့်မိလိုက်ရာတွင် ဖုန်းနံပါတ်မှာ "၀၉ ၅၁ ... ... ..."တဲ့၊ ပြီးတော့ (missed call)

* * *

သေမင်း၏ ဒုတိယသားကောင်

ခိုင်မျိုး

"... ... ..."

မီမီချိုတစ်ယောက် ရေချိုးခန်းထဲသို့ ဝင်ရန်တန်ပြင်နေဆဲ သူမ၏မိုဘိုင်းဖုန်းထဲမှ လုံးသံစဉ်လေးက ငြိမ့်ငြိမ့်ညောင်းညောင်းလေး ထွက်ပေါ်လာနေသည်၊ မီမီချိုက စိတ်မရှည်ဟန်ဖြင့် –

"ကျွတ် – ဘာလဲကွာ – ဒီမှာ ရေချိုးခန်းတောင် မပြီးသေးဘူး"

မီမီချိုက စုတ်တစ်ချက် သပ်လိုက်ရင်း ခပ်တိုးတိုးလေး ညည်းညူကာ ရေချိုးလိုက်ပြီး ဖုန်းတိုင်လိုက်သည်၊

"အင် – missed call, 09 51 ... ဘယ်တ ဖုန်းသရဲလဲကွာ"

မီမီချိုတစ်ယောက် အလှအပတွေ လိမ်းခြယ်သပြီး အိမ်မှ ထွက်လာတော့ မနက်(၈)နာရီခွဲခါနီးလေပြီ၊ မီမီချိုနေထိုင်သည့်နေရာမှာ မြို့စွန်ဖြစ်သည့်အတွက် ကားဂိတ်နဲ့လည်း အလှမ်းကွာဝေးလေ၏၊ ထို့အပြင်လူသွားလူလာနည်းပါးလွန်းသည့်အပြင် ဘတ်စ်ကားစောင့်ရသည်မှာလည်း တစ်ရေးတစ်မောအိပ်လို့ရသည့်အနေအထားပင်၊

စနေနေ့ဖြစ်ရကား သူငယ်ချင်းလေး ပပနိုင်နေထိုင်ရာ တိုက်ခန်းသို့ သွားရန်ဦးတည်နေခြင်း ဖြစ်လေသည်၊ ပပနိုင်သည် နယ်မှ မိဘားစုများကို ခွဲခွာပြီး ရန်ကုန်မြို့တွင်းရှိတိုက်ခန်းတစ်ခုကို စုပေါင်းငှားရမ်းနေထိုင်၍ အလုပ်လုပ်ရင်း ကျောင်းတက်နေသူဖြစ်လေသည်၊

မီမီချိုသည် သူငယ်ချင်း ပပနိုင်၏ အကြောင်းစဉ်းစားရင်း တစ်လှမ်းချင်း လျှောက်လာရာဒီနေ့မှလူအသွားအလာ အခါတိုင်းထက် ပို၍ပြတ်နေသည်ကို သတိပြုမိလာလေတော့သည်၊ သူမ စီးထားသော ဟိုက်ဟီးဖိနပ်ထဲမှ စည်းချက်မှန်မှန်ထွက်နေသော အသံမှတစ်ပါး အရာအားလုံးမှာ တိတ်ဆိတ်ငြိမ်သက်လွန်းနေလေသည်၊ မီမီချိုသည် ခပ်မြန်မြန်လေး လျှောက်လာရင်း သေး



www.burmeseclassic.com

www.burmeseclassic.com

ဘီဝဲယာကို မျက်လုံးလေး ဝေ့ယမ်း၍ အတဲခတ်ကြည့်မိလိုက်စဉ် သူမ ကျောနိုင်းထားရာ နောက်ကျောဘက်ဆီမှ -

"ဟင်း - အင်း - ဟင်း - ဟင်း"

"ဟင် - လှုညည်းသံကြီးပါလား။ ဘယ်လိုကြီးပါလိမ့်"

မိမိချိုသည် နှုတ်ဖျားမှ အသံတိုးတိုးလေး ရေရွတ်လိုက်ပြီးနောက် ကျောနိုင်းထားရာဘက်သို့ လှည့်ကြည့်လိုက်လေလျှင် သူမ၏တစ်ကိုယ်လုံးကျင်စက်နှင့် တို့ခံရသလို အေးစက်တောင့်တင်းသွားလေသည်၊ ခပ်လှမ်းလှမ်း သစ်ပင်တစ်ပင်အောက်တွင် လူတစ်ယောက် ရပ်၍ သူမအား စူးစူးဝါးဝါး မမှိတ်မသုန် စိုက်ကြည့်နေလေသည်။

မိမိချိုသည် ကြောက်လန့်စိတ်များက သူမ၏နှလုံးသားတစ်ခုလုံးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သလို ခံစားလိုက်ရပြီး နှလုံးသွေးများ ပုံမှန်စီးဆင်းနေရာမှ ရုတ်တရက် သွေးခုန်နှုန်းရပ်သွားသော လူတစ်ယောက်ကဲ့သို့ ပါးစပ်မှ အသံလုံးဝထွက်မလာဘဲ လည်ချောင်းဝမှာပင် ထစ်ဆို့နေလေပြီးလျှင် -

"ဘုရား - ဘုရား - ဒါ - ဒါဟာတစ္ဆေတစ်ကောင်ပဲဖြစ်မှာပါ။ သူ - သူ့ရဲ့မျက်နှာက ကြောက်စရာကြီး၊ ပြူးကျယ်နေတဲ့ မျက်လုံးနှစ်ဖက်က သွေး - သွေးတွေထွက်နေပါလား။ သူ - သူ့ရဲ့ပါးစပ်ထောင့်က သွေး - သွေးတွေ - ငါ - ငါ့ကို တစ္ဆေခြောက် - ခြောက်နေတာပါလား"

မိမိချိုသည် လူလား၊ တစ္ဆေလားကွဲပြားစွာ မသိရသော်လည်း သူမ၏စိတ်ထဲက တစ္ဆေဟုတစ်ထစ်ချယုံကြည်ရင်း ကြက်သေသေ၍ ငေးကြောင်ပြီးကြည့်နေမိရာမှ သတိဝင်လာပြီး ကားဂိတ်ရှိရာသို့ အလျင်အမြန် ပြေးထွက်လာမိလေတော့၏။

ပပနိုင်သည် သူမနေထိုင်ရာ တိုက်ခန်းတံခါးဝ၌မျက်နှာတွင်သွေးမရှိတော့သလို တုန်ယင်မောပန်းစွာ ရပ်နေသော သူငယ်ချင်းဖြစ်သူအား ကြည့်၍ -

"ဟင် - မိချို - ဘယ်လိုဖြစ်လာတာလဲ - သူငယ်ချင်းရယ်၊ တံခါးကိုအသည်းအသန်ခေါက်နေလို့ ဘယ်သူများလဲလို့ဟဲ့ - ဘာငေးကြည့်နေတာလဲ၊ ဝင်လေ"

ပပနိုင်သည် သူငယ်ချင်းဖြစ်သူ၏ ထူးခြားနေသောပုံစံလေးအား ကြည့်ရင်း -

"မိမိချို - နင် ဘာဖြစ်လာတာလဲ၊ ငါ့ကို ပြောပြ၊ ဘာလဲ - နင့်နောက်ကို တစ္ဆေလိုက်လာလို့လား ဟင်"

ပပနိုင်၏စကားက မှန်နေ၍ မိမိချိုက ပပနိုင်၏မျက်နှာကို ဆတ်ခနဲ လှမ်းကြည့်ရင်း -



မိမိချိုသည် ကြောက်လန့်တကြား နောက်ဆုတ်သွားရင်း သူမ၏အိမ် အောက်ထပ်လေ့ကျားအတိုင်း ...ပြေးရာမှ လှေကားထစ်များအတိုင်း ...လန့်စွာ ပြုတ်ကျသွားခဲ့လေတော့ ...သည်။ သွေးအိုင်ထဲမှ အသက်တင်းမဲ့ ...ဖြစ်သော မိမိချိုသည် ရုပ်ရှင် ...ကွက်အတွင်းမှ ဖျတ်ခနဲဝင် ပျောက် ...ကွယ်သွားခဲ့ပြီးနောက် ပပနိုင်သည် ...ထဲမှ လန့်နိုးလာခဲ့လေတော့သည်။

"အေး - ဟုတ်တယ်၊ ငါ လမ်းမှာ တစ္ဆေတစ်ကောင်ကို ထင်ထင်ရှားရှားကြီး တွေ့ခဲ့ရတယ် ဟယ်"

ပပနိုင်က မိချို၏စကားကို ရယ်သွမ်းသွေးပြီး -

"ဟား - ဟား - ဟား - မဟုတ်တာပဲ မိချိုရယ်၊ ကျွန်မက ရှင့်ပုံစံကိုကြည့်ပြီး နောက်ပြောင်ပြီးပြောတာဟဲ့၊ ဒီအချိန်ကြီးကို ဘယ်သရဲက ရှင့်ကို ခြောက်မှာလဲ၊ ဒီလိုပေတမျိုးနွယ် တစ္ဆေသရဲတွေဆိုတာ ညဘက်မှာမှ ထွက်တာတာ၊ ကျွန်မက ရှင့်ရဲ့နောက်ကို boy ရှုပ်ဆိုးဆိုးလေးတစ်ယောက် လိုက်လာလို့ ရင်တုန်ပမ်းတုန်များ ဖြစ်လာသလားလို့ပါ အရူးမလေး ရဲ့ - ဟား - ဟား - ဟား"

"မဟုတ်ဘူး - ပပရဲ့ ငါ - ငါတကယ် ပြောနေတာပါ ဟယ်၊ နင် ယုံစမ်းပါ သူငယ်ချင်း - ဒီ - ဒီလို"

မိမိချို၏စကားများကို ပပနိုင်သည် အစမှ အဆုံး နားထောင်ပြီးသောအခါတွင် -

"ဘယ် လို ကြီး လဲ - မိ ချို ရယ်၊ ဒီတစ္ဆေက တယ်လဲ အတင့်ရဲလှပါလား၊ နေ့ခင်းကြောင်တောင်ကြီး ခြောက်ရ

www.burmeseclassic.com

တယ်လို့ဒါပေမဲ့လဲ-ဘာမှဆက်မတွေး နဲ့အုံးဘော့၊ တစ္ဆေသရဲတွေဆိုတာ ကျွတ်ချင်လွတ်ချင်ရင် ကိုယ်ထင်ပြတတ်တယ်လို့ငါကြားဖူးတယ်၊ ကဲပါ-သူငယ်ချင်းရယ်လှူဖို့တန်းစားစရာတစ်ခုခုလုပ်ထားရအောင်လား"

ပပနိုင်သည် စကားလမ်းကြောင်းပြောင်းလိုက်ပြီးထိတ်လန့်နေသောစိတ်တလေး နည်းနည်းရှိနေပုံရသေးသော မိမိချိုအား မီးဖိုချောင်ရှိရာသို့ ဆွဲခေါ်သွားလေတော့သည်၊

မိမိချိုသည် ထိုနေ့က (၃)နာရီခန့်တွင် ပပနိုင်ထံမှ ပြန်သွားခဲ့ပြီး ည(၉)နာရီတွင်သေဆုံးသွားခဲ့သည်ဟုသူမ၏မိဘများထံမှအကြောင်းကြားလာသဖြင့်ပပနိုင်သည် လွန်စွာမှပင် ထိတ်လန့်အံ့ဩမိရလေတော့၏၊

ပပနိုင်သည်ညနက်လာသည့်တိုင်အောင်ပင် အိပ်၍မပျော်နိုင်ခဲ့၊ မိမိချိုအတွက် ကြေကွဲမှိုက်နေမိလေသည်၊ မျက်ရည်စများ စွတ်စိုပေကျံလျက်နှင့်ပင် မေ့ခနဲ အိပ်ပျော်သွားခဲ့လေတော့သည်၊

နာရီလက်တံမှ တစ်ချက်တစ်ချက်မြည်သံနှင့်အတူ ပပနိုင်သည် နက်ရှိုင်းသောအမှောင်ထုအတွင်းသို့ တဖြည်းဖြည်း တိုးဝင်သွားခဲ့လေသည်၊ ပပနိုင်သည် အမှောင်ထုအတွင်း၌ ငိုရှိုက်သံသဲ့သဲ့ကိုကြားနေရလေသည်၊အသံလာရာ အမှောင်ထုအတွင်းသို့ စမ်းတဝါးဝါးသွားနေရင်း တစ်နေရာအရောက်တွင် အလင်းပုံရိပ်တစ်ခုသည် နက်ရှိုင်းသောအမှောင်ထုအတွင်းတွင် ရုပ်ရှင်ပြကွက်တစ်ခုကို မီးမောင်းထိုးထားသလို ထင်ထင်ရှားရှားမြင်နေရသည်၊

ထိုပြကွက်အတွင်း၌ ငိုရှိုက်နေသူမှာ မိမိချိုဖြစ်နေလေသည်၊ ပပနိုင်က-

"ဟင်-မိမိချိုပါလား"

ပပနိုင်၏ ရေရွတ်လိုက်သံအဆုံး၌ မိမိချို ထိုင်နေရာခုံဘေးမှ ဟန်းဖုန်းလေးထံမှဖုန်းမြည်သံလေးထွက်ပေါ်လာလေသည်၊မိမိချိုသည်ဆတ်ခနဲတုန်သွားပြီး ထိတ်လန့်ပျာဝေကာ တုန်လှုပ်သွားသောမျက်နှာနှင့် ထိုဟန်းဖုန်းကို စိုက်ကြည့်နေပြီးနောက် ကောက်ကိုင်း၍ လျှော့လျှောရှုလိုက်လေတော့သည်၊

ထို့နောက် သူမနေထိုင်ရာအခန်းမှ ပြတင်းပေါက်မှတစ်ဆင့် လမ်းမဘက်သို့ ငေးကြည့်နေလေသည်၊ သူမ ငေးမောနေရာ လမ်းမဘေးရှိ အုပ်ဆိုင်းနေသော သစ်ပင်တစ်ပင်အောက်တွင် လူတစ်ယောက်က သူမအား ပြန်၍ငေးကြည့်နေလေတော့သည်၊

ထိုလူ၏မျက်နှာမှာ လူသေတစ်ကောင်ကဲ့သို့ဖြစ်နေပြီး သူ၏မျက်လုံးအိမ်နှင့် နှုတ်ခမ်းထောင့်များမှ သွေးများစီးကျနေပြီး မိမိချိုအား မမှိတ်မသုန်စိုက်ကြည့်နေပြီး သူ့ဆီလာခဲ့ရန် ခေါင်းညိတ်၍အချက်ပြနေလေသည်၊

မိမိချိုသည် ကြောက်လန့်တကြားအော်ဟစ်ရင်း သူမ၏အိမ်အောက်ထပ်လှေကားအတိုင်း ဆင်းပြေးရာမှ လှေကားထစ်များအတိုင်းပြင်းထန်စွာပြုတ်ကျသွားခဲ့လေတော့သည်၊ ...အိုင်ထဲမှ အသက်ကင်းမဲ့နေပြီဖြစ်သော မိမိချိုသည် ရုပ်ရှင်ပြကွက်အတွင်း ... ရှတ်ခနဲပင် ပျောက်ကွယ်သွားခဲ့ပြီး ...တွင် ပပနိုင်သည် အိပ်မက်မှ လန့်နိုး...ခဲ့လေတော့သည်၊

မိမိချိုသည်အိပ်မက်ထဲကအတိုင်း ...ကားမှ အမှန်ပင်ပြုတ်ကျသေဆုံးခဲ့...ဖြစ်လေသည်၊ မိမိချိုသည်အိပ်မက်...ထဲတွင် သူမ၏ဖုန်းသံ ကျယ်လောင်စွာ...မြည်နေသည်ကို ထိတ်လန့်ချောက်ချား...သည့်ပုံစံဟန်ပန်မှာ သိသာထင်ရှား...လှ၏၊

ထိုအကြောင်းအရာနှင့်ပတ်သက်၍ ... ခဲ့သူ မျိုးမင်းနိုင်၏ဖုန်းသံကြောင့် ထိတ်လန့်နေသည့်မျက်နှာဖြင့် ပပနိုင်သည် သူမ၏သူငယ်ချင်းနှစ်ယောက်ဖြစ်ကြသော မိမိချိုနှင့် မျိုးမင်းနိုင်တို့နှစ်ဦး၏ မသေဆုံးခင်က ထိတ်လန့်နေပုံရသော မျက်နှာများကို ပြန်လည်မြင်ယောင်နေမိရင်း မိုးစင်စင်လင်းမှပင် ပြန်လည်၍ အိပ်ပျော်သွားခဲ့လေတော့၏၊

▲▲▲

တတိယသားတောင်၏ တံခါးမှား

"တီ-တီ-တီ-တီ"

"ဟဲ့-အမလေး"

မေနင်းဖြူသည် ရုတ်တရက်ကျယ်လောင်စူးရှသောဖုန်းသံကြောင့်လန့်ဖျပ်ယောင်ယမ်းပြီး လန့်၍အော်လိုက်မိလေ၏၊ ညှော်ခန်းတွင်းရှိ ဆိုဖာခုံပေါ်တွင်ထိုင်ရင်း "သည်းထိတ်ရင်ဖို" မဂ္ဂဇင်းကို သဲကြီးမဲကြီးဖတ်နေစဉ် ဖုန်းသံကြောင့် ထိတ်လန့်သွားရခြင်း ဖြစ်လေသည်၊ မေနင်းဖြူသည် စိတ်မရှည်တန်နှင့် "တက်"တစ်ချက် ခေါက်လိုက်ရင်း ဖုန်းကိုင်ရန် ဟန်ပြင်နေဆဲမှာပင် ဖုန်းမြည်နေသောအသံမှာ ချက်ချင်းတိတ်သွားပြန်လေတော့၏၊

www.burmeseclassic.com

"ဘာလဲကွာ - ဘယ်သူက ငါ့ကို ဖုန်းခဏခဏခေါ်ပြီး နောက်ပြောင်နေတာလဲ။ အင်း - ဒီနေ့နဲ့ဆိုရင် (၅)ရက်ရှိပြီ။ အာ - စိတ်ရှုပ်လိုက်တာနော်"

မေနှင်းဖြူသည် သူမ၏ခေါင်းမှ ရွှေညိုရောင်ဆံပင်များကြားထဲသို့လက်ချောင်းလေးများကို ထိုးသွင်းလိုက်ပြီး ညင်သာစွာ ထိုးဖွရှုပ်နယ်နေမိရင်း တိုးတိုးညင်းညင်းလေး ညည်းတွားရေရွတ်လိုက်မိလေသည်။ (၅)ရက်ဆက်တိုက် ရှေ့ညမှရောင် "missed call" ခေါ်သံဖုန်းသံရှိသည် ဘာရည်ရွယ်ချက်နှင့် သူမအား နှောင့်ယှက်နေသည်မသိရ။

မေနှင်းဖြူသည် ထူးဆန်းသော အိပ်မက်ကို နှစ်ကြိမ်တိုင်အောင်ပင်မြင်မက်နေလေသည်။ ထိုအိပ်မက်ထဲတွင် သေဆုံးသွားခဲ့ကြသော သူငယ်ချင်း မျိုးမင်းနိုင်နှင့် မိမိချိုသည် ကုန်းမြင့်တစ်ခုအထက်နားတွင် ရပ်၍အောက်ဘက်ရှိ အမှောင်ရိပ်သမ်းနေသော ချောက်ကမ်းပါးတစ်နေရာသို့ ကျောက်ဆစ်ရုပ်ကြီးများကဲ့သို့ နေရာတွင်ပင် ရပ်လျက်ငေးစိုက်ကြည့်နေကြလေသည်။

ထိုသို့လှုပ်ရှားခြင်း ကင်းမဲ့စွာ ငေးစိုက်ကြည့်နေကြစဉ် ကျယ်လောင်စူးရှသည့် ဖုန်းမြည်သံတစ်ခုသည် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ခုလုံးကို တစ္ဆေတစ်ကောင်၏ အော်မြည်သံလား ချောက်ချားသွားစေသည်။

မျိုးမင်းနိုင်နှင့် မိမိချိုတို့နှစ်ဦးသည် ဆောက်တည်ရာမရထိတ်လန့်တုန်လှုပ်နေပုံရပြီး တစ်စုံတစ်ခုကိုလည်း ပြောပြချင်နေသယောင် မေနှင်းဖြူသည် အိပ်မက်မြင်မက်တတ်သည့်အလေ့အကျင့်ရှိ တတ်သော်လည်း ထိုကဲ့သို့ အိပ်မက်တစ်ခုထဲကို တစ်ထပ်တည်း တူညီစွာ (၂)ရက်ဆက်တိုက် မက်သည်မှာ ဖြစ်တောင့်ဖြစ်ခဲအကြောင်းအရာပင်မဟုတ်ပါလား။

⅄⅄⅄

"ဘုရားရေ - မေနှင်းရဲ့ - ဘယ်တ မှန်းမသိတဲ့လူတစ်ယောက်က ဖုန်းခေါ်နေတယ် - ဟုတ်လား။ ဒီနေ့နဲ့ဆိုရင် (၇) မြောက်၊ ဒါ - ဒါဆို - ဟိုး - ဟိုလေ - မေ မေနှင်းရဲ့"

ပပခိုင်သည် သူငယ်ချင်း မေနှင်းဖြူ၏ တွေ့ကြုံခံစားနေရသောအဖြစ်များကို နားထောင်ပြီးသောအခါ မေနှင်းဖြူအတွက် အင်မတန် စိုးရိမ်စိတ်များ ဖြစ်နေမိပြီး အသံလေးများပင် ကတုန်ယင်နှင့် တုန်ယင်လှိုက်ဖိုနေမိလေသည်။ သူမ၏အမူအရာ ပျက်ယွင်းနေမှုကြောင့် မေနှင်းဖြူက -

"ပပရယ် - ဒီလောက်လည်း စိုးရိမ်နေပါနဲ့။ အိပ်မက်က သူတို့နှစ်ယောက်ဆီတူတူရှိနေတယ်ဆိုတဲ့သဘောနေမှာ - ပပရယ်။ တဟိုဟိုနဲ့ နင် ဘာဖြစ်နေတာလဲ"

ဘာကိုမှ အယုံအကြည် အစွဲအလမ်းရှိပုံမရသော မေနှင်းဖြူသည် စိတ်လှုပ်ရှားလွန်းပြီး မိမိအား တစ်ခုခုအတွက် စိုးရိမ်နေပုံရသော ပပခိုင်အား မျက်ခုံးလေးပင့်၍ကြည့်ရင်း ခပ်ဆတ်ဆတ်လေးပင် ပြောလိုက်မိလေသည်။

ပပခိုင်သည် ဘာကိုမှ အလေးအနက် မထားတတ်သည့် ကလေးဆန်လှသော သူငယ်ချင်းမလေး၏ မျက်နှာအား သေချာစွာ စိုက်ကြည့်လိုက်ပြီး တုန်ယင်နေသောအသံလေးဖြင့် -

"မေနှင်းရေ - ရှင် - ရှင် - အဲဒီဖုန်းနံပါတ်ကို သေချာမှတ်မိရဲ့လား"

မေနှင်းဖြူက သူမ၏နှုတ်ခမ်းလေးကို စူစူပိတ်ထားရင်း တစ်ချက်ပြုံးလိုက်ပြီးလျှင် -

"ဒါတော့ - အဲဒီဖုန်းနံပါတ် ၀၉ ရှာ ...တဲ့"

"ဘာ - ဘယ်လို - မေနှင်းဖြူ - ဖုန်းနံပါတ်က ၀၉ ၅၁ ...တဲ့လား"

"ကဲပါ - ပပရယ် - ဒီဖုန်းနံပါတ်ကို ကြားတာနဲ့ သရဲတစ္ဆေတွေ့တာကျနေတာပဲ၊ အခုခေတ် boy လေးတွေက ငါ့လို ကောင်မလေး ခပ်ချောချောဆိုရင် ဟဲ - ဟဲ - ဖုန်းနံပါတ် မရမက စုံစမ်းပြီး လိုက်တယ်၊ ဒါ - ဆန်းလား။ ဘယ်တဖုန်းသရဲလည်းမသိပါဘူး။ ခေါင်းစားမနေနဲ့ - ပပရဲ့ ငါပြန်တော့မယ်၊ နောက်နေ့တွေမှ အေးဆေး ညလာအိပ်ပါ့မယ် အချစ်ရယ်၊ ဒီနေ့ ဒယ်ဒီနဲ့ မာမီက ငါ့ကို ဖုန်းဆက်မယ် - ဟား၊ (၉)နာရီတောင် ထိုးတော့မယ်၊ လစ်ပြီဟေ့ - ဘိုင်"

မေနှင်းဖြူသည် သူမပြောလိုသော စကားများကို မနားတမ်းပြောရင်းနှင့်ဝင်ပပခိုင်၏ တိုက်ခန်းနံရံမှ တိုင်ကပ်နာရီလေးကို မျက်လုံးလေး ဝင့်ကြည့်လိုက်ရင်း ခပ်မြန်မြန်နှင့်ပင်ပြန်သွားလေတော့သည်။

ပပခိုင်သည် တားလိုက်ချိန်ပင်မရတော့လောက်အောင် ယောင်ချာလေး တစ်ယောက်ကဲ့သို့ စိတ်မြန်လက်မြန်ရှိ

www.burmeseclassic.com

သောသူငယ်ချင်းမလေး၏နောက်ကျော ပြင်လေးအား တမေ့တမော သတိလက် လွတ် ငေးမောကြည့်မိနေမိ၏။ ခဏ အကြာတွင် မိုဘိုင်းဖုန်းတစ်ခုထံမှ ဖုန်း သံသီချင်းသံစဉ်လေး လွင့်ပျံ့လာတော့မှ ဝင်ဖျတ်ခနဲ သတိဝင်လာမိလေသည်။

"တင် - မေနှင်းရဲ့ဖုန်းကျန်ခဲ့ပါလား။ ကြည့် - လုပ်ပြီ - ဒီတစ်ယောက်ကတော့ လေ၊ တဖျက်တပျာနဲ့၊ ပြီးတော့ - ဖုန်း ရောက်မြန်ပြီလုပ်ဦးမယ်၊ ဒီဖုန်းက ဒီမှာ ကျန်ခဲ့လို့၊ နို့မို့အရင်ဖုန်းလို ထပ်ပျောက် ဦးမယ်"

ဖဝရိုင်သည် ချစ်တောက် ချစ် တောက်နှင့်ရေရွတ်ရင်းဖုန်းကိုကောက် ကိုင်လိုက်စဉ်မှာပင် ဖုန်းသံမှာ ရပ်သွား လေရာ -

"တင် - အယ်သူများပါလိမ့်၊ မေနှင်း ပြောတဲ့ဖုန်းသရဲမဖြစ်ပါစေနဲ့၊ ဖုန်းနံပါတ် က - အလို - ၀၉ ၅၁ ... ဆိုပါလား၊ ဒါ - ဒါ မျိုးခင်းနိုင် - သူ - သူ့ဆီ လာတဲ့ ဖုန်း နံပါတ် - အမလေး - ဘုရားရေ - ဒီနေ့ စနေ - စနေနေ့၊ ပြီးတော့ - အချိန်က (၉) နာရီထိုးဖို့၊ တာ - မဖြစ်ဘူး - မေ - မေနှင်း နောက်ကို ငါ - အမြန်လိုက်မှ"



သူမ မြင်တွေ့လိုက်ရသောမြင်ကွင်းမှာ ခန္ဓာကိုယ်တစ်ခုလုံးသည် အရိုးပေါ် အရေတင်ဖြစ်နေပြီးလျှင် ချိုင့်ဝင်နေသော မျက်လုံးနှစ်ဖက်မှ သွေးများ စီးကျ လျက်၍ အသားမရှိ အရိုးများဖြင့် ပေါ်၍ ထွက်နေသောသွားများကြားမှ "တဟင်းဟင်း" နှင့် ညည်းညူနေသံ ကြီးက ပျောက်ချားစရာ ထွက်ပေါ်နေသေးသည်။

ဖဝရိုင်သည် သူမ၏လက်မှ နာရီ အား အမြန်ကြည့်လိုက်ပြီး သွေး လုမတတ် တုန်လှုပ်ချောက်ချား ပြီး သူမ နေထိုင်ရာ တိုက်ခန်းမှ အားထစ်များကို ဘယ်လိုဖြတ် နေမှန်းပင် မသိတော့၊ လမ်းမပေါ် ပြေးထွက်ရင်း မေနှင်းဖြူ ထွက်သွား သည့်လမ်းအတိုင်း အတင်းပြေး၍ နှင်းဖြူအား အသည်းအသန် ရှာဖွေ ပြီး သူမ၏နှုတ်ခမ်းနှစ်လွှာမှာ ည်း -

"မေနှင်း - မေနှင်း - သူငယ်ချင်း ရဘူး - အဲ့လိုမဖြစ်ရဘူး" ဟု တုန် ယင်ယင်လေး ရွတ်ဆိုနေမိလေ သည်။

ဖဝရိုင်သည် မေနှင်း အိမ်ပြန်ရာ လမ်းဘုတာရုံဆီသို့ သွားရန် လုပ်ထားသော လူကူးကုန်း တံတားဘက်သို့ ခြေလှမ်းကို ခပ် သွက်လေး လှမ်းလာခဲ့လေ၏။

မေနှင်းဖြူသည် အိမ်သို့ အမြန်ပြန် စိတ်စောနေ၍ ခြေလှမ်းကို ကျဲနိုင် လျှောက်နေမိသည်။ နောက်ဘက် ထရှုပ်ရှုပ်နဲ့ ခြေသံသဲ့သဲ့ကို ကြား လေသည်။ ဆောင်းတွင်းဝင်ခါစ တွင် သူမ၏မျက်နှာပြင်ကို ဖြတ်တိုက် လာသော အေးစိမ့်စိမ့်လေများနှင့်အတူ အပုပ်နံ့တစ်ခုမှာ ရောနှောပြီး ပါလာလေ ရာ သူမ၏နှာခေါင်းလေးကို ရှုံ့ရည်ပွ ချည် ပြုလုပ်ရင်း မျက်နှာလေးကို ရှုံ့မဲ့ထားမိ လေသည်။

မေနှင်းဖြူ၏ နေအိမ်သို့ ရထားစီး ပြီးပြန်ရန် ပဝရိုင်၏တိုက်ခန်းနှင့် ဘူတာ ရုံမှာ နီးနီးလေးဟု ထင်ရသော်လည်း လမ်းလျှောက်သွားရင်တော့ ဝေးသည် ဟု ခံစားရသည်။ ထိုအချိန်တွင် လျှပ်စစ် မီးက ဖျတ်ခနဲ ပျက်သွားလေရာ ပတ်ဝန်း ကျင်တစ်ခုလုံး အမှောင်ထုက လွှမ်းမိုး သွားလေသည်။

ထိုအချိန်တွင် မေနှင်းဖြူ၏နောက် မှ မသိမသာ ကပ်၍ပါလာသောလူတစ် ယောက်ကြောင့် မိန်းမသားပီပီ ကြောက် စိတ်ကလေး နည်းနည်းဝင်လာမိသည်။ လေနှင့်အတူ ဝေ့လာသောအပုပ်နံ့မှာ ပိုမိုသိသာဆိုးဝါးလာသလိုဖြစ်လာသည့် အပြင် လူမမာတစ်ဦး၏ ညည်းညူသံသဲ့ သဲ့ကဲ့သို့ အသံကိုလည်း ဝါးတားတား ကြားနေသလို မွေးညင်းကလေးများထ ထလာသည် အထိ ကြောက်ရွံ့စိတ် ကလေးများ တိုးဝင်လာလေတော့၏။

www.burmeseclassic.com

ထူးထူးခြားခြား ဖြစ်ပေါ်လာနေသော ကြောက်လန့်စိတ်ကြောင့် နောက်တော့ခိုင်းထားရာသို့ အမှတ်တမဲ့ လှည့်ကြည့်မိလိုက်ရာတွင် သူမ၏ ဦးခေါင်းတစ်ခုလုံးမှ ဆံပင်မွေးများ ထောင်ထသွားသလို ခံစားသွားရတော့သည်။

သူမမြင်တွေ့လိုက်ရသောမြင်ကွင်းမှာ လူတစ်ယောက်၏ခန္ဓာကိုယ်တစ်ခုလုံးသည် အရိုးပေါ် အရေတင်ဖြစ်နေပြီး လျှော့ချိုင့်ဝင်နေသောမျက်လုံးနှစ်ဖက်မှ သွေးများ စီးကျပေကျံ၍ အသားမရှိ၊ အရိုးများဖြင့် ခေါ၍ ထွက်နေသောသွားများကြားမှ "တဟင်းဟင်း" နှင့်ညည်းညူနေသံကြီးက ချောက်ချားစရာ ထွက်ပေါ်နေသေးသည်။

မနှင်းဖြူသည်ကြောက်လန့်လွန်းသည့်စိတ်ကြောင့် မတုန်မလှုပ် ရပ်၍ ငေးကြည့်နေမိစဉ်ထိုကြောက်မက်ဖွယ် ပုံစံကြီးသည် သူမထံ လက်ဆန့်တန်း၍ သူ့ထံ လာရန် လက်ယပ်ခေါ်နေလေသောကြောင့် မနှင်းဖြူသည် လိပ်ပြာလွင့်စဉ်သွားမိမတတ် ထိတ်လန့်သွားရလေသည်။

ကြောက်လန့်လွန်း၍ သူမ၏နှလုံးသားတစ်ခုလုံးသည် အပြင်သို့ထွက်ကျလုမတတ် ရင်ခုန်လှုပ်ရှားနေလျက် နှုတ်များမှလဲ တုန်ရီမောဟိုက်ပြီး အသက်ရှူသံ မြင်းရှူရှူ တိုးထွက်နေသံသည် တ... တစ်ကောင်၏ အော်ဟစ်နေသံလို ဖြ... လည်ကြားနေမိလေ၏။ သူမသည်တုန်... ကျော်တံတားပေါ်မှ ဖြတ်ကျော်ရင်... လေကားထစ်များအတိုင်း ဆင်းလာ... ရထားသံလမ်း ပလက်ဖောင်းပေါ်သို့... ရောက်ရှိလာလေတော့သည်။

ရထားဘူတာ ပလက်ဖောင်းပေါ်... တွင်လူတချို့ရှိနေသော်လည်းထိုသူများ၏မျက်နှာများသည်ရောင်ပြောင်လျ... သူမအား ဝိုင်း၍ကြည့်နေကြသလို ထ... မြင်မိနေသည်၊ မနှင်းသည် တ... ယောက်တည်း ရပ်တည်နိုင်စွမ်းမ... တော့လောက်အောင်ပင် ကြောက်စိတ်... များက တစ်ကိုယ်လုံး လွှမ်းခြုံနေ၏။

ထို့ကြောင့် သူငယ်ချင်းဖြစ်... ပပနိုင်အား ဖုန်းဆက်ခေါ်ရန် လွယ်ထား... သော အိတ်ထဲမှ ဟန်းဖုန်းကို နှိုက်ယူ... ဖွေကြည့်လေသည်။ ဖုန်းမှာ ပပနိုင်... ကျန်ခဲ့သည်ကို သတိရသွားပြီး အတွေး... မဲ့သလို ခံစားမိလေသည်။ ကြောက်စိတ်... နှင့်အားငယ်စိတ်များကြောင့်မျေး... တဆတ်ဆတ် တုန်ခါနေလေပြီး မှ... ...နောက်ကျို၍ သတိလစ် လဲကျချင်လာမိ...လသည်။

ထိုစဉ် မန္တလေးမှ ရန်ကုန်သို့ ခုတ်...ောင်းလာသော အမြန်ရထားကြီးသည် ...ညြွဲဆွဲ သံပေးရင်း မနှင်းဖြူရှိရာ ...ဘူတာရုံရှိ ရထားသံလမ်းပေါ်သို့ ဖြတ်...န်းရန် နီးကပ်လာလေတော့သည်။

ပပနိုင်မှာ မနှင်းဖြူ ပြန်သွားရာ...လမ်းအတိုင်း ထက်ကြပ်မကွာလိုက်လာ...ချင်းမနီးမဝေးဆီမှ ရထားဥဩသံကိုပင် ...ကြားနေရပြီဖြစ်သည်၊ ပပနိုင်သည် ...ထားပလက်ဖောင်းပေါ်သို့ ခြေချလိုက်...ည်နှင့်သူငယ်ချင်းမလေးကိုအသည်း...သန် လိုက်၍ရှာဖွေနေစဉ်မှာပင် ရှည်...လျားသောရထားတွဲကြီးမှာ ခရီးသွားများ...နှင့်ဘူတာချက်နှာစာသို့ မောင်းနှင်ဝင်...လာလေသည်။

မနှင်းဖြူသည်တဖြည်းဖြည်းချင်း...ချိန်လျော့၍ မောင်းနှင်လာသော ...ရထားကြီး ရပ်ဆိုင်းတော့မည့်အချိန်ကို ...စောင့်နေစဉ် သူမ၏ လည်ကုပ်ဖွေး...ပေါ်သို့ ဖျတ်ခနဲ လေနှင့် တစ်ချက် ...တ်ခံလိုက်ရသလို အေးခနဲ ဖြစ်သွား...သောကြောင့် ရုတ်တရက် ထိတ်လန့်စွာ ...နောက်သို့ လှည့်ကြည့်မိလိုက်စဉ် သူမ၏နောက်တွင်ရပ်နေသောကြောက်မက်ဖွယ်ရာ တစ္ဆေတစ်ကောင်တို့အလွန်နီးကပ်စွာ တွေ့မြင်လိုက်ရသဖြင့် သူမ၏နှလုံးသွေးများသည် စီးဆင်းနေရာမှ ရပ်တန့်ပစ်လိုက်သလို ခံစားသွားရရာပြီး သူမ၏ဦးခေါင်းတစ်ခုလုံးမှာ ရာရာလည်သွားလေတော့သည်။

ပပနိုင်သည် မနှင်းဖြူ၏အနားသို့ မရောက်နိုင်မီ အချိန်ကလေးအတွင်း ည (၉) နာရီတိတိတွင် အဖြစ်အပျက်တစ်ခုမှာ မြန်မြန်ဆန်ဆန်ပင် ဖြစ်ပျက်လှုပ်ရှားသွားခဲ့ပေတော့၏။ ပလက်ဖောင်းပေါ်ရှိ လူတချို့၏ ရှည်စွာ အော်ဟစ်လိုက်သံများကြားတွင် ရထားကြီးမှာ ချက်ချင်း မရပ်တန့်နိုင်သေးပဲ ဖြည်းနှေးစွာ ဆက်လက်ခုတ်မောင်းနေဆဲ၊

အုံ့ဩထိတ်လန့်သံများနှင့် တစ်ယောက်တစ်ပေါက် ထင်ကြေးပေးရင်း ဝိုင်းအုံ့နေကြသော လူအများရှေ့၌ ပပနိုင်သည် သူမ၏ အချစ်ဆုံး သူငယ်ချင်းမလေး၏အဖြစ်ကို ဆက်လက်မကြည့်ရှုနိုင်တော့ပဲ ဝိရှိုက်ရင်းနဲ့ပင် ထိုနေရာမှအမြန်ဆုံးပြေးထွက်လာမိတော့သည်။

⁂



www.burmeseclassic.com

www.burmeseclassic.com

ဦးဝဏ္ဏသူသည်ပပခိုင်ပြောပြထားခဲ့ပြီးသော ဖုန်းခေါ်သံ ကြားရပြီးနောက် သေဆုံးသွားခဲ့ ကြသူများ၏ အဖြစ်အပျက်များကို ပြန်လည်၍ စဉ်းစားရင်းနှင့်ပင် ညနက်သန်းခေါင်ပင် ကျော်လာခဲ့လေသည်။ အတွေးစများကိုရပ်ပစ်လိုက်ပြီးနှစ်နှစ်ခြိုက်ခြိုက်ကြီးပင်အိပ်မောကျသွားခဲ့လေသည်။

ဦးဝဏ္ဏသူသည် မျက်နှာလေးအတန်ငယ်ညှိုးနွမ်းပြီး အလွန်ပင် စိတ်ဓါတ်အားငယ်နေပုံရသော ပပခိုင် ညှိုးသော တော်ဇီပုပုလေးအား တဖြည်းဖြည်းချင်း မှုတ်သောက်လိုက်ပြီး ပပခိုင်၏နှုတ်ခမ်းနီရောင် ခပ်ပြေပြေလေး ဆိုးထားပုံရသောနှုတ်ခမ်းလေးမှာ တလှုပ်လှုပ်နှင့် သူ့အား တစ်ခုခု ပြောပြလိုနေပုံတန်ကြောင့်သောက်လက်စကော်ဖီပန်းကန်အား စားပွဲခုံပေါ်သို့ အသာအယာ ပြန်၍ချထားလိုက်ပြီးနောက် -

"ပပခိုင်ကို ကြည့်ရတာ ကျွန်တော့်ကို ပြောစရာစကား ရှိပုံရတယ်နော်"

"ဟုတ်ကဲ့ပါဦးဝဏ္ဏသူရယ်၊ ကျွန်မညဘက်ကျရှင်ပြီး အပြန်မှာ လူတစ်ယောက်ယောက်က ကျွန်မရဲ့နောက်ကထက်ကြပ်မကွာပါပဲဦးရယ်၊ ဒါပေမဲ့ - တံကောင်းချင်တော့လမ်းတစ်လျှောက်လုံး လူသွားလူလာမပြတ်ဘူးရှင့်၊ လျှပ်စစ်မီးကလည်း မပျက်ဘူး၊ အိမ်ထဲဝင်ရုံရှိသေး၊ ဖုန်းသံက မြည်လာပါရောလား၊

ဘယ်သူ့ဖုန်းပဲဖြစ်ဖြစ် ...၊ထုတ်မကြည့်မိဖို့ စိတ်ကူးထားပြီးသား ဦးဝဏ္ဏသူရဲ့ ကျွန်မသူငယ်ချင်းတွေကို ရက်ရက်စက်စက် လူမသိစေနိုင်တဲ့ တရားခံမပေါ်နိုင်အောင် အချိန်ကိုတ်သတ်သွားတဲ့ဒီဖုန်းသံကို သိပ်မုန်းတယ် ဦးဝဏ္ဏသူရဲ့၊ ဒါပေမဲ့ လေ - ကျွန်မ ညတထူးထူးဆန်းဆန်း အိပ်မက်တစ်ခုကို မြင်မက်ခဲ့တယ် ဦးဝဏ္ဏသူ၊ ဒီအိပ်မက်ထဲကအတိုင်းဆိုရင် သတ်တဲ့ တရားခံက ...

ဟို - ဟိုလေ - အို - မသိတော့ပါဘူး ဦးဝဏ္ဏသူရယ်၊ ကျွန်မပြောပြရင်ဦးဝဏ္ဏသူက ယုံနိုင်ပါ့မလားရှင်၊ ဒါ - ဒါပေမဲ့လည်း ကျွန်မပြောပြခဲ့တာတွေက အားလုံး အမှန်တရားတွေကြီးပဲ ဆိုတာ ဦးဝဏ္ဏသူလဲ စုံစမ်းပြီးရောပေါ့နော်"

ဦးဝဏ္ဏသူသည်ပပခိုင်၏စကားကိုထောက်ခံသည့်အနေနှင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး တစ်ခုခုကို စဉ်းနေဟန်နှင့် တစ်နေရာသို့ ငေးငေးကြည့်နေလေသည်။

ပခိုင်သည်ရဲအရာရှိတစ်ဦးဖြစ်သူ၏ ထရိတသေ လေးစားမှုကြောင့် တပ်ခေါ်ရသော်လည်း သူ၏အသက်မှာ (၃၀)စွန်းရုံသာ ရှိဦးမည်ဟု ခန့်မှန်းမိလေသည်။

ထို့အပြင် သူ၏ တည်ကြည်ဖြောင့်မတ်ပြီးအလုပ်တာဝန်အပေါ်တွင်ကျွမ်းကျင်စွာ ဆောင်နိုင်၍ ရဲစွမ်းသတ္တိကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ပင် ရာထူးကြီးကြီးဖြစ်မည်ဟု ပပခိုင်သည် တွေးနေမိခဲ့လေသည်။

သူမ ပြောပြနေသည်များကို အားတစား ထိုင်၍နားထောင်နေ တည်ကြည်ခန့်ညားပြီးယောကျ်ားဆန်ရှင့် တည်ငြိမ်ခန့်ညားလှသော သူဆိုသူ၏မျက်နှာအား ငေးမောနေမိစဉ် သူမ၏ကြောက်မက်ဖွယ်ရာများနှင့် တွေကြုံခံစားနေရသည်ကိုပင် မေ့လျော့သွားမိလေ

"အဲ - ပပခိုင် - မင်းညကမက်တယ်ဆိုတဲ့ အိပ်မက်က ဘာတဲ့၊ မင်းရဲ့စကားထဲမှာ တရားခံက ဘယ်သူဆိုတာပဲ ... မင်းရဲ့စကားကို ပြန်ဆက်ပါဦး"

ရုတ်တရက် ဦးဝဏ္ဏသူ၏အသံကြောင့် သူမ ကြည့်နေမိသည်ကို လှုပ်သွားသလိုကြောင့် ရှက်သွေးလေး ဖြာသွားမိလေကာ သူမ၏ လှပစီတန်းနေသော သွားဖွေးဖွေးလေးများပေါ်အောင်ပင် ပိပိရိရိလေး ပြုံးလိုက်မိလေသည်။

ဦးဝဏ္ဏသူသည် သူနှင့်တွေ့ဆုံသည့်အချိန်တိုင်းလိုလိုပင် အပြုံးရယ်မရှိ ညှိုးငယ်နွမ်းလျနေသောမျက်နှာနဲ့သာ အစဉ်အမြဲ တွေ့မြင်နေရသော ထိုကျောင်းသူလေးထံမှ လျှပ်တစ်ပြက် အပြုံးပန်းလေးတစ်ပွင့် ဝေဆာသွားသည်ကို တစ်ခဏချင်း မြင်တွေ့ခွင့်ရလိုက်လေရာ ရှားပါး၍ ကျက်သရေရှိလှသော မိန်းမလှလေး၏ မျက်နှာလေးအား ကြည့်ရှုခွင့်ရလိုက်သဖြင့် ရင်ထဲသိမ့်ခနဲ ခံစားလိုက်ရပြီး သူ၏ရင်ခွင်ထဲတွင်မဖြစ်ဖူးသောဝေဒနာတစ်ခုကြောင့် ရင်တုန်လှုပ်ရှားသွားရလေသည်။

ငါ့စိတ်တွေ ဘာဖြစ်သွားတာလဲ ဟုသောအဖြေကိုမသိရသေးခင်ပင်ပပခိုင်၏ ချိုလွင်အေးချမ်းလှသောအသံလေးကိုကြားရလေသည်။

www.burmeseclassic.com

"ဒီလိုပါ - ဦးဝဏ္ဏသုရယ် - ကျွန်မရဲ့ အိပ်မက်ထဲမှာမေနင်းဖြူကတောင်တန်း တစ်ခုကို ဦးတည်ပြီး သွားနေတယ်"

"သူသွားနေတဲ့ပုံက တရွေ့ရွေ့နဲ့ ဦးဝဏ္ဏသုရယ်၊ ခြေထောက်နဲ့ မြေကြီး မထိတဲ့ပုံစံမျိုး"

ᴥ ᴥ ᴥ

ဝပနိုင်သည် မေနင်းဖြူကို ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားမိပြီး -

"မေနင်းရေ - မေနင်း"

ဝပနိုင်သည် ရှေ့မှ ခြေထောက်နဲ့ မြေကြီးမထိသလိုပုံစံနဲ့ ရှေ့မှ သွားနေတဲ့ သေဆုံးသွားခဲ့သည့် သူငယ်ချင်းမလေးကို ရုတ်တရက် တွေ့မြင်လိုက်ရသဖြင့် လွမ်းဆွတ် သတိရခြင်းများ၊ နမြောတသခြင်းများနှင့်အသည်းအသန်လိုက်၍ခေါ်နေမိလေသည်၊

မေနင်းဖြူသည်ခေါ်သံကြားရသော်လဲနောက်သို့တစ်ချက်ကလေးမှပင်ပြန်လှည့်မကြည့်ဘဲမကြားဟန်ပုံစံနှင့်ရှေ့မှ တရိပ်ရိပ် သွားနေလေရာ ဆက်၍မခေါ်ဖြစ်တော့ပဲ နောက်မှ မျက်ခြေမပြတ်အောင် လိုက်လာမိလေသည်၊

မေနင်းဖြူသည် တစ်နေရာသို့ အရောက်တွင် တုံ့ခနဲ ရပ်လိုက်ပြီး လုံး မလှုပ်ရှားပဲတောင့်တောင့်ကြီးရပ်လျက် တစ်နေရာသို့ စိုက်ကြည့်နေလေသည်၊ ပပနိုင်သည် မေနင်း၏ပုံစံကိုကြည့်၍ -

"သူ ဘာကို စိုက်ကြည့်နေပါလိမ့်"

ပပနိုင်သည် မေနင်းဖြူ ကြည့်နေ သောနေရာသို့ လှမ်းကြည့်လိုက်လေ ရာ -

"ဟာ - ဟိုမှာ ကားပျက်ကြီးတစ် ပါလား၊ ကားပျက်ကြီးပေါ်မှာလည်း တစ်ယောက်၊ ဟင် - သူ အသက်ရှိ မပေါ်တော့ဘူး၊ သူ့ရဲ့ကိုယ်က သွေး တောင် ခြောက်နေပြီပဲ၊ လက်ထဲမှာ ဟန်းဖုန်းအနီရောင်လေး၊ အလို - ဒီဟ ဖုန်းလေးက မေနင်းပျောက်သွားခဲ့ ဟန်းဖုန်းလေးနဲ့ တူလိုက်တာ၊ ဘေးနားမှာလည်း မှတ်စုစာအုပ် တစ်အုပ်ပါလား - ဘုရား - ဘုရား - ဒီ နဲ့ မေနင်းနဲ့က ဘယ်လိုပတ်သက် လိမ့်"

ပပနိုင်သည် ကားပေါ်မှ လွင့်စဉ် နေပုံရသော မှတ်စုစာအုပ်လေး သို့ ကြောက်ကြောက်ရွံ့ရွံ့နဲ့သွားရင်း စာအုပ်လေးကိုကိုင်ကြည့်လိုက်လေ လေအေးတစ်ချက် ခပ်ပြင်းပြင်း

တ်ခတ်လိုက်သောကြောင့် မှတ်စုစာ ပ်လေးမှ စာမျက်နှာများမှာ တစ်ရွက် င်း လှန်ပြနေသလိုမျိုး ဖြစ်သွားသော ကြောင့် -

"တင် - စာရွက်လေးတွေက တစ် ာ်ချင်း ငါ့ကို လှန်ပြနေသလိုပါပဲလား၊ ဆန်းလိုက်တာ၊ ဟို - စာမျက်နှာပေါ် ဒီ - ဒီဖုန်းနံပါတ်တွေက ငါ - ငါတို့ ငယ်ချင်းတွေရဲ့"

ဝပနိုင်သည် သူမအား လှစ်ပြနေ သာ စာရွက်ပေါ်မှ ဖုန်းနံပါတ်များကို ကြည့်ရင်းကြောက်လန့်တုန်လှုပ်နေစဉ် တစ်ချက် ဝေ့လိုက်ပြန်သဖြင့် စာ ျက်နှာလေးမှာ နောက်တစ်ရွက်ထပ်၍ ပြောင်းသွားပြန်လေရာ -

"တင် - ဘာတွေရေးထားပါလိမ့်၊ နေ့ည (၉) နာရီတိတိတွင် ဟန်းဖုန်း နီရောင်လေးကို ကျွန်တော် ကောက် သည်ဆိုပါလား၊ စနေနေ့ည (၉) နာရီ၊ နေ့ည (၉) နာရီ"

ဝပနိုင်သည် မှတ်စုစာအုပ်လေးပေါ် လုံးလေးများအားစိတ်ဝင်စားစွာဖြင့် ၍ရှုတ်ကြည့်မိနေစဉ်မှာပင်အိပ်မက် လန့်နိုးလာခဲ့လေသည်၊ ဦးဝဏ္ဏသု

သည် သူမ၏ အိပ်မက်အကြောင်းကို စိတ်ဝင်စားစွာ နားထောင်နေပြီးသော အခါ -

"ဒီနေ့ တစပြီး ဘာမှစိတ်မပူနဲ့ တော့၊ ကျွန်တော် စီစဉ်စရာရှိတာအား လုံး စီစဉ်လိုက်မယ်၊ ဒါနဲ့ဗျာ - ဝပနိုင်ကို ကျွန်တော်တစ်ခုမေးချင်မယ်၊ အိပ်မက် ထဲမှာ သေဆုံးသွားခဲ့တဲ့ မေနင်းဖြူရဲ့ ဟန်းဖုန်းလေးမှန်း မင်း ဘယ်လိုသိလဲ"

"ဩော် - ဒါလား - ဟုတ်တယ်လေ၊ ကျွန်မ အတပ်ပြောနိုင်တာပေါ့၊ မေနင်း အခုကိုင်နေတဲ့ဟန်းဖုန်းကအသစ်ထပ် ဝယ်ထားတာပါ၊ အရင် သူကိုင်ခဲ့တဲ့ ဟန်းဖုန်းက (... ... ...) အနီရောင်လေး ဦးဝဏ္ဏသု၊ မေနင်းရဲ့မွေးနေ့မှာ သူ့အမေ ရဲ့ မွေးနေ့လက်ဆောင်ဆိုပြီး ခဏခဏ ပြောတတ်ပါရောလား၊ ပြီးတော့ - သူ့ရဲ့ မွေးရပ်ဇာတိ ရနိုင်ပြည်နယ်ကို ကောပြန် သွားပြီးရန်ကုန်ပြန်လာတော့ ဒီဟန်းဖုန်း အနီရောင်လေးက ပါမလာတော့ဘူး၊ သူက နမော်နမဲ့နိုင်တတ်တဲ့ တောင်မ လေး - ဦးဝဏ္ဏသုရဲ့"

အထူးစုံစမ်းစစ်ဆေးရေးအရာရှိ တစ်ဦးဖြစ်သူဦးဝဏ္ဏသုသည်စီတရုတ်





www.burmeseclassic.com

www.burmeseclassic.com

ထစ်လိပ်ကို မီးညှိရှိက်ဖွာရင်း ပပခိုင်၏ အိပ်မက်နှင့်တကွ ဖြစ်ပျက်ခဲ့ပြီးသော သေမှုသေခင်းများကို သူ၏မျက်ဝန်းနှစ်ဖက်တို့ခဏမှေးမှိတ်၍ငြိမ်သက်စဉ်းစားနေပြီးလျှင် -

"တဲ့ - ပပခိုင်ရေ - ဒီအတိုင်းဆိုရင် မင်းနဲ့ အန္တရာယ်က အရမ်းနီးကပ်နေပြီ။ ဘာကြောင့်လည်းဆိုတော့ မေနှင်းဖြူရဲ့ ဖုန်းကို မင်းရဲ့အိပ်မက်ထဲကလူက ကောက်ရသွားပြီ။ ဟန်းဆက်အနီရောင်လေးထဲကဖုန်းကတ်ချင်းမလဲခင်ဖုန်းထဲမှာမှတ်သားထားတဲ့မင်းတို့ရဲ့ဖုန်းနံပါတ်တွေကိုမှတ်စုထဲမှာ တစ်ခုချင်းရေးမှတ်ထားတယ်။ ပြီးတော့ - မိုးမထိတောင်ပေါ်တိုတက်ရင်း တောင်အောက်ကို ကားထိုးကျသွားတယ်၊ အဲ့ဒီကားပြင်းထန်လွန်းပြီး မသေခင် အသက်ငွေ့ငွေ့လေးမှာ သူ့ရဲ့ဖုန်းထဲမှာ မှတ်ထားတဲ့ ဖုန်းနံပါတ်တွေကို နှိပ်ပြီး သူ့ကို လာကယ်ဖို့ အကူအညီမတောင်းဆိုနိုင်ခင် သေဆုံးခဲ့တာဖြစ်မယ်၊ သေဆုံးခဲ့ပြီးတော့လဲ သူ့ရဲ့လိပ်ပြာဝိညာဉ်ဟာ ဝေးဝေးမသွားနိုင်ပဲ သူ့ကို ကယ်ဖို့ ဖုန်းနံပါတ်တစ်ခုချင်းဆီကို ဆက်နှိပ်ပြီးအကူအညီတောင်းခံနေတာ ပပခိုင်၊ ဒါပေမဲ့ - သူ့ရဲ့ဝိညာဉ်လိပ်ပြာတ ခြောက်လန့်လွန်းတာကြောင့် သေဆုံးခဲ့တဲ့မင်းရဲ့သူငယ်ချင်းတွေကအကြောင်လွန်ရင်းမထင်မှတ်ပဲ သေဆုံးသွားခဲ့ကြတာ၊ ပပခိုင် နာကျင်စွာ အော်ဟစ်ရင်း အကူအညီလိုနေတဲ့ဝိညာဉ်တစ္ဆေကောင်လိုက်ပြီး ခြောက်လန့်နေတာကိုမင်းသာ ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်မယ်ဆိုရင် အဲ့ဒီဖုန်း အနီရောင်လေးကို ကောက်ရခဲ့တဲ့နေ့ အချိန်နာရီကိုမှတ်သားထားမှုစွဲလမ်းနေခဲ့တဲ့ဒီဝိညာဉ်တစ္ဆေကောင်ရဲ့လက်ထဲက မင်းလွတ်နိုင်မယ်"

ရခိုင်ရိုးမတောင်တန်းမှာ ကားမောင်းရင်း အိပ်ငိုက်မယ်ဆိုရင် မတော်တဆ ချောက်ထဲ ထိုးကျတတ်တယ်၊ တကယ်ဆိုရင်ကားကချောက်ထဲကျပြီး ဝေဒနာကြောင့်လို့အကူအညီရလို့ရခြား အော်ဟစ်အကူညီတောင်းနေပေမယ့် ကယ်သူဝေးပြီးသေဆုံးခဲ့ရတယ်၊ မသေဆုံးခင် သူ့လက်ထဲက ဖုန်းကို နှိပ်ဖို့ကြိုး စားကြည့်ပေမယ့်သူ့ရဲ့လက်တွေကလှုပ်ရှားလို့မရတော့လောက်အောင် ကျိုး ကျေပျက်စီးခဲ့တယ်၊ သူ့အမှန်တကယ် သေဆုံးသွားခဲ့တဲ့အခါမှာတော့ သူ့ရဲ့

ညာဉ်ဟာ လွယ်လွယ်ကူကူပဲ ဖုန်းခေါ်ချိုလေ။

ဒီဝိညာဉ်က တစ်ယောက်ချင်းဆီ ဖုန်းခေါ်ရင်း အကူအညီတောင်းနေ ပြီးတော့ - သူခေါ်လိုတဲ့ဖုန်းနံပါတ် တကိုဝိညာဉ်ရဲ့စေလိုရာအတိုင်းလိုက် ခြောက်လန့်နေတာပါ - ပပခိုင်၊ အခု နံပါတ်ရှိရာဖြစ်တဲ့ မင်းနားမှာ သူ့ရဲ့ ညာဉ်လိပ်ပြာက ဝဲနေပြီ။

တဲ့ - ပပခိုင်ရေ - ဖြစ်နိုင်ရင် မင်းက လိုက်ခဲ့တော့"

"ရှင်..."

ပပခိုင်သည် ကြောက်လန့်ချောက် နေသည့်အထဲ ဦးဝဏ္ဏသူ၏ အရင်း မရှိ စကားကြောင့် လန့်သွားရပြီး ၏ မျက်လုံးလေးပင် ပြူးယောင် င်လေးဖြစ်သွားပြီး အံ့အားသင့် လေးနှင့် သူ့အား ကြည့်နေရှာလေ ည်။

"အာ - အဲ့လိုသဘောမျိုးမဟုတ်ပါ ကျွန်တော့်ကိုတစ်လွဲမထင်ပါနဲ့၊ းတို့ ဝိညာဉ်တစ္ဆေကောင်က ရာယ်ပေးနိုင်လို့ပါ၊ ကျွန်တော်ရဲ့ တ နှစ်ထပ်အိမ်ပါ အောက်ထပ်မှာ တော် အဖေါ်အပျိုကြီးနဲ့ ဦးထူးတို့

လင်မယားပဲရှိတာ၊ ကျွန်တော်တအပေါ်ထပ်မှာ သီးသန့်နေတာပါ၊ ဒီနေ့တစနေ နေလေ၊ ကျွန်တော်ပပခိုင်ကိုဘယ်လိုမှ စိတ်ချပြီး ဒီတိုက်ခန်းလေးမှာ မထားခဲ့နိုင်ဘူး၊ ဒီမှာက လူငယ်တွေပဲရှိတာ မဟုတ်လား၊

ကျွန်တော်က ဒီနေ့ တစ်ချိန်လုံး မင်းရဲ့အနားမှာ ရှိနေမှာပါများ၊ မင်း ဒီည တို့အခေါ်နဲ့ လိုက်အိပ်ပါ၊ ကျွန်တော်တစ်ညလုံး မအိပ်ပဲ စောင့်ကြည့်မယ်၊ ဒါပေမဲ့ မင်းရဲ့ဖုန်းကိုကျွန်တော့်ကိုပေးထားပါပြီ တော့၊ ကျွန်တော် ဒီတစ်ရက်နှစ်ရက် အတွင်း ခရီးစထွက်မယ်၊ ပြီးတော့ဒီနေ့ မှာပဲ အဲ့ဒီနေရာမှာရှိတဲ့ ရဲဌာနတွေကို လိုအပ်တာတွေ ကြိုတင်အကြောင်းကြားထားလိုက်ပါ့မယ်၊ လိုအပ်တဲ့ ပစ္စည်းတွေယူပြီး ကျွန်တော်နဲ့လိုက်ခဲ့"

ဦးဝဏ္ဏသူသည် သူ၏နှုတ်များမှ တတွတ်တွတ်ပြောရင်း မမခိုင်၏ဖုန်းကို ယူ၍အတွင်းမှဆင်းကတ်ကိုထုတ်လိုက် လေတော့သည်၊ ပပခိုင်သည် သူမ၏ မျက်နှာတွင် စူးစူးရှရှ အလင်းရောင်၏ ထိတွေ့လာမှုကြောင့် အိပ်ရာထက်မှ ထထိုင်လိုက်ရင်း လက်မှလက်ပတ်နာရီ လေးကိုကြည့်လိုက်ရာ ဆုနက်နေ့နေ့ဖြစ်





www.burmeseclassic.com

www.burmeseclassic.com

ပြီးမနက်(၁၀)နာရီထိုးရန် မိနစ်အနည်း ငယ်သာ လိုတော့သည်။

"ဟား - ငါ စနေနေ့ည (၉)နာရီကို ဖြတ်ကျော်ခဲ့ပြီပဲ"

ပပနိုင်သည် သူမ၏စိတ်ထဲ လိုက်ခနဲ ဝမ်းသာသွားမိရင်း ခုတင်ထက်မှ ဆင်းလိုက်လေတော့သည်။

▲▲▲

ရက်အနည်းငယ်ကြာသောအခါ -

"ဘယ်လို - ကျွန်မ ပပနိုင်ပါ"

"ပပနိုင် - ကျွန်တော်လိုအပ်တဲ့ကိစ္စ တွေအားလုံး အဆုံးသတ်ခဲ့ပြီ၊ မင်းရဲ့ အိပ်မက်ထဲကအတိုင်းပါပဲ၊ အဲ့ဒီဟန်း ရှန်းအနီရောင်လေးနဲ့ မှတ်စုစာအုပ် လေးကို သေဆုံးခဲ့သူနဲ့ တစ်ပါးတည်း မီးရှို့ဖျက်ဆီးပစ်လိုက်ပါပြီ၊ ကျွန်တော် နောက်ဖြန် စနေနေ့အရောက် မင်းဆီကို ပြန်လာခဲ့ပါ့မယ်"

ပပနိုင်သည် ရဲအရာရှိ ဦးဝဏ္ဏသူရဲ့ စကားကြောင့် သူမ၏ရင်ထဲ နွေးထွေး သွားရပြီး လွတ်လပ်ပေါ့ပါးစွာ နစ်နစ် မြိုက်မြိုက်လေးပင် ပြုံးလိုက်လေသည်။

⇨

## ခေါင်းသန်းတွယ်

သံပုရာသီးကို အခွံနှင့် တစ်ခြမ်းလှီး၍ အရည်ညှစ်ယူပါ။ ပြဒါး(၆)ပဲသားကို ဆားနှင့်ရော၍ ဆုံတွင်ထည့်ပါ။ သံပုရာရည်နှင့် ပြဒါးရော၍ မွှေပေးပါ။ အလိုရှိရှိန်တွင် ဦးခေါင်းတွင် လိမ်းပါ။ မည်မျှ သန်းများပါ သေနိုင်ပါသည်။

## ခြေလက် သေသော်

ရင်းပြား၊ ဇာတိပ္ဖိုလ်၊ လေးညှင်း၊ ပရုတ်၊ လေးပဲတားစီ အမှုန့်ပြု၊ နမ်းဆီ၊ အရက်နှင့် ရော၍လိမ်း။



www.burmeseclassic.com

**ခရီး**အဆုံးကိုနင်ဖို့ ရှေ့ကို မျှော်ကြည့်လိုက်တော့မီးတောက်တွေရဲရဲထနေသည့် မီးပင်လယ်ကြီးကို အလန့်တကြား တွေ့လိုက်ရသည်၊ မီးပင်လယ်ကြီး၏ တစ်ဖက်တွင်တော့ ကျွန်တော်ဖြတ်ရမည့် သံရည်ပူပြင်ကြီးကိုလည်း မြင်နေရသည်၊ ဟိုတစ်ဖက်တွင်တော့ အသေးစားသားရဲတိရစ္ဆာန်ပေါင်းစုံ၏ အစွယ်ဖွေးဖွေး၊ ဒေါသတကြီးနှင့် ပါးစပ်တများကြောင့်သွက်သွက်ခါသည်အထိ လှုပ်ရှားနေသည်၊ ထိန်းသိမ်းမရသောဝမ်းတွင်ကလီစာများ၏ လှုပ်ခတ်မှုက ကျွန်တော့်စိတ်ကို ပိုပြီး လှိုင်းထန်စေသည်၊ ချုပ်တည်းရာမဖြစ်ကာ တောတ်တည်ထားနိုင်စွမ်း မရှိနိုင်တော့ပြီ၊ ကျွန်တော်သည်ကျွန်တော့်စိတ်ကိုပြန်လည်ချုပ်တည်းဖို့ကြိုးစားသည်၊ သို့သော်ဘယ်လိုမှ ချုပ်တည်းမရတော့ပြီ၊ အကြောတ်

နေအင်အား အားကိုးဖြင့်

ဥပဒေကို ခုတုံးလုပ်ခဲ့သော်လည်း အသက်သေဆုံးခါနီး

နိမိတ်ဆိုးတွေ မြင်လာသောအခါ ..

ကြီးတွေ ဖြစ်ထားသည့် အသင့်အနေအထားကို တွေ့လိုက်ရသည်၊

ကျွန်တော့်ကိုကျွန်တော်ပြန်ကြည့်မိတော့ တစ်ချိန်ကစီးခဲ့သည့်အကောင်းစားတတ္တီပါဖိနပ် မပါ၊ အကောင်းစားဝုဆိုးအင်္ကျီတွေမပါ၊ အားလုံး ကျွန်တော့်ကိုယ်ပေါ်မှာအရေပြားတစ်လွှာသာရှိနေသည်၊ ထိုအရေပြားအတွင်းမှ ဝမ်းတွင်းကလီစာများက အကြောက်လွန် နောင်လွန်စိတ်သည်ကျွန်တော့်ကိုနှိပ်စက်နေသည်၊ ထို့ထက် ရှေ့ကိုတိုး၍မီးပင်လယ်ကို ဖြတ်ရမည့်ဒုက္ခတရားကို သိထားပြီဖြစ်၍ ပိုပြီးလန့်ကြောက်ကာ ဖောခွေးတွေပြန်နေသည်၊

"မင်းအဲဒီမီးပင်လယ်ထဲကိုနစ်ကာရာဖြတ်ရမယ်၊ ပြီးရင် ဟောဟိုသံရည်ကြီးထဲမှာ နစ်ပေါင်းတစ်ရာ၊ ပြီးတော့ ဟိုမှာမြင်နေရတဲ့ သားရဲတောထဲကို

...သုံးရာဖြတ်ရမယ်၊ မင်းအသင့်ပြင်

"ဟုတ်"

အသားအရေနက်ကြုတ်နေသည့် ...လူထွားကြီးက ကျွန်တော့်လက် ...ကို ကိုင်ရင်းပြောသည်၊ ကျွန် ...ထိုလူမည်းကြီး၏စကားကို ငြင်း ...သို့သော်လည်း ပါးစပ်က အလိုလို ...ခေါင်းညိတ်ပြလိုက်သည်၊

"မီးပင်လယ်ကြီးကိုဖြတ်ရင် မင်း ...ကိုယ်လုံး လောင်မြိုက်ပြာကျသွား ...ပြီးရင် မင်းခန္ဓာကိုယ်ပြန်ဖြစ်လာ ...မီးက ထပ်လောင်းမယ်၊ ပြာကျ ...အဲသလိုအမျိုးမျိုး အကြိမ်ကြိမ် ...ယ်၊

"ဟုတ်"

"သံရည်ပူထဲလည်း အဲသလိုခံရ ...သားရဲတောထဲ သွားရင်လည်း ...ရဲတွေက မင်းကို အကြိမ်ကြိမ် ဝါး ...ပြီးရင် အသစ်ပြန်ဖြစ်ပြီး ထပ် ...ယ်၊ မှတ်မိလား"

"ဟုတ်"

"အာပြုလို့ အဲသလိုခံရသလဲ သိ

"ဟင့်အင်း..."

ကျွန်တော်ခေါင်းညိတ်ပြခဲ့သည်၊ ထိုလူမည်းကြီးက ကျွန်တော့်ကို ...မလို မျက်တောင်မခတ်ဘဲ ကြည့်နေသည်၊

"ကိုယ့်အပြစ်ကို မသိဘူးလား"

အသံကြီးက ဟည်းထွက်လာသည်၊ မီးတောက်များပင် ယိမ်းထိုးကျသွားသည် ထင်ရသည်၊ ကျွန်တော်ဘယ်လို ဖြေရမည်မသိ၊ စဉ်းစားနေသည်၊ စဉ်းစားရင် ကျွန်တော်က အပြစ်တွေ လုပ်ခဲ့ပါလိမ့်မှာတွေးရင်း အဖြေရှာနေမိသည်၊ အပြစ်တွေကများတော့ ဘယ်လိုဖြေရမည် မသိနိုင်တော့၊ လူရိုက်ခဲ့တာ၊ လူသတ်ခဲ့တာ၊ အရက်သောက်ခဲ့တာ၊မိန်းမပွေခဲ့တာ၊မကောင်းမှုအစုံ လုပ်ခဲ့သူမို့ ဘယ်အပြစ်ကြောင့် အခုလိုခံရသည်ဟု ဖြေဖို့ခက်နေသည်၊

"မဖြေနိုင်ဘူးလား"

"ဟုတ်"

"အေး - မင်းအပြစ်တွေကများတော့ မင်းကိုယ်တိုင်တောင် မသိတော့ဘူးမဟုတ်လား၊ အခုခံရမှာက မင်းအပြစ်တွေထဲက အပြစ်တစ်ခုပဲ အခင်ခံရမှာ၊ နောက်မှ အခြားအပြစ်တွေထပ်ခံစားရမှာ၊ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ခေါင်းညိတ်မိသည်။ ခေါင်းညိတ်မိပေမယ့်ထိုအဖြစ်ကိုရှာမရသေး။ စဉ်းစားဆဲ၊ လူမည်းကြီးက ကျွန်တော့်ကို ကြည့်ရင်း ရယ်နေသည်၊ အေးမြမှု လုံးဝမရှိသော ဤနေရာ၊ စိတ်ချမ်းသာစရာဆို၍ အပ်တစ်ဖျားရာပင် မရှိသောထိုနေရာ၊ ထိုနေရာသည်ငရဲပြည်တစ်မျိုးဟု ကျွန်တော် သိသွားသည်။ ဘာငရဲမှန်းတော့ မသိ။ ထိုအမည်မသိငရဲပြည်ကိုတော့ ကျွန်တော် ရောက်နေပြီ။ မကြာခင် ကျွန်တော် ခံစားရတော့မည်ကိုတော့ သိထားသည်။

"မင်း ဒါတွေကို မှတ်မိလား"

ထိုလူနက်ကြီးက ပစ္စည်းအချို့ကို ကြောက်ပြရင်း မေးသည်၊ ပစ္စည်းများကိုကြည့်ရင်း ကျွန်တော် အလန့်တကြား ဖြစ်သွားသည်။ ထိုလူမည်းကြီးလက်ထဲတွင် သဖင်ပန်းဖြူဖြူတစ်ခက်၊ ပြီးတော့ သံတုတ်တစ်ချောင်း။

"ဟင်... ဒါ... ဒါ..."

ကျွန်တော်တွေးရင်း မူးမေ့လဲကျမတတ် ခံစားလိုက်ရသည်။ ထိုလူမည်းကြီးက ကျွန်တော့်ကို ထိန်းရင်း ဟားတိုက်ရယ်နေသည်။ အသံကြီးက နားစည်အုံပင် ပွင့်မတတ်၊ နှလုံးသားတစ်စုံပင် ပြုတ်ကျမတတ် အသံကျယ်လော[...] လွန်းသည်။

"ဒီပန်းခက်လေးနဲ့ ဒီတုတ်ကိုမြင်[...] ပြီဆိုတော့ မင်း ဘာကြောင့် ဒီကို ရော[...] လာသလဲ ဆိုတာ အဖြေသိရောပေ[...] ရာဇာမျိုးရာ"

ကျွန်တော် မဖြေမိ၊ ထိုလူမည်းကြီ[...] က ကျွန်တော့်အမည်ကိုခေါ်ရင်း ပြော[...] သည်မို့ ကျွန်တော့်ကိုယ်ကျွန်တော် [...] ဘဝကအမည်မှာ ရာဇာမျိုးဆိုတာ [...] လိုက်ရသည်၊ ထိုအခါ လူ့ဘဝအသ[...] ရှင်စဉ်က လှုပ်ရှားခဲ့ပုံတွေကို သတိ[...] သလို ရှိသည်၊ သတိရရင်းမှ ဖြစ်မှ[...] လွန်မှုများကို မှတ်မှတ်ရရ ထင်ဟပ်[...] မြင်လာသည်။

"မေစံပယ်..."

ထင်မှတ်မထားသောအမည်နာ[...] တစ်ခုကို ကျွန်တော် ရေရွတ်မိသွာ[...] သည်၊ ထိုအခါ မေစံပယ်၏ ချော[...] သည့်မျက်နှာပြင်လေး၊ ဖြေဖြစ်သည်[...] မျက်နှာပြင်လေး၊ အပြစ်ကင်းသည်[...] မျက်နှာလေးကို အမှတ်ရမိသည်။ မေ[...] စံပယ်၏ အသံလေး၊ မေစံပယ်၏ အပြ[...] ကင်းသောအပြုံးမြမြတွေ၊ နောက်- မေစံပယ်၏ မျက်ရည်တွေ၊ မေစံပယ်[...]



[...]တ်ကိုယ်လုံး ပူလောင်နေသည်။ [...]သော ဖြူဖွေးသည့်ခြေထောက် [...]မီးတောက်ခဲတွေကြောင့် အရေတွေ [...]ကုန်ပြီ၊ ကျွန်တော် အော်သည်။ [...]ကာ အလွန်ကျယ်သည်၊ သို့သော် [...]ည်းကြီးက ကြာပုစဉ်တွင် ရယ်ရင်း [...]တစ်ရယ်နေသည်၊ မီးတိုးခဲထဲမှ [...]ဆင့်လာခဲ့ရာ ခြေသလုံးမြစ်၊ [...]မြစ်၊ ခါးအထိ၊ ရင်ခေါင်းအထိ [...]ထပ် ကိုယ်လုံးမြုပ်သွားပြီးနောက် [...]နှ်တော် ပြာကျသွားသည်။

ငုံရှိုက်သံတွေ၊ မေစံပယ်၏ တောင်းပန်သံတွေ...။

နောက် - မေစံပယ်ခေါင်းထက်က သဖင်ပန်းတစ်ခက်၊ ကျွန်တော့်လက်ထဲ အရန်သင့်ကိုင်ထားသည့် သံတုတ်တစ်ချောင်း။

"တွေးမနေနဲ့"

"ဗျာ"

"တွေးလည်း အလကားပဲ၊ အပြစ်က လွှတ်ပေးမှာမဟုတ်ဘူး။ အေး - ခွေးသားရေချုပ်မှာ မင်းရဲ့ဖြစ်မှုအတုသိုလ်တွေက မဆံ့တော့ဘူးကွ၊ ဒီတော့ ကိုယ့်အကုသိုလ်အတွက် ခံဖို့ အသင့်ဖြင့်ထားတော့၊ မင်းနဲ့အတူ လာပါလိမ့်မယ်၊ အဖော်တွေ ပါလာလိမ့်မယ်၊ ကြားလား"

"ဟုတ်ကဲ့..."

တွေးနေဆဲ အကုသိုလ်များ၊ ထိုလူမည်းကြီးစကားကြောင့် အဝေးကို ပြေးထွက်သွားခဲ့ပြီ။ ပြီးအောင် မတွေးခဲ့ရ၊ အခုစကားထဲမှာတော့ ကျွန်တော်နှင့်အတူ အဖော်တွေလာလိမ့်မယ်တဲ့၊ ကျွန်တော့်အဖော်တွေတဲ့၊ ဘယ်သူတွေလဲ၊ ကျွန်တော် အဖြေရှာရပြန်သည်၊ မတွေ့၊ ရှာမရ၊ ကျွန်တော်တပိုက်ဆံချမ်းသာတော့ လူညီများသည်။

www.burmeseclassic.com

အပေါင်းအသင်းမိတ်ဆွေများသည်၊ အို– ကျွန်တော် မမှတ်မိတော့။

"တွေးမနေပါနဲ့ကွာ... မကြာခင် ရောက်လာရင် သိရမှာပဲဥစ္စာ၊ ကဲ – မီးဝင်လယ်ထဲ စဖြတ်ကြတော့"

"တုတ်"

ကျွန်တော် မငြင်းသာတော့၊ ထိုလူမည်းကြီးခိုင်းသည့်အတိုင်း မီးပင်လယ်ထဲဖြတ်ဖို့ ခြေလှမ်းပြင်လိုက်သည်၊ ပထမဆုံးဖြူဖွေးသည့် ပြာမှုန့်ထဲ၊ ထိုပြာမှုန်းထဲမှနေ၍ မီးကျီးခဲရဲရဲလေးများထဲ၊ ထိုမှ...မီးကျီးခဲ ခပ်ကြီးကြီးထဲဖြတ်ရသည်၊ အလွန်ပူပြင်းမှုဒဏ်ကို စခံရပြီ၊ တစ်ကိုယ်လုံး ပူလောင်နေသည်၊ ဖိနပ်မပါသော ဖြူဖွေးသည့်ခြေထောက်မှာ မီးကျီးခဲတွေကြောင့် အရေတွေ တွာကျကုန်ပြီ၊ ကျွန်တော် အော်သည်၊ အသံက အလွန်ကျယ်သည်၊ သို့သော် ထိုလူမည်းကြီးက ပြာပူစပ်တွင် ရယ်ရင်းအော်ဟစ်ရယ်နေသည်၊ မီးကျီးခဲထဲမှတစ်ဆင့်လာခဲ့ရာ ခြေသလုံးမြုပ်၊ ပေါင်အထိမြုပ်၊ ခါးအထိ၊ ရင်ခေါင်းအထိ၊ နောက်ထပ် ကိုယ်လုံးမြုပ်သွားပြီးနောက် ကျွန်တော် ပြာကျသွားသည်၊ သို့သော် ကျွန်တော့်ခန္ဓာကိုယ်သည် အသစ်တစ်ဖန် ပြန်ဖြစ်ပြီးနောက် မီး... တောကြီးတွေထဲ စဖြတ်ရပြီ၊

ထိုအခါတွင်တော့ ကျွန်တော် မ... နိုင်တော့၊ ဤသို့သော ပူပြင်းမှုကို ... ဘူး၊ မီးတောက်များက ကျွန်တော့်... ဝါးမျိုနေပြီ၊ လောင်ကျွမ်းနေပြီ၊ ကျွ... တော့်ပါးစပ်၊ နှာခေါင်း၊ မျက်လုံး၊ နား... ထဲမှ မီးတောက်များက တဟုန်းဟု... အသံပေးထွက်နေသည်၊

"အား...ကယ်ကြပါ...ကယ်ကြ..."

မီးပင်လယ်အတွင်း လူးလိမ့်... အသံကုန်ဟစ်နေသည့် ကျွန်တော်၊

မီးပင်လယ်အတွင်းမှာ လူး... ရင်း အသံကုန်ဟစ်နေသည့် ကျွ... တော်၊

⅄⅄⅄

"ဟော... သတိရလာပြီ"

"ကိုရာဇာမျိုး... သတိရလာပြီ"

ထိုအသံတွေက ကျွန်တော့်... ထဲ ရောထွေးမှုန်ဝါးစွာ ဝင်ရောက်... သည်၊ ထိုအသံများသည် ယော... အသံလား၊ မိန်းမအသံလားဆို... ဝေခွဲမရသေး၊ ကျွန်တော့် အနား... ကျွန်တော့်ဇနီး၊ သမီးနှင့် သား... ...လား၊ ကျွန်တော့်မိတ်ဆွေ အပေါင်း ...သင်းတွေ ရှိနေမလား၊ တွေးမိသည်၊ ...တော့ ရှေ့နေကိုမျိုးအောင်၊ တရား... ...ကြီးဦးလှမောင် ရောက်နေမည်လား၊ ...တ် ဥပဒေအကြံပေးကိုလွင်ဦး၊ ရဲ... ...ရှိစခန်းမှူးမြင့်အောင်၊ အမှုစစ် ...ရှိ ကျော်သက် ရောက်နေမည် ...ဟု ကျွန်တော် တွေးနေမိသည်၊ ထို ...တွေးများသည် ကျွန်တော့် အသိ၌ ...ချစ်ညှစ်ညှစ်ထုတ်ပြီး တွေးရသည့် ...တွေးမျိုး၊ အတွေးများက ပြက်ပြက် ...ထင် မရှိခဲ့၊

"အတော်ဆိုးတာပဲနော်..."

"ခံစားနေရမှာပဲ..."

ထိုအသံများက နားထဲဝင်လာပြန် ...ည်၊ ဘယ်သူ့အသံတွေမှန်းမသိ၊ ...တော့်ဇနီးဆီကအသံလား၊ သမီး ...အသံလားမသိ၊ ကျွန်တော် သိချင် ...၍ကြိုးစားပြီး နားစွင့်မိသည်၊ အသံ ...တ ဆက်ထွက်မလာ၊ ပါးစပ်ဟပြီး ...ပြောဖို့ ကြိုးစားသည်၊ သို့သော် ...တဖွင့်မရ၊ မျက်လုံးတွေကလည်း ...ကျွန်တော့်တစ်ကိုယ်လုံးနာကျင် ...နာများဖြင့် မွမ်းထုံထားသည်၊ ...တ်တွေ၊ ဦးခေါင်းတစ်ပြင်လုံး၊ ...နှင့်ဝမ်းဗိုက်တွေ၊ အရာအားလုံး နာကျင်နေသည်၊ သာ၍ကြောင့် ဤသို့ နာကျင်နေရသနည်း၊ အဖြေရှာကြည့်သည်၊ အဖြေက ခပ်ရေးရေး သို့သော်– ကျွန်တော်မသေသေးဘူးဆိုတာတော့ သိသည်၊ ဒါဆိုရင် စောစောက လူမည်းကြီးရယ်၊ မီးပင်လယ်ကြီးရယ်၊ သားရဲကွင်းကြီးရယ်၊ သံရည်မြင်ကြီးရယ်... ဒါတွေက ဘယ်လိုလုပ်ပြီး ရှေ့ရောက်နေသနည်း၊ ပထမဆုံး မီးပင်လယ်ကြီးကို ဖြတ်ရ၍ အကြိမ်ကြိမ် လောင်ကျွမ်းအခါခါ ပြာကျခဲ့ရပုံကို အမှတ်ရမိသည်၊ ကျွန်တော် အလွန်အမင်း ကြောက်သွားသည်၊ ထိုလူမည်းကြီးက ကျွန်တော့်ကို မေးသည်၊

"ဘာဖြုလို့ အဲသလို ခံစားရသလဲ သိလား"

"ကိုယ့်အပြစ်ကို မသိဘူးလား"

"မင်း ဒါတွေကို မမှတ်မိဘူးလား"

"ကိုယ့်အကုသိုလ်အတွက် ခံဖို့သာပြင်ထား၊ မင်းနဲ့အတူ လာပါလိမ့်မယ်၊ အဖော်တွေ လာပါလိမ့်မယ်၊ ကြားလား"

ထိုအသံများက ကျွန်တော့်အနားကပ်ပြီး ပြောသလိုရှိသည်၊ ကျွန်တော် နားအစုံကို လက်နှင့်ပိတ်ဖို့ ကြိုးစားသည်၊ သို့သော် လက်တွေ လှုပ်မရ၊

www.burmeseclassic.com

"မင်း ဒါတွေကို မှတ်မိလား"

"ဒီပန်းခက်လေးနဲ့ ဒီတုတ်ကိုမြင်ရပြီဆိုတော့... မင်း ဘာကြောင့် ဒီကို ရောက်လာသလဲဆိုတာ အဖြေသိရောပေါ့"

ထပ်ဆင့်ကြားလိုက်ရသော လူညောင်ကြီး၏အသံ...

"မေစံပယ်..."

ထိုအခါ ကျွန်တော့်စိတ်ထဲ ဖျပ်ခနဲ ဝင်လာသည်က မေစံပယ်၊ မေစံပယ်ဆိုသည့် အသံကို ကြားလိုက်ရတော့ မေစံပယ်ဆိုသည့်အမည်ကိုကြားလိုက်ရတော့ ကျွန်တော့်နှလုံးသားတွေ သွက်သွက်ခါမျှ လှုပ်ခတ်သွားသည်၊ ထိုအခါ ကျွန်တော် အားလုံးကို အမှတ်ရသွားသည်၊ ဆောက်တည်ရာမရ ဖြစ်နေသော စိတ်ကိုပြန်လည်စုစည်းရင်းတွေးမိသည်။

⅄⅄⅄

တကယ်တော့...

ကျွန်တော်တို့မြို့လေးသည် ကျဉ်းသည်၊ ချောင်ကျသည့် မြို့လေးဖြစ်သည်၊ လူလတ်တန်းစား၊ ဆင်းရဲသားများသည်၊ လူချမ်းသာဟူ၍ ဆယ်ဦးထက် မပို၊ ထိုလူချမ်းသာစာရင်းတွင် ကျွန်တော်ပါသည်၊ ကျွန်တော့်တွင်အိမ်ထောင်ရှိသည်၊ ကျွန်တော်နှင့် ဇနီးဖြစ်သူ မြိုင်မြိုင်အေးက စီးပွားရေးကို ဦးဆောင်ခဲ့သည်၊ သမီးနှင့်သားက ဘွဲ့ရပြီးသား၊ သားဖြစ်သူကိုတော့ ဆေးကျောင်းတက်နိုင်းပြီး သမီးကိုတော့ နိုင်ငံခြားပို့ဖို့ စီစဉ်ထားသည်။

ကျွန်တော့်တွင် မြို့လေးနှင့် မနွေလေး၊ မုံရွာသို့ ပြေးဆွဲနေသည့်ကားနှစ်စီးရှိသည်၊ပွဲရုံလည်းထောင်ထားသည်၊ နယ်ဘက်သို့ ပွဲစားများလွှတ်ပြီး သီးနှံအစုံဝယ်ခိုင်းထားပြီး မြို့ကြီးသို့ပို့သည်၊ ကျွန်တော့်ဂိုဒေါင်ထဲတွင် သီးနှံအစုံရှိသည်။

ဤတွင် သမီးမိုမိုနှင့်ပတ်သက်ပြီး မေစံပယ်ကျွန်တော့်ဆီ အလည်ဝင်လာသည်၊ မေစံပယ်က တောသူဖြစ်သည်၊ ဆယ်တန်းအောင်ခဲ့သည်မှာ သမီးနှင့် တစ်နှစ်တည်း၊ သို့သော် သူ့မှာ တော့ဆက်မတက်နိုင်ရှာ၊

"သနားပါတယ်ဖေဖေရယ်၊ မေစံပယ့်ကို စာရင်းကိုင်ခန့်လိုက်ပါနော်" သမီးလည်း အဖော်ရ၊ ဖေဖေ့ မေမေပါ စာရင်းအဝင်အထွက်ကိုတော့ ရတော့၊ မပင်ပန်းတော့ဘူးပေါ့"

"အင်း - သမီးသဘော"

သမီး၏တောင်းဆိုမှုကြောင့် မေစံပယ့်ကို ကျွန်တော် အလုပ်ခန့်လိုက်သည်၊ သမီး ဝမ်းသာသွားသည်၊ သို့သော် ဇနီးဖြစ်သူမှာ သိပ်ပြီး မကျေနပ်၊

"ဒါပဲနော်...၊ အစ်ကို့အကြောင်း သိတယ်၊ ဒီကောင်မလေးအပေါ် သိမ်းကြံနဲ့၊ သိလား"

"တာကွာ - အေးတာလဲ"

"တင်း - ဒီမယ်အစ်ကို၊ မြို့ကုန်ဖို့ သိုင်း ရှုပ်နေတာ၊ ပြီးတော့ ဟောဒီ ကောင်မလေးသုံးယောက်ကို ပေးကျွေးပြီး ဖောက်ပြန်နေတာ ယ်၊ ဒါတွေ မျိုသိပ်ထားတာက သမီးကြောင့် သိရဲ့လား"

"တော်တော့အေးရာ၊ မင်း လွန်နေ

သို့စဉ်က ဇနီးနှင့်ကျွန်တော် စကားများခဲ့သေးသည်၊ သို့သော် မည်သူမှ မ၍၊ နောက်တွင်တော့ အချော့ ဆိုသော ဇနီးကို ချော့လိုက်တော့ ပြုံးချော့သွားသည်၊ ဇနီးကျေနပ်သည့်နောက် ကျွန်တော်လည်း ခွေးက်ကျည်တောက်စွပ်သဘော ခဲ့သည်၊ တကယ်လည်း ဇနီး ခဲ့သည်က အမှန်တွေချည်း ဖြစ် မြို့သွားရင်း အချောဆုံး အသန့် ဆုံးဆိုသည့် မိန်းကလေးများနှင့် ပျော် ခဲ့သည်၊ အကောင်းဆုံးသောတကို မှီဝဲသည်၊ မြို့လေးဆီ ပြန်ရောက်တော့လည်း ကျွန်တော် ပေးကျွေးပြီး ထောက်ပံ့ထားသူလေးများနှင့် ရုတ်ခြားဆိုသလို လူသူမသိအောင် အမှောင်ဖုတ် ခင်းခဲ့သည်။

သို့ဖြင့် - မေစံပယ်အလုပ်ဝင်လာသည်၊ မေစပယ့်ကိုကြည့်ရင်းကျွန်တော် ရင်ဖိုသည်၊ မေစံပယ်က အသားအမြှုကြီးမဟုတ်၊ လုံးကြီးပေါက်လှ၊ ရေဆေးငါးကြီး၊ အသားအရေ၊ အရပ်အမောင်း၊ မျက်နှာအနေအထားတို့က လိုက်ဖက်သည်၊ တင်တွေ ရင်တွေက မြင်ရသူအတွက် အသက်ရှူရပ်လောက်သည့် အနေအထား။

မေစံပယ်ရောက်အပြီး သုံးလေးလအထိ အနေအထိုင်၊ အပြောအဆို ဆင်ခြင်နေခဲ့ ရင်း မိသားစုယုံကြည်မှုရအောင် ဆက်ဆံခဲ့သည်၊ နောက်တွင်တော့ မေစံပယ်အတွက် အဝတ်အစား မိတ်ကပ်အထိ ဝယ်ပေးခဲ့သလို၊ လစာထုတ်ရင်လည်း သတ်မှတ်လစာထက် ဇနီးမသိအောင် လစာနီးပါးပိုပေးသည်၊ ပြီးတော့ ရွှေထည်ပင် ဝယ်ပေးခဲ့သည်၊ အဲ - မေစံပယ်က သဖင်ပန်းကြိုက်သည်။

www.burmeseclassic.com

ဖနီးက ဘုရားပန်းကပ်ပြီးသားသဇင်ပန်းကို ခွန့်ပါက မေစံပယ်က တောင်းပြီး ပန်တတ်သည်။ ဒီတော့ ဖနီးမသိအောင် သဇင်ပန်းဖိုး ပေးရသည်က အကြိမ်ကြိမ်။

မေစံပယ်ရောက်အပြီး တစ်နှစ်အကြာ နိုင်ငံခြားသွားဖို့ သမီးဖြစ်သူ သင်တန်းတက်ရန် ရန်ကုန်သွားသည်။ သားကြီးကလည်း ဆေးကျောင်းမှာ။ ထစ်ရစ် ဖနီးဖြစ်သူကို ကုန်ကားနှင့် မန္တလေးကို လွှတ်လိုက်သည်။ တိုက်မှာ ကျွန်တော်နှင့် မေစံပယ် နှစ်ဦးတည်း။

"မေစံပယ်...ရော"

"ဟုတ်ကဲ့..."

ပြောရင်း တိုက်အပေါ်ထပ် တက်ခဲ့သည်။ မေစံပယ် ပါလာသည်။

"မေက ချောတယ်နော်"

"ရှင်"

"တို ...မေ့ကို ဘယ်သူမှ မသိအောင် ထောက်ပံ့မှာပါနော်"

"ဘာ"

ယမကာအရှိန် တပ်မက်မှုအရှိန်ကြောင့် မေစံပယ်ကို ကျင့်ကြံခဲ့သည်။ မေစပယ် တွန်းဖယ်ကာ ရုန်းသည်။ ကျွန်တော့်ဆန္ဒကို မဖြည့်ဆည်း။ အော်သည်။ ကျွန်တော်က သူမပါးစပ်ကို ပိတ်သည်။ သူက ကျွန်တော့်လက်ကို ကိုက်သည် သတိတစ်ချက် အလွတ်၊ သူက ကျွန်တော့်ရင်ခွင်အတွင်းမှ ရုန်းထွက်သည် ပြီး – အခန်းထောင့်ရှိကျွန်တော် ကိုင် ကျည်တုတ်ကို ဆွဲယူသည်။ ကျွန်တော် ကို ရိုက်ဖို့ ရွယ်ထားသည်။

"လူယုတ်မာ"

ကျွန်တော်က တောင်းပန်ဟန် ရင်း မေစံပယ်လက်ထဲမှတုတ်ကို ဆွဲ ပြီး ဖမ်းချုပ်သည်။ နောက် – ကျွန်တော် မေစံပယ်ကို ကြံစည်မှု အောင်မြင်သွား သည်။ တောင်းပန်သည့်ကြားမှ ကျွ တော်မေစံပယ်ရဲ့ဘဝကိုအရယူခဲ့သည် မေစံပယ်ပန်ခဲ့သည့် သဇင်ပန်းခိုင် မှာ ခုတင်ထက်တွင်ကြေမွနေသည် အတူ မေစံပယ်၏ဘဝသည်လည်း ကျသွားပြီဖြစ်သည်။ မေစံပယ်ကငိုသ ငိုရင်းနှင့် ကျွန်တော့်ထံ စူးရဲစွာ ကြ သည်။ နောက်တွင်တော့ ကျွန်တော် ချော့သည်။ ရွှေတစ်ဆင်စာ၊ ငွေကြေး သလောက်ပေးမည်၊ ဘယ်သူမှ မ ရန် နှစ်သိမ့်သည်။ သို့သော် မရ။

အော်မည်ဟုပြင်ဆင်စဉ်ကျွန်တော် က မေစံပယ်၏ လည်မျိုကို ညှစ်သ မေစံပယ်က ရုန်းသည်။ မေစံပယ်လဲ သွားသည်။ ခုတင်ပေါ် လဲကျသွား ယ်ကို လည်မျိုကိုညှစ်ရင်း နောက် ကြိမ် ကျူးလွန်မိသည်။ မေစံပယ် ဖြစ်တော့။ ဤတွင် ကျွန်တော်က ယ့်အနီးမှ ထခဲ့သည်။ ရုတ်တရက် ယ် ထလာပြီး ကျွန်တော့်ကို ဆဲဆို သံတုတ်နှင့် ခေါင်းရိုက်သည်။

"ကြောင်း"

"အား"

ကျွန်တော့်ခေါင်းပေါ်မှ သွေးစက် လာသည်။ ဒေါသဖြစ်သွားသည့် တော်။

"သိကြသေးတာပေါ့"

ပြောရင်း မေစံပယ့်လက်ထဲရှိ သံ ကိုအရဆွဲယူပြီး မေစံပယ်ရင်ဘတ် ချာတို လေးငါးချက်ဟာ ဆက်ရိုက် သည်။ မေစံပယ် အော့်ပင် မအော် တင်ထက် လဲကျသွားသည်။

ကျွန်တော့်ဒေါသတို့က မေစံပယ် ကို အနေ့ခြွေရော၊ အမှည့်ခြွေရော လိုက်သည်။ မေစံပယ်ကိုကြည့် တင်ထက်မှာ မှောက်လျက်သား။

"ဟင် – မေစံပယ် သေပြီနဲ့တူတယ်"

ကျွန်တော်မေစံပယ့်အနားသွားစမ်း တော့မေစံပယ် သေနေပြီ။ နောက် စောင့်ဦးသိန်းကိုအကျိုးအကြောင်း တ်ဆံတွေပေးပြီး၊ ဘယ်လိုစီစဉ် ထားကြောင်း။ ဘယ်လိုထွက်ဆိုစေဖို့ အကြောင်းပြောရင်း ဦးသိန်းနှင့်အတူ ရဲစခန်းကို လာပြီး အဖမ်းခံခဲ့သည်။

"ကျွန်တော့်ဖနီးမရှိတုန်း သူက ကျွန်တော့်အခန်းထဲဝင်လာပါတယ်။ ပြီးတော့ ကျွန်တော်ပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ဝတ်ကို တရျူပ်ပေးဖို့ တောင်းဆိုပါတယ်။ မပေးရင် ကျွန်မကို မတရားကျင့်ကြံပါတယ် ဆိုပြီး အော်မယ်ပြောလို့ အဲဒါ ခြေလွန်လက်လွန်ဖြစ်ခဲ့ပါတယ်။ တကယ်တော့ မေစံပယ့်မှာ ရည်းစားရှိနေတာ ကျွန်တော်သိတယ်။ အခင်းမဖြစ်ခင်နာရီဝက်လောက်က သူ့ရည်းစားကောင်လေးလာခဲ့တွေ့လို့ ကျွန်တော်က သူ့အခန်းထဲမှာ တွေ့ခွင့်ပေးလိုက်ပါသေးတယ်"

သည်သို့ပြောလိုက်သည်။ နောက် ကျွန်တော့်တိုက်သို့သွားပြီး ရဲတပ်ဖွဲ့က စစ်ဆေးသည်။ မေစံပယ် သေခဲ့ပြီဖြစ်သည်။ ဆေးရုံပို့လိုက်ပြီဖြစ်သည်။ ထိုသတင်းက တစ်မြို့လုံး ပျံ့နှံ့သွားသည်။ ဤတွင်ကျွန်တော့်သူငယ်ချင်းရှေ့နေနှင့် တိုင်ပင်သည်။

"လက်လွန်မှုပဲ ဖြစ်စေချင်တယ်။ မုဒိမ်းမှုမပါစေချင်ဘူး။ အဲဒါ ဖနီးဆီမှာ ငွေကြိုက်သလောက်ယူပြီး အားလုံး ဆောင်ရွက်ပေးနော်"

www.burmeseclassic.com

လျှို့ဝှက်တိုင်ပင်ခဲ့သည်။ ရေနေကလည်း အားလုံး ဆောင်ရွက်ပေးပါသည်။ မေစံပယ်တစ်ယောက် သူ့ရည်းစားနှင့် ချိန်းတွေ့အပြီး ကျွန်တော့်ထံမှ ပစ္စည်းတစ်ဝက်မပေး၍အကောက်ကြံကြောင်း သတင်းပျံ့သွားသည်။ ဤတွင် မတော်တဆ လတ်လွန်မှုသဘောမျိုးဖြင့် အမှုဖွင့်ခဲ့သည်။

"တင်း...တော်ပါသေးရဲ့ မှုဒိမ်းမှု မပါလို့..."

ထိုအမှုမပါအောင်လည်း အားလုံးကို ငွေဖြင့် နှုတ်ပိတ်ခဲ့သည်။ ငွေသည် အရာရာအောင်မြင်သည်မဟုတ်လား။ သို့သော် ကျွန်တော် ထောင်ကျခဲ့သည်။ ကျွန်တော့်အကြောင်းသိသောဇနီးကတော့ ကျွန်တော့်အပေါ် မကျေနပ်။ ဘာမှတော့မပြောခဲ့။ အခုတော့၊ ကျွန်တော် ထောင်ထဲဆယ်နှစ်ကျော် နေပြီးသည့် ထောင်ကအထွက် ကျွန်တော့် မြို့လေးဆီအပြန်။ အရာရာသည် ပြောင်းလဲနေသည်။ ကျွန်တော်လည်း ပြောင်းလဲသွားပြီ။ ရုပ်ရည်က အိုမင်းရင့်ရော်သွားပြီ။ မပြောင်းလဲသည်က ကျွန်တော့် မိုက်ကြေးမိုက်ပြစ်များသာဖြစ်သည်။ ထိုအပြစ်များက ကျွန်တော့်စိတ်အစဉ်မှာ တပ်လိုက်နေသည်။ အားလုံးနှင့်ရင်ဆိုင်ဖို့သတ္တိမရှိတော့ပြီ။ မြို့လေးနားအရော[...] ကျွန်တော့်ကို လာကြိုသော ကားတ[...] အဝင် ထနောင်းပင်ကို ဝင်ပြီး တိုက်[...] သည်။ ကားမောင်းဝင်းအောင်ပွဲချင်း[...] ကျွန်တော်ကတော့ ဒဏ်ရာတွေနှင့်[...] ဆေးရုံပေါ်မှာ...။

ᐃᐃᐃ

"မရတော့ဘူး"

အသံတစ်သံကိုကြားလိုက်ရသည့်[...] အချိန်၊ ကျွန်တော် အသက်ရှူတွေကျ[...] လာသည်။ နောက် - ကျွန်တော်ပြော[...] တာတွေပြောဖို့ တောင်းပန်ချင်တာတွေ[...] တောင်းပန်ဖို့ကြိုးစားကြည့်သေးသည်[...] သို့သော်ရုပ်ပျက်ဆင်းပျက်၊ သွေးသံ[...] ရွဲနစ်နေသည့်ကျွန်တော့်အနေဖြင့်ဘာ[...] လိုမှ ပြောမရတော့။

အရာရာသည်ကျွန်တော့်ကိုလှော[...] ပြောင်နေပြီ။ ထိုလှောင်ပြောင်သူများ[...] ကျွန်တော့် မိုက်ပြစ်တွေအတွက် ဒ[...] ဏ်းတာတွေပေးနေသည်။ သို့သော်အ[...] အားလုံး နောက်ကျခဲ့ပြီ။

"အားလုံး...အားလုံး...တောင်း[...] ချင်တယ်"

"ခွင့်...ခွင့်လွှတ်..."

စိတ်ထဲမှာပင် ကျွန်တော်ပြောရင်း [...]မှုသိတော့၊ ကျွန်တော်အလွှန်ဝေး[...]နေရာဆီ ရောက်နေသည်။ စော[...]တ မြင်မက်ခဲ့သည့် မီးပင်လယ်ကြီး။ [...]ရည်ပြင်ကြီး၊ သားရဲတောကြီး။ ထို[...]ထဲ အသေအရာကြည့်တော့ ကျွန်[...]တော့်အမှုပေါ်လျှော့အောင် ငွေတွေ၊ ရွှေ[...]ယူထားကြသည့်သူတွေရောက်နှင့်[...]ပြီ။ ကျွန်တော် ကျောချမ်းသွားသည်။

ဝိညာဉ်မဲ့ကျွန်တော့်အလောင်းနား[...]တော့ ကျွန်တော့်ဇနီး၊ သမီးနှင့် သား[...] ရှိုက်နေသည်။ သားသည် မြို့လေးရှိ[...]ရုံကြီးသို့ တာဝန်ကျနေသည်ကို [...]ထောင်ထဲမှနေ၍သိပါသည်။ သားသည် [...]တော့်ကို အစွမ်းကုန်ကုသပေးမည် [...]တော့ အမှန်ပင်။ သို့သော် ဘယ်လိုမှ [...]ရမှန်းသိသွား၍ လက်လျှော့လိုက် [...]ည်ဖြစ်သည်။ ကျွန်တော့်မိုက်ပြစ်ကို [...]သောဇနီးဝိုမည်မထင်။ သားနှင့်သမီး [...]မှာလည်း ကျွန်တော့်အမှားကြောင့် [...]တ်ကြီးရှက်နေမည်ကလည်းအမှန်။

ကျွန်တော်တစ်တော့ အကုသိုလ် အထုပ်ကြီးကိုထမ်း၍ မီးပင်လယ်စပ်ရှိ ပြာပုံပုံအစပ်မှာ ရပ်ရင်းရှိသည်။ ကျွန်တော် မီးပင်လယ်ထဲ မသွားချင်၊ သားရဲတောအတွင်း မသွားချင်၊ သံရည်ပူပြင်ကြီးထဲမသွားချင်၊ သို့သော် ကျွန်တော့် ခြေလှမ်းတွေက အလိုလိုရွေ့လျားနေသည်။ အကုသိုလ်တရားတွေက တွန်းပို့နေသည်။

"တွေ့လား...မင်းရဲ့အပေါင်းအသင်းတွေ"

ကြည့်လိုက်တော့ ကျွန်တော့်အမှုအတွက် ငွေယူပြီးအမှုပေါ်အောင်အကူအညီပေးခဲ့ကြသည့်သူတွေကို တွေ့ရသည်။ သူတို့သည် ကျွန်တော့်ရှေ့မှာ ရောက်နှင့်နေပြီ၊ ကျွန်တော်တွေးဆဲမှာပင် လူမည်းကြီးက ပြောသည်။

"သွားတော့"

ကျွန်တော် ရှေ့သို့ တိုးခဲ့ရပါတော့သည်။


⇨ ကျွင်းကြီးသားကင်ရင်းဦး





www.burmeseclassic.com

www.burmeseclassic.com




"**တီတ်တဆိတ်** မြေမြုပ်လိုက်
ည့်မွေးကင်းစအလောင်း"

လဆုတ်ပက္ခ၏ မှောင်မိုက်လွန်း
ည့်ညဥ့်တစ်ညဥ့်၊

မည်သူမည်ဝါဟု သဲကွဲစွာ မသိနိုင်
ည့် လူသားသုံးဦးတို့သည် အမှောင်
အားအကာအကွယ်ယူရင်း တောစပ်
နီး ဝက်ခြံနံဘေးသို့ တိတ်တဆိတ်
ောက်ရှိလာကြသည်၊

တတိယလိုက်ပါသူတစ်ဦးသည်
ကား ပလတ်စတစ်အိတ်မည်းဖြင့် ထုပ်
ပိုးဝှက်သိုထားသည့် ပျော့စိစိ၊ ချောချော
ပျစ်ပျစ်အရာအား ရွံရှာစက်ဆုပ်သည့်
ဟန်ဖြင့် မျက်နှာကို ရှုံ့မဲ့ရင်း ကိုင်ဆွဲလာ
ခဲ့ပေသည်၊

ကျန်လက်တစ်ဖက်ဖြင့်လည်းသူ၏
နှာခေါင်းကိုပိတ်ကာ အမှောင်ထုအောက်
မှ လေထုအား မရှူရှိုက်ဝံ့သလို ရှူရင်း

အမဲလိုက်ရာမှ တောထဲမှ

ရရှိလာသော တောဝက်ပေါက်ကို မွေးမြူမိရာမှ

အရွယ်ကြီးလာသောအခါ ..

ထိုသူတို့သည် လူသူလေးပါးတို့နှင့်
ည့်တိုး - တိုးလေမလားဟူသောစိုးရိမ်
ကြီးစွာဖြင့်ကသုတ်ကရက်ပင်သည်
ာသို့ရောက်လာရခြင်းဖြစ်ရေ၏၊ ထို
ယောက်ထဲမှ တစ်ဦးမှာ တစ်စုံတစ်ခု
ရေတစိုက် ပွေ့ပိုက်လာခဲ့ပေသည်၊
ာက်တစ်ဦးမှာပေါက်တူး(ပေါက်ပြား)
လက်ကို ကိုင်လျက် ပထမတစ်ဦး
ာ်သို့စကားမဆိုသာပဲတိတ်တဆိတ်
သိုက်ပါလာခဲ့ရေသည်၊

ရောက်ရှိသို့ဆက်လျှောက်လာလေသည်၊

"ကဲ - ဒီနေရာမှာပဲ မြှုပ်လိုက်ရရင်
ကောင်းမယ်၊ ညဥ့်လည်း နက်လှပြီ၊
ငါတို့တစ်တွေ ဝေးဝေးလည်း မသွားရဲ
တော့ဘူးမဟုတ်လား"

တစ်စုံတစ်ခုကိုပွေ့ယူလာသူဝထ
တစ်ယောက်က တိတ်ဆိတ်ငြိမ်ချက်
သားကောင်းလှသည့်ညဥ့်ယံကို ထွင်း
ဖောက်ပြီး အဖော်ညီသည့် စကားသံသံ
ကို ဆိုလိုက်၏၊

www.burmeseclassic.com

"အို - မြုပ်တာတော့ ဟုတ်ပါပြီ၊ ဘာလေးလဲသိရအောင် အနီးထုပ်ကို ဖွင့်ကြည့်ဦးမှ"

ပေါက်ပြားကိုင်လာသူဒုတိယမိန်းမ တမိန်းမသားသီဝီစပ်စုလိုသည်နှင့်ပထမ မိန်းမဖွေယူလာသည့် အနီးထုပ်အား အလောတကြီး ဖြေကြည့်လိုက်သည်၊

"တယ် - ရွှေပန်းလေးပေါက် တောက်နဲ့၊ ယောက်ျားလေးတော့"

"မြမြဖွေးဖွေးရေဆေးငါးလေးလို ဝဝတစ်တစ် ချစ်စရာလေးဟဲ့"

"ငါ့နှယ်နှမြောလိုက်တာကွယ်၊ ခုမှ အစိမ်းထဲက မွေတ်ခနဲထွက်လာပြီး လူ့လောကထဲမှာ နာရီပိုင်းလောက်တောင် မှအသက်ရှူခွင့်မရလိုက်တဲ့ လူကလေး ရယ်၊ ကြီးတော် သနားလိုက်ပါဘိ၊ မှန်းစမ်း - အသက်ငွေ့ငွေ့မှ ရှိသေးရဲ့လား"

တြင်နာတတ်ပုံရသည့်ဒုတိယမိန်းမ သည် ပထမမိန်းမဖွေ့ထားသည့် လက် ဝေါမှတလေးကိုငုံ့ကြည့်ပြီး နမြောတတသ သူ့ကျူးမရဘွာ မျက်ရည်တွေတွေ စီးရင်း ပြောလိုက်သည်၊

"ကဲ - မိသဲဖြူရေ - ခုမှအလွမ်းသသယ မနေနဲ့၊ ဒါ - တို့အလုပ်မဟုတ်ဘူး၊ သူ့ ဘာသာသူအသက်ရှိရှိ မရှိရှိတို့နဲ့မဆိုင် တော့ဘူး၊ တို့ရဲ့ဘဝပေးတာဝန်ကိုတ ဒီည ဒီကလေးကို အစဖျောက်ပစ်ဖို့ပဲ၊ ဟင်း၊ နင်မွေးစားဖို့တော့ လုံးဝစိတ်မကူး လိုက်နဲ့၊ ဒီကလေး အသက်ရှင်နေတာ သိတဲ့တစ်နေ့ တို့တစ်ရွာလုံး မိုးမီးလောင် ပြီးသာမှတ်ဟဲ့၊ ကဲ - ကဲ - "အကျီနဲ" နှင့် အထုပ်လည်းပေး၊ သဲဖြူ - ပေါက်ပြားနဲ့ တွင်းစပ်နက်နက်တူး၊ အချိန်မရှိဘူး၊ အကျီနဲ - နှင့်အထုပ်ထဲကကလေးအရှင်း ကိုပါတစ်ပါတည်း ရောမြှုပ်လိုက် - ကြား လား"

အမိန့်ပေးနေသည့်ပထမအမျိုးသမီး ဖြစ်သူသည် ထိုသုံးယောက်ထဲတွင် ခေါင်းဆောင်ဖြစ်ပုံရသည်၊ သူ့အမိန့် အတိုင်းပင် သဲဖြူသည် အသင့်ယူလာ သည့်ပေါက်တူးဖြင့် လူသွားလမ်းနံဘေး သုံးလေးတောင်ခန့်အကွာ ချုံပုတ်စပ် စပ်တွင် တစ်ပေအနက်ခန့် တွင်းတစ် တွင်းအား သွက်သွက်ကလေး တူးလိုက် သည်၊ လူခြေတိတ်ချိန်မို့ သူမသည် ပေါက်တူးကိုရဲရဲတင်းတင်း အသံကျယ် ကျယ်မတူးဝံ့ပဲ ခပ်ဆဆလေးသာ တူးနေ ရသည်၊ လမိုက်ညဖြစ်၍ ထိုမိန်းမသုံး ဦးတို့၏ လှုပ်ရှားနေပုံမှာ ရုတ်တရက် မြင်လိုက်သူရှိပါက ဖုတ်သုံးကောင် အလောင်းစားနေသည့်နှင့်ပင်တူနေချေ သေးတော့သည်၊ မတူကွဲပြားခြားနား သည့်အချက်မှာ "ဖုတ်ဝင်သည်" တို့ သည် လူသေအလောင်းကောင်အား ဖော်ယူစားသောက်ကြပေသီ၊ လူမိန်းမ သုံးယောက်တို့မှာကား လူသေမြှုပ်ခြင်း သာ ကွာခြားနေပေလိမ့်မည်၊

လူမြင်သူမြင်မခံဝံ့သည့်အတွက် ထိုမိန်းမသုံးဦးသည် အနီးထုပ်ထဲမှ မွေး သင်းစကလေးလေးအား မိခင်ဝမ်းကြာ တိုက်ဝယ် ထုပ်ပိုးကာရံ အာဟာရဆက် ပေးရှာသည့် ရင်း၏အချင်းနှင့်အတူ ခွေး သတုပ်လောက်ပင် တန်ဖိုးမထားနိုင်ပဲ သူမဆန်စွာ အရှင်လတ်လတ် မြှုပ်နှံ လိုက်ကြလေတော့သည်၊

"ဪ - လာခြင်းမကောင်းရှာတဲ့ အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျား အလောင်းအလျာတစ်ဦး ဒီလောက သံသရာထဲ နာရီပိုင်းအတွင်းရောက်ပြီး နာရီပိုင်းအတွင်းမှာပဲ လူလောကကြီးထဲ ကအပြီးအပိုင် ထွက်ခွာသွားရပြီကော သွယ်"

ဒုတိယမိန်းမဖြစ်သည့် "နန်းသဲဖြူ" အသူကျူးမရစိတ်ဖြင့် တိုးတိုးလေး ရေ ရွတ်ရင်း သူ့ပါးပြင်ပေါ်မှမျက်ရည်များမှာ ထိန်းထားမရ စီးကျလာပြန်သည်၊

"ကဲ - မိန်းမတွေတို့ရေ - ညည်းတို့ အားလုံး ဒီကိစ္စကို နှုတ်လုံကြဖို့ဖြစ်တယ် နော်၊ ငါတို့ကို ဒီကိစ္စအတွက် ပေးထား တဲ့ အသပြာက မတ်လောက် ရောပဲ မဟုတ်လား၊ ဒီတော့ - တို့တစ်တွေ ထန် သက်လုံး သစ္စာရှိရှိနဲ့ လျှို့ဝှက်ထားကြ ရင်မကောင်းလား"

မိန်းမသုံးယောက်ထဲမှ ခေါင်း ဆောင်ဖြစ်ဟန်တူသူ "နန်းငွေကြည်" က ကလေးအလောင်းအား မြေဖို့ရင်း ထွေး ထွေးဆဆ ပြောလိုက်သည်၊

"ဟုတ်တယ် - ဟုတ်တယ် - လူ မသိသူမသိ၊ အို - ဘယ်သူမှမသိလိုက် တဲ့ ဒီကိစ္စအတွက် တို့နှုတ်လုံမှဖြစ်မယ်၊ နို့မို့ဆို (နောက်မဟုတ်ဆို) "နန်းခမ်းဝါ" လေးသနားပါတယ်၊ သူ့ချောလင်တောင် မပေါ်ပဲ ကလေးမွေးလိုက်ရလို့ တို့တစ် ရွာလုံးရဲ့တံတွေးခွက်ထဲ ပက်လက်မျော ရရှာလိမ့်မပေါ့"

ထိုသုံးယောက်ထဲမှအသနားတတ် ဆုံး နန်းသဲဖြူက ဖို့လက်စကလေး အလောင်းမှအနီးပိတ်အား သေသေချာ ဖုံးဖိပေးရင်း နန်းရွှေကြည့်စကားကို ထောက်ခံလိုက်သည်၊

တတိယမိန်းမဖြစ်သူ နန်းတိုင်းကြ တော့ အချင်းထည့်သည့် အိတ်အား


www.burmeseclassic.com

ကလေးအလောင်းဘေးဝယ်ညင်သာစွာ ချထားလိုက်လေသည်။ ဖြစ်ချင်တော့ ထိုမိန်းမသုံးဦးကလေးအလောင်းအား မြှုပ်နှံသည့်နေရာသည် "အိုက်ရှတ်" ဆိုသူ ဝတ်သိုးမွေးထားသည့် ဝက်ခြံ၏ လျှော်မကောင်းတွင်ဖြစ်ကြောင်း ထိုမိန်းမသုံးဦးမှော သိမသွားကြရှာချေ။

ထိုစဉ်က သားနံ့ရည်၊ သားညှီနံ့ရသည့် ဝတ်သိုးကြီးသည် နှာခေါင်းကို ရှုံ့ချည်ပွချည်လုပ်ရင်း ရှေ့လက်နှစ်ဖက်အား ခနော်ခနဲ့ ဆောက်ထားသည့် ဝက်ခြံလက်ယမ်းပေါ် ထောက်ပြီး အညှီနံ့ရသည့်နေရာဘက်သို့ခေါင်းထောင်ကြည့်လိုက်သည်။ ပြီးလျှင် – ဝက်ခြံပေါ်မှ ကမူးရှူးထိုး ဂုန်းခနဲ ခုန်ချလိုက်တော့၏။

"အမလေး – ဘာသံကြီးလဲဟ။ တင် – ဝတ်လိုလို၊ ခွေးလိုလို မည်းမည်း အကောင်ကြီးပဲဟ။ သရဲ – သရဲ – ပြေးကြတော့ – ပြေးကြတော့"

နီးကြောင်ခိုးဝှက်ဖြင့် လူမိမခံနိုင်သည့် ထိုမိန်းမသုံးဦးတို့မှာ ဝက်သိုးကြီးအား သရဲအမှတ်ဖြင့် ပေါက်လက်စပေါက်ပြားကိုပင်မယူနိုင်တော့ပဲ အုယားဖားယား ထွက်ပြေးသွားလေတော့သည်။



ဟဲ့ကောင်မတွေ၊ တံခါးအမြန်ပွင့်စမ်း၊ နောက်က သရဲကောင်ကြီး လိုက်လာပြီ၊ နင်တို့ကတော့ ဇင်ဘူးတောင်း ထောင်ပြီး တုလားသေ၊ တုလားမော အိပ်နေကြ၊ တို့များမှာတော့ ဘယ်ကလောက် ဒုက္ခရောက်ခဲ့ရတယ်ဆိုတာ ထမေးစမ်းပါဦးဟဲ့။

လူမသိသူမသိဟုသာ ထိုမိန်းမသုံးဦးတို့စိတ်ဝယ်အပိုင်တွက်ထားကြသော်ငြားလည်း ထိုလူသတ်ဖျောက်ဖျက်မှုအား မျက်ဝါးထင်ထင်လိုက်ချောင်းသူတစ်ဦးတော့ရှိနေပေသည်။

ထိုညက "အိုက်ရှတ်" သည်ညဥ့်ဦးကသောက်ထားသည့်အရက်ရှိန်ပြေ၍ ထစ်ရေးနိုးလာချေသည်။ တီးတိုးတီးသဖန်းပိုးလုပ်နေသည့် မိန်းမတွေ၏ အသံသဲ့သဲ့ကို ကြားလိုက်ရသည့်အတွက် မသိမသာပင် ဝိနွဲ့ပင်ကိုအကာအကွယ်ယူပြီး အသံလာရာဘက်သို့ ချောင်းကြည့်လိုက်သည်။

သူသည် အမှောင်ထုအောက်ဝယ် တုတ်လှုပ်တုပ်နှင့် တူးဆွနေသည့် အသုံးဦးအား ပေပ်ဖမ်းထားသည့် ချောင်တစ်စွန်းတစ်စအောက်မှာ လေးမြင်လိုက်ရပေတော့သည်။

"တင် – ဒီကောင်မတွေဘာလုပ်နေပါလိမ့်။ အင်း – ငါ့ခြံထဲမှာ ရွှေတူးဖို့ လား။ အို – ဒါလည်းမဟုတ် ဘူး။ သင်းတို့စကားထဲမှာ ဒါဆိုတာကောလင်ကောင်မပေါ် ကလေးမွေးတာရော၊ စုံနေတာပဲ။ – မွေးကင်းစကလေးအလောင်း ဖျောက်ဖျက်တာပဲဖြစ်ရမယ်"

အိုက်ရှတ်သည် သူ့ရင်ထဲ လိပ်ခဲတည်းလည်းဖြစ်နေသည့် ဖြစ်ရပ်အပေါ် အတွေးဖြန့်ကျက်လိုက်သည်။ ညဥ့်ဦးပိုင်းက သောက်ထားသည့်အရက်နှင့် ရောယှက်သောက်ထားသည့် ရေထုတို့ ကတန်ခိုးပြလာပြီထင့်၊ အိုက်ရှတ်သည် မဟားတရားဆီးသွားချင်သည်နှင့် ဝိနွဲ့ပင်အောက် ဆောင့်ကြောင့်ထိုင်ပြီး အပေါ့သွားလိုက်သည်။ ထိုစဉ်အိုက်ရှတ်မွေးထားသည့် ဝက်သိုးက ဝက်ခြံပေါ်မှ ခုန်အဆင်း ဂုင်းနှင့် ဒက်ဒက်ထိတိုးလေတော့၏။ တစ်ဆက်တည်းမှာပင်ဝတ်သိုးအား သရဲထင်သည့်မိန်းမသုံးဦးတို့ အပြေး အဖြစ်အပျက်သုံးခုက တစ်ချိန်ထဲမှာ ထန်းသီးကြွေခိုက် ကျီးနင်းလိုက်ဆိုသလိုဖြစ်ပျက်သွားလေတော့သည်။

ဝက်သိုးကြီးသည် အညှီနံ့ရှိရာသို့ ဝက်ခေါင်းထိုးအရှိန်ဖြင့် ပြေးသွားပြီးလျှင်ဖို့လက်စအညှိုတွင်းသို့ဦးခေါင်းကို နှစ်ကာ တူးဆွလေတော့သည်။

ထိုအခြင်းအရာကိုမြင်လိုက်ရသည့် အိုက်ရှတ်၏ခေါင်းထဲသို့ အသိဉာဏ်တစ်ခုက လင်းခနဲ၊ လက်ခနဲ ဝင်လာချေတော့သည်။ အိုက်ရှတ်သည် သူနေသည့်တဲစုတ်ငယ်လေးအတွင်းသို့ဝင်ကာ တစ်မြန်နေ့ကမှပွဲစားတစ်ဦး၊ လက်





www.burmeseclassic.com

www.burmeseclassic.com

ဆောင်အဖြစ် ပေးထားသည့် အပျော်တမ်းတင်မရောငယ်လေးအား အဆောတလျှင် ကောက်ယူလိုက်သည်။

ပြီးလျှင် - ဝက်သိုးကြီး တူးဆွစားသောက်နေသည့် နေရာသို့ သွားကာ တထိပုံများ တဖျပ်ဖျပ် ရိုက်လေတော့သည်။ ဝက်သိုးကြီးမှာ စားခါစပင် ရှိသေး၍ တလေးသော၏ခြေထောက်နစ်ချောင်းအား မြိန်ရေရှက်ရေခြင့် ကိုက်ဝါးနေပေသည်။

တလေး၏ဦးခေါင်းမှာကား အရာပင်မတွေ့သေးချေ။

အိုတ်ရှုတ်သည် ဝက်သိုးကြီးနှင့် တလေးအလောင်းတို့ပုံအား (၄၊၅)ပုံခန့် စိတ်တိုင်းကျ အမိအရ ရိုက်ယူလိုက်သည်။ လျှပ်တစ်ပြတ်မီးရောင်ကြောင့် ဝက်သိုးကြီးသည် တလေးအလောင်းတောင်အားစားနေရာမှအိုတ်ရှုတ်ထံသို့ ရဲရဲတောက်နေသည့် မျက်ထောင့်နီကြီးနှင့် မော့ကြည့်လိုက်သည်။

ဝက်သိုးကြီးမှာ ကလေးအလောင်းတောင်အား အငမ်းမရစားပြီး မကောင်းဆိုးဝါးပူးကပ်နေသည့်အလား၊ သူ့သခင် အိုတ်ရှုတ်ကိုပင် သခင်ဟု မမြင်နိုင်ပဲ နာတရှုးရှုးမှုတ်ရင်း ရှုတ်ခြည်းပင် ပြေးလိုက်လေတော့သည်။ အိုက်ရှုတ်မှာ ကံသိပေ၍အသက်ဘေးမှ လွတ်ရုံကလေး လွတ်ခဲ့ရသည်။ ဝက်သိုးက အလိုက်၊ အိုက်ရှုတ်လည်းနီးရာ(စိန်နားပန်)ချုံသို့ ဒိုက်ဖင်ထိုးအဝင် ဒေါသမိုးတွေအလုံ[...]နေသည့် ဝက်သိုးကြီးသည် ရှေ့တူရှုရှိ ပိန္နဲပင်နှင့် ဆောင့်မိပြီး ယိုင်ထိုးသွားလေတော့သည်။ တဒင်္ဂ ထိုအခြေအနေကို အခွင့်ကောင်းယူကာ အိုက်ရှုတ်သည် မိမိတဲပေါ်သို့ တက်ပြေးပြီးလျှင် တံခါးရက်အားထိုးလိုက်ရတော့သည်။ အခြေအနေငြိမ်သက်လေမှ အိုက်ရှုတ်သည် စောစောတုန်းက အဖြစ်အပျက်ကို စားမြုံပြန်တွေးရင်း ကျေနပ်ပြုံး ပြုံးနေလိုက်တော့သည်။

"အင်း - မာနတွေမိုးထိတက်နေတဲ့ နန်းစမ်းဝါရေ - နေနှင့်ဦးပေါ့ကွာ။ မင်းအတွက် နိုင်ကွက်ရပြီဆိုတော့ တစ်နေ့ မင်း ငါ့ခြေဖဝါးအောက် ရောက်ရတော့မှာပေါ့ကွာ - ဟား - ဟား - ဟား"

အိုက်ရှုတ်သည် ကိုယ့်အတွေးနှင့်ကိုယ်ကျေနပ်မဆုံးဖြစ်ကာ တဟားဟားနှင့် ရှိနေတော့သည်။ ပြီးလျှင် - အိမ်ရှေ့ဘေးတွင် အသင့်ရှိနေသည့် သောက်လက်စ မီးတောက်အရက်အား ပုလင်းလိုက်မော့ချလိုက်တော့သည်။

▲▲▲

"ဟဲ့ကောင်မတွေ - တံခါးအမြန်ဖွင့်[...]နောက်က သရဲကောင်ကြီး လိုက်[...]ပြီ။ နင်တို့ကတော့ ဖင်ဘူးတောင်း[...]ောင်ပြီး ကုလားသေ၊ ကုလားမော[...]ိပ်နေကြ။ တို့များမှာတော့ ဘယ်က[...]ာတ် ဒုက္ခရောက်ခဲ့ရတယ်ဆိုတာ [...]စမ်းပါဦးဟဲ့"

ထမိမနိုင် ပုဝါမနိုင်၊ ခွေးပြေးဝက်[...] ပြေးလာကြသည့် ထိုမိန်းမသုံး[...]ာတ်ထဲမှ ပါးစပ်ပေါက်ဆိုးဆိုးပထမ[...]တ ဟောဟဲဆိုက်နေသည့်ကြားမှ [...]လိုက်သည်။ သူတို့သုံးဦးသည်ဝက်[...]ကြီးအား သရဲထင်ပြီးကတည်းက [...]တမ်း ပြေးချလာခြင်းဖြစ်သည်။

[...]တ်တခိုးမီးနေသည့်" အိမ်ရှေ့ရောက်[...]ာ့ မီးရောင်မမြင်သည်နှင့် အပူအပင်[...]အိပ်နေကြပါကလားဟု ထင်လိုက်မိ[...]သည်။

သို့ကြောင့်ပင် သူတို့၏ဒေါသအိုး[...]ပေါက်ကွဲကုန်ကြတော့၏။

အိမ်ရှင်ဖြစ်သူ "အိုက်ကျော်" နှင့် [...]ဖြစ်သူ "အီလှ" တို့က အသံကြား[...]နှင့် အိမ်ရှေ့တံခါးမကြီးအားဖွင့်ရင်း [...]တ်ပါဘူး - ဝီနန်း(အစ်မ)တို့ရယ်၊ [...]တို့လည်း မီးထွန်းထားရင် လူသိမှာစိုးတာနဲ့ အမှောင်ချပြီး ဝီနန်းတို့ကို မအိပ်ပဲ စောင့်နေကြတာပါ။ ဒါထက် ကလေးက ဘာလေးလဲဟင်"

"အေး - ခုမှတော့ ဘာလေးမွေးမွေး မသိချင်ကြနဲ့တော့၊ ဇာတ်လမ်းတာ ပြီးပြီပဲ၊ ဘယ်သူမှလည်း မမြင်ဘူး၊ အေးအေး ဆေးဆေးဆေးပဲ မြှုပ်ခဲ့တယ်၊ ဒါနဲ့ - နင့်သမီးကော ဘယ့်နှယ်နေသေးလဲ၊ နေကောင်းရဲ့နော်" ခေါင်းဆောင်ဖြစ်သူ နံပါတ် (၁) မှ အမောမပြေသေးသည့် လေသံဖြင့် ပြောပြောမေးမေး လုပ်လိုက်သည်။

"အင်း - သမီးက ကလေးမွေးလိုက်ရလို့၊ အဲ - ကလေးဖျက်ချထားလိုက်ရတော့ ဗိုက်တွေ စပ်ဖျင်းဖျင်းနဲ့ နာတယ်ဆိုပြီး အိပ်နေလေရဲ့"

မိခင်ဖြစ်သူ "အီလှ" က ထိုသုံးယောက်အား အိမ်ရှေ့အလယ်တောင်တွင် ဖိုထားသော မီးဖိုရှိရာသို့ ခေါ်လာရင်း ပြောလိုက်သည်။ ပြီးလျှင် - မီးဖိုအထက် ကျပ်ခိုးစင်ပေါ် တင်ထားသည့် လက်ဖက်ခြောက်ဘူးအား လှမ်းယူပြီး တည်လက်စ မြေရေနွေးခရားအိုးထဲသို့ လက်ဖက်ခြောက်များကိုလက်[...]ဆုပ်စာ ခပ်ထည့်လိုက်သည်။

www.burmeseclassic.com

"ကဲ - ကဲ - ဗိနန်းတို့ ရေနွေးကြမ်းသောက်ရင် အနားယူလိုက်ကြဦး။ ဒါနဲ့ ကိစ္စတွေ အောင်အောင်မြင်မြင်နဲ့ပြီးခဲ့တယ်မဟုတ်လား"

အီလုအမေး ရေနွေးကြမ်းပူပူအား မှုတ်သောက်ရင်း နန်းသဲဖြူက အမြန်ပြောလိုက်သည်။

"အင်း - ပြီးခဲ့တယ်လို့ပဲ ဆိုရမလားခဲ - အီလုရယ်၊ အင်း - ဒါပေတဲ့ ငါတို့မြေ နို့နေတုန်းမှာပဲ ဝက်လိုလိုသရဲကောင်နဲ့ တန်းတိုးလို့အူယားဖားယား ပြေးပေါက်မှားခဲ့တယ်တဲ့"

"တင် - ဒါဆို - အပြီးထိ မမြှုပ်လိုက်ရဘူးပေါ့။ ခုတွေတော့ များပြီပေါ့ - ဗိနန်းရယ်၊ တဲ - ဘယ်လိုလုပ်ကြမလဲ" ကျွန်မသမီးတအရိုဒိုက်မို့ဗိုက်သိပ်မပေါ်ပေမဲ့ တချို့က မသိကြသလိုနဲ့ မေးကြ၊ မြန်းကြသေး။ ကျွန်မကတော့ သမီး ရေဖျဉ်းစွဲနေလို့ဆိုပြီး တော်ရိရော်ရိ လိမ်ထားရတယ်။ ခုလိုကလေးအလောင်းတွေသွားလို့တော့ခုကျွ။ မီးခိုးကြွက်လျှောက်လိုက်လာမှဖြင့် ..."

"တဲ - အီလုရေ - ဒီလောက်လည်း စိတ်ပူမနေပါနဲ့အေ။ ငါတို့တွေ နုတ်ပိတ်နေသရွေ့တစ်ရွာလုံးက ခွေးတစ်ကောင်ကြောင်တစ်မြီးမှ သိမှာမဟုတ် ဘူး"

တစ်ချိန်လုံး ငြိမ်ပြီးနားထောင်နေသည့် နန်းကျိန်က အီလုအား နှစ်သိမ့်စကားဆိုလိုက်လေတော့သည်။ တကယ်တော့ - အီလုတို့ရွာကလေးမှာ ရှမ်းပြည်တောင်ပိုင်း၏တောခပ်ကျကျရွာကလေးပင် ဖြစ်ပေသည်။ လူခြေအရောက်အပေါက်နည်းလှသည့် တောင်ခြေရွာဆိုလျှင်လည်း မမှား။

တစ်ချိန်က ကျားများ ခိုအောင်းသည့် ရွာဖြစ်၍လည်း လွိုင်ဆေ(ကျား တောင်ရွာ)ဟူ၍ရှေးအတီတေကတည်းက အမည်ပေးခဲ့ကြသည်။

ဖာတ်လမ်းစသည့် ထိုအချိန်က လွိုင်ဆေရွာသူကြီးသား "စိုင်းစံဖ" နှင့် အီလုသမီး "နန်းခမ်းဝါ" တို့မှာ လူငယ်ချင်း ချစ်ကြိုးသွယ်မိရာမှ "နန်းခမ်းဝါ" တွင် မဖုံးနိုင်၊ မဖိနိုင် ကိုယ်ဝန်ရှိနေကြောင်း မိဘနှစ်ပါးမှ သိလိုက်ရချေ၏။ ဝှက်ချည် မတူသည့်အချစ်ဖာတ်လမ်းများအတိုင်း သူကြီး "လုံးစံတိမာ" သည်သားဖြစ်သူ၏ အချစ်ဖာတ်လမ်းကိုကြားကြားချင်း မာန်ရှလေတော့သည်။

"ဒီအနုတ်စုတ် ဝုတ်စုတ်မိသား တွေနဲ့ ငါ့သား မပတ်သက်စေရဘူး။ (သင်း၊)တို့သမီးနဲ့ လုံးဝ လုံးဝမ နိုင်ဘူး" သည်သို့ဖြင့် သူကြီးလုံးစံတိ သည့် သားဖြစ်သူအား တစ်ချက်လွှတ် ရာဇသံပေးပြီး မကြာမတင်မှာပင် စံဖ" အား နွားမိုးမောင်းသည့်အဖွဲ့နှင့် သားဘက်သို့အပို့လွှတ်လိုက်လေ သည်။

"ဆင်ကျိုစယ်ရာ ဆိတ်မခံသာ" ဆို နှယ် သူကြီးက အလွယ်ကလေး ခွဲ ပေးမယ့် "နန်းခမ်းဝါ" ခမျာမှာတော့ လိုမနေမိပါလို့ကိုယ်ရိတယ်လေး" လို အပျိုရည်ဆုံးရှုံးကာ ဗိုက်တစ် အဖတ်တင်ခဲ့တော့၏။

⅄ ⅄ ⅄

အိုက်ရွတ်သည် ညက သောက် သည့်အရက်ရှိန်ကြောင့် မနက်အိပ် နောက်ကျလေသည်။ ညကအဖြစ် တွေးကြည့်တော့ မိမိလုပ်ခဲ့သည့် အပေါ် ကျေနပ်မဆုံးဖြစ်နေရေ ။ "အင်း - နန်းခမ်းဝါနင်ကတို့ရွာမှာ ဆုံး ၊၊ အလှဆုံး ၊၊ တို့ရှမ်းရှင် ပွဲမှာ ကွမ်းတောင်ကိုင်နေရ တွေမိုးထိုး၊ ဘဝင်လေဟပ်ပြီး လေတဲ့ငါးပိ ရှိတယ်လို့တောင် ။ ငါ့မှာတော့နင့်ကို ချစ်လိုက်ရ လိုက်ရတာ နင့်အတွက်ဆို ကိုတောင် ပေးဖို့ဝန်မလေး ခဲ့ဘူး။ နင် သူကြီးသားနဲ့ကြိုက်နေတာလည်း ငါသိတယ်။ ဘာပဲဖြစ်ဖြစ်တွား နင့်ကိုငါရမယ်ဆိုရင် နင် ဘယ်ဘဝရောက်ရောက် ငါအရယူမယ်"

အိုက်ရွတ်သည် တစ်ကိုယ်တည်း ရေရွတ်ရင်း လွန်ခဲ့သည့်နှစ်က ရှမ်းရှင်လောင်းပွဲမှ အဖြစ်များကိုပြန်တွေးမိလေသည်။ သည်တုန်းက ရှမ်းရှင်လောင်းပွဲတွင် "အိုက်ရွတ်" က ရှင်လောင်းထိန်း။ "နန်းခမ်းဝါ" က ကွမ်းတောင်ကိုင်ပေါ့။ တစ်ညဌ်၊ "ရှင်လောင်းတဲ" အနောက်ဘက် မီးရောင်ခပ်မှိန်မှိန် လရေးရေး အောက်တွင် နှစ်ယောက်သား အမှတ်မထင် ဆုံဖြစ်ကြသည်။

အနှစ်နှစ်အလလကအချစ်တွေကို သိမ်းဆည်းမျိုသိပ်ထားရသည့် အိုက်ရွတ်သည် အခွင့်အရေးရတုန်းရမိတ် နန်းခမ်းဝါအား မဆိုင်းမတွပင် ရင့်ဖွင့်ချစ်စကား ဆိုမိတော့သည်။

"ခမ်းဝါရယ် - နင့်ကိုပြောမယ်ပြောမယ်နဲ့ ဒီ ငါ့ပါးစပ်က ပြောမထွက်ခဲ့ဘူး။ ခုတော့ - မရဲတရဲနဲ့ပဲ ပြောပါရစေတော့ဟယ်။ ငါလေ - နင့်ကို - ချစ် - ချစ်တယ်ကွာ"

ရှင်လောင်းတဲနောက်ဘက်ရာဝင် အိုးထဲမှရေကိုရေတာကောင်းသဲဖြည့်နေ

www.burmeseclassic.com

သည့် "နန်းခမ်းဝါ" က ဗိုးဗိုးဒေါက်ဒေါက် ပြောချလိုက်သည်။ "အိုက်ရှုတ်" စကား အပေါ်အရေးမစိုက်သလိုနှင့် -

"ဒီမှာ အိုက်ရှုတ် - ဒီစကားကို နင့်မို့ လို့ ပြောထွက်ပလေတယ်။ နင့်မျက်နှာ နှင့် မှန်ထဲမှာ ပြန်ကြည့်မိရဲ့လား။ အခဲရိုးနယ် - ဟင်းအိုးမှ အားမနာလိုက် တာ။ တဲ - ငါ နောက်ဆုံးစကားကုန်ကုန် ပြောမယ်။ နင့်အသည်းထဲမှာ မြဲမြဲသာ မှတ်ထားပေတော့။ နင့်ကိုလေ - ထမီ တောင် မလျှော်နိုင်ဘူး - သိရဲ့လား"

နန်းခမ်းဝါ၏နှုတ်မှ မထင်မှတ်ပဲ မိုင်းချလုတ်ညှံသည့် မကြားဝံ့ မနာသာ သည့်စကားကြောင့် အိုက်ရှုတ်၏နှလုံး သားပေါ်တွင် ခါးသီးစပ်ပြင်းစွာ သေရာပါ အမာရွတ်တစ်ခု ထင်ကျန်သွားခဲ့ရသည်။ သည်စဉ်ကတည်းကပင် အိုက်ရှုတ်သည် ပျံလေတဲ့ငှက်ခါး၊ နားမှသိမယ်ဟု နာ ကျင်နေသည့်နှလုံးသားထဲ အပြီးကြီးစွာ ထေးမှတ်ထားခဲ့တော့၏။

"ဟော - အခုတော့ အတောင်ကျိုး တဲ့ငှက်ခါးမ နားခိုရပြီမဟုတ်လား"

အိုက်ရှုတ်က ဥတစ်လုံးတစ်ကောင် ကြွတ်၊ မိမရှိ၊ ဖမရှိ အထီးကျန် အကျည်း တန်။ မိုးတစ်လုံး မြေတစ်လုံးလို့ ဆိုရ လောက်အောင် မညီမညာ မျက်စိနှစ်လုံး

အနက် တစ်လုံးက မိုးသို့မျှော်နေသည် နောက်တစ်လုံးကလည်း မြေကြီးအား မျက်စောင်းထိုးနေပေ၏။

နှုတ်ခမ်းနှစ်ခုကြားက ခေါထွက် နေသည့်သွားများကလည်း ပေါက်ထွ အလား ပြားချပ်နေရှေသည်။ တ ချောင်းနှင့်တစ်ချောင်းက မညီညာသ ပျဉ်ချပ်ဆွေးအား ခနော်ခနဲ့ ခင်းထာ သည့်နယ်၊ ထော်နေသည့်နှုတ်ခမ်းတွ ကြားမှာ နေရာယူထားကြလေ၏။ ယောင်းကြီး ကောက်ချိတ်သည့် ယောင်မှုကား ဆေးတံရိုးက ဆေးအိုး ပြောင်းပြန်လှန်ထားသည့်နယ်။ ပေါက်မေးနှစ်လုံးကတော့ ဖွက်ပုပ်အို နှစ်အိုင်နယ် ချိုင့်ခွက်နစ်ဝင်ကာ အရော အဆင်း ကင်းမဲ့လှချေ၏။

မည်းသည်းသည်း မျက်ခွက်ရှ တစ်လက်မသာသာ ရွှန်းထွက်နေသ မေးစေ့ရွှန်မှာမူ ပေါက်ရွှန်းသွားအလ ရှည်မျောစွာ ဝေါထွက်နေပေ၏။

ဤသို့ဤနယ် အဆင်းရှိရှာသ အိုက်ရှုတ်အား နန်းခမ်းဝါ စက်ဆုပ်သ မှာ အပြစ်မဆိုသာ။ အိုက်ရှုတ်သည် ၏ရုပ်ဆင်းအင်္ဂါသည်ရုပ်ရည်အပေါ် နာရကောင်းစေဟု အလိုက်ကန်း မသိလေပဲ မမီသည့်ပန်းကိုမှ တုံး လှမ်းချင်လှပါဘိ။

အိုက်ရှုတ်ခြံလျောင်မွေးထားသည့် တ်တောင်း(ဝက်သိုး)ကြီးကိုလည်း ည့်ပါဦး။ အနီ - ဝက်တောင်းကြီးအား ်ရှုတ်သည် အမဲလိုက်စဉ်က ရလာ ်ဖြစ်သည်။ ဆိုရလျှင် မိခင်တော ကြီးအားအမဲလိုက်စဉ်မိခင်ဝက်မ ်ကွဲပြီးမှ ရလာခဲ့ခြင်းဖြစ်ပေသည်။

ငယ်စဉ်ကတည်းက နွားနို့တိုက်မွေး ခဲ့ခြင်းဖြစ်၍လည်း အိုက်ရှုတ်သည် တလေးအပေါ် သံယောဇဉ်တွယ်ခဲ့ သည်။ တောဝက်ပင်ဖြစ်လင့် လူနှင့်အနေနီးသဖြင့် အိမ်မွေး ာယဉ်ပါးနေလေပြီ။ သို့သော် သူ့ ်အိုက်ရှုတ်မှတစ်ပါး လူစိမ်းများကို တစ်မခံရေ။ အိုက်ရှုတ်က "မဲလုံး" ည်ပေးထားသည့် ဝက်ကလေး ်ရောက်လာတော့ဝက်သိုးအငှား အဖြစ် အိုက်ရှုတ်က တာဝန်ပေး တော့သည်။

သို့ုင်ချေရွာမလေ့အရ ဝက်သိုး ငှားလိုက်တိုင်း ငှားသူသည် သည့်ဝက်မမှသာ တစ်ကောင် "လိုက်ခ" အဖြစ် အပိုင်ပေးရပါ ည်။

⅄⅄⅄

အိုက်ရှုတ်သည် မိုးအခါ တောင် ယာစိုက်၊ နွေဆိုလျှင် အမဲလိုက်ခြင်းဖြင့် တစ် ဝမ်းတစ်ခါး ကျောင်းနေရပေတော့ သည်။ ယင်းသို့ အဖြစ်အပျက်တစ်ခု အမှတ်မထင်ဖြစ်ပျက်ပြီး သုံးလေးရက် ခန့်တွင် အိုက်ရှုတ်သည် မြို့သို့တက်ပြီး ဓာတ်ပုံဆိုင်တစ်ဆိုင်တွင် ဓာတ်ပုံရိုက်ခဲ့ သည့်ဓာတ်ပုံအား ကူးဆေးတော့သည်။ ကူးဆေးပြီးသည့်ဖလင်လိပ်နှင့် ဓာတ် ပုံတို့ကို အိုက်ရှုတ်သည် ကိုယ်နှင့်မကွာ သိမ်းဆည်းပြီး အိုက်ကျော်နှင့် အီလှ အိမ်သို့ ရင်ကော့ကာ အရောက်သွားခဲ့ လေသည်။

နိုင်ဖဲတစ်ချပ် ရထားပြီးဖြစ်သည့် အိုက်ရှုတ်သည် နန်းခမ်းဝါမိဘနှစ်ပါး အားခြိမ်းခြောက်စကားဆိုလေတော့၏။ ထိုညက ဖြစ်ကြောင်းကုန်စင်အား မိဓိ အစအဆုံးသိရှိကြောင်းမှတ်တမ်းမှတ်ပုံ လည်း ရိုက်ထားကြောင်း ဓာတ်ပုံများ ပြကာအကြပ်ကိုင်လေသည်။ ဤအရေး အခင်းမှာ လူသတ်မှုနှင့် ဆိုင်သော အရေးအခင်းဖြစ်၍ ၎င်းတို့သမီးအား မိဓိ နှင့် မပေးစားပါက "ဖော်ကောင်း" လုပ် မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပါတော့ သည်။ ဤသို့ဖြင့် ရိုးသားပြီး ကြောက် တတ်သည့် အိုက်ကျော်လည်းပင်မယား

www.burmeseclassic.com

www.burmeseclassic.com

သည် အိုက်ရှတ်အား မလွန်ဆန်နိုင်ရှာပဲ သမီးဖြစ်သူအား ကြက်ကလေး ငှက်ကလေးပမာ လူ့အကျည်းတန် အိုက်ရှတ်လက်ထဲသို့ ဝကွက်အပ်လိုက်ရလေတော့သတည်း။

▲▲▲

ဖုတ်ဝင်နေသည့် ဝက်တောင်းကြီး

မွေးတင်းစလူသားကို စားမိသည့်

ညမှစ၍ တောဝက်မျိုးနွယ် ဝက်တောင်းကြီးမဲလုံးသည် လူသား၏အရသာအပေါ် အာသာငမ်းငမ်း တန်းတန်းစွဲလေပြီ။

ထိုညမှအစွဲပြု၍ မဲလုံးသည် အခွင့်သာတိုင်း လူသားစားဖို့ အကွက်ကောင်းကို ချောင်းတတ်နေပြီ၊ နာနာဘာဝ ကောင်းဆိုးဝါးများက မဲလုံး ကိုယ်ထဲဝင်ရောက်ပူးကပ်၍လားမသိ၊ မဲလုံးသည် အပမှီနေသည့် ဝက်တစ္ဆေအလား။ အားခွန်ဗလများ ယခင်ထက်တိုးပွားကာ သခင်ဖြစ်သူကိုပင် ဂရုမစိုက်ချေပဲ ညည့်ညည့်ဆိုလျှင် ဝက်ခြံမှ ခုန်ထွက်ကာ ရွာရိုးကိုးပေါက် လျှောက်သွားနေလေတော့သည်၊ နဂိုကပင် စိတ်ရိုင်းဝင်ကာ တောဝက်စိတ်မွှန်သည့် မဲလုံးသည် မည်းမည်းမြင်တိုင်း ကမူးရှူးထိုး လိုက်လေတော့သည်၊

"ဟယ် - "ဖုတ်ဝင်သည်" မဲလုံး နောက်ကလိုက်လာပြီဟေ့ - ပြေးကြ ပြေးကြ"

ညည့်ညည့်ဆိုလျှင် ရောက်ရှား... လမ်းသလားနေတတ်သည့် မဲလုံး၏ ... မြင်လျှင်အနှံခံပြီး လိုက်ကိုက်တတ်သည့် မဲလုံးကြောင့် လှိုင်ဆေတစ်ရွာလုံး... ကျီးနှင့်ဖုတ်ဖုတ် ဖြစ်ရချေတော့၏၊ မဲလုံး... လိုက်ကိုက်ပြီး ပြေးမလွတ်ပါက ကိုက်... စားသောက်ခံရ၍ ကလေးများ ခွေး... နှင့် မပြေးနိုင်ရှာသည့် ရှမ်းပေါ့တော... (အဘိုး)၊ မဲထောက် (အဖွား)၊ ... (အဖေ)၊ မုံ (အမေ) တို့မှာလည်း အ... အပြားပင် သေကြ ကြေကြရရှာပြီ...

ထိုသို့သော အကြောင်းတရား... ကြောင့်ပင် ဝက်တောင်းကြီး "မဲလုံး" သည် လှိုင်ဆေရွာတွင် ရာဇဝင်တွင်... ဝင်ဝက်ဆိုးကြီး ဖြစ်နေချေတော့သည်... လူသားကိုမှ ခံတွင်းတွေ့သည့် မဲလုံး... သည် လူသားမှမစားရလျှင် နေ... ထိုင်မသာဖြစ်ပြီး ယင်းဝက်သိုးကြီး... တစ်အိမ်ဝင် တစ်အိမ်ထွက်ဖြင့် ... ကာ မှောင်ရိပ်ခိုတဝါးတွင် လျှောက်... နေတတ်၍ ဤလှိုင်ဆေ ရွာက... သည် အမှောင်ဖျိုးလာသည်နှင့် သ... တစ်စပြင်ပမာ လူခြေတိတ်နေတော့...



ရွာရှိမုဆိုးများမှာလည်း ဒူးလေး၊ ...တူမီးသေနတ်ကိုင်တတ်၊ ပစ်တတ် ...များကိုစုပြီး ဝက်ဆိုးဝက်တောင်းကြီး ...အား ဖြိုခွင်းဖို့ တာစူကြတော့၏။

မဲလုံး၏ပိုင်ရှင်ဖြစ်သူ အိုက်ရှတ် ...ည် ရင်နှစ်သားတမျှ သံယောဇဉ်ပို ...ထားခဲ့ရသည့် မဲလုံးအတွက် တစ်ရွာ ...နှင့်တစ်ယောက် အတိုက်အခံ လုပ် ...နေသည်။ မဲလုံးကိုပစ်သတ်ဖို့အရေး ...ိုက်ရှတ်က ရှေ့မှာ ကာဆီးကာဆီးလုပ် ...၍ မုဆိုးတို့၏အကြံမှာ အထမမြောက် ...မရှိပဲ ပျက်ပြယ်သွားရသည်ချည်း။ ...ဆိုးတို့၏ရန်ကြွင်းရန်စကို သိနေ ...ည့်အလား။ မဲလုံးသည် နေ့ခင်းအချိန် ...တွင် တောကြီးမျက်မည်းထဲသို့ ပုန်း ...ရွယ်လျှိုး ရှောင်နေတတ်ပြီး ည ...တ်လာပြီဆိုသည်နှင့် သခင်ရှိရာသို့ ...ကြောင်ခိုးဝှက် ရောက်လာလေတော့ ...ည်း အိုက်ရှတ်သည်လည်း ညည့်သန်း ...ခံတိုင် ရောက်ရောက်လာတတ် ...ည် မဲလုံးအား စိတ်ရှည်လက်ရှည် ...ဖြင့် အမဲသား အမဲရိုးတို့ကို ချကျွေး ...တော့သည်၊

...ရွာမှာ အမဲမပေါ်ဖြစ်သည့်နေ့တွင် ...ိုက်ရှတ်သည် မပြုသင့်မပြုထိုက်သည့် အလုပ်အား ခိုးကြောင်ခိုးဝှက်လုပ်ပါလေတော့သည်၊

အိုက်ရှတ်သည် သွေးဆာနေသည့် အနီအပမှီ ဝက်တောင်းကြီးအား သင်္ချိုင်းကုန်းမှ ခိုးဝှက်ဖော်ယူလာခဲ့သည့် လတ်လတ်ဆတ်ဆတ် လူသေအသားများကို အပိုင်းပိုင်းအထစ်ထစ် ခုတ်ကျွေးပါတော့သည်၊ သင်္ချိုင်းကုန်းမှ အိုက်ရှတ်လူသေအလောင်းများ ထမ်းချလာသည့်ညတိုင်း တစ်ရွာလုံးရှိ ခွေးများမှာ ကပ်ဆိုက်သည့် ညဉ့်လိုရောက်ရှားဖွယ် အတိအူကြလေတော့သည်၊

"အူး - အိဝု - အူ - အိ - အူးအူး"

နဂိုကမှ သွေးပျက်ချောက်ချားနေသည့် အထဲ လှိုင်ဆေရွာသည် သည်မင်္ဂလာကျက်သရေကင်းသည့် ခွေးအူသံကြောင့် ပို၍ချောက်ချားရပေတော့သည်။

အိုက်ရှတ်သည် မဲလုံးအပေါ် တစ်ချိန်က ချစ်ခဲ့ရ၊ သံယောဇဉ်ဖြစ်ခဲ့ရသလောက် ယခုတော့လည်း တစ္ဆေမွေးထားသည့် အောက်လမ်းဆရာနှယ် ဝတ္တရားတစ်ခုလို ကြောက်ကြောက်နှင့်ပင် လူသေအသားများကို ချကျွေးနေရလေပြီ၊ ဖုတ်ဝင်နေသည့် ဝက်တောင်းကြီးမဲလုံးသည် လူသေသားများကို ဖုတ်



www.burmeseclassic.com

www.burmeseclassic.com

စီးနေသည့်အသွင်ဖြင့် ကိုက်ဝါးရင် နဂို စိတ်ပျောက်သည့်မျက်ခွက်ဖြင့် အိုက်ရှုတ်အား မော့ကြည့်နေတတ်ချေသည်။ လူသားစားပြီးသည့်အချိန်မှစ၍ မဲလုံးသည် အပမှီသည့်နယ် စိတ်ကြမ်းကိုယ်ကြမ်းဖြစ်လာတော့သည်၊ ယခုဆိုလျှင် "မဲလုံး" မှာ အဖေသရရ၊ အရှင်ရရ ဝရမ်းထုတ်ခံထားရသည့် ဝက်ဆိုးကြီးစာရင်း ဝင်သွားလေပြီ။

အိုက်ရှုတ်၏စက်ကွင်း မလွဲတ်၍လော၊အသက်အရွယ်ထောက်ကာအမို အနီ တင်းလာကြပြီဖြစ်၍လောမသိ၊ အိုက်ရှုတ်ယောက္ခမ်နှစ်ဦးဖြစ်သည့် အိုက်ကျော်တို့လင်မယားသည် သမီးအား ထိုးအပ်ပေးလိုက်ရပြီးသည်၏ နောက်ဝယ်အိုက်ရှုတ်နှင့်တစ်မိုးအောက် တစ်တဲထဲ အတူနေလိုက်ရတော့၏။

အိုက်ရှုတ်၏မတရားအသိမ်းပိုက်ခံ နန်းခမ်းဝါမှာကား အိုက်ရှုတ်အပေါ်မချစ်သော်လည်းအောင့်ကာနမ်း၊မနမ်းသော်လည်းပင့်သက်ရှူဘဝနှင့်ပင်၊နေ့ရှိသရွေ့ စိတ်နှင့်ကိုယ် မကပ်ရှာပဲ အနိုပ်စက်ခံဘဝနှင့် နေရရှာပေသည်၊ အိုက်ရှုတ်၏ မြိမ်းခြောက်မှုနှင့်အတူ အမိုးအကာ အောက်တွင် မသေထမင်း မသေဟင်း စားနေရရှာသည့် မိဘနှစ်ပါးအတွက် လည်းရင်နှင့်အမျှခံစားရပေသည်၊တ... စစဖြင့် သူမမှာ စိတ်ထောင်းကိုယ်ကြေ... ဖြစ်ကာ အိပ်ရာထဲ ဘုန်းဘုန်းလဲလေ... တော့၏။

ㅅㅅㅅ

ထိုညကအိုက်ရှုတ်သည်အမဲလိုက်... ရာမှအပြန် အမဲလိုက်၍ရလာသည့် ဓ... သား(တောကောင်သား)များကိုတွဲရျ... ပြီး အိမ်ရှေ့ကွပ်ပျစ်မှာပင် မောမော... အိပ်မောကျလေတော့သည်။

ညဥ့်က တစ်စစ နက်လာချေပြီ။... ညမှ ထူးထူးခြားခြား တစ်ရွာလုံးရှိ ခွေ... များ သူ့ထက်ငါ အလုအယက် သံပြိုင်... "အူ" နေကြလေသည်၊ ထိုအချိန်တွင်... ဆာလောင်မွတ်သိပ်နေသည့် ဝ... တောင်းကြီး "မဲလုံး" သည် လူခြေတိတ်... သည်နှင့် ရွာတွင်းသို့တစ်လှမ်းချင်းချ... နင်းဝင်ရောက်လာသည်၊ သူသည် ... နေကျကြောင်ဖားကြီးနယ် အိုက်ရှုတ်... တဲငယ်သို့ လူရိပ်လူခြေမမြင်သည်... ရဲရဲတင်းတင်းပင် ချဉ်းကပ်တော့... အိုက်ရှုတ်မှာတော့ ဟောက်သံ... အိပ်မောကျလို့ကောင်းတုန်း။

ထိုအခြင်းအရာများ ရိပ်စားမိသော ...မုဆိုးများမှာ အိုက်ရှုတ်အိမ်ပတ် ...လည်တွင် တိတ်တဆိတ်နေရာယူ ...နှင့်ကြပြီ။

မဲလုံးသည်အသားစိမ်းနံ့ရသည်နှင့် ...တ်ရှုတ်ရှိရာဘက်သို့ အမြီးတယမ်း ...မ်းဖြင့် ကူးလာချေသည်၊ ပြီးလျှင် ...တ်ရှုတ်ဘေး ဖရိုဖရဲချထားသည့် ...င်းထဲမှ ချေသားတွဲများကိုဆွဲစားရန် ...တ်ရှုတ်ကိုယ်ပေါ်သို့ရှေ့ခြေနှစ်ချောင်း ...ခ်ထားလိုက်သည်။

အိုက်ရှုတ်သည် အချိန်ခြောက် ...ခံကျော်စီးသည့်အဆိုပါဝက်တောင်း ...၏အလေးချိန်ကြောင့် "အင့်ခနဲ" ဟု ...တစ်ချက်မျှအော်လိုက်ပြီး လူးလွန့် ...င်လှုပ်နိုင်တော့။

နောက်ဆုံးထွက်သက်အဖြစ် "ရှူး ...အသံသာကြားရပြီးလောကကြီးနှင့် ...ဆက်ပြတ်ကာ ငြိမ်သက်သွားပါ ...သည်။

"ဖုတ်ဝင်သည်" ဝက်တောင်းကြီး ...ည် အိုက်ရှုတ်ဘေးရှိ ချေသားတွဲများ ...ခ်ပြုန်းပြေ ဆွဲယူစားသောက်လိုက် ...ည်၊ အဝမှီပြီး ဖုတ်ဝင်နေသည့် မဲလုံး ...ချေသားလောက်နှင့်မတင်းတိမ်နိုင် တော့၊နူးညံ့ပျော့ပျောင်းပြီးဘယ်အသား နှင့်မျှ အစားမထိုးနိုင်အောင် လူ့အသွေး အသားအပေါ် ခံတွင်းတွေ့နေသည့် မဲလုံးသည်မိမိခြေထောက်အောက်တွင် အသက်ပျောက်နေသည့်အိုက်ရှုတ်အား သွားကြီးများပြီး ချွန်ထက်လှသည့် တန်စွယ်ဖြင့်ထိုးကာလော်ပြီးလျှင်တစ်စစီဆွဲ ဖွဲ့ဝါးမျိုပါတော့သည်။

ထိုအခြင်းအရာအပေါ်တဒင်္ဂပတန် မှင်တက်မိနေသော မုဆိုးတို့သည်သည် တော့မှပင် အသိဝင်လာကာ "ဖစ်" တု သံပြိုင်ဟစ်ကြွေးကြပြီး အဆိုပါ ဝက် တောင်းကြီးအား တူမီးသေနတ်၊ ဓားလေး မြား၊ ဓားလှံတို့ဖြင့် တရစပ် ပစ်ခတ်ထိုး နှတ်ကြတော့သည်။

သေနတ်သံကြားကြားချင်းတဲတွင်း ဝယ် အိပ်မောကျနေကြသည့် အိုက် ကျော်တို့လင်မယားမှာလည်း မဆင် မခြင်နှင့်ပစ်ကွင်းရှေ့သို့အိပ်မှုန်စုံမွှားဖြင့် ပြေးထွက်လာကြသည်။

တူမီးသေနတ်ကိုင် မုဆိုးသုံးဦး၏ ယမ်းထောင်းကျည်ဆန်တို့သည် ဖုတ် ဝင်နေသည့်မဲလုံးအားလည်းကောင်း အိုက်ကျော်တို့လင်မယားအားလည်း ကောင်း အသီးသီး ထိမှန်စေ၏။

www.burmeseclassic.com

ထိုမျှမက မှောင်မှောင်စမ်းစမ်း ရမ်းသမ်းပစ်လိုက်သည့်ဒူးလေးသမားတို့၏ မြားချက်များကလည်း ဖုတ်ဝင်ကောင်နှင့်လူသားနှစ်ဦးတို့သို့ ကဲ့ခရွာ စိုက်ဝင်ကြလေ၏။

သေနတ်သံနှင့် ယမ်းခိုးယမ်းငွေ့တို့ကြောင့်အက်ရာရဝက်ကောင်သည်သေသေဖြစ်ဖြင့် ထိုယမ်းငွေ့များ လာရာဘက်သို့အလျှင်အမြန်ပင်ဦးလှည့်လိုက်ပြီးနီးရာမုဆိုးတစ်ဦးအား ဝါးလုံးထိုးပက်လိုက်တော့သည်။

ဝတ်ဗတ်ခံလိုက်ရသည့် တူမီးကိုင်မုဆိုးသည် ရှောင်ရှိန်ပင် မရနိုင်ချေပဲ နေရာမှာတင် အူအတွေးလိုက်ပွင့်ပြီး သေပွဲဝင်ရရှာတော့၏။

ဖုတ်ဝင်နေသည့် ဝက်တောင်းကြီး "ခဲလုံး"သည်လည်း သေနတ်ဒဏ်၊ မြားဒဏ်ကြောင့် မာန်ဖွယ်ကျိုးကာ မြေသို့ဝပ်လျှိုးရင်း ဟီးခနဲ သံပြင်းရှ နာမှုတ်ပြီး လျှင် ဖီဝိန်ချုပ်လေတော့၏။

ဆူသံ၊ ညံသံ၊ သေနတ်သံများ ချုပ်ငြိမ်းအပြီးတွင် နန်းခမ်းဝါသည် နာတာရှည်ဖြစ်နေရာမှ အားယူပြီးထလိုက်သည်။ ပြီးလျှင် – အသံကြားရာ အိမ်အပြင်ဘက်သို့တံ့နေးသည့်ခြေလှမ်းဖြင့် တစ်လှမ်းချင်း ထွက်လာပါသည်။ သူ[...]
သည် သစ်ရွက်ခြောက်တို့ဖြင့် ရှုပ်ပွနေ[...]
သည့်အိမ်ရှေ့မြေပြင်တွင် ပိုးစိုးပက်စ[...]
မှောက်လျက်သား အသက်မဲ့နေပြီဖြ[...]
သည့်မိဘနှစ်ပါး၏အဖြစ်ဆိုးအားမထင်[...]
မရှားလရောင်အောက်တွင် မြင်လိုက်ရ[...]
တော့သည်။

"အို – "မယ့်"ရေ – "ပေ့ါ"ရေ (အ[...]
ရေ၊ အဖေရေ) အဖြစ်ဆိုးလှချည်လာ[...]
"လုယိမ်း" (သမီး) အတွက်နဲ့ အဖေ[...]
အဖေတို့ အသေခံလိုက်ရပါလား – ဟီး[...]
ဟီး – ဟီး"

နန်းခမ်းဝါသည် မိမိရှေ့တွင် သေ[...]
ဝင်နေရှာသည့် မိဘနှစ်ပါးအား တော်[...]
ရင်း သတိလစ်သွားရှာတော့၏။

သည်တော့မှပင် မုဆိုးတို့သည်[...]
ဘာလုပ်၍ ဘာကိုင်ရမှန်းမသိပဲ သော[...]
အအဖြင့် နန်းခမ်းဝါအား ပွေ့ထားလိုက်[...]
လေ၏။

ယင်းသို့ ပစ်ကြ၊ ခတ်ကြနှင့် အသ[...]
ဖြစ်ပွားပြီး မကြာခင်မှာပင် သုံးဦးသေ[...]
မိန်းမတို့သည် နန်းခမ်းဝါအိမ်ရှိရာ[...]
ခြေထောက်မှာ စက်တပ်ထားသည်[...]
အလား မျက်ကလူးဆန်ပျာ ရောက်[...]
ကြချေ၏။ သူတို့သည် မိမိတို့ ရှေ့[...]

[...]ဘ်ဝါးထင်ထင်မြင်လိုက်ရသည့်အဖြစ်
[...]ကြောင့် ပါးစပ်အဟောင်းသား ဖြစ်
[...]ကြတော့သည်။

"အင်း – ဗမာဇာတ်ပွဲထဲက ပြော
[...]လို၊ ဘာတဲ့ "အသွားစေနိုင်းသူ မင်း
[...]ရာဇ်၊ လေးပစ်သူ ကျွန်တော်မျိုး" ဆို
[...]လိုဖြစ်နေပါပကောလား။ မအပ်မရာ
[...]နိုင်းစံရလို့ လုပ်ပေးလိုက်ရတဲ့ ထို
[...]ငွဲလက်သည်" သုံးယောက်လည်း
[...]သေ ဘမသိနဲ့ ဒီဇာတ်ရှုပ်ထဲ ပါလိုက်
[...]၊ အင်း – "ပြုသူ အသစ်၊ ဖြစ်သူ
[...]ဟောင်း" တဲ့၊ "အိလှ" တို့ရေ – နင်တို့
[...]မှာပဲ အရှင်လတ်လတ် ဝဋ်လည်
[...]လားကွယ်၊ သည်ဝဋ်ကြွေးသံသရာ
[...]ဒီဘဝ ဒီမျှနဲ့ပဲ အဆုံးသတ်လိုက်ပါ
[...]တော့ကွယ်"

ထိုသုံးဦးထဲမှ ပထမမိန်းမတ ဆို နှင့်ကြေကွဲစွာ ဆိုလိုက်သည်။ ကျန်မိန်းမနှစ်ဦးမှာကား စကားပင် မဆိုနိုင်ပဲ မျက်ရည်တွေတွေစီးကျရင်း ငုတ်တုတ်မေ့နေကြ၏။

နှစ်ပရိစ္ဆေဒများစွာပင် ကြာမြင့်ခဲ့ချေပြီ။

လဆုပ်ပက္ခ၊ လမိုက်ညရောက်လေတိုင်း "ဖုတ်ဝင်သည်" ဝက်သိုး၊ ဝက်တောင်းကြီးကိုစီးလာသည့်ကလေးသရဲတစ်ဦးအား ရင်တုန်ချောက်ချားဖွယ်မြင်နေရတတ်ကြောင်း ဒဏ္ဍာရီတစ်ပုဒ်လိုသည်တောင်ခြေရွာကလေးတွင် ယနေ့ထက်တိုင် ပြောစမှတ်ပြုနေကြဆဲဝင်ဖြစ်ချေတော့သည်။

⇨ ဦးရော့

**ခြေလက် သေသော်**

ရင်းပြား၊ ဇာတိပ္ပိုလ်၊ လေးညှင်း၊ ပရုတ်၊
လေးပဲတားစီ အမှုန့်ပြု၊
နမ်းဆီ၊ အရက်နှင့် ရော၍လိမ်း။






www.burmeseclassic.com

www.burmeseclassic.com

## ဒဂုန်ရွှေမျှား

### ဝိညာဉ်လောက ဝတ္ထုတိုများ






www.burmeseclassic.com

**ခေတ်မီလှပ** သစ်လွင်နေသော တိုက်ကြီး၏အတွင်းပိုင်း၊ ထမင်းစားခန်း မှစားပွဲပေါ်တွင် ထမင်းနှင့် ဟင်းပန်းကန်များက အုပ်ဆောင်းကြီးနှင့် အုပ်ထားပြီး တစ်ခြမ်းမှာ ရေခဲဘူး၊ ဖန်ခွက်အလွတ်နှစ်လုံး၊ အမြည်းနှစ်မျိုးနှင့် ပန်းကန်နှစ်ချပ်၊ အချိုရည်ပုလင်း၊ လေးထောင့်ပုလင်းတစ်လုံး၊ အရောင်က အဝါရောင်၊ အရည်များက တစ်ဝက်မျှလျော့နည်းနေသည်။ ရေခဲတုံးကလေးများပေါ်၌နှစ်မျိုး ထုတ်လိုက်သည်။ မီးခိုးအမျှင်တန်းတို့က ဝေ့ဝေ့ဝဲဝဲနှင့်လေသင့်နေသောအပေါက်ဝဘက်ကိုလွင့်ပျံသွားသည်။ မီးခိုးငွေ့များကို ကြည့်နေမိသော လှိုင်သန်း၏မျက်လုံးထဲတွင် မှေးမှေးမှုန်မှုန်ကလေးမှ ပီပြင်ပြင် မြင်လာရသည်မှာ အခြယ်အသတို့နှင့် မွှေးပျံ့သော ရန့်သင်းသင်း၊ သစ်လွင်တောက်ပသော အဝတ်အစားများနှင့် မေသင်းခိုင်၊ ထိုပုံရိပ်ကြောင့်၊

ဦးဝိစာရအဝိုင်းကြီးကို မရောက်မီ

အရွယ်ချင်း ကွာဟသည့်

မမကြီးနှင့် မောင်လေးအရွယ် အိမ်ထောင်ပြုသောအခါ

ဖောက်ပြန်ပြောင်းလဲတတ်သည့် လူ့သဘာဝအတိုင်း ..

စ်ထားသောအရည်ထည့်သည့်ဖန်ခွက်ကလေးကိုလက်တစ်ဖက်ကယူလိုက်ပြီး နှုတ်ခမ်းဝတွင် တေ့ပြီးပင့်မြှောက်၍မော့လိုက်သည်။

"ဟား ..."

ဖန်ခွက်ပြန်ချရင်းနှုတ်မှအသံထွက်သွားသည်။ လက်တစ်ဖက်တွင် မီးညှိ၍ ကိုင်ထားသော စီးကရက်ကို ဖွာရှိုက်လိုက်ပြီး မီးခိုးများကို ခပ်ဖြည်းဖြည်းမှုတ် သစ်ပင်ရိပ်နှင့် အုတ်ခုံပေါ်တွင် ထိုင်ရင်း စီးကရက်ဖွာ၍ အရှေ့အနောက် တောင်မြောက်တို့ကို မောင်းနှင်ပြေးလွှားနေသော ကားမျိုးစုံကို တငေးတမော ကြည့်နေသူက လှိုင်သန်း၊ ရန်ကုန်မြို့ ရှပ်ထွေးများပြားလှသော ကားတို့ကို မမြင်ဘူး၍ ကြည့်နေမိခြင်း မဟုတ်ပေ။ လူနှင့်မကပ်သောစိတ်၏ လွင့်ပျံနေမှုကြောင့် ဖြစ်သည်။

"ကျွီ - ရှပ် - ရှပ်"

အသံနှင့်အတူ ကားအကောင်းစားကြီးက လှိုင်သန်း၏ရှေ့နားကျကျပလက်ဖောင်းဘေးကို ကပ်၍ ရပ်သွားသည်။ လှိုင်သန်းက တစ်ချက်တွန့်သွားပြီး တစ်ခြမ်းပြီး ထိုးရပ်သွားခြင်းဖြစ်မှန်းကို သိလိုက်သည်။ ကားကြီးကို လှမ်းကြည့်လိုက်ရာ မောင်းသူဘက်အခြမ်းမှ မှန်ကို၍ ခေါင်းထုတ်ပြီး ကြည့်လိုက်သည့် အမျိုးသမီးကြီး၊ လှိုင်သန်း၏အကြည့်နှင့် ဆုံသွားပြီး အကူအညီတောင်းလို၊ လူကို ရှာနေပြီး စူးစမ်းအကဲခတ်မှုအကြည့်များ ဖြစ်သည်၊ အမျိုးသမီးကြီး မြင်လိုက်ရသည့်လှိုင်သန်းက အသားအရည်ဖြူဖြူ သွယ်သွယ်၊ ကြည့်ပျော်ရှုပျော်ရှိသော မျက်နှာ၊ ရှင်းရှင်းသန့်သန့်နှင့် ရှပ်အဖြူ အင်္ကျီလက်တိုကို ခေါင်းတုံး၊ ပုဆိုးကွက်စိပ်၊ ခြေ ညှပ်ဖိနပ်စီးထားပြီး ကတ္တီပါဖိနပ်စီးထားခြင်းတို့ ဖြစ်သည်။

"ဒီ - ဒီမှာ မောင်လေး - မမ ကား ... နေရင်း ရပ်သွားလို့ ကြည့်တတ် ... - ဟင်"

"ခြော် - ဟုတ်ကဲ့ - ကြည့်ပေးပါ့ ..."

လှိုင်သန်းက ထိုင်နေရာမှထပြီး ရပ်သည့်ကားကြီး၏ခေါင်းပိုင်းတွင် ရပ်လိုက်သည်။ ကားအတွင်းမှ အမျိုးသမီးကြီး၏ လက်လှုပ်ရှားမှုနှင့် ကားခေါင်းအဖုံးက ပွင့်သွားသည်။ လှိုင်သန်းက စက်ပိုင်းကို ကြည့်ပြီး -

"ဓာတ်ဆီတစ်စက်မှ မရှိဘူး"

"ဟင်"

"ဟို - ထိပ်နားမှာ ဂျာနယ်ဆွေရောင်းတဲ့ဘေးက ကွမ်းယာဆိုင်မှာ ဆီရပါတယ်"

"အဲ - အဲဒါ"

"ကျွန်တော် သွားဝယ်ပြီး ထည့်ပေးရမလား - ယုံကြည်ရင်တော့"

"ကူညီပါလား - ကျေးဇူးပါ"

ကားပေါ်မှ အမျိုးသမီးကြီးက ဆင်းလာပြီး ပိုက်ဆံအိတ်အကြီးကြီးကိုဖွင့်၍ အထဲမှ အထပ်လိုက်ရှိသော ငွေစက္ကူများထဲမှ ထောင်တန်တစ်ထပ်ကို လှမ်းပေးသည်။ လှိုင်သန်းက တစ်ထောင်တန် ငါးရွက်ကိုယူပြီး ကျန်သည့်အထပ်လိုက်ကို အမျိုးသမီးကြီး၏လက်ထဲကို ပြန်ထည့်ပေးပြီး ထွက်သွားသည်။

ကားထဲကို ဆီထည့်ပေးပြီး နောက်ကိုဆုတ်၍ -

"မောင်းကြည့်ပါ - ဆီပျောက်နေ ... ပျောက်တော့ သိအောင်လေ့လာထားပါ"

www.burmeseclassic.com

"အင်း - ကျေးဇူးပါ၊ ဒရိုင်ဘာက အခြေအနေမကောင်းလို့ ကိုယ်တိုင် မောင်းလာတာ၊ ဆီကို မကြည့်လိုက်မိဘူး။ မမ - မင်းကို"

"နေ - နေ - ကျေးဇူးတင်ပါတယ်နဲ့ လုံလောက်ပါတယ်"

"အဲဒီလိုမဟုတ်ပါဘူး။ ဗဟာန်းက ဆိုင်မှာ တစ်ခုခုလိုက်စားပါ၊ မမလည်း မနက်ကတည်းက ဘာမှမစားရသေးဘူး"

လှိုင်သန်းကငြင်းချင်ပေမယ့်ညက နှင့်သခုမနက်ထိ အစာအိမ်ထဲမှာ ဘာမှ မရှိနေတော့။

"တို - အဲဒါဆိုရင် မမ ဟိုဘက်တိုးပါ။ ကျွန်တော် မောင်းပါရစေ"

စားပွဲဝိုင်းတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်မိပြီး စားစရာများကို မှာလိုက်ပြီး လှိုင်သန်းက လှိုင်သန်းဖြစ်ကြောင်းနှင့် တားစက်ပြင်ဘော်ဒီထု၊ ဆေးမှုတ် လုပ်ငန်းလုပ်သည့် ဦးလေးထံတွင် လုပ်ကိုင်နေရင်းမှ ဦးလေးဖြစ်သူ ဆုံးသွားပြီး ဦးလေး၏ဇနီးက နောက်အိမ်ထောင်ပြုပြီးလုပ်ငန်းကိစ္စများအတွက် ခွဲဝေပေးရသည်။ ထို့ကြောင့် အဆင်မပြေဖြစ်ပြီး အလုပ်ရှာ၊ နေစရာပါ ရှာရင်း ထိုင်နေမိကြောင်းတို့ကို ပြောပြလိုက်သည်၊ စားစရာများ ရောက်လာပြီး စားရင်းမှ ဒေါ်မေသင်းနိုင်ကလည်း သူကမေသင်းနိုင်ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင်ဖြစ်ပြီး ဒရိုင်ဘာက အရက်သောက်တတ်၍ စိတ်တိုင်းမကျဖြစ်ရကြောင်းကို ပြောပြပြီး -

"အဟင်း - မမအတွက်များရောက်လာတဲ့ အသင့်ဖြစ်တာလား"

စားသောက်ဆိုင်မှအထွက်တွင် ဒေါ်မေသင်းနိုင်၏ ဒရိုင်ဘာအသစ် လှိုင်သန်းက ကားကိုမောင်း၍ ခေတ်မီသစ်လွင်သော ဒေါ်မေသင်းနိုင်၏ တိုက်ကို ရောက်ခဲ့ရသည်။

ဒေါ်မေသင်းနိုင်က လုပ်ငန်းအောင်မြင်နေသော စီးပွားရေးအရသာ ဒေါ်တတ်ခေါ်ရပေမယ့် အသက်လေးဆယ် မစွန်းသေးသောအပျိုကြီး၊ မိဘများ မရှိကြတော့ပဲ ရပ်ဆွေရပ်မျိုး ဒေါ်ခင်မှုနှင့်ဦးဘိုမောင်တို့နှင့်သာအတူ နေထိုင်သူ၊ ရှာသမျှစီးပွား ရသမျှငွေ ကြေးတို့ကအလျှံပယ်၊ မေသင်းနိုင်လုပ်ငန်းရှင် ဒေါ်မေသင်းနိုင်ကို အကောင်းပြောလိုက်ရရ၊ တစ်ဝက်တစ်ခြမ်းပဲရရလို့ချင် သူတွေက ဝိုင်းဝိုင်းလည်း။ ဒါပေမဲ့ ဒေါ်မေသင်းနိုင်၏ရင်ကိုလှုပ်ခတ်နိုင်သူ ဝန်းကျင်တွင် တစ်ယောက်မှ မပါ။ ကြေးချမ်းသာမှု၊ ဘွဲ့ဒီဂရီ၊ ရာထူး၊ လုပ်ငန်းကြီးဆိုသည်များက ရင်ဘတ်ထဲကို မရောက်ပါ။ ဒါပေမဲ့ - ယခုတော့လှုပ်ခတ်မှု တစ်ခုတော့ ဖြစ်ပေါ်လာသည်။ နှလုံးသားဆိုသည်ကလည်းအခက်သားလား စိတ်တိုင်း မရနိုင်ပါ။

"မမ - ဒီနေ့ လမ်းမတော်က တိုက်ခန်းတွေအတွက် ငွေချေမယ်ဆိုတာ ပိုင်ခန်းအလွတ် ချန်ဖို့ရယ်၊ ရုံးခန်းက ကျောမှာလား၊ ဒီက တစ်ခါတည်း သွားမှာ လား ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဟယ် - တော်ပါသေးရဲ့၊ ကိုလှိုင် သတိပေးလို့ပဲ။ ပဲခူးက သမအဆောက်အအုံ အုတ်မြစ်ချဖို့တ်ထားတာ သွားရမှာ - ကိုလှိုင်ရေ - မမ ဖုန်းဆက်ပေးမယ်၊ မလိုက်နိုင်ကြောင်း"

အဲဒီလိုမျိုးတွေက လှိုင်သန်းအဖို့ မှတ်တွေ တိုးရတာ။ ပဲခူးကို မရမက သွားတာ လုပ်ငန်းတူ မုဆိုးဖို ဦးနေဒွန်း။ အောင့်ပြောင်းပေးမဟုတ်။ ပိုက်ချမ်းချုံနေသူ၊ အပြင်မှာ အသေးများတွေက ပွစိထိုးလို့၊ ဒါတောင် မေသင်းနိုင်ကို လက်ရှိတ်ချင်သေး တဲ့။

"ဟဲ - ဟဲ - ကိုလှိုင်ရေ - အဆာပြေ ကြိုးရှာအောင်၊ ရုံးမှာမန်နေဂျာဦးစော လင်းလည်း ဓရိုဘုန္း အထွေးဓမ္မစာ မိရွှေစင်က သူ့အချိုဘာနဲ့ တွေ့ဖြစ်ပြ ပုသိမ်ကို သွားတယ်။ မမနဲ့ ကိုလှိုင်ပဲ လိုက်ခဲ့ပါ၊ အဝတ်အစားတော့ လဲဦး"

"ကျွန်တော် ကားမောင်းတာ၊ ဒါနဲ့ မရဘူးလား"

"အြော် - ကားမောင်းရုံတင်မဟုတ် ဘူး ရှင့် - တဲ့"

သည်တော့လည်းလှိုင်သန်းတာသူ့ကို ဦးနေဒွန်းတို့၊ ဦးမြင့်မောင်တို့ထက် နေရာပေးမှန်းကိုသိလိုက်သည်။ ရောက်လာသည် အသင့်ဟုပြောခဲ့သည့် ဒေါ်မေသင်းနိုင်ရဲ့ စကား၊ ရေမြင့်၍ ကြာတင့်ရမှာက လှိုင်သန်း၊ ဆိုင်းအချိုးနှင့် ကကြိုးတို့ ကတတ်ရန်က လှိုင်သန်း၏ ကြိုးစားမှု၊ ခုနက လှုပ်နေမှုတော့ မြင်းက တဆုန် စိုင်းရန်ပဲ လိုသည်။

⅄ ⅄ ⅄

တရားရုံးမှာ အသိသက်သေလေး ယောက်နှင့် လက်ထပ်လက်မှတ်ထိုး၍ ခြံဝန်းထဲတွင်ပင်အကျဉ်းချုံးညစာစားပွဲလုပ်သည့် မင်္ဂလာဆောင်တွင် သတို့သား ကိုလှိုင်သန်း (နိုင်ငံခြားသဘောင်္သား)၊ မမေသင်းနိုင် (နိုင်မြန်မာဆောက်လုပ်

www.burmeseclassic.com

ရေး) ညည့်ပရိသတ်စုံသည်။ လက်မခံဘူး ဆိုသည့် မင်္ဂလာလက်ဖွဲ့၊ မေတ္တာလက် ဆောင်တွေက ညည့်ခန်း၏ထောင့်တွင် အပုံလိုက်၊ ညည့်ခံရသည်မှာလည်း ယခေတ်အစုံ မှုကြ၊ မြူးကြ၏။ လုပ်ငန်း ရှင်အတော်များများက လက်ဆွဲနှုတ် ဆက်ကြသည်။ ဦးနေခွန်းလို ပုဂ္ဂိုလ်မျိုး သုံးလေးယောက်က လွှတ်သည့်ပါးကြီး နေကြသည်။ ဒေါ်မေသင်းနိုင်က နုနုရွရွ လှလှပပနှင့် ဆယ်ကျော်သက်ကလေး မေသင်းနိုင်ဖြစ်ပြီး အကောင်းစား သောင်းဘီ၊ ကုတ်နှင့် လည်စီးအရောင် လှလှလေးမှာ စိန်တန်းရင်ထိုးနှင့် လှိုင် သန်းတို့လက်ချင်းချိတ်လို့။ တးပွဲဝိုင်းကူ ပြီး ညည့်ခံလို့ မမောနိုင်သူ့ အပြုံးမြမြနှင့် မေသင်းနိုင်။

⁂

အတွေ့ထူးလို့ မှူးမှူးမေ့မေ့ဖြစ်ရသူ တချစ်မိသည့် မေသင်းနိုင် (ဒေါ်မေသင်း နိုင်) အပျော်တွေနှင့် ကျန်ခဲ့သည့်ဖြစ်ရပ် တောင်းတို့ကို မေ့သွားသူက လှိုင်သန်း၊ နေ့ချင်းညချင်း ရွှေဘုံပေါ် ရောက်သည့် အတွက် ကားကို ကိုယ်တိုင်မောင်း၍ ထင်းရှဲခြင်းမှ လွတ်မြောက်မှုအပန်းဖြေ၊ စားသောက်ဆိုင်ကြီးကြီးမားမားများကို ဝင်၊ မိတ်ဆွေအပေါင်းအသင်းတိုးလို့၊ ဦးလှိုင်သန်း၊ ဘော့(စ်) နိုင်ငြိမ်းဇာ ဆောက်လုပ်ရေးပိုင်ရှင်ဟူ၍ သောများ လည်းအသိုင်းအဝန်းများတိုးလာသည်။ လူ့သဘာဝအတိုင်း လှိုင်သန်းထံ ယောက်ချမ်းသာခြင်းအင်္ဂါပီလာသည်။ ဒေါ်မေသင်းနိုင်ကို ရှုံးလိုက်ပိုခြင်းနှင့် တစ်ခါတရံလုပ်ငန်းရှိရာကိုလိုက်ပို့ခြင်း ပဲရှိပြီး ကျန်အချိန်တော်တော်များများ ပိုလျှံနေသည်။ အပိုချိန်ကို အသုံးချရန် လှိုင်သန်းတွင် ကားနှင့်ငွေရှိသည်။

အချိုရှာ၍ သကာတွေ့သည်က ချို ခြသတ်၏ အညီကို ယင်အုံခြင်းတပ တွယ်သည်က သဘာဝပင်။ လှိုင်သန်း တစ်ယောက် စန်းမိုမိုသိမ့်နှင့် တွေ့ကြ ရင်းနီးလိုက်မိသည်။ အသက်က ငယ်၊ အသားအရည်က စိုစိုဝင်းဝင်း ကောက်ကြောင်းတွေက နိုင်နိုင်နင်းနင်း ရင်လှိုက်ဖိုစရာ၊ အညာအရောက လှိုင် သန်းတစ်ယောက် သွားတွေအပြည့် လို့ ခေါင်းတညိတ်ညိတ် ဖြစ်ရသည်။

ဒေါ်မေသင်းနိုင်က ချစ်တာပဲ သည်။ လှိုင်သန်းက သူ့အနားတွင် လျှင် ပြီး၏။ ဘယ်လောက်သုံးသုံး လျှင် ထပ်ပေးသည်။



"ကိုလှိုင် - မမရှေ့တစ်ပတ်မန္တလေး ကိုတက်ရမယ်၊ ငါးရက်လောက်ကြာ မယ်"

"ဟာ - အတော်ပဲမမရယ်၊ မန္တလေး ဆက်ဖူးချင်တာနဲ့"

"ဪ - ကွယ် - ကိုလှိုင်လိုက်လို့ ဘူး၊ အဖွဲ့က အမျိုးသမီးတွေပဲ၊ လုပ် ဆွေးနွေးပြီး လုပ်ဖြစ်၊ မလုပ်ဖြစ် ဆုံး တ်မှာ"

လှိုင်သန်းက ဘာမှဆက်မပြော တော့ပဲ ငြိမ်နေလိုက်သည်၊ ဒါကို မေသင်းနိုင်က လင်တော်မောင်ကို ရေလသည်၊ မေသင်းနိုင်တို့က နှစ် ဆက်တည်း သွားချင်လိုက်သည်မှာ ပြုံးနေသေးသည်။ ဒါကိုလည်း သန်းကသိသမျှဟိုဘက်ကိုလွှန်နေ သည်၊ အခုတော့ ပေါ်တည်တည်နှင့် နေလိုက်သည်၊ ဒေါ်မေသင်းနိုင်က နှင့် မန္တလေးကို သွားသည်၊ သန်းကလည်း စန်းမိုမိုသိမ့်နှင့် သွား သည်။

"အစ်ကိုလှိုင် - မိုသိမ့်က ဒီလိုပဲနေ ရမှာလား၊ အတူနေချင်ပြီလေ"

"မိုသိမ့်လေးရယ် - အစ်ကိုလှိုင် အတူနေချင်တာပေါ့၊ ခဏလေး စောင့်ပါဦး၊ အစ်ကိုလုပ်မဲ့အလုပ်တ ပြီးတော့မယ်"

"အဟင့် - သိပ်ကြာတာပဲ၊ မနှုတ် ဖြန်လား - ဟင် - ဟင်လို့"

စန်းမိုမိုသိမ့်၏အပြောကလှိုင်သန်း ၏ရင်ကို လှုပ်သွားရသည်၊ အတွေးစုံက ခေါင်းထဲကို ဝင်လာသည်၊ အမြန်ဆုံး အကောင်အထည်ဖော်မှဟုလည်း ဆုံး ဖြတ်လိုက်သည်။

ဒေါ်မေသင်းနိုင် မန္တလေးမှ ပြန်လာ သည်၊ အလုပ်ကဖြစ်ပေမယ့် လင်တော် မောင်နှင့် ခွဲနေရမည်က လရှိမည်ဖြစ်၍ မလုပ်တော့ဟု ဆုံးဖြတ်ကြောင်း လှိုင်သန်းကို ပြောပြသည်။

"ဟာ - မမကလဲ - ကျွန်တော်လိုက် နေမယ်၊ တတ်နိုင်တာလည်း ကူလုပ်မှာ ပေါ့"

"အဟင် - ကိုလှိုင် ပင်ပန်းမှာပေါ့၊ အလုပ်သမားကိုနိုင်းပေမယ့် အဖွဲ့လိုက် လုပ်တာဆိုတော့ ပြန်တိုင်ပင်ညှိနှိုင်း သဘောတူညီချက်တွေနဲ့၊ ဟာ - မဖြစ် ပါဘူးကွယ်"

"မမက ကျွန်တော်လည်း လုပ်ငန်း သဘောကို အနည်းအကျဉ်း နားလည် နေပါပြီ၊ မမ သက်သာတာပေါ့၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်လုပ်ပေးလို့ရတော့လည်းတိုးလာတာပေါ့"

"ဟင့်အင်းကွာ - ကိုလှိုင် အလုပ်မလုပ်ရပါဘူး။ မမှာ ရှိတာတွေပဲ သုံးစမ်းပါ - နော် - ကိုလှိုင်"

မေတ္တာပြည့်သော ချစ်တတ်သူ၏ စေတနာအဖြူရောင်ကို လှိုင်သန်းက စန်းမိုမိုသိမ့်တွယ်နေသဖြင့် မမြင်တတ်၊ မကြည့်တတ်ပေ။

"တိုလှိုင်ကလဲ - မမှာရှိတာတွေ သုံးပါ။ တို့အရင်ကတော့ ရှာသာ ရှာတယ်၊ သုံးရတာ ပေါ့ပေါ့လေး၊ အခု ကိုလှိုင် သုံး၊ မမက ရှာ ဘယ်လောက်လေးနက်သလဲ"

လှိုင်သန်းကတော့ မရွယ်ပဲတော်ကဲခင်းဖြစ်ကိန်း၊ အသက် (၁၄) နှစ်ကျော်သော ဒေါ်မေသင်းနိုင်က စည်းစိမ်ဥစ္စာ၊ ထိုက်မြဲတို့ကို လှိုင်သန်း၏အမည်နှင့် လွှဲပြောင်းစာချုပ် ချုပ်လိုက်သည်။ ရှေ့နေများ၊ လူကြီးများနှင့် တရားဝင်ဖြစ်သည်။ ဦးဘိုမောင်နှင့် ဒေါ်ခင်မွှံတို့က တစ်ခွန်းမှ ဝင်မပြောကြပေ။ ထိုညက အပေါ်ထပ်မှ လှိုင်သန်းနှင့် ဒေါ်မေသင်းနိုင်တို့၏ အိပ်ခန်းထဲတွင် ကြည်နူးသံတွေက ဝေစီနေသည်။ တစ်ရေးနိုးတော့ လှိုင်သန်းက နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဒေါ်မေသင်းနိုင်ကို ကြည့်ပြီး ပြုံးလိုက်သည်။

နံနက်လင်းတော့ အခါတိုင်း နိုးနေကျအချိန်တွင် အိပ်ရာမှ နိုးလာသည် ဒေါ်မေသင်းနိုင်က နှစ်နှစ်ခြိုက်ခြိုက်ကြီး ခြေပစ်လက်ပစ်အိပ်ပျော်နေသေးသော လှိုင်သန်းကိုကြည့်ပြီး အရုက်တစ်ဝ နှင့်ပြုံးလိုက်လေသည်။ အောက်ထပ် ဆင်း၍ ဒေါ်ခင်မွှံနှင့် ဦးဘိုမောင်တို့ မှာစရာရှိသည်များ မှာထားပြီး ရေချိုး အလှပြင်၍စားသောက်ပြီး စာကြည့် ထဲတွင်လုပ်ငန်းအတွက်စာရွက်စာတမ်း များကိုကြည့်နေစဉ် နောက်မှ သိမ်းကြ ဖက်လိုက်သဖြင့် အသံထွက်အောင် ရယ်လိုက်ပြီး -

"အဟင်း - ကိုလှိုင် - ရေချိုး တစ်ခုခုစားပြီး မမကို အင်းစိန်က နေ စက်ဆောက်နေတဲ့နေရာကို လိုက်ပို့ နေလယ်စာ အပြင်မှာ စားမယ်နော်"

"ဟုတ်ပါပြီ - မမချစ်ရယ်"

"အဟင်း - ဟင်း - ဟင်း"

ဦးဘိုမောင်နှင့် ဒေါ်ခင်မွှံတို့က နှင့်မယားတို့၏ကြည်ကြည်နူးနူး ကြသည်ကိုကြည့်ပြီး ဝမ်းသာ ည်။ဟုတ်သည်ပဲပေါ့လေ၊အိမ်ထောင် နှစ်နှစ်ကျော် သုံးနှစ်အတွင်းတွင် ကြိမ်တစ်ခါမှ ရှုပုကြိမ်းမောင်းစိတ် တတ်စိတ်ဆိုးခြင်းမျိုး မရှိခဲ့၊ မမြင် ခဲ့ကြ၍ စိတ်ချမ်းသာခဲ့ကြသည်။ မေသင်းနိုင်ကလည်း မှုန့်ခဲ့နေခြင်း တ်ပါပဲ၊ ချစ်ခင်ယုံကြည်မှုမျိုး၊ တစ် ၏ရံတွင်တော့ လှိုင်သန်းတစ် တ်ထဲနေလျှင် အသိရခက်သော အထားမျိုးပဲ၊ ဘယ်သူကိုမှလည်း မပြောပဲ နေတတ်သည်၊ စားချင် ည်း စားသည်၊ အပြင်တော့ ထွက် ည်၊ ဦးဘိုမောင်နှင့် ဒေါ်ခင်မွှံတို့က နေရသူများဖြစ်၍ ထိုမျှလောက် သာ သည်ကိုပဲ ဝမ်းသာပီတိ ဖြစ်ကြရ ည်။

စန်းမို့မို့သိမ့်က ပီတိတွေနှင့် သန်း၏လည်ပင်းကို ဖက်တွယ်ပြီး လှဲသံနှင့် -

"အစ်ကိုလှိုင် - မို့သိမ့်တို့ နိုးရတော့ ပြီ၊ အဟင်း - မြန်မြန်နော်"

"စိတ်ချ - မို့သိမ့်ကို အစ်ကိုလည်း သွား၊ အမြန်ကြီးစားပါ့မယ်"

တွေ့နေကျအခန်းက လုံခြုံတော့ ယ်စွာနှင့်နေကြသည်၊ လှိုင်သန်း မို့၏ကိုယ်လုံးအလှကို အကွယ် အကာအဖုံးအအုပ်မပါပဲ ကြည့်ရသည်ကို ဘယ်တော့မှ မရိုးနိုင်၊ မော်ဒယ်စားသောက်ဆိုင် အဆိုတော်ဘဝတွင် ကျင်လည်နေသော စန်းမို့မို့သိမ့်က လှိုင်သန်းပို၍စွဲမက်အောင် ပြုနိုင်သည်။

▲▲▲

နံနက်အိပ်ရာမှ နိုးစကပင် ဒေါ်မေသင်းနိုင်၏ခေါင်းထဲတွင် ဝေဝေမှိုင်းမှိုင်းဖြစ်နေသည် ညကလည်း လင်တော်မောင်၏ အယုအယတွင် နပြောသွား၍ အတော်နှင့် အိပ်မပျော်ဖြစ်ပြီးများလားဟု တွေးမိလိုက်သည်၊ အခုရက်ထဲတွင် နှစ်ခါသုံးခါမျှရှိပြီး သိပ်ဆိုးဆိုးဝါးကြီးမဟုတ်၍ ဆရာဝန်နှင့် မပြဖြစ်ခြင်းဖြစ်သည်၊ လှိုင်သန်းပါ အိပ်ရာမှ နိုးလာပြီး ရေချိုးအဝတ်လဲ၍ထမင်းစားခန်းထဲတွင် ဒေါ်ခင်မွှံ ပြင်ပေးသော နန်းကြီးသုပ်နှင့် ကော်ဖီသောက်ကြရင်းမှဒေါ်မေသင်းနိုင်က လှိုင်သန်းကိုရော ဒေါ်ခင်မွှံကိုပါ ပြောပြမိသည်။

"မမ - ဒါဆိုရင် - ရုံးမသွားနဲ့၊ အိမ်မှာပဲ နားနေ၊ ဆရာဝန် ခေါ်ပေးမယ်၊ ပြီးတော့ - အလုပ်ကိစ္စတွေကိုကျွန်တော် လိုက်ကြည့်ပေးမယ်"





www.burmeseclassic.com

www.burmeseclassic.com

"အဟင်း - ကိုလှိုင်ရယ် - မသွားမှ ဖြစ်မှာလေ၊ ရုံးမှာရှိတဲ့သူတွေကိုလည်း နေရာခွဲပြီး ခိုင်းထားတယ်လေ"

"ဟင့်အင်းဗျာ - ဒါဆိုရင် - ကျွန်တော်ပါ လိုက်မယ် - မမရယ်၊ မပေပါနဲ့ဗျာ - နားပါဦး၊ ကျွန်တော် ကူလုပ်ပေးပါ့မယ်ဆိုတာ"

"ကဲ - စိတ်မချရင်လည်း လိုက်ခဲ့ပေါ့တော်လား"

စားသောက်ပြီး လက်ချင်းချိတ်၍ အိမ်ထဲမှထွက်ပြီး ဒေါ်မေသင်းနိုင်ကို ကားတံခါးဖွင့်ပေး၍ မောင်းသူဘက်မှ လှိုင်သန်း ဝင်ထိုင်ပြီး မောင်း၍ ထွက်လာသည်။

ပုဇွန်တောင်မှ (၁၃)ထပ်တိုက် တည်ဆောက်မှုလုပ်ငန်းခွင်ကိုဝင်ကြည့်ပြီး အပြန်တွင် ကန်တော်ကြီးစောင်းမှ မရောက်တာကြာပြီး အဲဒီမှာ မနက်စာ စားကြမည်ဆို၍ လှိုင်သန်း ကားကို မောင်းလိုက်ရသည်။ စားသောက်စားပွဲမှာ ထိုင်နေသူတွေက ကြည့်ကြသည်။ ကောင်လေးက ငယ်ငယ်ချောချောလေး၊ ဒေါ်မေသင်းနိုင်က အလှအကူ အဝိုးတန်ပစ္စည်းတွေ ကူပံ့ထားလို့လေး ဆယ်သုံးနှစ်ဆိုတာ အလှပျက်အစင်း

ကြောင်းတွေ အတွန့်အခေါက်တွေ ... ရာယူပြီးတဲ့အရွယ်၊ ဒါပေမဲ့ - ချမ်း... တာကတော့ ကုဋေကျော်ပဲ၊ ဒါကြောင့်... လည်း ဒီကောင်လေးမျိုးကို ရတာ... သည့်အကြည့်မျိုး၊ တချို့က သားအ... လေလားဟုပင် လေ့လာကြသည်။

သည်မျက်လုံးတွေကိုလှိုင်သန်း... သိနေသည်။ ဒါကြောင့်လည်း စန်း... သိမ့်နှင့် အမြန်နီးပြီး အတူနေချင်... ဒါပေမဲ့လို့ အောင့်၍တော့ နမ်းရှိုး... အချိန်ပိုင်းဖြစ်ချင်ဖြစ်မည်၊ ရက်ပိုင်း... ချင်လည်း ဖြစ်မည်၊ လမကူးတာ... အမှန်၊ သုံးနှစ်ကျော်ကြီးကြာအောင်... လာခဲ့ပြီပဲ၊ အပြုံးမျက်နှာနှင့် ထိုင်... ဒေါ်မေသင်းနိုင် ထနိုင်ရန် အနား... လက်မောင်းကို ကိုင်လို့ရအောင်... ပေးလိုက်သည်၊ ဒေါ်မေသင်းနိုင်၏... ရည်နှင့် သကြားရောထားသည့်... တွေ ရှိုအီနေသည့်မျက်နှာမော့... လှိုင်သန်း၏ လက်မောင်းကို တွဲ... လိုက်သည်။

အင်းစိန်မှ ရေခဲစက်တည်... သည့် (ဆိုက်)ခြံဝတွင် ကားကို... ဒေါ်မေသင်းနိုင် ဆင်း၍ရရန် ... ကိုဖွင့်ပေးလိုက်သည်၊ ကားပေ...



...တ်သော ဒေါ်မေသင်းနိုင် ယိုင်သွား... ည်း၊ လှိုင်သန်းက ပခုံးကို ဖက်လိုက်

"မမ - ကျွန်တော်ပါ လိုက်မယ်၊ ...ပါတွေ တက်မကြည့်နဲ့ - နော်"

"ဘာမှမဖြစ်ပါဘူး - ကိုလှိုင်ရယ်၊ ...ခဲ့စောင့်၊ ခဏလေး - မမ ပြောစရာ ...ပြောရုံပဲ"

ဆိုက်တာဝန်ခံနှင့် အင်ဂျင်နီယာ ...အလုပ်ခေါင်းဆောင်ကပါ လာကြို... ...စကားပြောရင်းမှ ဆိုက်ထဲကိုဝင် ...သည်၊ လှိုင်သန်းက ကားကိုမှီ၍ရပ် ...ဘာရက်ဖွာရင်း ကြည့်နေသည်၊ ...ဝပ် ရေစစ်ဖလားများ၏ ပိုက် ...မှ ရေလျှောင်ကန်များကို အင်ဂျင် ...ာလက်ညှိုးထိုးပြပြီး ပြောနေရင်း ...သင်းနိုင်က လှေခါးမှ အပေါ်ကို ...လိုက်သည်၊ ရေစစ်ဖလားကို ...တ်လမ်းပေါ်မှ တန်းကိုကိုင်ပြီး ...လိုက်သော ဒေါ်မေသင်းနိုင် -

"...ဖြောင်း"

"...အား"

"...ဘုတ်"

"...ဟာ"

"...ဆင်"

"...ချိုပါ"

အလုပ်သမားများ ပြေးလာကြသည်၊ လှိုင်သန်းက လက်ထဲမှစီးကရက်ကို လွှင့်ပစ်ပြီးပြေးသွားသည်။

လက်ထဲမှ တိုသွားသော စီးကရက်ကို ဆေးလိပ်ပြာခွက်ထဲကို ထိုးချေလိုက်ပြီး ဖန်ခွက်ကို ယူ၍မော့လိုက်သည်၊ မီးခိုးတန်းနှင့်မြင်လိုက်ရသော အရိပ်တ ပျောက်မသွားပဲ ဒေါ်မေသင်းနိုင်၏ပုံရိပ် ကရှိနေသေးသည်၊ ရွေ့သွားသော အရိပ် က ထမင်းစားခန်း၏နံရံတွင် ထင်ဟပ် လာပြန်သည်၊ ခေါင်းကို ခါယမ်း၍ ထပ် ကြည့်လိုက်သည်၊ အရိပ်တ ရှိနေသေး သည်။

⅄⅄⅄

ညအမှောင်က အပြင်တွင်သာကြီး စိုး၍သစ်ရိပ်တို့နှင့်မင်းမူနေသည်၊ တိုက် ကြီး၏ အတွင်းပိုင်းမှာ မီးရောင်များတ လင်းထိန်နေသည်။ ယိမ်းယိမ်းယိုင်ယိုင် နှင့် ထ၍ ထမင်းစားခန်းထဲမှ ထွက်သွား သော လှိုင်သန်း၏ နောက်ကျောကို အခန်းဝမှရပ်ကြည့်နေသော ဦးဘိုမောင် နှင့် ဒေါ်ခင်မှုံ။

"ကိုဘို မောင်ရယ် - မောင်လှိုင် လည်း ခက်တော့တာပဲ၊ သင်းနိုင်ဆုံးပြီး



www.burmeseclassic.com

www.burmeseclassic.com

တတည်းက သောက်လိုက်တဲ့အရက်၊ အစားလဲ မမှန်ဘူး"

"အေးကွာ - သူလဲ စိတ်ပြေရာ ပြေကြောင်းပေါ့။ အင်း - မောင်လှိုင် - မောင်လှိုင်"

ဒေါ်ခင်မှုံက စားပွဲပေါ်မှ အရက်ဗုလင်များ၊ ဖန်ခွက်များကို သိမ်းရင်း ဦးဘိုမောင်နှင့် ထမင်းစားရန်ပါ ပြင်လိုက်သည်။ လှိုင်သန်းကအိမ်မှာဆိုလျှင် နည်းနည်းသောက်၍ များများမူးသည်။ အိမ်မှာတာ ဦးဘိုမောင်နှင့်ဒေါ်ခင်မှုံတို့က ဒေါ်မေသင်းနိုင်၏ လူရင်းများဖြစ်၍ အရှိန်ပြည့် မူးရူးနေသည်။ စိတ်ဒုက္ခကို ဗုလင်းထဲ ထည့်နေသည်ဟု မြင်စေချင်သည်။ အပေါ်ထပ် ရောက်ပြီး အခန်းထဲတိုဝင်၍ခုတင်ကြီးပေါ်တွင် ကိုယ်ကိုပစ်လှဲချလိုက်သည်။ သည်ခုတင်ကြီးကာပြိုမ့်ပြိုမ့်ညောင်းညောင်းနှင့်မွှေးပျံ့သန့်ရှင်းပြီး နှစ်ယောက် အိပ်ခဲ့ရသည်။ အခုတော့ တစ်ယောက်တည်း။ ဒါလည်း ခဏပါ။ စန်းမို့မို့သိမ့်နှင့် နှစ်ယောက်အိပ်ရတော့မှာပါ။

"ကိုလှိုင် - မမနဲ့နှစ်ယောက်အိပ်နေတာမပျော်လို့လား။ ကိုလှိုင်ပဲ ပြောတယ်လေ၊ မမအသားတွေက အိစက်နေတာပဲ၊ မမ အပြင်မှာ ပင်ပန်းတာကို ကျွန်တော်ကဖြေသိပ်ပေးမယ်ဆို၊ အခုလည်း မမကို ဖြေသိပ်ပေးပါဦး - အဟင်းဟင်း"

"သွား - သွား - ဘာဖြေသိပ်ပေး[...]မှာလဲ၊ ခင်ဗျားက သေသွားပြီ၊ ဒေါ်မေသင်းနိုင် ကျုပ်နဲ့ ဘာမှမဆိုင်တော့ဘူး"

"အဟင်း - ကိုလှိုင် - မမကို ချစ်[...]တယ်ဆို၊ မမရဲ့အရိပ်ဟာ ကျွန်တော်[...]ဆို၊ အခုတော့ - ကိုလှိုင်ရဲ့အရိပ်က [...]ဖြစ်နေပြီ"

"ဟာဗျာ - သေပြီးမှ ဘာအရိပ်[...]မှာလဲ၊ သွားဗျာ - သွား"

"ဒုန်း - ဒုန်း - ဒုန်း"

စေ့ထားသောတံခါးကို ခေါက်[...] တွန်းဖွင့်လိုက်သည်။ ခေါ်သံကပါပါ[...]ပြီး ဦးဘိုမောင်က အခန်းဝတွင် [...]လျက်၊

"မောင်လှိုင် - မောင်လှိုင်"

ဒေါ်ခင်မှုံက ထပ်ဆင့်ခေါ်လို[...]သည်။ ခုတင်ပေါ်မှ လှိုင်သန်း ထ[...] လိုက်ပြီး -

"အဘမောင် - ကြီးမှုံ"

"မောင်လှိုင် - ရှစ်နာရီတော့[...] လေ"

"ဟုတ်ကဲ့ - ဟုတ်ကဲ့"

လှိုင်သန်း ညက အမူးရှိန်လွန်ပြီး [...]ရာထ နောက်ကျမှာစိုး၍ လာနှိုးခြင်း [...]ပြီး အခန်းထဲမှ ဒုန်းဒုန်း ဒိုင်းဒိုင်းမြည် [...]တို ကြား၍လည်း တံခါးကို တွန်းဖွင့် [...]တ်ခြင်းဖြစ်သည်။ ဒေါ်မေသင်းနိုင်၏ [...]ပ်ငန်းလက်စများက ကျန်နေသေး [...]ည်။ ဒါတွေကို လှိုင်သန်းက လိုက် [...]ည့်ရမည်။ မန်နေဂျာတို့အင်ဂျင်နီယာ [...]နှင့်တွေ့ပြီး ပြောသမျှ နားထောင် [...]င်းညိတ်ပြီးအပြန်တွင် စန်းမို့မို့သိမ့်ရှိ [...]ကိုသွားပြီးတစ်နေကုန်နေမည်လည်း [...]သည်။

"အဘမောင် - ကြီးမှုံ မနက်ဖြန်တို [...]ုံးတာ သုံးလပြည့်နော်၊ အဲဒါ ဝယ် [...]ချက်ဖို့ ..."

"အော် - အသင့်ပါပဲ - မောင်လှိုင်၊ [...] အပြန်ကို အပြင်မှာ မသောက်ပါနဲ့ [...]ည်။ ကြီးမှုံတို့ လိုအပ်တာ လုပ်ထား [...]ပါမယ်"

"ဟုတ်ကဲ့ - အခါတိုင်း ဆွမ်းပို့နေ [...]န်းကြီးကျောင်းကို ဆွမ်းပို့ဖို့ကို [...]မောင်နဲ့ ကြီးမှုံရယ်ပဲ သွားပါ"

"အေး - အေးပါကွယ်"

လှိုင်သန်းက အောက်ထပ်ကိုဆင်း [...]ချိုးခန်းထဲ ဝင်လိုက်သည်။ မွှေးရနံ့က ဒေါ်မေသင်းနိုင်သုံးနေကျအနံ့ရှိုးတို ရေချိုးခန်းထဲတို ဝင်ဝင်ချင်း ရလိုက်သည်။ မိုးလင်းခါနီး အိပ်မက်ထဲတွင်လည်း ပြောလိုက်ရသည့်စကား၊ သရုတစ်ဖန် အနံ့ပါပေးလာသည်။ လှိုင်သန်းက ပြုံး၍ စိတ်ထဲတွင်လည်း -

"အဟင်း - ဒေါ်မေသင်းနိုင် ခင်ဗျားကသေပြီးပါပြီ၊ ကျုပ်က မကြောက်တတ်တော့ ခင်ဗျားပဲ ပင်ပန်းပါတယ်"

"ပလွတ် - ပလွတ် - ဝေါ - ဝေါ"

"ဖြန်း - ဖြန်း"

ရေပိုက်ခေါင်းပန်းခရာမှရေများတာကျလာသည်၊ ဘယ်လိုဖြစ်တာလည်းဟု လှိုင်သန်းက ကြည့်လိုက်သည်၊ ရေပိုက်ခေါင်းက ရေတွေ ကျလာသဖြင့် -

"အဟင်း - ဒေါ်မေသင်းနိုင် ရေခွင့်ပေးတာလား၊ ကျုပ်ရေချိုးမှာနော်၊ ရေး(ကိုး)မတွန်းပေးနဲ့ - နော်"

လှိုင်သန်းက နုတ်ခမ်းကိုမဲ့၍ခပ်တိုးတိုးပြောလိုက်သည်၊ ကျနေသောရေတာ ရပ်သွားသည်၊

"ဟ - ဟ - ရေချိုးမလို့လေ"

"ပလွတ် - ပလွတ် - ရှရှ"

ပိုက်အသံမြည်ပြီး ရေက မ[...]တာ သဖြင့် လှိုင်သန်းက မျက်နှာသ[...]ပုဝါကို

www.burmeseclassic.com

ကိုယ်တွင်ပတ်၍ ရေချိုးခန်းထဲမှ ပြန်ထွက်လာသည်။ နှုတ်မှလည်း -

"တောက်"

ဆိုသည့်အသံက ထွက်သွားသည်၊ ရေချိုးခန်းထဲမှလည်း ဖြောက်၊ ဖြောက်ဟုလက်ဖြောက်တီးသံလိုထွက်ပေါ်လာပြီး ရေကျသံပါ ကြားလိုက်ရသည်၊ လှိုင်သန်းက အပေါ်ထပ်ကို တက်၍ အဝတ်အစားဝတ်၍ ပြန်ဆင်းလာကာ ထမင်းစားခန်းထဲကိုဝင်ပြီး ဒေါ်ခင်မှုံ ပြင်ထားသည့် ကော်ဖီနှင့် မုန့်ကိုစားပြီး အိမ်မှ ကားမောင်း၍ ထွက်လာခဲ့သည်။

ဆောက်လက်စတိုက်များကိုလိုက်ကြည့်ပြီး မန်နေဂျာနှင့် အင်ဂျင်နီယာတို့ကို ဆက်လုပ်ကြပါဟု ပြောပြီး စန်းမိုမို့သိမ့်ရှိရာကို ကားမောင်းလာခဲ့သည်၊

"ဖျွတ် - ဖွတ် - ဖွတ် - ဖုတ်"

ကားက သံစုံမြည်ပြီးရပ်သွားသည်၊ ဘောတံခါးကိုဖွင့်၍ ဆင်းပြီး ကားစက်ခေါင်းကိုဖွင့်၍ကြည့်ရာအားလုံးကောင်းနေသည်၊ ဆီလည်း အပြည့်ပင်၊ ကားကြီးက သည်အတိုင်း ထိုးရပ်သွားခြင်းဖြစ်ပြီး နေရာက လှိုင်သန်းထိုင်၍ စီးတရက်သောက်သောနေရာ၊ ပြောရလျှင် လွန်ခဲ့သော သုံးနှစ်ကျော်လေးနှစ်နီးပါးက ကားရပ်သွားလို့ ဒေါ်မေသင်းနိုင်နှင့် စ၍တွေ့သောနေရာ၊ လှိုင်သန်းက နေရာကိုကြည့်၍ ပြုံးလိုက်သည်၊ ကားပေါ် ပြန်တက်ပြီး စက်နှိုးလိုက်သည်။ တော်တော်ကြိုးနှိုးမှ နိုးလာသည်၊ ထိုနေရာမှ ကားကို မောင်းထွက်လာခဲ့သည်။

"အစ်ကိုလှိုင် - ဒီည မပြန်ဘူးမို့လား ဟင်"

"အစ်ကိုပြန်ရမှာ၊ မနက်ဖြန်ကို သုံးလပြည့် ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ဖို့ ရှိတယ်"

"ဘာလဲ - အစ်ကိုလှိုင်"

"ဒေါ်မေသင်းနိုင်လေ ..."

"အော်"

"ဒုန်း - ရှပ် - ရှပ်"

"ဘယ်သူလဲ - မို့သိမ့်"

"ဘယ်သူမှမရှိပါဘူး"

အသံက ရပ်သွားပြီး အနံ့ဆိုးဆိုး ဝါးဝါးတစ်ခုက လှိုင်သန်းနှင့် စန်းမိုမို့သိမ့်တို့၏နောက်မှ ထွက်လာသည်၊

"ဟင်း - အပုပ်နံ့ - နံလိုက်တာ"

"အင်း - မို့သိမ့် - အခန်းထဲမှာ ဘာရှိလဲ"

"ဘာမှမရှိပါဘူး၊ မနက်ကမှ ထမင်းပြန်ခါနီး မထားဥပဲ သန့်ရှင်းရေးလုပ်သွားသေးတယ်၊ ကြွက်သေလည်းမရှိပါဘူး"

"ဟော - ပျောက်သွားပြီ၊ ဟင် - မွှေးလိုက်တာ၊ ဒါ - ဒါ - ဒေါ်မေသင်းနိုင်ရဲ့ အနံ့"

"ဟင် - ကြောက် - ကြောက်တယ် အစ်ကိုလှိုင်၊ မို့သိမ့် - ကြောက်တယ်"

စန်းမိုမို့သိမ့်က လှိုင်သန်းကို ဖက်တွယ်ထားသည်၊ ခပ်တွေတွေဖြစ်နေပြီး စန်းမိုမို့သိမ့်ကိုပြန်ဖက်ပြီး -

"တောက် - အဖေတော် ဒုက္ခပေးတယ်၊ ဟင်း - ငါနဲ့ တွေ့ဦးမယ်"

"အစ်ကိုလှိုင် - မို့သိမ့်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့နော်"

စန်းမိုမို့သိမ့်က တင်းကြပ်စွာ တိုး၍ ဖက်ပြီး လှိုင်သန်းကို ပြောလိုက်သည်၊ ထိုညကို အဖော်လုပ်ပေးနေသော ထားဥကိုပြန်လွှတ်လိုက်သည်၊ သည်ထော့ လှိုင်သန်းကိုမပြန်စေချင်၍လည်း ဖြစ်သည်၊ လှိုင်သန်းနှင့်ပတ်သက်၍ ဒေါ်မေသင်းနိုင်ကို နှစ်ခါလောက် မြင်ဖူးသည်၊ နဖပ်ရှင်းသန့်၍ ပြည့်စုံသည့်အတွက် ရှုရှုကြွကြွဖြစ်နေသည်၊ လှိုင်သန်းက အဝေးတစ်နေရာမှပြ၍မြင်ရခြင်းဖြစ်ပြီး လှိုင်သန်းနှင့် စန်းမိုမို့သိမ့်တို့၏အဖြစ်အပျက်အနေအထားကိုမြင်သလျှင် စွေ့စွေ့စိုက်၍ ထိုနေရာမှာပင် ပစ်သတ်တာ အသက်ထွက်ပြီးပဲ သေမလား၊ စန်းမိုမို့သိမ့်ကိုပဲ အရှန်အညတ် ချောစ်မလားမသိပေ၊ လှိုင်သန်းနှင့် သူမတို့ ရင်းနှီးပတ်သက်၍ ဆက်နွှယ် (ဒါတလည်း လှိုင်သန်းကို ဖြားယောင်းခွေးဆောင်ခဲ့သည်)ပြီးသည့်နောက် ဒေါ်မေသင်းနိုင်၏ ချမ်းသာကြွယ်ဝမှုများကိုလိုချင်လာသည်၊ အားကျလာသည်၊ အဲဒီမှာ လှိုင်သန်းက စွမ်းဆောင်နိုင်သည်။ ဒေါ်မေသင်းနိုင်၏ ချမ်းသာသမျှသည် လှိုင်သန်းပဲ ခံစားစံစားရမည်ဖြစ်၍သခင်က ရိုက်ထားသော မှဆိုးဖိုသဘော်သားဟောင်းဦးခြေသံ့ဝင်းကြည်ကိုပင် တော့နိုင်းခဲ့သည်၊

"မို့သိမ့် - အစ်ကို ပြန်မှဖြစ်မယ်၊ နောက်ရက်ကို အတူတူနေနိုင်အောင် လုပ်ရမယ်"

စန်းမိုမို့သိမ့်က လှိုင်သန်း၏စကားကို ယုံသည်၊ ယခုပင် ဒေါ်မေသင်းနိုင်၏ လက်ဝတ်လက်စား ရွှေထည်များတတစ်ကိုယ်စာမက ရရှိပေးအပ်ထားသည်၊ ဒေါ်မေသင်းနိုင် သေပြီးသည်မှာ သုံးလောက်လပဲ ရှိသေး၍ အချိန်စောင့်ဦးဟု ပြောထား၍သာ စန်းမိုမို့သိမ့်ကလည်း လက်ကျန်ပစ္စည်းနှင့်ငွေကြေးများက ရဦးမည်ဆိုတာကို သိထားသည်။

www.burmeseclassic.com

"အဟင့် - အစ်ကိုလှိုင်ရယ် - မို့သိမ့်တစ်ယောက်တည်း - အဟင့် - ဟင့်ဟင့်"

ပြောလည်းပြော၊ ငိုလည်း ငိုလိုက်သည့် စန်းမို့မို့သိမ့်ကြောင့် လှိုင်သန်းက ထွေခတ်ပြီး -

"တဲ - တဲ - အစ်ကို မပြန်တော့ဘူး မို့သိမ့်ရယ်"

"တကယ် - အဲဒါကြောင့် ချစ်တာ"

^ ^ ^

မြဝဇ တားဟွန်းသံကြောင့် ဦးဘိုမောင်တထွက်လာပြီးခြံတံခါးကိုဖွင့်ပေးလိုက်သည်။ လှိုင်သန်းက ခြံထဲကို ကားမောင်းဝင်ပြီး တိုက်ရှေ့တွင် ရပ်လိုက်သည်။ တံခါးဝတွင် ဒေါ်ခင်မှုံကတံခါးဖွင့်ပြီးရပ်နေသည်။

"မောင်လှိုင် - ညက"

"ဟုတ်ကဲ့ - ကြီးမှုံ - ကျွန်တော် ဦးနေဒွန်းတို့တွေ့ပြီးမမအကြောင်းပြောရင်းနဲ့ ရှာပြီးမပြန်နိုင်ဖြစ်သွားတာ"

ဦးဘိုမောင်နှင့် ဒေါ်ခင်မှုံတို့က အဝတ်အစား ဖရိုဖရဲဖြစ်၍ မျက်နာပါ ချောင်ကျနေသောလှိုင်သန်းကိုကြည့်ပြီး အသက်ကြီးသူများဖြစ်၍ ကရုဏာနှင့် -

"မောင်လှိုင်ရယ်ဖြေပါ၊ အပေဟာင်းက အသစ်မဖြစ်ပါစေနဲ့ကွယ်"

"ကို ယ့် ကို ယ် ကို ယ် ထိ န်း ပါ၊ သင်းနိုင်ကပြန်မလာနိုင်တော့ပါဘူး"

"ဟုတ်ကဲ့ - အဘမောင်ကျွန်တော် ဖြေပါ့မယ် - ကြီးမှုံ"

"အော် - မောင်လှိုင် - အပြင်သွားဦးမလား"

"အပြင်မသွားတော့ပါဘူး - အဘမောင်"

"အေး - အေး - တို့ဘုန်းတော်ကြီးကျောင်းကို ဆွမ်းသွားကပ်ဦးမယ်၊ မောင်လှိုင် စားသောက်ပြီး နားမယ် မဟုတ်လား"

လှိုင်သန်းက ခေါင်းညိတ်ပြပြီး အပေါ်ထပ်ကို တက်လိုက်သည်၊ နံနက်အဆာပြေစားရန် လုပ်ပေးမည်ဟု ဒေါ်ခင်မှုံက ပြောသည်ကို လက်တာပြ လိုက်သည်၊

အခန်းထဲကို ရောက်သည်တွင် အဝတ်လဲပြီး ခုတင်ပေါ်တွင် ထိုင်၍ စီးကရက်သောက်ရင်း စန်းမို့မို့သိမ့်တို့ တိုက်ကို ဘယ်အနေအထားနှင့် ခေါ်ရမည်လည်းဟု စဉ်းစားနေမိသည်၊

"အဟင်း - ကိုလှိုင်ကမမရှိလျက်နဲ့ ဒီကောင်မလေးကိုခေါ်ထားမလို့မဟုတ်လား"



တဲ့ - နှင့်အသိ၊ နှင့်အတွေးအခေါ်က အဆင့်မမှီပဲ - အရှုံးကောင်ရဲ့ မေတ္တာစေတနာဆိုတာကိုမှ တနိုင်းမသိတာ။ နှင်က ရှေ့တိုက်တဲ့ မှတ်ကျောက်လိုလူစား၊ ရွှေကိုတော့ အရည်မိဝါတယ်၊ ရွှေစစ်ပါတယ်လို့ ထောက်ခံပေးပြီး ရွှေကို ရာလောက် ပွတ်ပဲ့တိုက်စားယူလိုက်တဲ့ မှတ်ကျောက်၊ အချောင်သမား။

"ဘာ - ခင်ဗျားက သေနေမှပဲ၊ ဘာ ဒီမှာရှိရမှာလဲ"

"မမရှိနေတာ ကိုလှိုင် သိပါတယ်၊ ဒီခုတင်ပေါ်မှာပဲလေ၊ မမနဲ့ ကိုလှိုင် အဟင်း - ဟိုလိုနေတာလေ၊ အဲဒါကို ကိုလှိုင်ကတခြားမိန်းကလေးနဲ့မမနဲ့နေသလိုနေမယ်ဆိုတော့ - အဟင်း - တင်းဟင်း"

"ဘာဖြစ်လဲ - ခင်ဗျားက သေပြီပဲ၊ ကျုပ်ချစ်တဲ့မိန်းကလေးကိုယူပြီး အတူနေတာလေ"

"ဟားဟား - ဟားဟား - အဟင်း ကိုလှိုင် - ကိုလှိုင်"

"ခင် - ခင်ဗျား - ကျုပ် ကျုပ်နာရေး ကို မခေါ်နဲ့"

"အဟင်း - ဟီး - ဟီး - ခေါ်မှာပဲ၊ အခုခေါ်မလို့ မလာတာ"

"ဒေါက် - ဒေါက် - ဒေါက် - ရှစ် ရှပ်"

"ဖြောက် - ဖြောက် - ဖလစ် ဖလပ်"

လှိုင်သန်းနားထဲတွင်အသံမျိုးစုံတာ တစ်ခုပြီးတစ်ခု ကြားနေရသည်၊ အကြိမ် အလှန်စကားပြောနေမိသည်၊ ဒေါက်ဖြင့် ဖိနပ်နှင့်လျှောက်သံ၊ အခန်းထဲတွင် ဖိနပ်နှင့်လမ်းလျှောက်သံများကိုပါကြား ရပြီး -

www.burmeseclassic.com

"ကိုလှိုင် - မမ ဒီမှာရှိတာ ယုံပြီလား"

"ဘာရှိတာလဲ၊ ခင်ဗျားက သေပြီလေ၊ ဒီနေ့တောင် သုံးလပြည့်လို့ အဘမောင်နဲ့ ကြီးမှုံတို့ ခင်ဗျားအတွက် ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့် (ချိုင့်) သွားတပ်တယ်"

"တင် - ဒါဆို မမက တကယ်သေတာပေါ့ - ဟုတ်လား - ဟား - ဟား ဟား"

အခန်းထဲတွင် ရယ်သံက ပေါ်ထွက်လာသည်၊ လှိုင်သန်းမှာ အတော်ပင် စိတ်ညစ်သွားသည်။ အခါတိုင်းလို အရက်တို့အနည်းအများသောက်မထားမိပါ၊ စိတ်ထဲမှာရော၊ ကြားတာရော မြင်တာပါ ဒေါ်မြသင်းနိုင်ပဲ ဖြစ်နေသည်။

"အင်း - ဟင်း - ဟင်း - မမ မှားသွားတယ် - ကိုလှိုင်၊ မင်းကို ချစ်လွန်း၊ ယုံစားလွန်းအားကြီးလို့ ငါ့မိဘလက်ထက်ကပွားစည်းစိမ်ဥစ္စာတွေနဲ့ ငါ့ကိုယ်တိုင် ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာ ငွေကြေးတွေလေ မင်းကို လွှဲပြောင်းပေးမိလိုက်တာ၊ ငါက တချားသေကိုအသက်သွင်းမိသူဖြစ်သွားတာပေါ့"

"အဟား - ဒါက ခင်ဗျားက မှန်နေတာတို့၊ ကျုပ်ကပေးပါ၊ ပေးပါလို့တောင်းနေတာမှမဟုတ်ပဲ"

"ဟဲ့ - နင့်အသိ၊ နင့်အတွေးအခေါ်က အဆင့်မှမမီပဲ - အရှုံးကောင်ရဲ့၊ မေတ္တာစေတနာဆိုတာကိုမှတန်ဖိုးမသိတာ၊ နင်က ရွှေတိုက်တဲ့ မှတ်ကျောက်လိုလူစား၊ ရွှေကိုတော့ အရည်မီပါတယ်၊ ရွှေစစ်ပါတယ်လို့ သက်သေခံပေးပြီး ရွှေကိုရသလောက်ပွတ်ဖဲ့တိုက်စားယူလိုက်တဲ့မှတ်ကျောက်၊ အရှောင်သမား"

"ဒေါ်မြသင်းနိုင် - ခင်ဗျားက သေပြီးမှ ရန်တွေ ကောင်းနေတယ်မဟုတ်လား၊ ထပ်ပြီးသေချင်လို့လား"

"ဟဲ့ - ငလှိုင်သန်း - ငါ - ငါ - ဘာလို့ သေတယ်ဆို - ငါ - ငါ - အစုသိပြီး နင် နင် - ယုတ်မာမိုက်ရိုင်း ကျေးဇူးကန်း သစ္စာမဲ့ တစ်ကိုယ်ကောင်းကြောင့် ငါ သေရတာ ဟဲ့"

ဒေါ်မြသင်းနိုင်၏ မျက်နှာတစကားပြောနေရင်းမှ အခြယ်အသအလှ အပတွေ ပျောက်ကုန်ပြီး ပွဖောင်းပုပ်၍ အရည်အမှုင်များ တိုးလိုးတွဲလောင်းကျနေသည်၊ လှိုင်သန်း ယခုမှ ရှုံ့ကြောက်ကြောက်ပြီး -

"အား - သွား - ခင်ဗျားသွားတော့ နောက်ထပ်သေဦးမယ် - သွား - သွား"

"ဟား - ဟား - - ဟား - ဟီး - ဟီး ဟီး"

"သွား - သွား - ခင်ဗျား - သွား"

▲▲▲

"ဒုန်း - ဒုန်း - ဒုန်း"

"မောင်လှိုင် - မောင်လှိုင်"

"အင်း - ညက ဘယ်လောက်သောက်ပြီး ဘာတွေဖြစ်ခဲ့လဲမသိဘူး"

"ကလစ် - ချောက်"

မြည်သံနှင့်အခန်းတံခါးကပွင့်သွားသည်၊ အခန်းဝတွင် ဦးဘိုမောင်နှင့် ဒေါ်ခင်မှုံတို့က မတ်တတ်ရပ်နေကြသည်။

"အင်း - အဘမောင် - ကြီးမှုံ"

"မောင်လှိုင်ရယ် - မနေ့ကပြန်လာပြီး တစ်နေ့လုံးလည်း မဆင်းဘူး၊ ညကလည်းတစ်ညလုံးအောက်လည်းမဆင်း၊ ဘာမှလည်း လာမစားလို့ ဘာများဖြစ်သည်းလို့ပါကွယ်"

"ဟုတ်တယ် - မောင်လှိုင်"

"အင်း - ဟို - ကျွန်တော် ဆင်းလာခဲ့မယ် - အဘမောင် - ကြီးမှုံ"

"အေး - အေး"

"အင်း - အင်း"

လှိုင်သန်းက တံခါးကို ပြန်ပိတ်ပြီး အောင်ပေါ်တွင်ထိုင်၍ စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာလိုက်သည်၊ မနေ့က ပြန်ရောက်ပြီး အခန်းအောင်း၍ မီးခံသေတ္တာထဲမှ ပစ္စည်းနှင့် ငွေများကို အကုန်လုံး ထုတ်၍ ခရီးဆောင်အိတ်နှင့် ထည့်ပြီး ညက အတော်ပင် အိပ်ပျော်သွားသည်။

အိပ်ပျော်သည်နောက်တို့အခြင်း ဒေါ်မြသင်းနိုင်ရောက်လာပြီး ပြောသည့် စကားတွေက မကျေနပ်မှုနှင့် ရန်စကား၊ ပစ္စည်းဥစ္စာအကြောင်းများလည်း ပါလာသည်။ ဘဏ်စာအုပ်၊ လုပ်ငန်းထုတ်ငွေသုံးငွေများအကြောင်းနှင့် စန်းမိုမိုသိမ့်ကိုပါ သိနေပြီး ဒေါ်ထားမည်ကို မကျေနပ် လက်မခံခြင်းများကိုပါ ထည့်ပြောပြီး အကြိမ်အမောင်းတွေပါပြသွားသည်။ လောကတွင် နှစ်ခါမသေဟု ဆိုစမှတ်ပြုထားသည်။ လှိုင်သန်းကလည်း သည်အခြေကျမှ လုပ်ဆောင်ပြီးတာရော၊ ရှေ့ကိုလုပ်ဆောင်မှာကိုရော အပျက်မခံနိုင်၊ လုပ်သင့်လျှင် ဒေါ်မြသင်းနိုင်ကို နောက်တစ်ကြိမ် ထပ်၍သတ်ရသတ်ရ လုပ်ဆောင်မည်ပဲ ဖြစ်သည်။ ဆေးလိပ်တုန်မှု အောက်ကို ဆင်းပြီး ရေချိုးခန်းထဲ ဝင်လိုက်သည်။

ရေချိုးခန်းမှထွက်ပြီး အဝတ်အစားလဲ၍ ထမင်းစားခန်းထဲကို ဝင်လိုက်သည်၊ ဒေါ်ခင်မှုံက အသင့်ပြင်ထားသော ထမင်းဝိုင်းကို ဘေးမှ ယပ်ခပ်၍ ရပ်နေပြီး -

"မောင်လှိုင် - ထမင်းစားဘဲ့ မောင်လှိုင်ကြိုက်တဲ့ ကကတစ်နဲ့ ပဲငါးပိ ပါ ချက်ထားတယ်"

www.burmeseclassic.com

"ဟုတ်ကဲ့ - အဘမောင်ရော ကြီးမှုံ ပါ တစ်ခါတည်း ဝင်စားပါ၊ ပြောစရာလည်းရှိလို့ပါ"

လှိုင်သန်း၏စကားကို မငြင်းပယ်နိုင်သဖြင့် ဦးဘိုမောင်နှင့် ဒေါ်ခင်မှုံတို့က ထမင်းဆိုင်းတွင် ဝင်၍ထိုင်လိုက်သည်၊

"ဟုတ်ကဲ့ - အဘမောင်ရော ကြီးမှုံရောပါ ကျွန်တော် စိတ်ပြေလက်ပျောက် ခေါ်ကျွေးတာပေါ့ - အဲဒါ"

"ဟင် - မောင်လှိုင် - တို့က ဒီတိုက်ကြီးနဲ့"

ဦးဘိုမောင်၏စကားက မဆုံးလိုက်ပါ။ မြို့ရှေ့တွင် ကားတစ်စီးရပ်သံနှင့် တိုက်ဝတွင်လည်း ကားတစ်စီးရပ်လိုက်သံတို့ပါ ကြားလိုက်ရပြီး စည့်ခန်းထဲကို ဝင်လာကြသူများကြောင့် ဦးဘိုမောင်ရော၊ ဒေါ်ခင်မှုံပါ ထမင်းစားခန်းထဲမှ ထွက်ပြီးကြည့်ရာ -

"ဟင်"

"အယ်"

"ကိုလှိုင်သန်း ရှိပါသလား အဒေါ်"

မေးလိုက်သူက ရဲဝတ်စုံနှင့်ဖြစ်ပြီး အမျိုးသမီးတစ်ယောက်ကတည်းရဲဝတ်စုံနှင့် အရာရှိများဟုလည်း၊ သိသာမှုက ပခုံးပေါ်တွင် အမှတ်အသားများပါခြင်းကြောင့်ဖြစ်ပြီး ကျန်သုံးယောက်က ရိုးရိုးဝတ်စုံနှင့် လူငယ်တစ်ဦးကိုလည်း လက်နစ်ဖက်ပူး၍ ရပ်လျက်တွေ့ရပြီး အမျိုးသမီးငယ်ငယ်ချောချောတစ်ယောက် ကပါမျက်နှာတွင်မျက်ရည်စများနှင့်ဖြစ်၍ ဦးဘိုမောင်ကရော ဒေါ်ခင်မှုံကပါ "ဟင် - အယ်" ဟု တအံ့တဩ ဖြစ်သွားခြင်းဖြစ်ပြီး မောင်လှိုင်ဟု ခေါ်သော လှိုင်သန်းကိုပါ မေးခြင်းဖြစ်၍ပင်၊

"ကိုလှိုင်သန်း ရှိတယ်နော်"

"ဟုတ် - ဟုတ်ကဲ့ - ရှိပါတယ်၊ ထိုင်ထိုင်ကြပါ၊ မမှုံ - မောင်လှိုင်ကို ခေါ်လိုက်ပါ"

ဦးဘိုမောင် ဖြေရင်းမှ ဒေါ်ခင်မှုံတို့လည်းပြော၍အားလုံးတို့လည်းထိုင်နိုင်လိုက်သည်၊ ဒေါ်ခင်မှုံက ထမင်းစားခန်းထဲကိုဝင်ပြီး လှိုင်သန်းကိုခေါ်ပြီး ထွက်လာခဲ့သည်၊ ထမင်းစားပွဲပေါ်တွင်ထမင်းနှင့် ဟင်းပန်းကန်များက အုပ်ဆောင်းကြီးနှင့်ထားပြီး ဒေါ်ခင်မှုံ ပြင်ပေးထားသော ရေခဲဘူး၊ ဖန်ခွက်အလွတ်များ အပြည့်နှစ်မျိုးပန်းကန်၊ အချိုရည်ပုလင်းလေး၊ လေးထောင့်ပုလင်းနှင့် ထမင်းမစားခင် စိတ်တွေထွေကို ဖြေဖျောက်သောက်လိုက်၊ စီးကရက်လိုက်လုပ်နေသည်ကို ဒေါ်ခင်မှုံက ညွှန်သည်များရောက်နေသည်ဆို၍ထမင်းစားခန်းထဲမှ ထွက်လာရာ -

"ဟင် - မို့သိမ့်"

"အဟင့် - အစ်ကိုလှိုင်"

"ကဲ - ကဲ - ကိုလှိုင်သန်း ထိုင်ပါဗျား၊ ကျွန်တော်တို့ မေးစရာရှိလို့ပါ"

လှိုင်သန်းက အမူအရာပျက်ပျက်နှင့် စုံတွင် ထိုင်လိုက်ပြီး စန်းမို့မို့သိမ့်၊ မထားဥ (ရဲအုပ်ဝတ်စုံနှင့်)၊ သိန်းစိုး (လက်ထိတ်ခတ်လျက်) ရဲအုပ်ဝတ်စုံနှင့် သူတို့ကို ကြည့်လိုက်သည်၊

"ကိုလှိုင်သန်း - မထားဥကို သိပါတယ်နော်၊ ဟိုက သိန်းစိုးကိုလည်း သိပါတယ်နော်၊ အဲဒီတော့ ဒေါ်မေသင်းနိုင် သေဆုံးရမှုနဲ့ပတ်သက်ပြီးအမှန်အတိုင်း ပြောစေချင်တယ်၊ ကျွန်တော်တို့ သိပြီးသားတွေလဲ ရှိပါတယ်၊ ဒီကနေ့ မစန်းမို့သိမ့် တစ်နေရာရာကို သွားကြဖို့ အစီအစဉ်ကို သိလိုက်လို့လဲ လာခဲ့ကြတာ"

မထားဥ(ရဲအုပ်)၏ဘေးတွင် ထိုင်သော စန်းမို့မို့သိမ့်က မျက်နှာကို လက်ဝါးနှင့်အုပ်၍ငိုနေသည်၊ ခေါင်းငုံ့၍ လက်နှစ်ဖက်ပူး၍ ရပ်နေသော သိန်းစိုး ကို လှိုင်သန်းက တစ်ယောက်ချင်းစီ ကြည့်လိုက်ပြီးမှ ခေါင်းညိတ်ပြလိုက်သည်၊

"ဟုတ်ကဲ့ - ကျွန်တော်က ရဲအုပ်ကြီးပါ၊ ဒေါ်မေသင်းနိုင် သေဆုံးမှုက မရှိသားဘူးလို့ အင်းစိန်ရေခဲစက်တည်ထောက်နေတဲ့မန်နေဂျာ ဦးတင့်လွင်နဲ့ အင်ဂျင်နီယာ ဦးခင်မောင်သန်းတို့က ကျွန်တော့်ကိုလာဆွေးနွေးလို့ဦးနေဒွန်း ဦးမြမောင်၊ ကိုလှိုင်သန်းတို့ကို လေ့လာလိုက်တော့ ကိုလှိုင်သန်းရဲ့ အဆက်အသွယ်ဖြစ်တဲ့ ဒီက မစန်းမို့မို့သိမ့်ကို တွေ့ပြီး မထားဥလို့၊ ရဲအုပ်ခင်တွေမြင့်ကို ပူးဝင်ခိုင်းလိုက်ပြီး ရေခဲစက်ဆိုတာ (ဒေါ်မေသင်းနိုင်သေဆုံးရာ)ထဲကို ရဲတပ်ဖွဲ့ဝင်တစ်ယောက်ကို အလုပ်သမားအသွင်ယူပြီး ထည့်လိုက်တော့ လက်သမားအကြမ်းလုပ်တဲ့ သိန်းစိုးတာ ရွှေနဲ့ငွေနဲ့ဖြစ်ပြီး အရင်က အရက်သောက်တာ၊ ဆိုင်ကလေးတွေမှာ အကြမ်းသောက်နေတာက အခုဆိုရင် တကယ့်ဆိုင်ကြီးတွေမှာ သောက်ပြီး ပန်းကုံးစွပ်တာတို့ဆုရတာတို့နဲ့အခေတ်လေး အခြေအနေပြောင်းနေလို့ နည်းနည်းခေါ်ပြီး စစ်လိုက်တာနဲ့ ..."

ရဲအုပ်မင်းချိုရဲ့စကားကိုနားထောင်နေသော လှိုင်သန်းက လက်ကာပြလိုက်ပြီး သိန်းစိုးကိုကြည့်၍ -

"ဟုတ်ကဲ့ - သိန်းစိုးက ကျွန်တော့်ဦးလေး ကားပြင်ရုံကပါ၊ ကျွန်တော် တပည့်ပါ"

ဦးဘိုမောင်နှင့် ဒေါ်ခင်မှုံတို့က လှိုင်သန်းကို တစ်လှည့်၊ ကျန်လူများကို တစ်လှည့် ကြည့်ပြီး ဘာကိုမှ အဓိပ္ပာယ် မပေါက်ပဲဖြစ်နေကြသည်။ လှိုင်သန်းက စကားဆက်၍ပြောရာ -

"ကျွန်တော်ပဲ သိန်းစိုးကို ဆောက်လုပ်ရေးထဲကို ခေါ်သွင်းပေးလိုက်တာ။ အဲဒီတုန်းကတော့ ဘာရည်ရွယ်ချက်မှ မရှိပါဘူး။ ဒေါ်မေသင်းနိုင်က တစ်နေ့ထက်တစ်နေ့ ပိုမိုလှမ်းမိုးပြီး လွတ်လပ်ခွင့်တိုပါ ချစ်တိုင်လာတာရယ်၊ အသက်ချင်းက (၁၃)၊ (၁၄) နှစ်လောက်ကွာတော့ ကျွန်တော့်အတွက် သာယာမှုမရှိတော့ပဲ ဖြစ်လာပြီး စန်းမို့မို့သိမ့်ကို တွေ့ဆုံပြီး တစ်ချက်ခုတ် နှစ်ချက်ပြတ်နည်းကို သုံးလိုက်မိတာပါ။ သိန်းစိုးကို ရေခဲစက်ကို ကြည့်တဲ့အခါမှာ ပီပီပြင်ပြင် လုပ်ပေးဖို့ မှာထားပြီး အိမ်မှာပဲဖြစ်ဖြစ်၊ ဒေါ်မေသင်းနိုင်အစာစားသမျှမှာ မူးယစ်ဆေးတစ်မျိုးကို မသိအောင် ထည့်ခဲ့တယ်။ ရေခဲစက်ကိုကြည့်တဲ့နေ့က ရေစစ်ဇလားကိုတက်ကြည့်တော့ လက်ရန်းသစ်သားတန်းတွေကို သိန်းစိုးက သံဖြုတ်ပြီးတော့ရှဲတော့ထားတာ။ ဒေါ်မေသင်းနိုင်က စကားပြောရင်းနဲ့ မှီလိုက်တာ - အဲဒါပဲ။ ဒါကြောင့် ကျွန်တော်က သိန်းစိုးကို ငွေငါးသိန်းပေးခဲ့တယ်"

"ဟင်"

"ဟာ"

ဦးဘိုမောင်နှင့် ဒေါ်ခင်မှုံတို့နှုတ်မှ သံပြိုင်ထွက်သွားပြီး ဒေါ်ခင်မှုံမှာ မေ့မြော လဲကျသွားသည်။

တိုက်ရှေ့မှ ကားထွက်သွားသံများ ကို ဦးဘိုမောင် ကြားလိုက်ပေမယ့် ရင်ခွင်ထဲက ဒေါ်ခင်မှုံက သတိမရသေး၍ ငုံ့ကြည့်ပြီး ခေါ်နေမိသည်။

ဒေါ်မေသင်းနိုင်ကလည်း လှိုင်သန်းကို မြတ်မြတ်နိုးနိုးနှင့် ကိုလှိုင်ဟု ခေါ် သည်။ ဒါကို လှိုင်သန်းက မခံယူတတ် စန်းမို့မို့သိမ့်နှင့်အတူနေနိုင်ရေး၊ ချမ်းသာ မှုကိုလည်း ရယူနိုင်ရန် ကြံလိုက်သည် အကြံ။ ယခုတော့ တရားဥပဒေ၏ ခြေ နောက်ကိုလိုက်သွားရသလို၊ မေတ္တာ မေတ္တာမှန်နှင့် အားကိုးယုံကြည်စွာ ရော စည်းစိမ်များကိုပါ ပုံပေးခဲ့သော လွန်းသူ၊ ဒေါ်မေသင်းနိုင်၏ ချစ်သူ အမုန်းရန်ငြိုးချေမှုကို လှိုင်သန်း ယောက်လှလှပပကြီး ခံယူလိုက်ရ သည်။

⇨ ဖိုးသဉ်ချိုး




ကျွန်တော်ဝက်ပါ
မြဝတီ

www.burmeseclassic.com

**မိုးစဲသွားလေပြီ။**

လေက အတိုက်မရပ်သေး။

ကျွန်ုပ်နှင့် မုဆိုးကြီး ဦးဖဝေး၊ မုဆိုး ကိုတင်တို့သည် တောင်ညိုစမ်းအနီး ...တောင်ဆောင်ကြီးကွင်းသို့ နံနက်ငါး ...ခွဲမှ စတင်ရောက်ရှိနေလေသည်။

ကျွန်ုပ်တို့ ရောက်လာရခြင်းမှာ ...ပ်သင်းတွဲ ပြောင်အိုကြီးတစ်ကောင် ...မ်းကွင်းသို့ ရောက်လာသည့်သတင်း ...ကြောင့်ပင်ဖြစ်၏။

မိုးဦးကျချိန်တွင် တောတွင်းလွင်ပြင်များ၌ အကောင်(၅၀)ခန့် စုပေါင်း၍ မြက်နုများ စားနေသည်ကို မြင်တွေ့ရ၏။

များသောအားဖြင့် နံနက်ပိုင်း၌ အစာရှာထွက်တတ်ကြပြီး နေ့လယ်တွင် တောကောင်းသောနေရာ၌ နားနေလေ့ ရှိကြ၏။ ညနေဘက် ထပ်မံအစာရှာ ထွက်ကြပြန်သည်။

စမ်းကွင်းတွင် မြေနိကျစ်တွင်း ရှိနေသဖြင့်မြေနိများစားတတ်ကြသည်။

တောတွင်း ဘဝတူသစ်လုပ်ငန်းကို

ဆောင်ရွက်နေကြသည့် ဆင်နှင့် ဆင်ဦးစီးတို့၏

မေတ္တာတရားကို တွေ့မြင်ရမည့် ..

ပြောင်တို့၏အဓိကအစားအစာမှာ မြက်နုများပင်၊ တစ်ခါတစ်ရံ သစ်ရွက် သစ်ညွန့်၊ သစ်ခေါက်များကိုလည်း စား သောက်တတ်ကြ၏။

ပြောင်အုပ်တစ်အုပ်လျှင် (၁၀) ကောင်မှ အကောင်(၂၀) ရှိတတ်ပြီး အရွယ်ရောက်ပြီးသော ပြောင်ကြီးက ခေါင်းဆောင်၍ အရွယ်မရောက်သေး သော ပြောင်ထီးနှစ်ကောင် သုံးကောင် လည်း ပါလာတတ်ပါသည်။

ပြောင်များ၏ အထာကို သိထားရန်မှာ ကြံ့၊ ကျွဲ၊ ဆတ်နှင့် တောဝက်များကဲ့သို့ ရှုံ့နှံ့တွင် လူးလေ့ မရှိကြ။

ကျွန်ုပ်တို့အား သတင်းပေးသော တောင်ပေါ်ရွာသားများစကားအရအုပ်စု ခေါင်းဆောင်မဟုတ်တော့သော ပြောင် အိုကြီးသည် ခေါင်းဆောင်ရန် အင်အား စိတ်ဆန္ဒ ကုန်ခန်းသော ပြောင်အိုများ ဖြစ်ကြသည်။ ထိုပြောင်မျိုး ပစ်နိုင်မှသာ ဦးချိုကောင်းကောင်း ရပေမည်။ မုဆိုးညီ...

...င်မှ ပစ်ရန် မလွယ်ကူလှပေ။ အခြား ...င်းတွဲပြောင်ထီးများကား အုပ်စုခေါင်း ...ောင်က လိုက်လံတိုက်ခိုက် နှင်ထုတ် ...းသော ပြောင်ထီးများ ဖြစ်ကြ၏။

ပြောင်တို့မည်သည် အုပ်စုစိတ် ...းထန်သော သတ္တဝါများဖြစ်သော ...ကြောင့်ကျားနှံ့ရလျှင် စုပေါင်းကာကွယ် ...ကြ၏။

ကျွန်ုပ်နှင့် ဦးဖဝေး၊ မုဆိုး ကိုတင် ...သည် စမ်းကွင်းသို့ ဆင်းလာမည့် ...ပြောင်အိုကြီးကို ချောင်းရာစ်ကြသည်။ ...ချောင်တွင် ပြောင်တို့ နားခိုနိုင်စရာ ...ချုံပင်အုပ်စုနှင့် ကိုင်းတောကြီး ...ည်။

ပြောင်တို့မည်သည် လူ့နံ့ရလျှင် ...ပြေးပြီး အကျဉ်းအကျပ်တွေ့ပါက ...ကြမ်း ဝင်ရောက်တိုက်ခိုက်တတ် ...ထိုသို့တိုက်သည်ကို "ပြောင်တိုက် ...ည်" ဟုခေါ်လေသည်။

...စမ်းကွင်းတွင်မြက်နုများစိမ်းနေ၏။ ...ပြောင်တို့အကြိုက်ပင်။ နံနက်(၆) ...အထိ အုပ်စုကွဲ ပြောင်အိုကြီးအား ...ရသဖြင့် တောကောင် တွေ ...ည် ဇင်ပြွန်းစားကွင်းဆီသို့ နေရာ ...ပြောင်းပင်ရပါသည်။ ဇင်ပြွန်းစား ...အနောက်ဘက်တွင်ရှိပြီး ကနစို ...ပင်များလည်း တောကောင်အကြိုက် ရှိနေ၏။

ကျွန်ုပ်တို့ မုဆိုးအဖွဲ့ ဇင်ပြွန်းစား ကွင်းသို့ အလျင်အမြန် လာခဲ့ကြ၏။ ကျွန်ုပ်တို့အဖွဲ့ လေအောက်ကို ရှောင်၍ လာရခြင်းဖြစ်သည်။ လမ်းတွင် တောင် ကြောခရုပတ်လမ်းမှ ခပ်သုတ်သုတ် ပြေးလာကြသည့် ကျောက်ဖျာရွာသား သုံးဦးကို တွေ့ရလေသည်။

မုဆိုး ကိုတင်က –

"ဟေး – ဆင်ဖိုးတို့ပါလား၊ ဘာဖြစ် လာကြတာလဲကွ"

"အစ်ကိုရေ – တောင်ညိုသစ်ထုတ် ကွင်းက မိနောက် လွတ်သွားလို့ သွား အရှာ၊ ကျောက်ကမ်းပါးကွင်းမှာ လမ်း ကလည်း ကျဉ်းပြီး ပြောင်ကြီးတစ် ကောင်နဲ့ တိုးပြီး လိုက်တာနဲ့ ကျောက် ဆောင်ပေါ်တက်ပြေးရတယ်" –

"ဒါဖြင့် – ဒီသတ္တဝါကြီး ဘယ်ပြေး သလဲ"

"ဇင်ပြွန်းကွင်းဘက် ဆင်းသွား တယ်"

"ဆင်မ မိနောက်ကိုရော တွေ့ရဲ့ လား"

"ခရီးလွန်ပြီး မြို့သစ်တောင်ဘက် ရောက်သွားတယ်လို့သတင်းရတယ်။





www.burmeseclassic.com

www.burmeseclassic.com

မိနောက်ကို တောအုပ်ကြီးက ပစ်သတ် နိုင်တောင် လုပ်နေပါတယ်"

ဆင်ဖိုးသည် မိနောက်၏ ဦးစီးဖြစ်သည်။ ဘာကြောင့် တောအုပ်ကြီးက ပစ်သတ်ရန် စီစဉ်သည်ကို နားမလည်ပါ။

"မိနောက်ဆင်မဟာ အလုပ်လုပ်နိုင်းတဲ့နေရာမှာ အခြားဆင်တွေထက် သာပါတယ်။ ဘာဖြစ်လို့တောအုပ်ကြီးက သတ်ချင်ရတာလဲ"

မုဆိုး ကိုတင်ကို မေးလိုက်သဖြင့် ဆင်ဖိုးက -

"ဒီတောင်မ လွန်ခဲ့တဲ့သုံးရက်က ကျွန်တော့်ကိုယ်စားတက်တဲ့ ဦးစီးသစ်မောင်မိုးကို ဆွဲချသတ်ခဲ့လို့ပါ။ အဲဒီနောက် ထွက်ပြေးသွားတယ်။ သူ့ကို ကျွန်တော်ပဲ ထိန်းလို့ရတယ်"

ထိုသို့ပြောသဖြင့် ကျွန်ုပ်က -

"ပြောင်ကြီးနောက်လိုက်ရင်း မြို့သစ်တောင်ကို သွားကြတာပေါ့"ဟု ပြောကာ သူတို့အား တစ်ပါးတည်း ဇင်ပြွန်းကွင်းဘက်သို့ ခေါ်ခဲ့ပါသည်။

တောင်ညို၊တောင်တန်းသည် ကျယ်ပြန့်ပြီးတောင်ထိပ်အမြင့်ဆုံးသည် ပေ(၃၀၀၀)ခန့်မြင့်ပါသည်။ ဇင်ပြွန်းကွင်းသည်တောင်မကြီး၏တောင်ကြော ကြီးတစ်ခုတွင် ရှိပြီး မြေပြေပြန့်ရာ တောင်ကြောကြီးနှစ်ခုကြားတွင်စီးဆင်းလျက် ရှိနေ၏။

ငှက်မျိုးစုံ၏အသံနှင့်မျောက်အော် သံများက ဆူညံနေ၏၊ အောင်လောင် ငှက်ကြီးသည် သစ်ပုပ်ပင်ကြီး၏ အမြင့်ဆုံးထိပ်များမှအော်မြည်လျက်ရှိနေ သည်။

တောဝက်တစ်အုပ်သည် လူး တွင် နွံလူးနေရာမှ ကျွန်ုပ်တို့ မုဆိုး အသံကြားသွားပုံရပြီး တရုန်းရုန်း ပြေး၏။ အကယ်၍သာ ပြောင်အိုကြီး သာမလိုက်လျှင်ထိုတောဝက်နှစ် အလွယ်တကူနှင့် ရနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့တစ်နာရီခန့် သွားမိ အခါတွင် ဇင်ပြွန်းကွင်းသို့ရောက်လာ သို့သော် ကျွန်ုပ်နှင့် မုဆိုးအဖွဲ့ ပြောင်ကြီး၏ခြေရာ လေအောက် လေ့လာကြ၏။

ဇင်ပြွန်းကွင်းတွင် စမ်းချောင်း ချောင်းကဖြတ်စီးကာမြက်နု နေ၏၊ တောငှက်ပျောပင်အုပ် ပြောင်ကြီးစိုနိုင်ရန် တောဖြစ် ၏၊ ပြောင်ကြီးခြေရာ တော

သစ်တုံးကြီးပမာ သစ္စာဝါကြီးတစ်ကောင် ခွေနေရာမှ တဖြည်းဖြည်း အခွေပုံကြီး ဆန့်ထုတ်နေ၏၊ နေခြည်သည် ထို သစ္စာဝါကိုယ်ပေါ်သို့ သစ်ကိုင်းများကြား ထိုးကျနေ၏၊ကြီးမားလှသောဦးခေါင်း ကြီးသည် မြက်ပင်ရှည်များတိုးကာ အရှေ့ရှေ့နှင့် မီးရထားတွဲ လိမ့်သကဲ့သို့ သွားနေလေသည်။

ထိုသစ္စာဝါကား ရောမစပါးကြီးမြွေ ကြီးတစ်ကောင်ပင်ဖြစ်တော့၏။

ထိုစဉ်ကြီးမားသော ကျသောင်းဝါး ကြီးနှင့် ချုံများကြားမှ သစ္စာဝါကြီးတစ် ကောင်၏ နာခေါင်းမှုတ်သံ ကြားရပြီး ခေါနဲ့ ရှေ့သို့ ထွက်လာသံ ကြားရ၏၊ သော် အသံသာ ကြားရပြီး ကိုယ်လုံး ယ်ပေါက်ကို မမြင်ရသေး။

ကျွန်ုပ်တို့ မုဆိုးအဖွဲ့သည် ဝါးရုံများ ရှိ ကျောက်တုံးကြီးတစ်လုံးဘေး အသာစောင့်နေကြသည်၊ တကယ် ပြောင်ကြီးကတောတိုးသံပေးကာ လိုက်ခြင်းသာ ဖြစ်၏၊ ခပ်စောစော ပါကြီးမြွေကြီးသည် မြက်ခင်းထဲ ဝင်းကာ အစာရှာနေပုံရ၏၊

ပြောင်အိုကြီးသည် ကျွန်ုပ်တို့နှင့် (၃၀)သာ ကွာတော့သည်။

"ရှေ့ကိုမြီးတော့မှမြွေတော့မယ်" ဦးဖဝေက ပြောသဖြင့် -

"ဟုတ်တယ် - ဖဝီး၊ ဆိုင်းနေလို့ တော့ မဖြစ်ဘူး"

ကျွန်ုပ်နှင့်ပါလာသော မုဆိုးကိုတင် အား ကျွန်ုပ်ကိုင်နေကျ စဝရင်းဗီး(လ်) ရိုင်ဖယ်အား ပေးထားပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့တပင် ရွှံ့ပြီး ကျောက်တုံးကြီးဘေးမှ ထွက်လိုက်စဉ် ဖူးခနဲ အသံတစ်သံကြားရကာ ဝေါခနဲ ပြေးလာသည့် မည်းမည်းသစ္စာဝါကြီး၊ သူ၏ခြေလက်များက ခြေအိတ်စွပ်ထား သည့်နယ် အဖြူရောင်၊ နာယောင်တွင် အဝါနအရောင်အမွေး ပေါက်နေ၏၊

ပြောင်အိုကြီးသည် နာနေသလို ဒေါသလည်းကြီး၏၊

"ဖူး - ဖူး"

ကျွန်ုပ်က နာခေါင်းနှင့် နားရွက် အကြား ကျည်မာတစ်တောင့် ပစ်သွင်း လိုက်၏၊ ဦးဖဝေက စောင့်နေသေး၏၊ ကျွန်ုပ်တို့နှင့်ဆယ်ကိုက်လောက်အတွာ တွင် ဘုန်းခနဲ လဲကျကာ အသက်ထွက် သွားတော့၏၊

ဦးဖဝေက ကုန်းကြော ဝါတွင် ကျန်ခဲ့သည့် ဆင်ဖိုးတို့အား လှမ်းခေါ်

www.burmeseclassic.com

လိုက်သည်၊ ဆင်ဖိုးနှင့် အဖော်နှစ်ဦး ဆင်းလာသောအခါတွင် ပြောင်အိုကြီးအား ဖျက်ယူရန် စီစဉ်ရသည်။

ကြောမီ -

"ဝေး - ဝေး"

"ဝူး - ဝူး"

တျောက်ဝှံမှ လူတချို့သေနတ်သံ ကြား၍ခပ်ဝေးဝေးမှ အသံပြုလာကြ၏။ သူတို့မုဆိုးများ သားကောင်ပစ်ရလျှင် သူတို့က အထမ်းသမားအဖြစ် ပို့ရန် အသားစားရနေကျ ဖြစ်လေသည်။

ဝိုဝံဝေါင်းရွာသားဆေယ်ဦးခန့်ဖြစ်ပြီး ဓားတိုယ်စီ ပါလာကြ၏။ ကျွန်ုပ်တို့အဖို့ ရွာသားများမိုးမြန့်တောင်ယာသို့အသား ထမ်းပို့စေတော ရွာသားတစ်ဦးလျှင် သုံးပိဿာစီ ဝေဝေးလိုက်၏။

မိုးမြန့်ယာတွင် သစ်လုပ်သား တောင်း ဦးချစ်နှင့် ဦးရွှေတို့ ရှိနေရာ ဦးချစ်အိမ်တွင် စခန်းချလိုက်ပြီး ယာတဲ များအား အသားများ ဝေငှပေးပြီး ကျန် သောအသားများကို မီးဖြင့် ကျပ်တိုက် စေတော ဦးချိုကြီးနှင့် ဦးခေါင်းကို အသား ထုတ်၍ မီးဖြင့် အခြောက်လှန်းစေရ၏။ ဦးခေါင်း ဦးချိုပါလျှင် ပို၍ ကျက်သရေရှိ ပြီး ဈေးကောင်းလည်း ရတတ်ပါလေ သည်။

ကျွန်ုပ်က မိုးမြန့်ရွာမှာပင် နံနက်စာ စားပြီးနောက် ဆင်မ မိနောက် လိုက်ရန် အတွက် ကတိပေးထားသည့်အတိုင်း ဆင်တောင်ကိုဖြတ်၍မြို့သစ်တောင်ဆီ သို့ ခရီးထွက်လာကြပါသည်၊

အချိန်မှာ နေ့လယ်တစ်နာရီခွဲလေ ပြီ။

ဆင်တောင်ရောက်၍ရှင်းရွာဖယ်ခုံ ရောက်သောအခါ နေဝင်သွားလေပြီ။

ထို့ကြောင့် ကျွန်ုပ်တို့သည် သိပေါင်းကျွမ်းပေါင်း ရွာခေါင်းကြီး ဦးလျှံဖုံအိမ်တွင် စခန်းချလိုက်ပြီး ပါလာ သော ပြောင်သားခြောက်များလည်း ညစာအဖြစ် ပေးလိုက်ပါသည်၊

⅄⅄⅄

ဆင်မ မိနောက် ....။

သစ်တောဥပဒေအရ လူပေါင်းကိုး ယောက်ကို သတ်သော်လည်း ထိုဆင် သည် မြူမြင်ထိန်းသိမ်းရပါက ထိန်းသိမ်း ရပါ၏။ ဥပမာ - ဗိတောင်ကြီးဖိုင်းတွင် လူပေါင်းသုံးယောက်သတ်ခဲ့သောဆင် ကိုစစ်ပြီးခေတ်အဲထိ မသတ်ပဲ ခွင့်လွှတ် ထားခဲ့ပေ၏။

နိုင်ငံတော်အတွက် အသုံးဝင်သည့် ဆင်များကို ကျွန်ုပ်တို့ စောင့်ရှောက်ရေး

ရှိရပေမည်၊ ဂေါ်သည်မှာ ထစ်ခနဲရှိပစ် သတ်ရန် ဆန္ဒစောလွန်းခြင်းသည် အလွန်မှားလှ၏။

အမှန်တရားဆိုသည်မှာလည်း သက်တွေ့ဘဝနှင့် ဆက်စပ်လျက် ရှိနေ လသည်၊ ဆင်မမိနောက်အဖြစ်အပျက် ကို တောအုပ်ကြီး နားမလည်ပေ၊ သတယ်ထိန်းရသူမှာ ဆင်ဦးစီး ဆင်ဖိုး ။ ဆင်ဖိုးက ဆင်မမိနောက်အား ငယ် ကတည်းက ထိန်းလာသူဖြစ်သည်၊

လွန်ခဲ့သော သုံးရက်ခန့်က တော အုပ်ကြီးမှာ မြို့မှ ပြန်လာပြီးနောက် ဖနီး ကိုယ်အားကြိုတင်၍ဟသ်ာတသားဖွား သော ရုံကြီး ပို့ရန်အတွက် မိနောက်အား တွင်းလွှတ်ထားရာမှ အကြောနိုင်းခဲ့ သို့သော် မိနောက် ထွက်ပြေးသွား၍ ခြား နီလာ ဆိုသောဆင်နှင့် ရထား နှိမ်မီ ထုးကြီးကို ပို့ခဲ့သည်၊ ယင်းကိစ္စ သည်းမိနောက်အပေါ်တောအုပ်ကြီးက မြိုးထားခဲ့ပြန်ကာ သူကိုယ်တိုင် ဆင်စီး၍ လိုက်ရှာသော်လည်း လာဒက်ကြောင့် မတွေ့ခဲ့ရချေ။

အမှန်တော့ ဆင်မ မိနောက် ထွက် နိုင်ရန် စီစဉ်သူမှာ ဆင်ဖိုးပင်၊ သူ ည် မိနောက်အပေါ် အလွန်သံယော ကြီးသူ၊ မိနောက်မှာလည်း ရင့်နေ

သောကိုယ်ဝန် ရှိနေသည်မှာ လခေါင်း (၂၀)နီးပါး ရှိပြီဟု သိရ၏။

ဖယ်ရုံ ရွာတွင် တစ်ညအိပ်ပြီး နောက် နံနက်စောစော ခရီးဆက်လာ စဉ် ဝိုင်အုပ်ကြီးတစ်အုပ် ဆင်ချောင်းဝါး ချောင်းဆုံရာ လွင်ဘက်တွင် တွေ့ခဲ့ခြင်း ပင်ဖြစ်သည်၊

ကျွန်ုပ်တို့၏ ခရီးလမ်းတွင် ရှိနေ သောကြောင့် ဝိုင်တစ်ကောင် ပစ်ခတ် ပေးရန် ဖယ်ခုံရွာခေါင်းကြီးက မှာလိုက် သေး၏။ ရွာသားငါးဦးလည်း ဒူးလေးနှင့် လှံများယူ၍ ဝင်လာသည်၊

တစ်ကောင်ဆင်းတစ်ကောင်တတ် ဖြင့် ခရီးနှင်ခဲ့ရာ ဆင်ချောင်းနှင့် ဝါးချောင်းဆုံရာလွင်သို့ရောက်လာလေ သည်၊ ထိုနေရာတွင် ထီးဖြူမန်ခါးစား တောနှင့် ကပ်နေသောကြောင့် ဝိုင်အုပ် ၏အသံကို ကြားနေရ၏။ ဝိုင်များမှာ တောတောင်ထူထပ်သောနေရာတွင် မနေပဲ အင်တိုင်းတောများ၊ ကိုင်းတော များတွင် နေတတ်သဖြင့် လူတို့၏ ယာ တောများနှင့် နီးကပ်နေတတ်၏။

ထီးဖြူတောတွင် ကောင်ရေ(၂၀) သော ဝိုင်အုပ်ကြီးအား တွေ့လိုက်ပြီး ဝိုင်ထီးကြီးက ခေါင်းဆောင်လျက်ရှိ၏။ ဝိုင်ထီးကြီးသည် အင်အားကြီးသည့်အနေ





www.burmeseclassic.com

www.burmeseclassic.com

ခြင်းဆီးဖြူပင်အားခေါင်းဖြင့်ပြေးဆောင့်လိုက်ရာ ဆီးဖြူသီးများ တဖြောဖြော ကြွေကျလာသည်။

စိုင်မနှင့် စိုင်ပေါက်ကလေးများက တောက်စားလိုက်ကြ၏။ ထိုအချိန်တွင် ကျွန်ုပ်တို့မုဆိုးအဖွဲ့သည် စိုင်အုပ်ကြီးထဲမှ စိုင်ထီးတစ်ကောင် ပစ်ခတ်ရန် ရွေးချယ်လိုက်သည်။

သို့သော် မုဆိုးများအဖို့ စိုင်ထီးကြီးများ၊ တစ်ကောင်တည်းနေ စိုင်ထီးကြီးများသာ ပစ်ခတ်ရန် ရွေးချယ်လိုက်သည်။

သို့သော် မုဆိုးများအဖို့ စိုင်ထီးကြီးများ၊ တစ်ကောင်တည်းနေ စိုင်ထီးကြီးများသာ ပစ်ခတ်ရန် သင့်လေသည်။

ယင်းအခိုက် ခေါင်းဆောင်စိုက်ထီးကြီးသည် အသံ ဖူးခနဲ အသံတစ်ချက်အော်ကာ ဝန်းကျင်ကို ခေါင်းဆောင်လျှက်တစ်ခုခုကိုစူးစမ်းနေဟန်ပြုလျက်ရှိနေသည်။

ကျွန်ုပ်တို့သည် "ကော့ညွှတ်" တောင်ကုန်းပေါ်တွင် ဝပ်လျက် နေရာယူထားကြ၏။ ဦးဖဝေးက သတိပေးလိုက်၏။ သဘောမှာ ခေါင်းဆောင် စိုင်ကြီးကိုပင် ပစ်ရန်ဖြစ်သည်။



ဝိုင်နောက်က အော်ကာ လဲကျနေသော ကျွန်းသတ်ကြီးအား နာမောင်းဖြင့် ဆွဲယူကာ ဝုန်းခနဲ တောက်နှံဂုံကြီးနှင့် ရိုက်ပစ်လိုက်ပါသည်။ ဆင်ပိုးမှာ ဆင်မ ဝိုင်နောက်ထံ ဝမ်းသာအားရ အော်၍ ပြေးသွားလေသည်။ ဦးစီး ဆင်ပိုးအား ဆင်မ ဝိုင်နောက်က "ကျီ" ခနဲ အော်၍ ကြိုပါသည်။

အခြေအနေက ပေးနေသော ကြောင့် ကျွန်ုပ်သည် ခေါင်းဆောင် စိုင် ထီးကြီး၏နားရွက်နှင့်နားယောင်အကြား ချိန်ရွယ်လိုက်၏။

"ဒိုင်း"

ဒဿမ ၄၇၅ ရိုင်ဖယ်၏ပေါက်ကွဲသံ အတူ ယမ်းနံ့များထောင်းခနဲ ထသွား ၏။

ခေါင်းဆောင် စိုင်ကြီးသည် စက္ကန့် ပိုင်းကလေးအတွင်း ခေါင်းတစ်ချက် ယိုက်သဖြင့် ပစ်ချက်သည် လွဲသွား ကြောင့် "ဟာ" ခနဲဖြစ်သွားရတော့သည်။ အခါမျိုးတွင် အလွန်ကြောက်စရာ ကောင်းလှသည်။

"ဖူး"

"လာပြီဟေ့"

ဦးဖဝေးက အော်လိုက်၏။

မှန်သည်။ ခေါင်းဆောင်စိုင်ထီးကြီး သည် ရန်သူ၏နေရာကို သိသွားပြီဖြစ် သောကြောင့် ဝေါခနဲ ပြေးလာတော့၏။

စိုင်ထီးခေါင်းဆောင်ကြီးသည် အဟုန် ကြီးစွာဖြင့် ကျွန်ုပ်တို့ရှိရာ တောင်ကုန်းရှိရာသို့ ပြေးလာသည်မှာ ကြောက်ချားဆယ်ကျော်သာ ကွာပါမည်။ ချိန်ရွယ်ကုန်း အသံနှင့်အတူ ကြောက်စရာ ပင်တောင်းလှ... ကျွန်ုပ်တို့နှင့် ပါ လာသော လူများလည်း သစ်ပင်များပေါ် တက်ပြေးကြတော့သည်။

ကျွန်ုပ်သည် တစ်ချိန် အသေတ်လု ပစ်ခတ်ရတော့၏။ ခေါင်းဆောင်စိုင် ထီးကြီး၏ ဦးခေါင်းပိုင်း ဒဿမ ၄၇၅ ကျည်မှာ ပစ်ခတ်လိုက်၏။

"ဒိုင်း"

တော်ဒိုက်ယမ်းနံ့များ ထောင်းခနဲ ထသွားစဉ် ကျည်ဆန်တစ်တောင့် ထပ် ဖြည့်ထည့်ပြီးလေပြီ။

"ဖူး"

"ဝုန်း"

ခေါင်းဆောင်စိုင်ကြီးသည် ကျွန်ုပ် တို့နှင့် ကိုက် (၄၀) ကွာတွင် ဘုန်းခနဲ ပြောက်ကာ လဲကျကာ အသေတ်ရောက် သွားတော့၏။

ဦးဖဝေးက ဒုတိယ စိုင်ထီးပေါက် တစ်ကောင်အား ပစ်ပြီးနောက် စိုင်များ ထွက်ပြေးသွားကြတော့၏။

ကျွန်ုပ်တို့ပစ်ပြီး စိုင်များ ထွက်ပြေးမှသာ သစ်ပင်ပေါ်မှ ဆင်ဝိုးတို့အုပ်စုနှင့် ဖယ်နံ့ ချင်းအမျိုးသား တပဟားဟားရယ်ကာ ဆင်းလာကြတော့သည်။ ကျွန်ုပ်တို့ အုပ်စုစိုင်ထီးကြီး၏ ဦးချို ယူထားနှင့် ချက်ချင်း အဖျက်နိုင်းလိုက်၏။ စိုင်အား

www.burmeseclassic.com

အချို့အဝက်လောက်သာယူ၍ မြို့သစ် တောင်ဘက် ဆက်ထွက်ခဲ့ကြပါသည်။

မြို့သစ်တောင်မရောက်မီလမ်းတွင် နံနက်စာစားရန်အတွက် ကျောက်လက် ထိခေါ်ကျောက်ထရံစခန်းတွင် နားလိုက်ကြပါသည်။ ပါလာသော စိုင်သားများအား အသင့်ယူလာသော အိုးခွက်များဖြင့် နံနက်စာ ချက်စားသောက်ပြီးချိန်တွင် မိုးတ တဖေါဖေါ ရွာချလာတော့၏။

ကျွန်ုပ်တို့သည် ကျောက်ထရံကြီး ဂူထဲဝင်တာ နားခိုလိုက်ကြရ၏။

တဖေါဖေါ အော်မြည်ကာ လေသံ မိုးသံနှင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျသံတ ဆူညံလျက် ရှိနေပါချေသည်။

ဂူအတွင်း၀ယ် ခပ်စောစောက ရောက်နေသော မျောက်သားအမိမှာ တုပ်လျက် ရှိနေပါချေသည်၊ တစ်နာရီခွဲလောက် ရွာပြီး မိုးရေလေပါ စဲသွားသဖြင့် ခရီးဆက်ထွက်ခဲ့ကြရ၏။

မြို့သစ်တောင် ...။

ထိုတောင်တွင် ဘုရင်ကြီး၏သမီး ဥမ္မာဒန္တီသည် အခြွေအရံများနှင့် ပြေးလာပြီးလျှင် ထိုတောင်မှာ ဝက်ပါရဲတိုက် ဆောက်ပြီးနောက် နေထိုင်စဉ် နောက်ထပ် ရန်သူများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည်ဟု ဆိုပါသည်။

ဥမ္မာဒန္တီတည်ခဲ့သောစေတီတစ်ဆူသည် လည်း တောင်ထိပ်တွင် ရှိနေ၏။

မြို့သစ်တောင်သို့ ညနေ(၃)နာ လောက်ရောက်လာကာကျောက်ဝက် ရဲတိုက်ကြီးမှာလည်း တောင်ပေါ်တွ မြင့်မားစွာ ရှိနေ၏၊ ကျွန်ုပ်တို့အဖို့ ၌ ကျောက်ဝက်ပါရဲတိုက်ကြီးမှာပင် စခ ချရပေမည်၊

ထို့ကြောင့် ကျောက်ဝက်ပါရဲတိုက် ဆီသို့ လာခဲ့ကြ၏၊ ကျောက်ဝက် ရဲတိုက်မှာ ကျယ်ဝန်းပြီး အဆော ဆောင် အခန်းခန်း ရှိနေကြောင်း သိ ၏။

ကျွန်ုပ်တို့ ရောက်သွားချိန်မှာ ကျောက်ဝက်ပါရဲတိုက် ရှေ့လွင်ပြင်တွ ထူးခြားသောအသံများကို ကြားရ ၍သည်မှာ ဆင်အော်သံနှင့် ကျားဟိ သံများ ဖြစ်၏။

အချိန်မီရောက်သွားသဖြင့် တော သေးသည်၊ ဆင်မ မိနောက်မှာ သာ ပြီးနောက်သားဆင်ကလေးအားနို့တိုက် နေစဉ် ရုတ်တရက် ကျွန်းပတ်ကျား နှင့်တွေ့ကာ ဆင်မ မိနောက်မှာ သ လေးကို အသေအလဲ တာကွယ်နေရ

ဦးဖဝေးမှာ လျှပ်တစ်ပြက်ပင်း ၄၀၅ ရိုင်ဖယ်ဖြင့် ဆင်မ မိနောက်း

သွားသည့်ကျွန်းပတ်ကျားကြီးအား စ်တော်လိုက်၏။

"ဒိုင်း"

"ဝေါင်း"

ကော်ဒိုက်ယမ်းနံ့များ ထောင်းခနဲ ပြီးနောက် ကျွန်းပတ်ကျားကြီးသည် ဘက်သို့ ပစ်ကျသွားတော့၏။

"ကျီ"

မိနောက်က အော်ကာ လဲကျနေ သော ကျွန်းပတ်ကြီးအား နှာမောင်းဖြင့် ယူတာ ဝုန်းခနဲ ကျောက်နံရံကြီးနှင့် ပစ်လိုက်ပါသည်၊

ဆင်ဖိုးမှာ ဆင်မ မိနောက်ထံ ဝမ်း အားရ အော်၍ ပြေးသွားလေသည်။

ဦးစီး ဆင်ဖိုးအား ဆင်မ မိနောက်တ "ကျီ"ခနဲ အော်၍ကြိုပါသည်၊

"မိနောက်ရယ် – ငါတို့ အရောက် မြန်လို့ပဲ၊ နင်တို့ မသေကြတာ"

"ကျီ"

ဆင်ဖိုးက နှာမောင်းကို ပွတ်သပ်ကာ ပြောလိုက်ရာ လူစကား နားလည် သော ဆင်မမိနောက်က အော်လိုက်ပြန် တော့၏၊ ကျွန်ုပ်က ဆင်ဖိုးအား ပြော လိုက်ရသည်၊

"ဆင်ဖိုးရေ – တောအုပ်ကြီးတ မိနောက် ဆင်ထီးကလေး သားတျ ကြောင်းသိရရင် ပစ်သတ်မှာ မဟုတ် တော့ပါဘူးကွာ"

⇨ မြန်စိ

## ခေါင်းမူး

ထန်းလျက်နှင့် ရှောက်သီးစားပါ။

## ခွေးရူးကိုက် အဆိပ်ပြေဆေး

ဒက်ရာပေါ်တွင် ထန်းလျက်၊ နမ်းဆီ၊ ငြှုပ်ကြီးစေး ရော၍ လိမ်းပေးပါ။

## ချည့်နဲ့ အားနည်းနေလျှင်

ကြိတ်မှန်ရွက်ကို တေဆေးစားပါ။





www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့နန်းတွင်းအရေးတော်ပုံဖြစ်သည့်
မင်းညီမင်းသားများကို သတ်ဖြတ်သုတ်သင်သည့်
အာဏာလုပွဲ၊ ရာဇဝင်တွင် ဖျက်မရသည့်
အမည်းစက်ကြီးကို ဖတ်ရှုရမည်..

## မင်းဆွေးမြေသက် နန်းဆက်ပြတ်ခဲ့ပြီလား.....

## ရှိကြီးသင်



**ရွှေမြန်မာပင်း**
စဉ်ကာနစ်ပေါင်းများစွာ အဆင့်အ
နိုင်မာလာခဲ့သည့် သက်ဦးဆံပိုင်
ကုန်းဘောင်မင်းဆက် နောက်ဆုံးဘုရင်
နှိုင်ငံချုပ် အဆုံးသတ် ပျောက်ကွယ်သွားပေတော့သည်
မြန်မာတို့၏ဦးသျှောင်၊ ရွှေထီးရွှေနန်း၊ ရွှေကြငှန်းနှင့်
နားထည်ဝါဝံ့ကြွားမှုတို့လည်း မှုန်ဝါးမှေးမှိန် သေးသိမ်
ရပေသည်။ မြန်မာဘုရင်၊ မိဖုရား၊ မင်းညီမင်းသား၊ သာ
တော်၊ သမီးတော်၊ မှူးမတ်ဘုရားတူးခံ အနွယ်တော်များ
မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးမြန်မာ ဘုရင်တို့ အုပ်စိုးခဲ့သည့် ကုန်းဘောင်ဆက်တွင် မင်းဆက် (၁၁)ဆက်နှင့် အဆုံးသတ်ခဲ့ရပေသည်။

"မြန်မာတို့ကျွန်ဖြစ်ရသောအမှုကြီးတွင် တစ်တရားခံကင်းဝန်၊ နှစ်တရားခံဆင်ဖြူမရှင်၊ သုံးတရားခံစုဖုရားလတ်၊ လေးတရားခံသီပေါမင်းဟု ကျွန်ုပ် စွပ်စွဲချင်တော့သည်"

သတင်းစာဆရာ ဦးသိမ်းမောင်က "ဂီရိရတနာဆောင်းပါးမှ သီပေါမင်း အတွင်းရေးများ" တွင် ကောက်ချက်ချ စေ့စပ်သုံးသပ်ခဲ့သည်။

မင်းတေရာဇ်တို့၏စကားကား ထွက်ပြီးသား ဆင်စွယ်ဝင်တယ်လို့ မရှိစေတောင်း ဆိုသည့်အတိုင်း မိုးကြိုးသွားတဲ့သို့ထက်မြက်ပြင်းထန်လှသည်။ မင်းတို့၏ နှုတ်ထွက်စကားကား သာမန်လူများတဲ့သို့မဟုတ်၊ တိုင်းနိုင်ငံတစ်ခုလုံး သိမ်းပိုက်အုပ်ချုပ်သူများဖြစ်သောကြောင့် အရေးပါထက်မြက်လှသည်။

ထို့ကြောင့် ပြောမှားဆိုမှား နှုတ်ထွက်စကားများကြောင့် ဒုက္ခရောက်ရသည် သာမက တစ်ပါးကျွန် အဖြစ် ရောက်ခဲ့ရသည်။ မင်းတုန်းမင်းကြီးကိုယ်တိုင်ပင်လျှင် အမှတ်မထင် မဆင်မခြင် ပြောဆိုတတ်သည်။ မြင်ကွန်းမြင်းခုံတိုင် အရေးတွင်သက်တော်ကြီးသောမကွေးရာ မင်းသားက ဦးဆောင်ပြီး နိမ်နင်းတိုက်ခိုက်အောင်မြင်ခဲ့သည်။ ထိုအခါ –

"ငါ့သား – ငါ့ထီး – ငါ့နန်း"

လွှတ်ခနဲ အမိန့်တော်ထုတ်ခဲ့မှု၌ မကွေးရာမင်းသားကိုပင် အိမ်ရှေ့အရာ သွင်းခံရတော့မလိုဖြစ်ခဲ့ရသည်။

သီပေါမင်းသည်ပထမပြန် သုံးကြိမ်သုံး၌ ဖြေဆို အောင်မြင်ပြီးချိန်တွင် မင်းတုန်းမင်းသည် လွန်စွာမှ ပီတိဖြစ်၍ ဝမ်းမြောက်လျက်ရှိခဲ့သည်။ သာသနာတော်ကို ချီးမြှောက်မည့် မင်းဖြစ်၍ သာသနာ့အရေးတွင် တခြားသားတော်များထက် ထူးချွန် အောင်မြင်သောကြောင့်လည်းကောင်းအထောက်တော်များထံမှ သမီးတော် စုဖုရားလတ်နှင့် ရည်ငံနေသည်ကို သိရှိပြီးနောက် –

"မောင်သီပေါနဲ့ လုံမလေး စုလတ်တို့ကို လက်ဆက်ပြီး အိမ်ရှေ့အရာ ပေးလိုက်ရ..."

ဟု လွှတ်ခနဲ မိန့်တော်မူခဲ့ဖူးသည်ကို အားလုံးကြားသိခဲ့ရသည်။

မင်းတုန်းမင်းကြီးသည်ဘမရာသနမှန်နန်းဆောင်ထဲတွင် လေရောဂါ ဝမ်းကိုက်ရောဂါနှင့် အားအင်ကုန်ခမ်းဆော့နန်းမာတော်မူလျက် ရှိနေခဲ့သည်။ အတော်ဝန်ဦးကဲ၊ သံတော်ဆင့် အဝေးအညည်ဝန်ဦးလတ်၊ အနိုပ်တော် ဗလဲဘ ရှာစားတို့သာ သလွန်တော်အနီးတွင် ကြပ်မတ်ပွေ့ပိုက် စောင့်ရှောက်ပြုစုနေကြသည်။

ဆင်ဖြူမရှင်အမိန့်ဖြင့် မည်သူမှ မေးမြန်းစုံစမ်း ဝင်ရောက်ခွင့်မရတော့ပေ။ လွှတ်တော်ဝန်ကြီးများ၊ အတွင်းဝန်များနှင့် မင်းတရားကြီးကိုယ်စား အုပ်ချုပ်ရန် အခွင့်အာဏာအပြည့်အဝရရှိနေကြသည်။ ရွှေနန်းတော်ဝန်းတစ်ခုလုံးတွင်လည်း လက်နက်ကိုင်အစောင့်အကြပ်များ သတိကြီးစွာနှင့် ထူထပ်စွာ ချထားလိုက်ကြသည်။

အလယ်နန်းမိဖုရားဆင်ဖြူမရှင်သည် မင်းတုန်းမင်းကြီးမရှိလျှင် မည်သူ ထီးနန်းကို ဆက်ခံမည်နည်းဟု စိတ်စောစွာ တွေးနေမိသည်။ အိမ်ရှေ့စံ ကနောင်မင်းသားကြီး လုပ်ကြံသတ်ဖြတ်ခံရပြီးထဲက အိမ်ရှေ့နန်းလျာ မထားတော့ပေ။ သူမအနေနှင့် တောင်နန်းမတော်မိဖုရားကြီး (စကြာဒေဝီ) မရှိသည့်နောက် မိဖုရားခေါင်ကြီးဖြစ်ချင်သည်။ မင်းတုန်းမင်းက လိုက်လျောခြင်း မရှိခဲ့ပေ။ တခြားမိဖုရားတွေကလည်း သူမအပေါ် လိုလားခြင်းမရှိ။ နှစ်ဝက်စလုံး အဆင်ပြေစေရန် ထားဝယ်ပြီး ဆက်သသော ဆင်ဖြူတော်ကို ပေးသနားခဲ့ခြင်းကြောင့်ဆင်ဖြူမရှင်ဖြစ်လာသည်။

မင်းတုန်းမင်းကလည်း သီပေါ်အပေါ် သာသနာ့အာဇာနည်အဖြစ် အားရကျေနပ်ခဲ့သည်။ ဆင်ဖြူမရှင်အနေနှင့် သီပေါမင်းသား ထီးနန်းဆက်ခံမည်ဆိုလျှင် အဂ္ဂမဟေသီမိဖုရားခေါင်ကြီး မဖြစ်သည့်တိုင် ဘုရင့်ယောက္ခမတော်အဖြစ် ဩဇာအာဏာ ရရှိလာမည် ဖြစ်သည်။

မင်းတုန်းမင်းကြီးမရှိလျှင် စိတ်လိုက်မာန်ပါ လုပ်တတ်ကြသော မင်းသားများရန်က စိုးရိမ်ရသည်။ ဩဇာခံ ထိန်းသိမ်းခံနိုင်သည့်မင်းသားကို ရှာဖွေစဉ်းစားကြည့်သည်။ သီပေါ်ကို သွားမြင်မိသည်။ သီပေါမင်းသားရှေ့တွင် အလေးထားရမည့် အရွယ်ရောက်နေသော မင်းသား(၃)ပါးရှိသည်။

စက်ရုံအုပ်ချုပ်ရေးများကို တာဝန်ယူနေရသော မကွေးရာမင်းသား၊ သတ္တိ

www.burmeseclassic.com

တောင်းသော သုံးဆယ်မင်းသား၊ ဘာသာထရားကိုင်းရှိင်းသော ညောင်ရမ်းမင်းသား သုံးဦးစလုံးကလည်း မြင်ကွန်းစားဝန်းထိမ်စားသူပုန်အရေးတွင် သတ်ခွန်ကြီးပမ်း အမှုတော်ကို ထမ်းခဲ့ကြသူများဖြစ်သည်။ မင်းသားသုံးပါးကို ကျော်လွန်ပြီး သီပေါကို နန်းလျာထား၍ဖြစ်ပါ့မလား။ ဆင်ဖြူမရှင်သည် ကင်းဝန်မင်းကြီးဦးကောင်းနှင့် တိုင်ပင်သည်။ ဦးကောင်းကလည်း ဆင်ဖြူမရှင်ပြောသည့်အတိုင်း သဘောတူညီမှု ရှိကြသည်။

လောင်းရှည်မြို့စား လေ့သင်းဝန်ဦးမောင်တလေး၊ ရေနံချောင်းမြို့စား၊ မြင်းစုကြီးဝန် ဗိုလ်မှူးဝန်ကြီး ဦးစို၊ ခန်းပတ်မြို့စားဝန်ကြီး ဦးရွှေမောင်၊ လယ်တိုင်းမြို့စား သေနတ်ဝန်ကြီး ဦးကောင်း၊ အတွင်းဝန်ရွှေပြည်ဝန် ဝက်မစွတ်မြို့စား ဦးဘိုးလှိုင်၊ တောင်ထားဝယ်ဗိုလ် ဦးဘို၊ သံတော်ဆင့် အဝေး ကျီဝန်ဦးလတ် (နောင်တွင် ဝက်မစွတ်ဝန်ထောက်ဖြစ်လာသူ)တို့နှင့် မှန်နန်းဆောင်တော်ကြီး၊ ဆောင်းတော်ဆောင်အကူး မှန်နန်းနေဆောင်တွင် နန်းလောင်းနန်းလျာထားရေးအတွက်အရေးပေါ်တိုင်ပင်ဆွေးနွေးကြသည်။

သာဂရမင်းသား အဘိုးလောင်းရှည်မြို့စားဦးမောင်ကလေးနှင့်ပျဉ်းမနားမင်းသားအဘိုးရေနံချောင်းမြို့စားဦးစိုတို့က သူတို့မြေးများ မင်းသားဖြစ်နေ၍ မပါဝင်လိုကြောင်း ပြောသည်။ ခန်းပတ်မြို့စားဝန်ကြီးက –

"ခင်ဗျားတို့မြေးတွေ ငယ်သေးတော့ရွေးစရာမလိုဘူး။ကျန်တဲ့မင်းသားတွေကတော့ အုံကြွရာပုန်ကန်လာနိုင်တယ်"

ဟုပြောရာ ဆင်ဖြူမရှင်က –

"အဲသလို ရာပုန်အုံကြွမှုတွေ မပေါ်ပေါက်ဖို့အရေးကြီးတာပဲ။မင်းတရားကြီးအမိန့်တော်လို့ပြောပြီး မင်းသားတွေကို ခေတ္တယာယီ အကျယ်ချုပ် ထိန်းသိမ်းထားရမယ်"

"သားတော်ကြီးတွေဖြစ်တဲ့မကွေးမင်းသား၊ သုံးဆယ်မင်းသား၊ ညောင်ရမ်းမင်းသားတို့ ရှိကြတာပဲ။ အဲဒီမင်းသားသုံးပါးထဲက သင့်လျော်တဲ့မင်းသားတစ်ဦးကို ရွေးချယ်ကြရင် မကောင်းဘူးလား"

ရွှေပြည်ဝန် ဦးဖိုးလှိုင်က ဝင်ရောက်အကြံပြုသည်။

"ကျုပ်ကတော့ သီပေါမင်းသားလေးကိုပဲ သဘောကျတယ်"



နန်းတက်ခါစမှာပင် မင်းညီမင်းသားသမီးတော်၊ ဆွေတော် မျိုးတော်သေးများကာ ဂျာထလှွင်တွင် စွန်းမေခဲ့ရပေသည်။ ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော နန်းတွင်းလုပ်ကြံမှုကြီးတွင် မင်းညီမင်းသား ဆွေတော်မျိုးတော်ပေါင်း ၁ရာလိုက် ၁ရံလိုက် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ မြန်မာ့ရာဇဝင်တွင် မေ့ပျောက်မရသော အညစ်အကြေး စွန်းထင်းခဲ့ပေသည်။

လယ်တိုင်းမြို့စားဝန်ကြီးက ပြောလိုက်သည်။

မည်သည့်မင်းသားအား နန်းလျာအဖြစ် ရွေးချယ်ဝေခွဲမရ၊ စဉ်းစားရခက်နေကြသည်။ ထိုစဉ်မှာပင် တောင်ထားဝယ် ဗိုလ်ဦးဘိုးက –

"အချိန်မရှိဘူး။ စကားကြောရှည်နေလို့ပြီးမှာမဟုတ်ဘူး။ ဒီတော့ – သီပေါမင်းသားကို သဘောမတူတဲ့သူရှိရင် ခေါင်းကိုထားခဲ့ – ကိုယ်လုံးကြီးပဲ ပြန်ကြ"

ဓားအိမ်မှဓားကို လျင်မြန်စွာ ဆွဲထုတ်ပြီး ဒေါသတကြီးကျိန်းမောင်းပြောဆိုလိုက်သည်။ သူ့နောက်တွင်လည်း ဓားလှံလက်နက်ကိုယ်စီကိုင်ထားသောကိုယ်ရံတော်များက အရေးဆိုလျှင် အဆင်သင့်ရှိနေကြသည်။ တောင်ထားဝယ်ဗိုလ် ဦးဘိုးအမိန့်အတိုင်း ဆောင်ရွက်ကြရပေတော့မည်။ တောင်ထားဝယ်ဗိုလ် ဦးဘိုး (နောင်တွင် တိုင်းတားမင်းကြီးဖြစ်လာသူ) ပြောလိုက်ခြင်းမှာ အကြောင်းရှိပေသည်။ မင်းတုန်းမင်းကြီးကိုယ်တိုင် ပြောခဲ့သောစကားအရ မဆီမဆိုင် မိုက်မိုက်ကန်းကန်း ဝင်ပြောလိုက်ခြင်းသာ ဖြစ်သည်။ သူ့အားထဲတွင် –

www.burmeseclassic.com

"မောင်သီပေါနဲ့ လုံမလေးစုလတ်တို့ကို လက်ဆက်ပေးပြီး အိမ်ရှေ့အရာပေးလိုက်ရ"

ဟုဆိုသော မင်းတုန်းမင်းကြီး အမှတ်မထင်ပြောလိုက်သောစကားကို ကြားယောင်နေမိသည်၊ ဆင်ဖြူမရှင်အနေနှင့် မည်သူ့ကိုပင်ရွေးရွေး မင်းဖြစ်လာသူကို သူ့သမီးတော်ကြီးနှင့် သာလတ်ဆက်ပေးစားမည်ဟုသာ ရည်ရွယ်ထားပြီးဖြစ်သည်၊ လယ်ကိုင်းမြို့စားဝန်ကြီးဦးကောင်း (နောင်တွင် ကင်းဝန်မင်းကြီး)အနေနှင့် သီပေါမင်းသားကို အဆိုထင်ဘွင်းရခြင်းမှာ အနောက်နိုင်ငံများကဲ့သို့ စည်းမျဉ်းခံဘုရင်အဖြစ် အုပ်ချုပ်ချင်သည်၊ ထက်သန်သည့်မင်းသားနှင့်ဖြစ်၊ သူ့စကားကို နာခံသောမင်းသားထယ်မှဖြစ်မည်၊

သီပေါမင်းသားသည် ဆင်ဖြူမရှင်သမီးတော်လတ်နှင့်ရည်ငံနေ၍သူ့ဘက်သို့ ပါလိမ့်မည်ဟု တွက်ဆထားသည်၊ သီပေါမင်းသား၏လှူဖို့တော်သားမောင်မောင်တုတ်နှင့် တောင်ထားဝယ်မိုလ်ဦးဘိုးတို့က သီပေါဘက်သားဖြစ်သည်ကိုလည်းသူ သိထားသည်၊

ဤသို့ဖြင့်သီပေါမင်းသားအားအိမ်ရှေ့နန်းလျာအဖြစ် ရွေးချယ်ခြင်းခံလိုက်ရသည်၊ ဝန်ကြီး မှူးကြီးတို့ အစုံအညီတိုင်ပင်ကြပြီးနောက် ဝမ်းသိုမင်းသား မကွေးရာမင်းသား၊ သုံးဆယ်မင်းသား ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသား၊ ပင်လယ်မင်းသား(ခေါ်) သန္တိမင်းသား၊ ရနောင်မင်းသား၊ မိုင်းတုံမင်းသား ရွှေကူမင်းသား၊ မိုးလှိုင်မင်းသား၊ တောင်ညိုမင်းသား၊ ကသာမင်းသား၊ သာယာ မင်းသား၊ မိုင်းရင်မင်းသား၊ ပင်းယမင်းသား၊ မလွန်မင်းသား၏သားတော် မိုင်းပျဉ်မင်းသား၊ အိမ်ရှေ့စံမင်းသားများဖြစ်ကြသောထန်းတပင်မင်းသား၊တိုင်းတားမင်းသား၊ တောင်ဆင့်မင်းသား၊ ရွာသာမင်းသား၊ ကြေးမြင့်မင်းသား၊ မြင်းဝင်းမိုက်မင်းသား၊ ဆောင်တောင်းမင်းသားနှင့် သားတော်များအားအမိန့်တော်ပြန်နှင့်ဆို၍ အပါးတော်က သံတော်ဆင့်တို့ကိုအခေါ်တော်လွှတ်ပြီး မြောက်ဥယျာဉ်တော်အတွင်း အစောင့်အရှောက်များထူထပ်စွာချ၍ ချုပ်နှောင်ထားလိုက်ကြသည်၊

ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသားနှစ်ဦးသာအင်္ဂလိပ်အစိုးရကိုယ်စားလှယ်တော် ကာနယ်စလေဒင်ထံသို့ ထွက်ပြေးလွှတ်မြောက်တိမ်းရှောင်နိုင်သွားကြသည်၊ အဖမ်းခံရသည့်အထဲ တွင်သီပေါမင်းသားလည်းပါဝင်ခဲ့သည်၊ သို့သော် အကျဉ်းထောင်ထဲမှနေ၍ နောင်မောင်မောင်တုတ်က ကုန်းပိုးပြီး ခိုးထုတ်သွားသည်၊ သီပေါမင်းသားသည် မိဖုရားကြီး ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီး ဦးကောင်းတို့အစီအစဉ်ဖြင့် နန်းတင်ပေးခြင်းခံရသူဖြစ်သည်၊

နန်းတက်ခဲ့စဉ်က အသက်(၂၀) နှင့် မပြည့်သေးပေ၊ မိဖုရားလတ်မှာ (၁၉)နှစ်အရွယ် ငယ်ရွယ်ကြသူများဖြစ်ကြသည်၊ နန်းတက်ခါစမှာပင် မင်းညီမင်းသားသမီးတော်၊ ဆွေတော်မျိုးတော်များက ရာဇပလ္လင်တွင် စွန်းပေခဲ့ရသည်၊ ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော နန်းတွင်းလုပ်ကြံမှုကြီးတွင် မင်းညီမင်းသားဆွေတော်မျိုးတော်အချော အစုလိုက် အပြုံလိုက် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်၊ မြန်မာ့သမိုင်းတွင် မျောက်ဖျက်မရသော သွေးစက်ကြီး စွန်းထင်းခဲ့ပေသည်၊

သကျသာကီဝင်မင်းအဆက်ဆက်၏ အဘောင်နန်းမျိုး၊ နေမျိုးနွယ်စစ်မင်းဆက်များ ပြတ်ခဲ့သည်၊ ထိုသို့မဟာသီဟသွေး၊ မဟာနွယ်၊ မင်းသွေးနန်းသက်ပြတ်မည့်အရေးကို ကြိုတင်တွေးမိ၍ ပြောကြားခဲ့သူနှစ်ဦးရှိသည်၊ ထိုသူနှစ်ဦးမှာ မင်းတုန်းမင်းကြီး၏သားတော်ကြီးတစ်ပါးဖြစ်သော သုံးဆယ်မင်းသားကြီး (သိန္နီမင်းသား)နှင့်တိုင်းတားမြို့စားမင်းကြီးတို့ပင် ဖြစ်ကြသည်၊

⋏⋏⋏

အသက်ရှည်စေလို၍ မန်းတောင်ရိပ်ခိုခဲ့သော မင်းတုန်းမင်းသည် ၁၂၁၉ ခုနှစ်တွင်ရတနာပုံမင်းနေပြည်တော်ကြီးကို စတင်တည်ထောင်ခဲ့သည်၊ မြို့သစ်ထီးနန်းတည်ဆောက်နေချိန်တွင် ပုဂံမင်းလက်ထပ်ထဲက အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားခဲ့ပြီး မြန်မာများ ရှုံးနိမ့်ခဲ့ကြသောကြောင့် မြေထဲမြို့မှစပြီး အောက်မြန်မာနိုင်ငံတစ်ခုလုံးကို အင်္ဂလိပ်တို့က သိမ်းပိုက်ထားပြီးဖြစ်သည်၊

သက်တော်(၆၅)နှစ်သာ အသက်ရှည်ခဲ့သော မင်းတုန်းမင်းကြီး နတ်ရွာစံခဲ့ပြီးနောက် နန်းတွင်းရေး ရှုပ်ထွေးခဲ့ရသလိုကုန်းဘောင်ဆက်လည်းအသက်ဆက်မရှည်တော့ပေ၊ နန်းဆက်လည်း ပြတ်ခဲ့ပေတော့သည်၊

မြန်မာမင်းများသည် တစ်ခါလွှန်သည့်အခါထိုမင်း၏ထီးနန်းကိုရုတ်အရာ

www.burmeseclassic.com

တို့ သားတော်ကြီးက ဆက်ခံရမည်၊ သို့မဟုတ် ညီတော်က ဆက်ခံရမည် စသဖြင့် ထီးနန်းဆက်ခံရေးကျင့်ထုံးသည် စနစ်တကျ ရေးရာခြင်းမရှိပေ၊ စိတ်ဆန္ဒကြီးမားသော နောက်လိုက်နောက်ပါအင်အားကောင်းသော ရှင်ဘုရင်လုပ်လိုသူများက ထောင်ထားထကြွပုန်ကန် လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်သာဖြစ်သည်၊ နန်းတော်တွင်းလုပ်ကြံမှုများကား သွေးချောင်းစီးခဲ့ပေသည်။

ကုန်းဘောင်ခေတ်တွင် နောင်တော်ကိုညီတော်ကပုန်ကန်ခြင်း၊ ခမည်းတော်၊ ဘထွေးတော်များကို သားတော်တူတော်များက ပုန်ကန်ခြင်း၊ နန်းတော်အတွင်းမှာပင် သူ့ဘက်ငါ့ဘက် သူ့အုပ်စုငါ့အုပ်စုသဘောထားအယူအဆမတူ၊ စည်းလုံးညီညွတ်မှုမရှိခြင်းတို့ကြောင့် ကိုလိုနီနယ်ချဲ့အင်္ဂလိပ်တို့သည် လွယ်လင့်တကူပင် သိမ်းပိုက်နိုင်ခဲ့ကြသည်။

အင်္ဂလိပ်တို့သည် မြန်မာပြည်ကို သိမ်းယူရန် ၁၈၇၈-ခုနှစ်ကပင် စီစဉ်ထားပြီးဖြစ်သည်၊ တတိယစစ်ပွဲကား ဘာမှမကြာ၊ အောက်တိုဘာ ၁၈၈၅တွင် ဘုံဘေဘားမားသစ်ကုမ္ပဏီသစ်ခိုးမှုမှ စပြီးစစ်ဖြစ်ခဲ့သည်၊ နိုဝင်ဘာ(၂၉)တွင် သီပေါဘုရင်အဖမ်းခံရ၊ ဇန်နဝါရီ(၁)ရက် ၁၈၈၆ တွင် သီပေါမင်းအုပ်ချုပ်ခဲ့သော အထက်ဗမာပြည်အားလုံးသည် ဗြိတိန်ယ ဘုရင်မကြီးအပိုင်အဖြစ် ကြေညာခဲ့ပေသည်။

ကနောင်မင်းသားသည် မင်းတုန်းမင်း၏လက်ရုံးနှစ်ဖက်ဖြစ်သည်၊ ထီးနန်းရရှိခဲ့ခြင်းသည်ပင် ညီတော်ကနောင်မင်း၏ ထက်မြက်သောစွမ်းရည်သတ္တိနှင့် အကူအညီတို့ကြောင့် ရရှိခဲ့ခြင်းဖြစ်သည်၊ မြန်မာနှစ် ၁၂၁၄-ခုနှစ်၊ တပေါင်းလဆန်း(၁)ရက်နေ့တွင် အမရပူရမြို့သိမ်းပြီးနောက်မကိုင်ရွှေဘုံဆုပါသင်းတော်နှင့် မင်းမြောက်တန်ဆာပါ ရတနာသိင်္ဂီမြို့တော်ရှိ မင်းတုန်းမင်း ဆက်သနိုင်ခဲ့သည်၊ ထို့ကြောင့် ညီတော်အား အိမ်ရှေ့နန်းလျာအဖြစ် ကြေညာ၍ သတ်မှတ်ထားခဲ့သည်။

မင်းတုန်းမင်းတရားကြီး မိဖုရားတွေ များလှသည်၊ မိဖုရားခေါင်ကြီးအပါအဝင် နန်းရမိဖုရား၊ အဆောင်ရအဆောင်ငယ်ရ(၁၂)ပါးအပြင် မြို့စားရွာစား၊ မိဖုရား(၄၅)ပါး၊ ကိုယ်လုပ်တော်တွေမှမိဖုရားဖြစ်လာသော မိဖုရား ပါး၊ ပေါင်းမိဖုရားပေါင်း (၁၀၄)ပါး၊ သားတော်(၆၄)ပါးနှင့် သမီးတော်(၅၈)ပါး ပေါင်း(၁၅၄)ပါး၊ ထို့ကြောင့်လည်း မိဖုရားအချင်းချင်း မသင့်မြတ်မှု၊ သားတော်အချင်းချင်း စိတ်ဝမ်းကွဲမှုနှင့် ရှုပ်ထွေးခဲ့ရသောကုန်းဘောင်နန်းတွင်းရေး ဖြစ်ခဲ့သည်၊

ရွှေထီးရွှေနန်းဆက်ခံရေးအတွက် မင်းသားများစိတ်ထဲတွင် အတွေးကိုယ်စီရှိနေကြသည်၊ သားတော်ကြီးများဖြစ်သော ကျပင်းမင်းသား၊ မက္ကရာမင်းသား၊ သုံးဆယ်မင်းသား၊ ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသား၊ မလွန်မင်းသား၊ မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသား တို့ကား အသီးသီး အရွယ်ရောက်လာကြသည်၊

တောင်ရွှေရေးဆောင်မိဖုရားမှ ဖွားမြင်သော မြင်ကွန်းမင်းသားကား ခမည်းတော်မင်းတုန်းမင်းတရားကြီးအနေနှင့် ညီတော်ကနောင်မင်းသားအား အိမ်ရှေ့အရာ အပ်နှင်းထား၍ သူ ဘုရင်ဖြစ်နိုင်သည့်အခွင့်အရေးကားအလှမ်းဝေးလျက်ရှိသည်၊ ကနောင်မင်းသား၏သမီးတော်လောင်ညို(ထိပ်ခေါင်တင်မင်းသမီး)မှာ သူ၏ကြင်ယာတော်ဖြစ်သည်၊ ဘထွေးတော်ယောက္ခမဖြစ်သူ အိမ်ရှေ့စံ ကနောင်မင်းသားကို မလိုလားသလို ခမည်းတော်မင်းတုန်းမင်းကြီးကိုလည်း မကျေမနပ်ဖြစ်လျက်ရှိသည်။

ခမည်းတော်ပိုင်ဖြစ်သော မင်းလာမြွား မြို့ကို သတ်တားမိ၍ ဆုံးမရန် အိမ်ရှေ့မင်းသားအား တာဝန်ပေးရာ ကြေးတိုက်တွင် ချုပ်နှောင်ထားခြင်းခံရသည်၊ တူတော်သူများအား သေဒဏ်မပေးဘဲ ချုပ်ရုံသာ ချုပ်နှောင်ထားခြင်းကို မြင်ကွန်းမြင်းခုံတိုင်ညီနောင်တို့က မကျေနပ်ကြပေ၊ ထီးနန်းသိမ်းပိုက်ပုန်ကန်ရန် ရတနာပုံနေပြည်တော်ရှိ ကိုယ်စားလှယ်တော်များကလည်း အားပေးအားမြှောက်ပြုကြသည်။

၁၈၆၆-ခု၊ ဩဂုတ်လ(၂)ရက်နေ့ မြင်ကွန်းနှင့် မြင်းခုံတိုင်ညီနောင်နှစ်ပါးသည် နောက်လိုက်များနှင့်အတူ နန်းတော်ထဲသို့ ပြေးဝင်တာ တမင်ဉာဏ်ဆင်၍ ရန်ဖြစ်ချင်ယောင်ဆောင်ကြသည်၊ ကနောင်မင်းသားသည် မြင်းခုံတိုင်မင်းသား ဓားချက်အောက်တွင် အသက်ပျောက်ခဲ့ရသည်၊ မြင်ကွန်းမြင်းခုံတိုင်မင်းသားတို့ ပုန်ကန်မှုတွင် ရေနံမင်းသား၊ မြင်စည်မင်းသား၊ ဝက်လက်မင်းသားများပါ အသက်ဆုံးရှုံးခဲ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

တုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မင်းညီမင်းသားတို့သွေးညှိုနှံများဖုံးလွှမ်းခဲ့ရသလို ရွှေနန်းတော်စည်းကမ်းအစဉ်အလာမဟုတ်သည့် ထူးခြားမှုများ ပေါ်ပေါက်ခဲ့သည်။

ဆင်ဖြူမရှင် မှာ စစ်ကိုင်းမင်းနှင့် နန်းမတော်မယ်နုတို့ သမီးဖြစ်သည်။ သမီးတော်သုံးပါးဖွားရာ တစ်ဦးတည်းသာကျန်ရစ်သူဖြစ်၍ငယ်စဉ်ကပင်ပြိုင်ဘက်ကင်းဘုရင့်သမီးတော် မယ်သဲ၊ စုဖုရား။ ရွှေနန်းရှင်မယ်၊ မင်းတုန်းမင်းကြီး၏အလယ်နန်းမိဖုရားကြီး သီရိပဝရတိလောက၊ မဟာရာဇိန္ဒာ၊ မိပတိဒုမာရတနာဒေဝီစသည်ဖြင့်ငယ်စဉ်ကထဲက ထူးခြားထင်ရှား ခက်ထန်မာနကြီးသူဖြစ်သည်။

(၁၆)နှစ်ရွယ်ခမည်းတော်စစ်ကိုင်းမင်းနန်းတျ။ (၁၉)နှစ်အရွယ်တွယ် မယ်တော်ကို ရေချခံလိုက်ရ၍ အားကိုးရာမဲ့သဝတို့ သာယာဝတီမင်း၏သမီးတော် (မင်းတုန်းမင်း၏အဂ္ဂမဟေသီဖြစ်သည့် စကြာဒေဝီ)က တစ်ဝမ်းကွဲညီမလေးကို ခေါ်ယူမွေးခဲ့ရသည်။ မင်းတုန်းမင်း နန်းထက်ချိန်တွင် အလယ်နန်းမိဖုရား ဖြစ်လာသည်။

မိဖုရားခေါင်ကြီး စကြာဒေဝီနှင့် မြောက်နန်းတော်မိဖုရား (ခင်သဲ)တို့ လွန်တော်မူလျှင် သူမသည်မိဖုရားခေါင်ကြီးဖြစ်ရှင်ရှာသည်။ မိဖုရားကြီးများထဲတွင်ဝါအကြီးဆုံးဖြစ်သလိုလုပ်ရည်ကိုင်ရည်ဉာဏ်ပညာထက်မြက်သူဖြစ်သည်။ နန်းမတော်မယ်နုသမီး ပီသသည်၊ နန်းတွင်း၌လည်း အခြားမိဖုရားများနှင့်လည်း သင့်မြတ်ခြင်းမရှိပေ။ သူသာ မိဖုရားခေါင် ကြီးဖြစ်လာလျှင် မညွှာမတာ အနိုင်အထက်ပြုနိပ်စက်မည်ဖြစ်သောကြောင့် မကွေးရာမင်းသား၏ မယ်တော် ဒုတိယမြောက်ဆောင်တော် မိဖုရားကြီး သုံးဆယ်မင်းသား၏မယ်တော်၊ ခုနစ်ရွာ တိုက်စားမိဖုရားကြီး ပင်တိုင်စံ စလင်းစုဖုရားမယ်တော် လင်ပန်းတိုက်စားမိဖုရား၊ ရွှေကူမင်းသား၏ မယ်တော်သက်ပန်းတိုက်စားမိဖုရားကြီးတို့က မင်းတရားကြီးထံ ဝင်ရောက်ပြီး စိတ်မအေးနိုင်ကြောင်း လျှောက်ထားခဲ့ကြသည်။

သူမကလည်း ဝန်ကြီးအတွင်းဝန် ဆရာတော်ကြီးများနှင့်တစ်ဖက်လှည့်၍ အဂ္ဂမဟေသီ တင်သင့်ကြောင်း စောင်ပါးရိုပ်ခြည်တိုက်တွန်းခဲ့သည်။ မင်းတုန်းမင်းတရားကြီးကိုယ်တိုင်ကလည်း မိဖုရားခေါင်ကြီးအားပြည်တည်ထောင်ဘက်၊ နန်းစံဘက်၊ စီးပွားဘက်ဖြစ်၍ မိဖုရားခေါင်ကြီးနေရာကို ဘယ်သူမှ နှဲဝေပေးတော်မမူ။ လျှောက်တင်ဝံ့သူ ရှုန်ဟု သတ်မှတ်မည်ဟု အမိန့်တော် ထုတ်ခဲ့ရသည်။

မင်းတုန်းမင်းကြီးကလည်းအလယ်နန်းမတော်မိဖုရားကြီး စိတ်ကျေနပ်အောင်ရိုးမြှင့်မြောက်စားခဲ့သည်။ မြန်မာဘုရင်များသည် ဆင်ဖြူတော်ကို တန်ဖိုးထားကြသလို ဆင်ဖြူရှင်မင်းအဖြစ်ဂုဏ်ဆောင့်ကြွားစွာ ခံယူကြသည်။ ဘွဲ့နာမည်တော်များ ခံယူရာတွင် -

ရွှေတွင်း ငွေတွင်း ပယင်း ဒုတ္တာ ကျောက်မျက်တွင်းများအရှင်၊ ရေမြေအရှင်၊ သတ်နက်စကြာသခင်၊ ဆင်ဖြူရှင်ဟု ဘွဲ့တော်များအား အထူးပြုဖော်ပြခဲ့ကြသည်။ ပင်းယခေတ်တွင် ပင်လယ်စားသိဟသူသည် စမုံမြစ်အတွင်း မျောပါလာသော ဆင်ဖြူတော်အသေကို ဆယ်ယူ၍ သစ်ဝါးများ ထုမပြီး တက်စီးကာ ဆင်စီးရှင်အမည်ကို ခံယူသဖြင့် တစ်စီးရှင်သီဟသူဟု အမည်တွင်ခဲ့သည်။

မင်းတုန်းမင်းတရားကြီးခေတ်တွင် ဆင်ဖြူတော် (၁၀)စီး ရှိခဲ့ သည်၊ ထားဝယ်မှ ဆက်သလာသော ဆင်ဖြူမ ရတနာသီရိမဟာသုဘဒ္ဒါအားပေးတော်မူခဲ့ သည်။ အလယ်နန်းမိဖုရားတားမြန်မာရာဇဝင်တွင်မိဖုရားခေါင်ကြီးများ ပင်မရခဲ့ဘူးသော ဆင်ဖြူမရှင်ဘွဲ့ထူးကို တစ်ဦးတည်း ထူးခြားစွာ ရရှိခဲ့သူဖြစ်သည်။

ပါတော်မူပြီးနောက်ဗြိတိသျှအစိုးရသည် ဆင်ဖြူရှင်မိဖုရားကြီးနှင့် သမီးတော်ဗိုင်းနောင်စုဖုရားကြီးတို့အား အကျယ်ချုပ်ဖြင့် ထားဝယ်သို့ အပို့ခံလိုက်ရသည်၊ ထားဝယ်မြို့မှ ဆက်သခဲ့သော ဆင်ဖြူတော်မ၏ အရှင်သခင်အဖြစ် ဘွဲ့ခံတော်မူရသော မိဖုရားကြီးသည် ထားဝယ်သို့ ရောက်ရှိလာသည်မှာလည်း ထူးခြားသောတိုက်ဆိုင်မှုဝင်ဖြစ်သည်။

ဆင်ဖြူမရှင်သည် သက်တော် (၇၈)နှစ်၊ ၁၉၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် ရန်ကုန်၌ နတ်ရွာစံသည်၊ အလောင်းတော်အားမန္တလေးသို့ သယ်ဆောင်ပြီး မင်းတုန်းမင်းကြီး၏ အုတ်နန်းပြာသာဒ်အနီးတွင် အုတ်ပြာသာဒ်တော်သွင်း၍ သဂြိုဟ်ခဲ့သည်။ မိဖုရားပေါင်းများစွာရာကျော်ထားခဲ့ဘူး ခဲ့သော မင်းတုန်းမင်းကြီးအနီးတွင်

www.burmeseclassic.com

ဆင်ဖြူမရှင်တစ်ဦးတည်းသာ တမလွန်ရောက်သည်အထိ မခွဲမခွာ အတူရှိနေမည်လားမသိပေ။

မယ်တော်ဖြစ်သော ဆင်ဖြူမရှင်သည် သူမထက် ပို၍ခက်ထန်မာနကြီးသော စုဖုရားလတ်ကို အလျှော့ပေးခဲ့ရသည်။ စုဖုရားလတ်သည် ရဲရင့်ပြီး ထက်မြက်သည်။ ပါးနပ်ပြီးအကွက်မြင်သည်၊ သဝန်တိုစိတ်နှင့် အချစ်ကြီးသူဖြစ်သလို စိတ်မြန်လက်မြန်ပြုမူတတ်သည့် မားထတ် ပြီး ရက်စက်သူတစ်ဦးလည်း ဖြစ်ပေသည်။

သီပေါ မင်းမဖြစ်ခင်ထဲက သူမနှင့် ချစ်ကြိုက်ခဲ့သည်၊ ဘုရင်ဖြစ်လာချိန်တွင် ဆင်ဖြူမရှင်က မိုးနောင်မြို့စားစုဖုရားကြီးကို အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအဖြစ် ဘိသိက်သွန်းဖို့ စီစဉ်သည်။ သူမဝေကျေနပ်ဖြစ်ရသည်။ အစ်မတော် အရင်းပင်ဖြစ်ပစေ၊ သူမအချစ်ကို ခွဲဝေမပေးနိုင်၊ ဘိသိက်ခံယူစဉ်မှာပင် ဘမရာသနပလ္လင်တော်ပေါ်သို့ ရဲရဲဝံ့ဝံ့စွာ တက်ထိုင်ခဲ့သူဖြစ်သည်။

မြန်မာရာဇဝင်တွင် မကြုံဘူးသော၊ ရွှေနန်းတော်စည်းကမ်းတွင် မရှိသော နှစ်ပါးပြိုင် အဂ္ဂမဟေသီမိဖုရားခေါင်ကြီးများအဖြစ် ဘိသိက်သွန်းလောင်းပေးခဲ့ရသည်။ ဆင်ဖြူမရှင်နှင့်ဦးကောင်းတို့က သူတို့ကြိုးဆွဲရာ ကမည့် သီပေါမင်းကို နန်းတင်ခဲ့သော်လည်း ထက်မြက်သည့် စုဖုရားလတ်ကြောင့် သီပေါမင်းအပေါ်တွင် လွှမ်းမိုးထားသော အခွင့်အရေးများ ကျဆုံးခဲ့ရသည်။ ဦးကောင်းသည် သီပေါကို နန်းချရန် အင်္ဂလိပ်လက်ထဲရောက်နေသော ညောင်ရမ်းမင်းသားနှင့် အဆက်အသွယ် လုပ်ခဲ့သေးသည်။

ကုန်းဘောင်နောက်ဆုံးမင်းဆက် နန်းတွင်းရေးများကား ရှုပ်ထွေးပွေလီလွန်းလှပေသည်။

▲▲▲

မန္တလေးရတနာပုံနေပြည်တော်ကြီးကား ခြောက်မိုင်ပတ်ပတ်လည်ရှိသော အုတ်မြို့ရိုးနီနီ သူရဲခို၊ ပြအိုး၊ တွင်းတံခါး(၁၂)ရပ်၊ ပြာသာဒ်ဘုံအဆင့်ဆင့် သစွေးသရိုး၊ ဟင်္သာပြဒါး၊ ရွှေပိန်းများ ရောင်များနှင့် မင်းကေရာဇ်တို့စံရာ ရွှေနန်းတော်ကြီးဖြစ်သည်။

တရားရုံးတော်၏ အရှေ့ဘက်တွင် ရာဇဝတ်မှု ကျူးလွန်သူတို့အား အတည်း ထားရာ ထောင်ရှိသည်၊ ထောင်ကြီး တွင် အမှူး(၁)၊ အဝှန့်(၂)များနှင့် တွက်အာဏာသားများအမှုတော်ကို ထမ်းဆောင်ရသည်။ ထောင်မှူးလုပ်သူ များလည်း မင်းဆွေမင်းမျိုးများသာ ကြသည်၊ ထောင်ကြီး၌အကြီးအကဲ ထားသူကို (အမှူးမင်း)၊ မြို့တော်စောင့် ထစ်ထောင်မှ အကြီးအကဲကို ထောင်မှူးမင်း)ဟု ခွဲခြားသတ်မှတ် ထားကြသည်။

ရာဇဝတ်ပြစ်မှု ကျူးလွန်သူတို့ကို ခင်ချက်မချမီ ချုပ်နှောင်ထားသော တ်မထောက်)ဆိုသည့် အချုပ်တန်း ည်းရှိသည်၊ ထောင်မှတစ်ပါး အခြား များတွင် လက်မထောင်တန်းသည် ၍ကျဉ်းကြပ်စွာနေရသော အတန်း သည်၊ ဘွားဘက်ကျော်တန်းမှာ ဘာစွာနေရသည်၊ ဘွားဘက်တော် နိုင်းတော်တန်း၊ လွှတ်စေလေး လက်ရှသုံးတန်း၊ လက်မထောက် ဆိုပြီးရှိကြသည်၊ လက်မထောင် တွင် တာဝန်ထမ်းဆောင်ရသည့် ထောင်များ၏ အကြီးအကဲကို မထောင်ဟု ခေါ်ပြီး အငယ်ကို မရှုံဟု ခေါ်ဆိုသတ်မှတ်ထားကြ ည်။

သုံးဆယ်မြို့စားမင်းသားသည် ခုနစ်ရွာတိုက်စားမိဖုရား (တော့ရွာစော်)မှ ဖွားမြင်ခဲ့သူဖြစ်သည်။ မင်းတုန်းမင်းကြီးသည် အဂ္ဂမဟေသီ တောင်ညာထားရန် စဉ်းစားစဉ်က ခုနစ်ရွာတိုက်စားမိဖုရားမှာ မင်္ဂလာအိမ်တော်ပါဖြစ်သော်လည်း ယိုးဒယားမင်းသားအဆက်အသွယ်ဖြစ်သောကြောင့် သုံ့ပန်းမျိုးဟု စဉ်းစားခဲ့ရသည်။

သုံးဆယ်မြို့စားမင်းသားကား ငယ်စဉ်ထဲကပင် ဘုရင်ဖြစ်ချင်သူ၊ တလေးအရွယ်ငယ်ဘဝ ကစားခုန်စားတစားရာတွင်လည်း ရှင်ဘုရင်လုပ်တန်း ကစားပြီး သူသာလျှင် ရှင်ဘုရင်ဖြစ်သည်။ "ခေည်းတော် မရှိရင် ငါဟာ ဘုရင်ပဲ" ဟု အမြဲတမ်း ပြောဆိုတတ်သည်။ မင်းသားအရွယ် ရောက်လာချိန်တွင်လည်း ရှင်ဘုရင်ဖြစ်လိုစိတ်မှာ လွန်စွာမှ ပြင်းပြသူဖြစ်သည်။

"ရှင်ဘုရင်လုပ်မည့်သူက ရှင်ဘုရင်ကို သတ်ရမှာပေါ့"

ဟု ပြောဆိုတတ်သည်။ မြင်တွန်းမင်းသားမရှိသည့်နောက်ပိုင်းတွင် ပို၍ အစွမ်းထက်ပြီး ထင်ရှားလာခဲ့သူဖြစ်သည်။





www.burmeseclassic.com

၁၂၂၄-ခု၊ တန်ခူးလဆန်း(၂)ရက်နေ့တွင် နေပြည်တော်နန်းတွင်း အရှုပ်အထွေးတစ်ခုကြောင့် တိတ်တဆိတ်ရန်ကုန်သို့စုန်ဆင်းထွက်ခွာလာခဲ့သည်။ မင်းမျိုးမင်းနွယ်မင်းသားဖြစ်သောကြောင့် ရန်ကုန်ရှိ မြန်မာများကလည်း အထူးလိုလားချစ်ခင်ကြသည်။ အင်္ဂလိပ်ပိုင် အောက်ပြည်ရန်ကုန်သို့ ရောက်သောအခါစိန့်ဂျွန်းကောလိပ်တွင်မြန်မာကျောင်းသားများစာသင်ပုံ၊ အင်္ဂလိပ်သုန်းတော်ကြီးများနှင့် အင်္ဂလိပ်စကားပြောပြပုံတို့ကို စိတ်ဝင်တစားမြင်တွေ့ခဲ့ရသည်။ ရန်ကုန်တွင် (၄)လခန့်နေပြီးနောက် မည်းတော် မင်းတုန်းမင်းကြီးတို့ မဝန်ကြားဘဲ ထွက်လာခဲ့သောကြောင့် အပြစ်ပေးမှာကိုလည်း စိုးရွံ့ကြောက်လန့်မိသည်။

မန္တလေးမှ ရန်ကုန်သို့ ရောက်လာသော သခင်နှင့် ပါလာသူများထံ မည်းတော်မင်းတရားကြီး အမျက်တော် ရှိ၊ မရှိ သတင်းစုံစမ်းပြီး မြန်မာကြားသခင်နှင့် နေပြည်တော်သို့ပြန်လာခဲ့သည်။ ရန်ကုန်တွင် တွေ့ကြုံခဲ့ရသည်များကို မည်းတော်အား လျှောက်တင်သည်။ မင်းတုန်းမင်းကြီးကလည်း အင်္ဂလိပ်စာသင်ကြားမှုကို စိတ်ဝင်စား[…]ပြီး ဒေါက်တာမတ်အား ဆက်သွယ်[…]ယူခဲ့သည်။

နေပြည်တော်တွင် စာသင်ကျောင်း[…] ခရစ်ယာန်ဘုရားကျောင်းများ ဆောက်[…]လုပ်စေခဲ့သည်။ ထိုကျောင်းတွင် သီပေါ[…]မင်းသားအပါအဝင် မင်းတုန်းမင်းကြီး[…]သားတော်များ ပညာသင်ကြားခဲ့ကြ[…]သည်။ ယေရှုယ်စဉ်ကာပင် ရှင်ဘုရင်[…]ချင်သော သုံးဆယ်မြို့စားမင်းသား[…] ၁၂၄၀-ခု၊ တော်သလင်းလပြည့်ကျော်(၈)ရက်နေ့တွင် ဖမ်းဆီးခြင်း ခံလိုက်[…]ပေသည်။

အကျဉ်းထောင်ထဲတွင် လက်[…]ကိုကျစ်ကျစ်ပါအောင်ဆုပ်၊ အံတကြိတ်[…]ကြိတ်နှင့် လွတ်မြောက်ရန် လမ်းတော်[…]ကြည့်သော်လည်း လွတ်မြောက်[…] လမ်းစ ရှာမတွေ့ပေ။ မင်းညီမင်းသား[…]နှင့် နန်းတွင်း ရာဇဝတ်သင့်သူများ[…] ဖမ်းဆီးချုပ်နှောင်ထားကြသည့် ကြေး[…]တိုက်အကျဉ်းထောင်မှာ အုတ်ခံ[…]တာထားသော အုတ်တိုက်အဆောင်[…]အဦဖြစ်သည်။

လှတစ်ဖက်စာမျှဘုတ်မိုင်လု[…] ကျွန်းသစ်တိုင်ရှည်ကြီးများကို[…][…]ဖက်တွင်စွန်ထားပြီးတစ်ခုနှင့်တစ်ခု[…]ထက်ကာ မြေစိုက်ထောင် ကာရံထား[…]ည့်သစ်ကပ်မြို့ရိုးသဖွယ် ဝိုက်လောင်[…]ခြင်းဖြစ်သည်။

အုတ်အင်္ဂတေခန်းလည်ပေါ်စကြာ[…]ထပ်အမိုးနှင့် နိုင်ခန့်စွာ ဆောက်လုပ်[…]သည့် ကြေးတိုက်အကျဉ်းထောင်[…]သည်။ သုံးဆယ်မြို့သားမင်းသား[…]ည် စိတ်ထက်သူဖြစ်သလို သတ္တိ[…]ခင်းသူလည်း ဖြစ်သည်။ မြင့်မား၍[…]စွန်ထားသော သစ်တိုင်အကာ[…]ကြီးအား လွတ်မြောက်အောင် ခုန်[…]တ်သွားနိုင်ခဲ့သည်။

လွတ်လွတ်ကျွတ်ကျွတ် လွတ်[…]တ်သွားပြီးနောက် ကြေးတိုက်ထဲတွင်[…]ရစ်ခဲ့သည့်နောင်တော်ညီတော်များ[…] ပြန်လည်သတိရမိလိုက်သည်။ သူ[…]ယောက်တည်းနှင့် တစ်ကိုယ်[…]ကောင်းဆန်ပြီး လွတ်မြောက်သွားလို့[…] ညီတော်များကို တစ်ပါးချင်း ပြန်[…]ယူရန် အကြံရပြီး ပြန်၍ခုန်ကျော်[…]ခဲ့ပြန်သည်။ နောက်တစ်ကြိမ်တွင်[…]သခင်းသားလေးအား ထမ်းပြီး သစ်[…]အပြင်သို့ ခုန်ထွက်လိုက်သည်။

သည်တစ်ကြိမ်တွင် ဝေ့တော်[…] ပေ။ ကံဆိုးစွာ အောက်ခံ[…]သောတောင်ရှည်ပုဆိုး[…] သစ်တိုင်ထိပ်တွင် လျှိုထားသကဲ့သို့ မတင်မကျတန်းလန်းကြီးဖြစ်နေသည်။ တစ်ဖက်ကလည်း ပင်းယမင်းသားလေးအား လွတ်ကျမသွားရန် ထိန်းထားရသေးသည်။

ကြေးတိုက်ထဲမှ သုံးဆယ်မင်းသား၏ဇွန်စားခန်းကိုအသည်းတထိတ်ထိတ်ရင်တဖိုဖိုကြည့်နေကြသောမယ်တော်၊ သမီးတော်နှင့် ညီမတော်လေးများ၏ ထိတ်လန့်တကြားအော်သံများ ထွက်ပေါ်လာသည်။ သစ်တပ်အပြင်ဘက်မှ ကင်းလှည့်လာသော အစောင့်များနှင့် ပက်ပင်းတိုးမိပြီး ပြန်လည်အဖမ်းခံလိုက်ရပြန်သည်။ အစောင့်အရှောက်များကိုလည်း ယခင်ကထက် ပိုပြီးတင်းကြပ်စွာချထားစောင့်ကြပ်ခြင်း ခံလိုက်ရသည်။

မင်းသားများကိုလည်း ခြေကျင်းရိုက်ခွဲထားပြီး လက်ယာသုံးတန်းရာဇဝတ်သားများထားရာ လက်မရွံ့ထောင်ကြီးထဲရှိအလုံခန်းထဲသို့ ပြောင်းရွှေ့ချုပ်နှောင်ထားလိုက်သည်။ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com


ကြိမ်တွင် လွတ်မြောက်ရန် လမ်းစမမြင်တော့ပေ။

နောက်တစ်နေ့တွင် မင်းတရားကြီးအမိန့်နှင့် သီပေါမင်းသားအား အိမ်ရှေ့နန်းအပ်လိုက်ကြောင်း၊ အမိန့်တော်ထွက်ပေါ်လာသည်။ မင်းတုန်းမင်းကြီးနတ်ရွာမစံခင် (၂)ရက်အလိုတွင်ဖြစ်သည်။ အကျဉ်းထောင်ထဲရောက်နေကြသော မင်းညီမင်းသားများမှာ မစံမရပ်နိုင်အောင် ဒေါသထွက်ကြသည်။ ဆင်ဖြူမရှင် မိဖုရားကြီးလက်ချက်ဖြစ်ကြောင်းကို အတတ်သိလိုက်ကြသည်။

လင်ပန်းတိုက်စားမိဖုရား၊ သက်ပန်းမိဖုရား၊ ခုနစ်ရွာမိဖုရား၊ မြောင်ရွေးဆောင်မိဖုရားတို့သည် အစောင့်ချထားသော လက်နက်ကိုင်အမှုထမ်းတို့အား အတင်းထိုးဖောက်ပြီး အတွင်းမှ ထဲခါးတချည်ရှင် နိုင်လုံ့စွာ မင်းတုပ်ချုပ်ထားသည်ကို ထုရိုက်နက်ပြီး မင်းတုန်းမင်းကြီးအား ဝင်တွေ့ကြသည်။

အကြောင်းစုံသိရသော မင်းတုန်းမင်းကြီးသည် အမိန့်တော်များ ထုတ်ပြန်လိုက်သည်။

- ကြေးတိုက်ထောင်တွင် ဖမ်းဆီးချုပ်နှောင်ထားသော သားတော်တို့တော်မြေးတော်များကို ချက်ချင်းလွှတ်ရန်။



သုံးဆယ်မင်းသားကြီး၏ ခေါင်းသည် မြေပေါ်သို့ တိခနဲ ပြုတ်ကျသွားသည်။ ခေါင်းမပါသော ကိုယ်လုံးကြီးသည် သွေးများတရဲရဲနှင့် ခုန်ပေါက်ပြေးလွှားလျက် ရှိသည်။ တစ်ခါခုန်လိုက်လျှင် (၁၅)ပေခန့် မြင့်တက်သွားသည်။ အတန်ကြာအောင် ခုန်ပေါက်ပြီးမှ မြေပြင်ပေါ်သို့ ဖုန်းဖုန်းလဲကျငြိမ်သက်သွားသည်။ သတ္တိကား အံ့ဘနန်း ထိတ်လန့်ဖွယ်ဖြစ်သည်။ ခေါင်းပြတ်ပြီးသေသွားသည့်တိုင် ဂွနှဲကြီးလှသည်။

- သုံးဆယ်မင်းသားကြီးအား အထက်ချင်းတွင်းစရိုင်၊ မကွေးရာမင်းသားထောင်တွင်းကြီးစရိုင်။

- ညောင်ရန်းမင်းသားအား အောက်မြစ်စဉ်စရိုင်တို့အား ဘုရင်ခံခန့်အပ်တော်မူလိုက်သည်။

ဆင်ဖြူမရှင်မိဖုရားကြီးအစီအစဉ်အရ အကျဉ်းကျခံ မင်းညီမင်းသားများပြန်လည် လွတ်မြောက်လာကြပြီးနောက် မြောက်ဥယျာဉ်အတွင်းတွင် သွေးတော်မျိုးတော်များနှင့် ခရီးမထွက်ခင် နှုတ်ဆက်တွေ့ဆုံ စုရုံးနေကြစဉ် ဘွတ်တော်ကြီးအမိန့်နှင့် ထပ်မံဖမ်းဆီးခြင်း ခံလိုက်ရပြန်သည်။ အနောက်ဝန်နှင့် ရောင်ဗိုလ်၊ တောင်ထားဝယ်ဗိုလ်တို့ခေါင်းဆောင်သည့် ရဲမက်တစ်ရာကျော်တို့က မှန်နန်းဆောင်ကို ဝိုင်းထားကြသည်။

သုံးဆယ်မင်းသားကြီးမှာ မြောက်ဥယျာဉ်တော်အုတ်တံတိုင်းပေါ်သို့ကျော်တက်ပြီး ထွက်ပြေးရန်ကြိုးစားနေစဉ်မှာပင် ဒဏ်ရာရပြီး ကြေးတိုက်အကျဉ်းထောင်ထဲသို့ ဒုတိယအကြိမ် ရောက်ရှိသွားသည်။ ကျန်မင်းဆွေမင်းမျိုးများအားလုံးမှာ ထွက်မပြေးနိုင်ဘဲ ရိုက်နက်ဖမ်းဆီးခြင်းခံရကာ အကျဉ်းတိုက်ထဲသို့ရောက်ရှိသွားကြသည်။ မကွေးရာမင်းသားကြီးမှာ အစောင်တပ်ဗိုလ်တစ်ဦး၏လက်ချက်ဖြင့် ကျဆုံးသွားရသည်။

အကျယ်ခုနစ်တောင်၊ အနက်ဆယ်ပါးတောင်ရှိသော တွင်းကြီးတစ်ခုသည် လက်မရွှံ့ထောင်ကြီးထဲတွင် ဖြစ်ပေါ်လာသည်။ မီးတုတ်ကိုယ်စီနှင့် အာဏာသားများ ဘုရင့်လက်သုံးတော်ကြီးများသည် ကြက်ကလေး၊ ငှက်ကလေးများ သတ်သလို မင်းညီမင်းသားများအား လည်မျိုကို ဝါးရင်းတုတ်နှင့် ရိုက်နက်ပြီး လွယ်လင့်တကူ သတ်ဖြတ်ကာ မြေကျင်းကြီးများထဲသို့ တွန်းချမြှုပ်နှံလိုက်ကြသည်။

သုံးဆယ်မင်းသားကြီးမှာ ခွန်အားဗလကြွံ့နိုင်သူဖြစ်သည်။ ဝါးတွတ်အာဏာသား လေးယောက်သည် အတင်းရုန်းကန်နေသော မင်းသားကြီးအား အမိအရ ဖမ်းချုပ်ထားရသည်။ ပါးစပ်မှလည်း တရစပ်အော်ဟစ်ဆဲဆိုလျက် ရှိသည်။ အာဏာသားတစ်ယောက်သည် မင်းသားကြီး၏ ဆံထုံးကိုလက်ဖြင့် ရစ်ပတ်လိုက်ပြီး ရှေ့တော်သို့ဆတ်ခနဲ ဆွဲလှန်ပစ်လိုက်သည်။

www.burmeseclassic.com

အသင့်စောင့်နေသော အဝှန်းခေါင်မြို့က လည်မျိုဆီသို့ ဝါးရင်းတုတ်ဖြင့် အမိအရ ရိုက်ထည့်လိုက်သည်၊ ဝါးရင်းတုတ်ကြီးမှာ လည်မျိုကိုထိလိုက်သည်နှင့်တစ်ပြိုင်နက် ဖြောင်းခနဲ မြည်ပြီး အပေါ်သို့ မြောက်တက်ကာ တစ်စစီကျိုးပဲ့သွားသည်၊ အာကာပါးကွတ်သားများမှာလည်း ထူးခြားသောအဖြစ်အပျက်ကြောင့် အံ့သြဘနန်းဖြစ်ရကာ တုန်လှုပ်ချောက်ချားသွားကြသည်၊

သုံးဆယ်မင်းသားကြီး၏ဒေါသမှာ အမြင့်ဆုံးသို့ ရောက်နေပြီဖြစ်သည်၊ အာကာပါးကွတ်သားများ ချုပ်နှောင်ထားရာမှ ရုန်းထွက်လိုက်သည်၊

"မင်းတို့ ငါ့ကို ဒီလိုသတ်လို့ရရှိလားတွ၊ နင်တို့လူတစ်ရာနဲ့ ငါတစ်ယောက်တည်းတိုက်မယ်၊ ငါ့ညီတော်နမတော်တွေကို လုပ်ကြံတဲ့ကောင်တွေ သေခြင်းဆိုးနဲ့ သေပါစေ၊ ငါကိုယ်တိုင် သေရသလို အသေဆိုးနဲ့ သေကြပါစေ၊ နင်တို့လား - ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေဘူးဟေ့၊ နင်တို့ ခုလို မင်းသွေးတွေ မြေကျအောင်လုပ်လို့ နန်းဆက်ပြတ်တော့မယ်"

မှောင်ရိပ်အကွယ်တွင်စောင့်ကြည့်နေသော မောင်မောင်တုတ်၏နားထဲတွင်သုံးဆယ်မင်းသားကြီး၏ကျိန်စာကိုကြားလိုက်ရ၍ကြက်သီးများထောင်ထခေါင်းနားပန်းကြီးစွာဖြင့် ကျောထဲတွင်စိမ့်သွားသည်၊ သည်အတိုင်းသတ်လို့တော့ ရမည်မဟုတ်၊ အနီးတွင်ရှိသောဓား၊ လှံ၊ ပုဆိန်များ ကိုင်ထားသောလက်မရွံ့များအား အမိန့်ပေးလိုက်သည်၊

ကျလာသောဓားချက်များ၊ ပုဆိန်ခုတ်ချက်များကို မင်းသားကြီးသည် တတ်နိုင်သမျှ ခုခံတိမ်းရှောင်သည်၊ သို့သော် အများနှင့် တစ်ယောက်ဖြစ်၍ နောက်ဆုံးတွင်သုံးဆယ်မင်းသားကြီး၏ ခေါင်းသည် မြေပေါ်သို့ တိခနဲ ပြတ်ကျသွားသည်၊ ခေါင်းမပါသော ကိုယ်လုံးကြီးသည် သွေးများတရဲရဲနှင့် ခုန်ပေါက်မြေလူးလျက်ရှိသည်၊ တစ်ခါခုန်လိုက်လျှင် (၁၅)ပေခန့် မြင့်တက်သွားသည်၊

အတန်ကြာအောင် ခုန်ပေါက်ပြီးမြေပြင်ပေါ်သို့ ဗုန်းဗုန်းလဲကျပြိမ်သက်သွားသည်၊ သတ္တိကား အံ့ဘနန်း ထိတ်လန့်ဖွယ်ဖြစ်သည်၊ ခေါင်းပြတ်ပြီး သေသွားသည့်တိုင် ဖွဲနပဲကြီးလှသည်၊ ထိုမြင်ကွင်းကိုမြင်တွေ့လိုက်ရသောကိုယ့်ကိုယ်ကိုယ်သတ္တိရှိလှသည်ဟုထင်ထားသောမောင်မောင်တုတ်သည်ပင် ထိတ်လန့်ချောက်ချား တုန်လှုပ်သွားစေသည်၊

မင်းသားကြီး၏ကျိန်စာသည်လည်း သူ့နားထဲက မထွက်တော့ပေ၊ သုံးဆယ်မင်းသားကြီးခန္ဓာကိုယ်မှစီးကျလာသောသွေးများကား နေရာအနှံ့ စီးဆင်းလျက်ရှိနေသည်၊ မင်းသွေးတို့ကား မြေကျခဲ့ရလေပြီ၊ မိုးကောင်းကင်တစ်ခွင်တစ်ပြင်လုံးသည်လည်း နီမြန်းနေပြီးပြအုတ်တိုက်အနီးတွင် ကျီးအုပ်များတကြောက်မက်ဖွယ် တသောသော ဆူညံအော်ရှိနေပေတော့သည်၊

* * *

ဒိုင်းခင်ခင်သည် နိုင်ငံခြားရေးဝန်ကြီး ခန်းပတ်မင်းကြီး၏ မြေးဖြစ်သည်၊ နန်းအတွင်းဝန်၏ တူမ၊ ဓာတ်သတ္တုနှင့်မြည်သူ လုပ်ငန်းဌာနဝန်ကြီး ကန်အတွင်းဝန်၏သမီးဖြစ်သည်၊ ဒိုင်းဝန်ကြီးဦးဖိုးနှင့် ဒိုင်းဝန်ကတော်တို့မှာ သားသမီးမထွန်းကား၍တူမတော်ဒိုင်းခင်ခင်အား ငယ်စဉ်ထဲက သမီးအရင်းအဖြစ်မွေးစားလာခဲ့သည်၊ မောင်ဖေငယ်တို့လည်း သားအရင်းပမာ တွေ့မွေးမြူလာခဲ့ရာမှ မောင်ဖေငယ်နှင့် ဒိုင်းခင်ခင်တို့မှာ ငယ်စဉ်ထဲက မောင်နှမပမာ ချစ်ခင်တွယ်တာခဲ့ကြသည်၊

သီပေါမင်းနှင့် စုဖုရားလတ်တို့ လက်ထပ်ပွဲမင်္ဂလာတွင်ဒိုင်းခင်ခင်သည် ပူဇော်ပွဲအုပ်ကိုင်ခဲ့ရသောချောမောလှပသည့် မိန်းမပျိုလေးဖြစ်သည်၊ ရခေါင်မောင်မောင်တုတ်က သီပေါမင်း၏ကိုယ်လုပ်တော်အဖြစ် (၁၇)နှစ်အရွယ်ခင်ခင်ကြီး (ဒိုင်းခင်ခင်)တို့ခေါ်လာခဲ့သည်၊

နေ့စဉ်ရက်ဆက်ညနက်သန်းခေါင်ထိန့်သာနန်းဆောင်ထဲတွင်စံပျော်လျက်ရှိသည်ကို မည်သူမျှ မသိကြပေ၊ လက်သုံးတော်၊ အိပ်ဖန်တော်၊ ကင်းထောက်များကလည်း မောင်မောင်တုတ်၏လူများဖြစ်ကြသည်၊ သီပေါမင်း၏လူယုံတော်များဖြစ်ကြသော မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့က စုဖုရားလတ်ကို ဖယ်ရှားပြီး သူ့ခုနေရာတွင် ဒိုင်းခင်ခင်ကို အစားထိုးရန် အကြံပေးကြသည်၊ သီပေါမင်းကလည်း ဒိုင်းခင်ခင်အပေါ်အရှုံးအမူး စွဲလမ်းလျက်ရှိသည်၊



www.burmeseclassic.com

www.burmeseclassic.com

မိဖုရားငယ်တစ်ပါးအဖြစ် သီးခြားအဆောင်ပေးရန် မြောက်ရေအရေးဆောင်တို့ ပြုပြင်မွမ်းမံထားဖို့ မောင်ဖေငယ်နှင့် မောင်မောင်တုတ်အား တီးတိုးစကားမိန့်မှာထားပြီးဖြစ်သည်။ ၁၈၈၀ ခု၊ မေလတွင် စုဖုရားလတ်မှာ တတိယသမီးတော်လေးကို ကိုယ်ဝန်ဆောင်ထားရသည်။ နေ့စေ့လစေ့ကြီးဖြစ်နေချိန်တွင် သီပေါနှင့် ခိုင်းခင်ခင်တို့ကလည်း ဆောင်ဥယျာဉ်တော်အတွင်း ဥပုသ်ဆောင်ထဲတွင် အပျော်ကြီးပျော်၊ ကြည်နူး ချစ်ရည်လူးနေကြချိန်ဖြစ်သည်။

စုဖုရားလတ်က ထိုအကြောင်းကို လုံးဝမသိပေ။ ၁၈၈၀၊ ဇူလိုင်လတွင် သမီးတော်လေး မွေးဖွားသည်။ သီပေါမင်းက သားတော်လိုချင်သည်။ ထီးနန်းအရိုက်အရာ ဆက်ခံပေးဖို့ သားတော်တလေးတစ်ပါး မွေးဖွားဖို့ ခိုင်းခင်ခင်ကို မိဖုရားမြှောက်လိုကြောင်း ဖွင့်ပြောသည်။ စုဖုရားလတ် ယမ်းပုံမီးကျသွားသည်။ သူ့အချစ်ကို ဘယ်သူမှ ခွဲဝေပေးနိုင်မည်မဟုတ်။

သီပေါနှင့် ခိုင်းခင်ခင်တို့ ညဘက်ချိန်းတွေ့ရာတောင်ပန်းနုံတော်ကိုစောင့်ဖမ်းသည်။ ပက်ပင်းမိပြီး ခိုင်းခင်ခင်အားဆံထုံးဆောင့်ဆွဲ တွန်းလှဲကာ တင်ပါးကို ဆက်ဖိုက်ကန်လိုက်သည်။ သီပေါမင်း ဒေါသထွက်ပြီး လက်သုံးတော် သီလဝင်ရွှေဓားကိုထုတ်ပြီး ရွယ်လိုက်စဉ် စုဖုရားလတ်က ဓားကို ဝင်လုသည်။

"ရှင်ဘုရင်ဖြစ်လာလို့ မာန်တက်လာတာလား။ ဘယ်သူ့တင်လို့ ရာဇပလ္လင်ပေါ်ရောက်လာခဲ့တာလဲ - ပြန်စဉ်းစားမိရဲ့လား"

ဒေါသဖြင့် ကြောက်မက်ဖွယ် ခြိမ်းခြောက်ရန်တွေ့နေသော စုဖုရားလတ်သည်တွီခနဲတံတွေးထွေးခဲ့ပြီးအဆောင်တော်ဘက်သို့ လှည့်ထွက်သွားသည်။ သီပေါမင်းမှာ လွန်စွာရှက်ပြီး မောင်မောင်တုတ်ကို တားနေသည့်ကြားမှ လက်သုံးတော်တစ်ဦးကိုင်ထားသည့် အရိန္ဒမာလှံကို ဆွဲယူပြီး အပြေးလိုက်သည်။ တရှုပ်ရှုပ် ငိုကြွေးနေသော ခိုင်းခင်ခင်ကို မောင်ဖေငယ်က ထမ်းခေါ်ပြီး တောင်စမုတ်လှေကားမှအပြေးဆင်းကာ အိမ်တော်သို့ပြန်ပို့လိုက်ရသည်။

စုဖုရားလတ်မှာ မယ်တော်၏ အဆောင်ထဲသို့ ပြေးဝင်ရင်း ကျည်ရှည်ထမ်းကို ပိတ်လိုက်သောကြောင့်သာ အသက်သာရာ ရသွားသည်။ ထိုနေ့က အဆောင်တော်တစ်ခုလုံး ရုန်းရင်းဆန်ခတ်ဖြစ်သွားသလို ဘုရင်နှင့် မိဖုရားတို့ ရန်ပွဲကားတစ်တိုင်းပြည်လုံးအကျော်အေယျဖြစ်သွားပေတော့သည်။

၁၈၈၁ - ခု၊ ဒီဇင်ဘာလတွင် သီပေါမင်း ရောဂါတခင် ကျန်းစန့်တော်မမူ ဖြစ်နေသည်။ လက်သုံးတော်ကြီး ရနောင်မြို့စား မောင်မောင်တုတ်ကိုယ်တိုင် အဆောင်တော်အတွင်းသို့ ဝင်ခွင့်မရဖြစ်နေသည်။ ကင်းဝန်မင်းကြီးနှင့် စုဖုရားလတ်တို့ ပေါင်းမိပြီး စုဖုရားလတ်ကြောထက်လာသည်။ သီပေါဘုရင်ကို ဖြုတ်ချပြီး နန်းလုရန်ကြံစည်နေကြောင်း ရနောင်မောင်မောင်တုတ် ဆိုးသွမ်းသုဝမ်မှုများကို လျှောက်ထားစာများအရ သီပေါမင်းတွေ့ရပြီး စစ်ဆေးသည်။

ရနောင် မောင် မောင် တု တ် က ကျွန်းသီပေါမင်းကိုနန်းချ၊ ခိုင်းခင်ခင်ကို မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ရန် ကြံစည်ကြောင်း ဖြောင့်ချက်ပေးသည်။ ၁၈၈၂ - မတ်လ၊ (၂၀) ရက်တွင် ရနောင်မောင်မောင်တုတ်အား လည်မျိုတုတ်ကိုနှင့် စီရင်ရန် စုဖုရားလတ်က အမိန့်ချမှတ်လိုက်သည်။

လက်မရွံ့ထောင်တွင်း၌ ရွှေလှံ့ဗိုလ် နှင့်အတူ ပါးကွက်အာဏာသားလေးယောက်က မောင်မောင်တုတ်အား ချုပ်ကိုင်ထားကြသည်။ မောင်မောင်တုတ် ပါးစပ်ထဲမှ ဆဲရေးတိုင်းထွာသံများ အဆက်မပြတ် ထွက်ပေါ်လာသည်။ ရွှေလှံ့ဗိုလ်က မောင်မောင်တုတ်ပါးကို ဘယ်ပြန်ညာပြန် ရိုက်သည်။ မောင်မောင်တုတ်ပါးစပ်ထဲမှ သွေးများတ ခြင်မကောင်းအောင်စီးကျလာသည်။ သူ့နားထဲတွင် သုံးဆယ်မင်းသားကြီးအားသတ်ဖြတ်ခဲ့စဉ်က ကျိန်ဆဲသံများသည် သူ့နားစည်ထဲတွင် ပဲ့တင်ထပ်နေသလို ထပ်တလဲလဲ ကြားယောင်လာသည်။

"ဂျုံးညီတော်၊ နမတော်တွေကို လုပ်ကြံတဲ့ကောင်တွေ သေရျင်းဆိုးနဲ့ သေပါစေ၊ ငါတို့ သေရသလို အသေဆိုးနဲ့ သေပါစေ"

ပါးကွက်အာဏာသားတစ်ဦးက မောင်မောင်တုတ်၏ခေါင်းကို ဆွဲပြီး နောက်သို့ ကော့လှန်လိုက်သည်။ ခြင်ထန်သောရိုက်ချက်နှင့်အတူ ခါးရင်း

www.burmeseclassic.com

တုတ်တစ်ချောင်းသည် မောင်မောင်တုတ်၏လည်မျိုပေါ်သို့ ဖြောင်းခနဲ ကျသွားသည်။

မင်းညီမင်းသားများကို သတ်ပစ်ခဲ့ပြီးတ ညတွင်းချင်းပင် ထောင်တွင်း၌ကျင်းကြီးများ တူးခဲ့သည်။ အသတ်ခံရသောအလောင်းများကို ကျင်းကြီးထဲသို့ ထိုးချပြီး မသေမရှင် ဖိညှပ်မြေဖို့မြှုပ်နှံခဲ့ကြသည်။ ထိုစဉ်ကတန်နိုးထက်လှသော လက်သုံးတော် မြောက်ထားဝယ်ဗိုလ်မင်းသားကြီးယခုတော့ ကောင်းကောင်းကြီး ဝင်၍လည်းပြီဖြစ်သည်။

* * *

BURMESE CLASSIC

အချုပ်ထောင်ထဲသို့ ရောက်ရှိနေသော နှိုင်းခင်ခင်သည် စီရင်ချက် အမိန့်တော်အရ မိမိမှာ တွပ်ချက်ခံရမည့်သူဖြစ်သည်။ သူမ သေရမည်ကို ကြောက်ရွံ့ခြင်း မဖြစ်မိပေ။ စိုးရိမ်သောကတစ်ခုသာရှိသည်။ သူမလွယ်ထားရသော သီပေါမင်း၏သန္ဓေသားအတွက် စိုးရွံ့ထိတ်လန့် ပူပန်လျက်ရှိသည်။

အာဏာသားများက ကြမ်းတမ်းစွာ တရွတ်တိုက် ဆွဲခေါ်သွားကြသည်။ အကျဉ်းထောင်အပြင်ဘက် သူသတ်ကုန်းသို့ထုတ်ပြီး အသတ်ခံရတော့မည်ဟု သူမစိတ်ထဲတွင် လေးလံစွာ တွေးနေမိသည်။ အပြင်သို့ ရောက်သောအခါ တရုတ်ကင်းလှည်းတစ်စီးပေါ်သို့မွေ့တင်ခေါ်သွားခြင်း ခံရပြန်သည်။ သူမအား ဘယ်ဆီဘယ်အရပ်သို့ခေါ်ဆောင်သွားမှာပါလိမ့်။

အတန်ကြာအောင် သွားပြီးနောက် မင်းမှုထမ်းအရာရှိကြီးတစ်ဦး၏ မြင်းဖောင်းရှေ့တွင် လှည်းရပ်သွားသည်။ နေဝင်သွားပြီဖြစ်၍ ကြမ်းတမ်းသော ရုပ်လက္ခဏာများရှိသည့် အရုပ်ဆိုးဆိုးမိန်းမကြီးတစ်ဦးက မီးခွက်ကိုင်မြှောက်ရင်း မြင်းဖောင်းတစ်ဖက်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။ အပြင်ဘက်တွင် ထွက်မပြေးနိုင်ရန် အစောင့်များ ချထားသည်ကို မြင်တွေ့ရသည်။

မကြာခင် အခန်းတံခါးပွင့်သွားပြီးနောက်တိုင်းတားမင်းကြီးဝင်လာသည်။ တိုင်းတားမင်းကြီးကား သီပေါဘုရင်ထီးနန်းကို လုယူရန် ကြံစည်သော ရနောင်မောင်မောင်တုတ်နှင့်လက်တွဲခဲ့သူဖြစ်သည်။ နန်းတွင်းလုပ်ကြံမှုကြီးတွင် ရနောင်မောင်မောင်တုတ်နှင့်မင်းညီမင်းသားများအား သတ်ဖြတ်ရာတွင် ပါဝင်ခဲ့သူလို ဆင်ဖြူမရှင် မိဖုရားကြီးနှင့်ပူးပေါင်းခဲ့သူဖြစ်သည်။ အင်္ဂလိပ်တို့နှင့်အသေလက်ခံရေးတွင် အပြင်းအထန်အန့်ကွဲခဲ့ပြီး စစ်ရေးဖြင့်သာ ရန်သူကိုတိုက်လိုသော အင်္ဂလိပ်မုန်းတီးရေးသမားတစ်ဦးဖြစ်သည်။

တိုင်တားမင်းကြီးက နှိုင်းခင်ခင်အား စစ်ဆေးမေးမြန်းသည်။ မည်သူ့ကိုမှ ဖွင့်ဟမပြောကြားခဲ့ကိစ္စများကိုအချုပ်ထောင်အစောင့်များက မပေါ့မပါးဖြစ်နေကြောင့် သိရှိသွားပြီး တိုင်တားမင်းကြီးအား အစီရင်ခံလိုက်ကြခြင်းဖြစ်၍ တိုင်းတားမင်းကြီး အခက်တွေ့ရတော့သည်။

ရွှေနန်းတော်အစဉ်အဆက် ထုံးစံတွင်တော့ရာဇဘုရင်မင်းမြတ်တို့၏သွေးသားတော်စပ်သော သန္ဓေသားများကိုနိုင်သတ်ဖြတ်လျှင် ထိုဘုရင်မင်းဆက်ပြတ်တော့မည်ကို တိုင်တားမင်းကြီးသိသည်။ ယခု ဘယ်လိုလုပ်ရတော့မည်နည်း။ နှိုင်းခင်ခင်သည် သီပေါဘုရင်၏ရင်သွေးတော်ကို လွယ်ထားနေရပြီဖြစ်သည်။ သီပေါနှင့် စုဖုရားလတ်တို့တွင် သမီးတော်(၄)ပါး ထွန်းကားခဲ့ပြီး သားတော်တစ်ဦးကို သီပေါမင်းက ထီးနန်းဆက်ခံရေးအတွက် မျှော်လင့်ချက်ကြီးစွာထားရှိခဲ့သည်။ နှိုင်းခင်ခင်တွင်သီပေါနှင့်ရသောသန္ဓေသားကို လွယ်ထားရမှန်း သီပေါအရှင်မင်းမြတ်ကိုယ်တိုင်သိမှ သိပါ့မလား။

နှိုင်းခင်ခင်လွယ်ထားရသောသန္ဓေသားသည် သီပေါမင်းလိုလားတောင့်တနေသော သားတော်တစ်ပါးဖြစ်မည်လား၊ တိုင်းတားမင်းကြီးကိုယ်တိုင် ဝေခွဲရခက်၊ စဉ်းစားရခက်နေမိသည်။ အမိန့်တော်ကလည်း ချမှတ်ထားပြီးဖြစ်သည်။ တိုင်းတားမင်းကြီးသည် တစ်လခန့်ကြာသည်အထိ နှိုင်းခင်ခင်အား မြင်းဖောင်းတဲကြီး၏ အတွင်းခန်းထဲတွင် ကာယ်ထားခဲ့သည်။ သူ့အနေနှင့် ထီးနန်းဖြတ်မှာကို စိုးရိမ်နေမိသည်။

သူကိုယ်တိုင် ပါဝင်ပတ်သတ်ခဲ့သော နန်းတွင်းလုပ်ကြံမှုကြီးတွင် မင်းညီမင်းသားများအား သတ်ဖြတ်ပြီး ထောင်ကြီးအတွင်း မြေကျင်းတူး၍မြှုပ်နှံထားခဲ့သည်၊ ထိုစဉ်က မိုးသုံးနစ်ဆက်ခေါင်ခဲ့သည်၊ မဟာဆီ မဟာသွေးတို့မြေမကျရဟု အစဉ်အလာကို သိပြီး အရေးတကြီး ပြန်လည်တူးဖော်တာရောဝတီမြစ်ထဲ ပစ်ချခဲ့ရသည်၊ တုန်း





www.burmeseclassic.com

www.burmeseclassic.com

ဘောင်နန်းရှိး မျိုးဆက်ပြတ်မည်စိုး၍ နိုင်းခင်ခင် မီးဖွားပြီးသည်အထိ တာဝန်ယူကာ ဆိုင်းငံ့ထားမိသည်။

ရက်လကြာလာလျှင် သူ့ကိုပါ ရာဇဝတ်မကင်းသလိုဖြစ်လာမည်။ ဝိပါကဝဋ်မကင်းလို့ ဖြစ်ရတာပဲဟု စိတ်မကောင်းစွာ တွေးမိပြီး နောက်ဆုံးတွင် အာဏာပါးကွက်သားများလက်ထဲသို့ အပ်လိုက်ရတော့သည်။

အာဏာပါးကွက်သားများသည် ရှည်လျားသော အိတ်ထောင်ကြီးတစ်ခုကိုပါးလုံးနှင့်လျှိုထမ်းလျက် နောက်ဖေးမြင်းဖောင်းထဲမှ ထုတ်ယူသွားကြသည်။ တိုင်းတားမင်းကြီးသည် စိတ်မကောင်းစွာ ငေးကြည့်ရင်း သူ့ပါးမှ တီးတိုးရေရွတ်မိလိုက်လေသည်။

"အင်း - ကုန်းဘောင်မင်းဆက် ပြတ်ပါပြီကော"

⇨ နန်းကြောချက်

ဆီးအောင် (ကျောက်တည်)

ကြက်သွန်နီကိုပြုတ်၍
အရည်ကို သောက်ပါ။
ဟင်းနုနွယ်ရွက်ပေါက်
ရုက္ခမူဆေးကို ချင့်ချိန်တိုက်ပါ။
ဆူးပန်းပွင့် သုံးမတ်သားကို ရေနှင့်ကြိတ်၊
သကြားရော၊ ခုနစ်ရက် သောက်ပါ။
ထိကရုန်းမြစ်ကို ပြုတ်သောက်ပါ။
ဖန်ခါးစေ့ကို နွားနို့နှင့် ချက်၍သောက်ပါ။

